www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၂၄၄၀၈၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၁၄၀၀၈၀၈

၂၀၀၈ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉(H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com



# ရန်ကြွေး

လသာသောည တစ်ည။

အချိန်မှာ ညသန်းခေါင်ယံအချိန် ဖြစ်သည်။

ထိန်ထိန်သာသော လရောင်အောက်တွင် တစ်လောကလုံး အိပ်မောကျလျက် ရှိသည်။

သို့ရာတွင် အိမ်ကြီးတစ်ဆောင်၏ ဧည့်ခန်းမကြီးတွင်မူ မီးရောင်မြင်နေရသည်။

ဧည့်ခန်းမကြီး၏ မီးရောင်အောက်တွင် တစ်စုံတစ်ယောက် ထိုင်နေသည်။

ထိုလူမှာ ရီလုံပင် ဖြစ်သည်။

တစ်လောကလုံး အိပ်မောကျနေသည့်တိုင် ရီလုံမှာ အိပ်ရကောင်းမှန်း သိပုံမပေါ်ချေ။

သူသည် ဧည့်ခန်းမဆောင် အလယ်တွင် အဖော်မဲ့ တစ်ယောက်တည်း ထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးကိုမျက်နှာမူ၍ အုတ်နံရံကိုကျောပေးကာ ထိုင်နေခြင်း ဖြစ်သည်။

သူ၏နံဘေးတွင် သစ်သားစားပွဲတစ်လုံး ရှိနေသည်။

စားပွဲမှာ အနက်ရောင်ဆေး သုတ်ထားသည်။

စားပွဲပေါ်တွင် အရက်အိုးတစ်လုံးကို တင်ထားလျက် ရှိသည်။

အိုးထဲတွင် အရက်လက်ကျန် မရှိတော့ချေ။

ရိုလုံ၏ ညာဘက်လက်တွင် ခွက်တစ်ခွက်ကို ဆုပ်ကိုင်ထားလေသည်။

ခွက်ထဲတွင် အရက်တစ်ဝက်ကျော်ခန့် ကျန်ရှိနေသေးသည်။

ခွက်ထဲသို့ အရက်ငှဲ့ထည့်ထားသည်မှာ အတန်ကြာသွားပြီ ဖြစ်သည်။

သို့သော် အရက်အနည်းငယ်သာ လျော့နေ၏။

ရိုလုံသည် ခွက်ထဲသို့ အရက်ငှဲ့ထားသော်လည်း အမှန်မှာ သူသည် အရက်သောက်ချင်စိတ် လုံးဝ မရှိချေ။

ယခု သူသည် လက်ထဲတွင် အရက်ခွက်ရှိနေသည်ဟု အမှတ်ရဟန် မတူပေ။

သူ၏မျက်လုံးများက အရက်ခွက်ကို လုံးဝ ကြည့်မိခြင်းမရှိ။

သူသည် မျက်လုံးအစုံကို ဖွင့်ထားသော်လည်း မည်သည့်အရာကိုမှ ကြည့်နေခြင်းမဟုတ်ဘဲ အဓိပ္ပါယ်ကင်းမဲ့စွာဖြင့် ငေးမောနေခြင်းမျှသာ ဖြစ်သည်။



သူ့ပုံစံကို ကြည့်ရသည်မှာ အသက်မရှိသော ကျောက်ဆစ်ရုပ် ...ယ် ထင်မှတ်ရသည်။

ခန္ဓာကိုယ်အတွင်းရှိ သွေးများပင် လည်ပတ်လှုပ်ရှားမှုမှ ရပ်...လောဟု သံသယဝင်ဖွယ် ဖြစ်နေသည်။

လှုပ်ရှားမှုမရှိသော သူ့မျက်လုံးများက ဖွင့်ထားသောတံခါးကို ...ငေးကြည့်နေသည်။

ဝန်းကျင်လောကတစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေသလို သူ၏မာန်ပန်မှုရာကလည်း သစ်ငုတ်တိုနှင့် ဘာမျှမခြားချေ။

✤ ✤ ✤

ညလေပြည်သည် တံခါးအပြင်မှ တိုးဝင်လာသည်။

လေနှင့်အတူပါလာသော ပန်းရနံ့သင်းသင်းက ခန်းမဆောင်အတွင်း မွှေးကြိုင်သွား၏။

ဟိုအဝေးမှ ကင်းသမားများ၏ သံချောင်းခေါက်သံများ ကြားလိုက်ရသည်။

"ဒေါင် ... ဒေါင် ... ဒေါင်"

သံချောင်းခေါက်သံကြောင့် ငြိမ်သက်စွာ ငေးမောနေသော ရိုလုံ၏ မျက်လုံးများက အသက်ဝင်လှုပ်ရှားလာ၏။

တင်းမာနေသော သူ့မျက်နှာသည် ရေခဲတုံးအရည်ပျော်သွားသည်ကဲ့သို့ မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကိုင်ထားသော အရက်ခွက်ကိုမော့၍ အဆက်မပြတ် သောက်ချလိုက်သည်။

လည်ချောင်းထဲတွင် မီးစနှင့်ထိုးလိုက်သလို ပူရှိန်ရှိန် ဖြစ်သွားလေသည်။

သူ့ကိုယ်တွင်းရှိ ရပ်တန့်နေသည်ဟုထင်ရသော သွေးများသည် အရက်တစ်ခွက် ဝင်သွားသောအခါ ပုံမှန်အတိုင်းပြန်၍ လည်ပတ်လာသည်။

သူသည် ငြိမ်သက်နေရာမှ စတင်လှုပ်ရှားလိုက်သည်။

သူ့လက်တွင် ညှပ်ကိုင်ထားသော အရက်ခွက်ကို ကြမ်းပြင်သို့ ပစ်ပေါက်လိုက်၏။

"ချွမ်း…"

အရက်ခွက်သည် တစ်စစီ ကွဲကြေပျက်စီးသွား၏။

ထိုစဉ် အင်္ကျီဖျင်စကို လေတိုးသံတစ်ချက် ကြားလိုက်ရ၏။

တစ်ဆက်တည်းမှာပင် လူရိပ်တစ်ခုသည် ငှက်ကြီးတစ်ကောင်အလား ညှော်ခန်းဆောင်နှင့် ဆက်လျက်ရှိသော အရှေ့ခန်းမဆောင်အတွင်းသို့ ဝဲပျံလာပြီး လွှားခနဲ ဆင်းသက်လာသည်။

ထိုလူရိပ်သည် ခြေထောက်နှင့် ကြမ်းပြင် တွေ့မိသည်နှင့် တစ်ပြိုင်နက် ကိုယ်ရှိန်သတ်လိုက်ပြီး တည်ငြိမ်စွာ မတ်တတ်ရပ်လိုက်၏။

ထိုသူမှာ လူလတ်ပိုင်းတစ်ယောက်ပင် ဖြစ်၏။



ညှော်ခန်းဆောင်အတွင်းမှ လင်းထိန်နေသော မီးရောင်ကြောင့် ထိုလူ၏ပုံစံကို အတိုင်းသား တွေ့ရ၏။

မီးရောင်အောက်တွင် ထိုသူဝတ်ဆင်ထားသော ကတ္တီပါအင်္ကျီမှ ပိုးဖဲများက ရောင်စုံဖြာထွက်နေသည်။

အဖိုးတန် အင်္ကျီတစ်ထည်ပင် ဖြစ်သည်။

ရီလုံသည် ထိုသူ၏ အင်္ကျီကို အရေးထားကြည့်ရှုခြင်း မရှိပေ။

ဝတ်စုံရှင်၏ မျက်နှာကိုသာ စူးစူးစိုက်စိုက် ကြည့်နေမိလေ၏။

လူစိမ်းသည် ခံ့ညားသော ဥပဓိရုပ်ပိုင်ရှင် တစ်ဦးပင် ဖြစ်၏။

လူစိမ်းကလည်း ရီလုံ၏မျက်နှာကို စိုက်ကြည့်နေ၏။

နှစ်ဦးသား အကြည့်ချင်းပြိုင်လျက် ရှိသည်။

မျက်လုံးများက ဓားများကဲ့သို့ လေထဲတွင် တိုက်ခိုက်နေသည်။

"ခင်ဗျား ရီလုံ မဟုတ်လား"

တိတ်ဆိတ်မှုကို စတင်ဖြိုခွဲ၍ လူစိမ်းက ဦးစွာမေးခွန်းထုတ်လိုက်သည်။

ရီလုံက …

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မဖြေချင့်ဖြေချင်နှင့် ဖြေ၏။

"ခင်ဗျားကော ကောင်းဝ မဟုတ်လား"

ရီလုံက မျက်နှာထားတင်းတင်းဖြင့် ပြန်မေးလိုက်၏။

"သိပ်ဟုတ်တာပေါ့"

လူစိမ်းက ခပ်ဆတ်ဆတ် အဖြေပေးလိုက်ပြီး ညှော်ခန်းမဆောင်အတွင်းသို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်းဝင်လာလေသည်။

ရီလုံသည် ရုတ်တရက် လက်ဝှေ့ယမ်းလိုက်၏။

သူ့အင်္ကျီလက်ကြားမှ ဖြူဖွေးသော စာရေးစက္ကူတစ်ရွက်လွင့် ပျံထွက်လာပြီး ကောင်းဝထံသို့ ဦးတည်ပြေးသွားလေသည်။

ကောင်းဝသည် သူ၏ လက်မနှင့် လက်ညှိုးကြားတွင် ဓားတစ်လက်ကဲ့သို့ တဆတ်ဆတ်တုန်နေ၏။

ရီလုံ ရင်ထိတ်သွားသည်။

"ခင်ဗျား တော်တယ်"

ရီလုံ ချီးမွမ်းလိုက်၏။

ကောင်းဝ လျှော့လျှဲလျှဲ ပြုံးလိုက်၏။

"ဒီလောက်မှမတော်ရင် ခင်ဗျားဆီ ကျုပ်ဘယ်လာရဲပါ့မလဲဗျာ"

"ဒီစာကို ကျုပ်ဆီပို့လိုက်တာ ခင်ဗျားပဲ မဟုတ်လားဗျ"

"စာထဲမှာ ကျုပ်နာမည် ရေးထားပါတယ်"

ကောင်းဝ အေးစက်စက် ဖြေလိုက်သည်။



ရီလုံ၏ မျက်နှာတွင် သွေးရောင်လျှော့ကာ ဖျော့တော့တော့ဖြစ်သွား၏။

"ယုစန်းနဲ့ခင်ဗျား ဘယ်လိုတော်စပ်လဲ"

"ကျုပ် ယုစန်းနဲ့ ဆွေမျိုးမတော်စပ်ပါဘူး"

ရီလုံ အံ့ဩသွားသည်။

ကောင်းဝအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

"ခင်ဗျားနဲ့ ဘာမှမတော်စပ်ဘဲ ဘာဖြစ်လို့ သူ့အတွက် ကျုပ်ဆီလာပြီး အရေးဆိုရတာလဲ"

"ခင်ဗျားကကော သူနဲ့ ရန်ငြိုးမရှိဘဲနဲ့ ဘာဖြစ်လို့ သူတို့တစ်အိမ်သားလုံးကို သတ်ပစ်ခဲ့ရတာလဲ"

ကောင်းဝ မေးခွန်းပြန်ထုတ်လိုက်၏။

ရီလုံမှာ ဆတ်ခနဲတွန့်သွားပြီး ခပ်လေးလေး ပြန်ဖြေလိုက်၏။

"ယုစန်းဆီမှာ ရွှေနဂါးရုပ်တုတစ်စုံ ရှိနေတဲ့အတွက်ကြောင့်ပဲ"

"ကျုပ်သိသလောက်ပြောရရင် ရွှေနဂါးရုပ်တုတစ်စုံဟာ အမြင့်တစ်ပေရှိပြီး ပန်းပုလက်ရာကောင်းသလောက် အရည်အသွေးသိပ်ကောင်းတဲ့ ရတနာပစ္စည်းတစ်ခုပဲ"

ရီလုံသည် အလွန်အံ့ဩသွားပြီး ကောင်းဝအား မယုံကြည်နိုင်သော မျက်လုံးများဖြင့် စူးစမ်းအကဲခတ်လိုက်လေသည်။

"ယုစန်းတို့ တစ်အိမ်လုံး သတ်ပစ်ခဲ့တဲ့ကိစ္စနဲ့ ရွှေနဂါးရုပ်တုတစ်စုံ ယူခဲ့တဲ့ကိစ္စကို ကျုပ် အထူးလျှို့ဝှက်ဆောင်ရွက်ထားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား ... လောကမှာ လျှို့ဝှက်ထားလို့ရတဲ့ ကိစ္စဆိုတာ မရှိပါဘူးဗျာ"

ကောင်းဝှသည် သဘောကျစွာနှင့် တဟားဟား ရယ်မောရင်း ပြန်ပြောလိုက်သည်။

ရီလုံက သိလိုစောနှင့် အလောတကြီး ပြောလိုက်သည်။

"ခင်ဗျား သည်အကြောင်းတွေကို ဘယ်ကဘယ်လို သိလာရတာလဲ"

"ရီလုံ ... ယုစန်းရဲ့အိမ်ထောင်စုမှာ စုစုပေါင်းလူဦးရေ ဆယ့်ခုနစ်ယောက်ရှိတယ်၊ ဒါပေမယ့် ခင်ဗျားဟာ ဆယ့်ခြောက်ယောက်ကိုပဲ လုပ်ကြံနိုင်ခဲ့တာကိုးဗျ"

ရီလုံသည် ကြောင်အမ်းအမ်းဖြစ်သွားပြီး နားမလည်နိုင်ဟန်ဖြင့် မျက်မှောင်ကြုတ်သွား၏။

"အို ... မဖြစ်နိုင်တာဘဲဗျာ၊ ဆယ့်ခုနစ်ယောက်စလုံး လက်ဝါးစောင်းနဲ့ ကျုပ်ကိုယ်တိုင် လုပ်ကြံခဲ့တာပဲ၊ လွတ်သွားတဲ့လူဆိုလို့ တစ်ယောက်မှ မရှိဘူး"

ရီလုံ အခိုင်အမာပင် ပြန်ပြောသည်။

ကောင်းဝှက လျှောင်ပြုံးပြုံးလိုက်ပြီး အေးစက်စက်အသံဖြင့် ပြောလိုက်သည်။

"သူတို့ထဲကတစ်ယောက်ဟာ ခင်ဗျားလက်ဝါးစောင်းကြောင့် ရေတွင်းထဲကျသွားခဲ့တာကိုကော ခင်ဗျား မှတ်မိသေးရဲ့လား"



ရီလုံမှာ ထိတ်လန့်တကြားဖြင့် မျက်လုံးများ ပြူးကျယ်ကာ အရောင်တစ်ချက် လက်သွားသည်။

"အို ... သိပ်မှတ်မိတာပေါ့၊ အဲဒီလူက မသေဘူးလား"

ရီလုံက တအံ့တသြလေသံဖြင့် ပြောသည်။

ကောင်းဝှ ခေါင်းခါယမ်းလိုက်သည်။

"ဟုတ်တယ် ... သူ မသေသေးဘူး၊ အဲဒီလူ ဘယ်သူလဲဆိုတာကော ခင်ဗျားမှတ်မိရဲ့လား"

"ယုစန်းရဲ့ သားနှစ်ယောက်တည်းက တစ်ယောက်ပဲ"

"ဟား ... ဟား ... ဟား ... ဒီလိုဆိုတော့လည်း ခင်ဗျားက မှတ်ဉာဏ်ကောင်းသားပဲ"

ရီလုံမှာ မျက်စိမျက်နှာ ပျက်သွား၏။

"ဒါနဲ့ပဲ အဲဒီလူက ခင်ဗျားဆီမှာ အကူအညီတောင်းခဲ့တယ်ဆိုပါတော့"

ကောင်းဝှ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်က မကောင်းသူပယ် ကောင်းသူကယ်တဲ့ အလုပ်မျိုးသမှု တတ်တက်ကြွကြွလုပ်တတ်တဲ့ အဖြူရောင်သိုင်းသမားတစ်ယောက် မဟုတ်လား"

ရီလုံ၏ လျှောင်လုံးထွေးလုံးများကို ကောင်းဝှက ဂရုမစိုက်ဟန်ဖြင့် ပြန်ပြောလိုက်သည်။

"ကျုပ်အကြောင်း ခင်ဗျားကြားဖူးတာ မကြားဘူးတာက

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမဟုတ်ပါဘူး၊ တကယ်လို့ ဒီကို ကျုပ်ရောက်မလာလည်း တခြားလူတွေ ရောက်လာမှာပဲ၊ အဲဒီလူတွေထဲမှာ တစ်ယောက် မဟုတ် တစ်ယောက်က ကျုပ်လိုပဲ အဖြူရောင်သိုင်းသမား ဖြစ်မှာပါ"

ရီလုံသည် ကောင်းဝူ၏စကားကို နားမရှင်းဟန်ဖြင့် ပြန်မေးလိုက်သည်။

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

ကောင်းဝူ၏မျက်နှာက တည်ကြည်သွား၏။

"ခင်ဗျားကို ဝိုင်းပြီးအရေးဆိုပေးဖို့ သိုင်းသမားအတော်များများဆီကို အကူအညီတောင်းထားတဲ့ ဖိတ်စာတွေ ကမ်းလှမ်းပေးဖို့ထားတဲ့အကြောင်းကို ခင်ဗျားက မသိသေးဘူးထင်တယ်"

ရီလုံသည် ကောင်းဝူ၏စကားကြောင့် မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

ကောင်းဝူက ဆက်ပြောလိုက်၏။

"အဲဒီဖိတ်စာ လက်ခံရရှိတဲ့ သိုင်းသမားတွေအနက် ကျုပ်ဟာ ခင်ဗျားဆီ ပထမဆုံးရောက်လာတဲ့သူပဲ မဟုတ်လားဗျ"

ရီလုံ ခေတ္တမျှ စဉ်းစားနေလိုက်ပြီးနောက် ...

"ဟုတ်တယ် ... ကျုပ်ဆီ ပထမဆုံးရောက်လာသူကတော့ ခင်ဗျားပဲ၊ ဒါနဲ့ နေပါဦး ယုစန်းရဲ့ သားက နာမည်ဘယ်လိုပါလိမ့်"

"ယုကျင်း"

ရီလုံ ခေါင်းညိတ်လိုက်သည်။



"အင်း ... ဟုတ်ပြီ၊ သူ အခုဘယ်မှာလဲ"

"ဒါတော့ ကျုပ် မသိဘူး၊ ဘာလဲ ... ခင်ဗျားက သူ့ကို နောက်တစ်ကြိမ် လုပ်ကြံဦးမလို့လား"

ရီလုံက မဲ့ပြုံးပြုံးလိုက်၏။

"စိတ်ချ ... ဒီတစ်ခါတော့ ကျုပ် သေသေချာချာ လုပ်ပြမယ်"

"ဒါဆို စိတ်မကောင်းစရာပဲ၊ ခင်ဗျား သူ့ကိုသတ်လိုက်ပြီဆိုပါတော့၊ အဖြူရောင်သိုင်းသမားတွေက ခင်ဗျားကို ဒီအတိုင်း လက်ပိုက်ကြည့်နေမယ် ထင်သလား၊ အလွတ်မပေးမှာ သေချာတယ်"

ရီလုံ နှုယ်ခမ်းတစ်ချက် တွန့်လိုက်သည်။

"သူတို့ ကျုပ်ကိုရှာလို့ တွေ့ကြဦးမှကိုး၊ ရှာမတွေ့ရင် ဘာဘာတ်နိုင်မှာလဲ"

"ခင်ဗျားက ခြေရာဖျောက်မယ့်သဘောလား၊ ဒါဆိုလည်း ကျုပ်ပို့လိုက်တဲ့စာကို ရရချင်း ခင်ဗျားထွက်သွားဖို့ကောင်းတယ်"

ရီလုံ နှာခေါင်းရှုံ့လိုက်သည်။

"အပိုတွေလာပြောမနေပါနဲ့၊ ခင်ဗျားပို့လိုက်တဲ့စာကိုရတာနဲ့ ကျုပ် ထွက်ပြေးတိမ်းရှောင်သွားနိုင်တယ်ဆိုတာ ခင်ဗျား ကြိုတင်တွက်ဆထားပြီးသား မဟုတ်လားဗျ"

ကောင်းဝူ ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဒီလိုတော့လည်း ခင်ဗျားက ဘယ်ဆိုးလို့လဲ၊ ထက်ကျော်မြင်တတ်သားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ထွက်မပြေးတဲ့အကြောင်းက ခင်ဗျား ဒီကိုလာတဲ့ အကြောင်းရင်း အစစ်အမှန်ကို သိချင်လို့ပဲ၊ နောက်ပြီး တခြားအရေးကြီးတဲ့ အကြောင်းတစ်ခုလည်း ရှိပါသေးတယ်"

ကောင်းဝူက စကားဖြတ်၍ မေးလိုက်သည်။

"ခင်ဗျားက ကျုပ်ကို အထင်သေးလို့ပဲ မဟုတ်လား"

ရီလုံ အားရပါးရ ရယ်မောလိုက်၏။

"ဟား … ဟား … ဟား … ခင်ဗျား ဒီကိုလာတာ ယုကျင်း အတွက်သာဆိုတယ်၊ ဘာဖြစ်လို့ သူနဲ့အတူမလာရတာလဲ"

သူ့စကားတွင် ကောင်းဝူအား မယုံကြည်ဟန် ပေါ်လွင်နေပေသည်။

ကောင်းဝူမှာ ထောင်းခနဲ ခံပြင်းစိတ်ဖြစ်သွားမိသည်။

"ဘာလဲ … ကျုပ် ဒီကိုလာတာ ခင်ဗျားဆီက ရွှေနဂါးရုပ်တုတစ်ခု လိုချင်လို့လာတယ်လို့ ထင်နေသလား"

ကောင်းဝူသည် မခံချင်သဖြင့် ခတ်ဆတ်ဆတ် မေးလိုက်သည်။

"အို … ဒီအရုပ်တွေကို ခင်ဗျားလိုချင်ရင် လွယ်ပါတယ်"

ပြောပြောဆိုဆို ရီလုံသည် လက်ခုပ်နှစ်ချက် တီးလိုက်လေသည်။

"ဖြောင်း … ဖြောင်း"

လက်ခုပ်သံဆုံးသည်နှင့်တစ်ပြိုင်နက် အစိမ်းရောင်ဝတ်ဆင်တူ ဝတ်ဆင်ထားသော အိမ်ဖော်လုလင် နှစ်ဦးသည် ဝဲယာ…



…ခက်တစ်ချက်ရှိ ကန့်လန့်ကာများနောက်ကွယ်မှ ခွဲ၍ ထွက်ပေါ်လာသည်။

လုလင် နှစ်ဦးစလုံး၏ လက်တွင် အနက်ရောင် သစ်သားဗန်းအစ်ခုကို ကိုင်ဆောင်လာကြ၏။

ဗန်းပေါ်တွင် ပိုးပဝါစများအုပ်ထားသဖြင့် ဗန်းထဲတွင် မည်သည့်အရာပါရှိသည်ကို မသိနိုင်ချေ။

ရီလုံသည် လက်နှစ်ဖက်ကို တစ်ပြိုင်တည်း ဝှေ့ယမ်းလိုက်လေသည်။

သူ၏ အင်္ကျီလက်နှစ်ဖက်သည်လည်း လင်းနို့နှစ်ကောင် ထပျံသည့်အလား ကြွတတ်သွားသည်။

သူ၏လက်အစုံ လှုပ်ရှားမှုကြောင့် လေပြင်းတစ်ချက် ဖြစ်ပေါ်ပြီး ဗန်းပေါ်တွင်အုပ်ထားသော ပိုးပဝါစများ လွင့်ကျသွားသည်။

ထိုအခါ ဗန်းနှစ်ခုပေါ်တွင် လက်ရာအလွန်ပြောင်မြောက်လှပြီး ရောင်တဖိတ်ဖိတ် တောက်ပနေသော ရွှေနဂါးရုပ်တုတစ်ခု ပေါ်လာသည်ကို တွေ့ရလေသည်။

ကောင်းဝူသည် ထိုရွှေနဂါးရုပ်တုများကို တအံ့တသြငေးမောကြည့်ရင်း အမှန်တကယ်ပင် အဖိုးမဖြတ်နိုင်သော ရုပ်တုဖြစ်ကြောင်း မှတ်ချက်ချမိလေ၏။

"ဒီရုပ်တုတွေကို ခင်ဗျားအလိုရှိရင် ယူသွားနိုင်ပါတယ်"

ရီလုံက အေးစက်စက်လေသံဖြင့် ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လက်တစ်ဖက်ကို ဝှေ့ယမ်း အချက်ပြလိုက်၏။

အိမ်ဖော်လုလင်နှစ်ယောက်သည် ဇွန်းများကို စားပွဲပေါ်တင်ထားလိုက်ပြီး နောက်သို့ အနည်းငယ်ဆုတ်ခွာ၍ ရပ်နေလိုက်ကြ၏။

ကောင်းဝှသည် ရပ်တုများတင်ထားရာ စားပွဲဆီသို့ တစ်လှမ်းချင်း ချဉ်းကပ်သွား၏။

ထို့နောက် ရီလုံအား အေးစက်စက် လှမ်းကြည့်သည်။

"ဒီအရုပ်တွေကို ကျူပ် ယူသွားနိုင်တယ် ဟုတ်လား"

ရီလုံ ပြုံးလိုက်သည်။

"ဟုတ်တယ်လေ ... ခင်ဗျားအလိုရှိရင် ယူသွားနိုင်တယ်လို့ ကျူပ် ပြောထားပါတယ်"

ကောင်းဝှသည် ရပ်တုကို လက်တစ်ဖက်ဖြင့် ကိုင်လိုက်သည်။

ထိုအခိုက်မှာပင် အိမ်ဖော်လုလင်နှစ်ဦးသည် လေထဲမြောက်တက်သွားသည်။

သူတို့၏လက်ထဲတွင်လည်း အသွားထက်လှသော ဓားတစ်လက်စီ ကိုင်ဆောင်ထားကြပြီး ကောင်းဝှအား တိုက်ခိုက်လိုက်ကြလေသည်။

အိမ်ဖော်လုလင်နှစ်ဦးနှင့် ကောင်းဝှမှာ အလွန်နီးကပ်နေ၍ ၎င်းတို့က ဓားရှည်ဖြင့် ရုတ်တရက် တိုက်ခိုက်လိုက်သောအခါ ကောင်းဝှအဖို့ ရှောင်တိမ်းရန် အလွန်ပင် ခဲယဉ်းသွားလေသည်။



သို့သော် တဒင်္ဂအချိန်အတွင်းမှာပင် ကောင်းဝှ၏ ရုပ်တုကို ကိုင်လိုက်သော ညာလက်သည် အပေါ်သို့ မြောက်တက်သွားသည်။

တစ်ဆက်တည်းမှာပင် သူ၏ဘယ်လက်သည်လည်း အပေါ်သို့ မြောက်တက်သွားသည်။

ထို့နောက် သူတို့တိုက်ခိုက်လာသော ဓားဦးနှစ်ခုအား ဖမ်းညှပ်ထားလိုက်လေသည်။

ကိုယ်ဖော့နှန်၍ တိုက်ခိုက်လိုက်သူနှစ်ဦးမှာ သူတို့မျှော်လင့်ထားသလို ကောင်းဝှအား ဓားဖြင့်မထိုးမိဘဲ သူတို့၏ဓားများကို ထိ၍ ဖမ်းညှပ်ခြင်းခံလိုက်ရသဖြင့် နှစ်ဦးစလုံး ဟန်ချက်လွဲကာ ထိတ်လန့်သွားကြလေသည်။

ကောင်းဝှသည် ဖမ်းညှပ်ထားသော ဓားနှစ်လက်ကို ဆောင့်ဆွဲလိုက်ရာ အိမ်ဖော်နှစ်ဦးစလုံး ကိုရီးကားယားနှင့် လွင့်ထွက်သွားကြသည်။

ဤအဖြစ်အပျက်ကြောင့် ရီလုံသည် ထိတ်လန့်တကြား ဖြစ်သွားသည်။

သို့သော် သူသည် အခွင့်အရေးကို လက်လွှတ်မခံပေ။

သူ့ကိုယ်လုံးကြီးသည် ကုလားထိုင်တွင် ထိုင်နေရာမှ ကောင်းဝှထံသို့ အရှိန်ဖြင့်ခုန်ထွက်သွားသည်။

ကောင်းဝှသည် အချိန်ကို တန်ဖိုးရှိစွာ အသုံးပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်ကို လေထဲသို့ခုန်တက်လိုက်ပြီး နောက်ကျွမ်းပစ်၍ ညှော်ခန်းမဆောင်မှ အရှေ့ဘက်အဆောင်ဆီသို့ ခုန်ကူးသွားသည်။

ရီလုံကလည်း ကောင်းဝူနောက်သို့ ထပ်ကြပ်မကွာ လိုက်ပါသွားလေသည်။

အရှေ့ဘက်ဆောင်သို့ ရောက်သောအခါ သူတို့နှစ်ဦး မျက်နှာချင်းဆိုင်၍ ရပ်လိုက်သည်။

ကောင်းဝူသည် သူ၏ အပေါ်ဖုံးဝတ်ရုံကို ချွတ်လိုက်ပြီး တံခါးပေါက်အနီးရှိ သစ်ကိုင်းပေါ်သို့ ပစ်တင်လိုက်လေသည်။

ထိုအခါ သူ၏ကတ္တီပါကိုယ်ကျပ်အင်္ကျီ ခါးကြားတွင် အစီအရီချိတ်ဆွဲထားသော ဓားမြှောင်ငါးလက်ကို တွေ့ရလေသည်။

ဓားမြှောင်အားလုံးမှာ တစ်ပေခန့်စီ ရှိကြ၏။

ရီလုံသည် ကောင်းဝူ၏ခါးတွင် ချိတ်ဆွဲထားသော ဓားများကို သေချာစွာ စိုက်ကြည့်လိုက်သည်။

သူသည် အနည်းငယ် တွေဝေသွားသည်။

အတန်ကြာမှ သတိပြန်ဝင်လာကာ ကောင်းဝူ၏မျက်နှာကို စေ့စေ့ကြည့်လိုက်၏။

"ခင်ဗျားဟာ ဓားမြှောင်ငါးလက်ကောင်းဝူ အစစ်အမှန်ပဲလား"

"ဘာလဲ … ခင်ဗျားက ကျုပ်ကို အယောင်ဆောင်လူလိမ်ထင်လို့လား"

"လူကိုတော့ မပြောတတ်ဘူး၊ ဓားတွေက အစစ်တွေပါပဲ"



ကောင်းဝူသည် ဓားမြှောင်ငါးလက်ကို လက်ဖြင့် မသိမသာ [illegible]လိုက်၏။

ပြီးမှ ရီလုံကို ခပ်ယဲ့ယဲ့ပြုံးပြကာ …

"ဓားမြှောင်ငါးလက်ဂိုဏ်းရဲ့ ဓားတွေအားလုံး ပိုင်ဆိုင်ထားသူ[illegible] အယောင်ဆောင်ဖို့ လိုသေးလို့လား"

ကောင်းဝူ၏ဓားများကိုကြည့်နေရာမှ ရီလုံ လှမ်းပြောလိုက်[illegible]သည်။

"ဟုတ်ပါတယ်လေ … ဓားမြှောင်ငါးလက်ကောင်းဝူ မဟုတ်[illegible] ဒီဓားတွေကို ပိုင်ဆိုင်ထားပေမယ့်လည်း အသုံးချတတ်မှာမှ [illegible]ဟုတ်ဘဲ"

လုံရီက ကောင်းဝူအားကြည့်ရင်း ပြောလိုက်၏။

"အခုလိုမမျှော်လင့်ဘဲ နာမည်ကြီး ဓားမြှောင်ငါးလက်ကောင်း[illegible] ဂိုင်းပညာကို လက်တွေ့လေ့လာဖို့ အခွင့်အလမ်းရတာ အထူးပဲ[illegible]သောမိပါတယ်"

ဟု ပြော၏။

ကောင်းဝူ စိတ်မရှည်တော့ဘဲ …

"ဒါနဲ့များ ခင်ဗျား ဘာဖြစ်လို့အချိန်ဖြုန်းနေရတာလဲ"

"ဟား … ဟား … ဟား … စိတ်ရှည်ရှည်ထားမှပေါ့"

ရီလုံက ရိတိတိပြောရင်း သူ၏ဘယ်လက်ကိုမြှောက်၍ အချက်[illegible]လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စောစောက လွှင့်စဉ်ထွက်သွားသော အိမ်ဖော်လုလင်နှစ်ဦးသည် ဘယ်ညာခွဲ၍ ရောက်ရှိလာကြပြီပြီး ကောင်းဂူအား ဝင် ရောက်တိုက်ခိုက်လိုက်ကြလေသည်။

ဓားနှစ်လက်သည် ကောင်းဂူ၏ဘယ်ညာ နံကြားနှစ်ဘက်စီသို့ တန်းတန်းမတ်မတ် ဝင်လာ၏။

ကောင်းဂူ၏ ညာဘက်လက်သည် လျှပ်စီးလက်သကဲ့သို့ လျင်မြန်စွာ လှုပ်ရှားလိုက်၏။

သူ၏ခါးကြားတွင်းမှ ဓားတိုတစ်ချောင်းကို ဆတ်ခနဲထုတ်လိုက်ပြီး ညာဘက်မှရန်သူအား အလစ်ပေါက်လိုက်ခြင်း ဖြစ်ပေ၏။

မျှော်လင့်မထားသော တန်ပြန်တိုက်ခိုက်မှုဖြစ်၍ ညာဘက်မှ ရန်သူမှာ မည်သို့မျှ မရှောင်တိမ်းနိုင်ဘဲ ရင်ဝတွင် ဓားစိုက်ဝင်ကာ လဲကျသေဆုံးသွားရလေသည်။

ဘယ်ဘက်လက်မှ တိုးဝင်လာသောဓားဦးသည် ကောင်းဂူ၏ နံကြားကိုထိုးမိရန် တစ်လက်မခန့်အကွာသို့ ရောက်ရှိလာ၏။

ကောင်းဂူသည် ဆတ်ခနဲ ကိုယ်ကိုလှည့်ထွက်လိုက်သည်။

ရန်သူ၏ဓားသည် သူ့ကို မထိုးမိတော့ဘဲ လွဲချော်သွားလေ၏။

ကောင်းဂူသည် ယင်းသို့ ကိုယ်ကိုစောင်း၍ လှည့်ထွက်လိုက်သည့် တစ်ချိန်တည်းမှာပင် ဘက်လက်က ဓားတိုတစ်ချောင်းကို ထုတ်လိုက်ပြီး ရန်သူ၏နံကြားကို ထိုးထည့်လိုက်ပြီး ဖြစ်သွားသည်။



"အား ..."

ရန်သူမှာ မိုးကြိုးပစ်ခံလိုက်ရသကဲ့သို့ ဘိုင်းခနဲ လဲကျသေဆုံးသွားလေသည်။

မိမိ၏ အိမ်ဖော်လုလင်နှစ်ယောက် မျက်စိအောက်တွင် သေဆုံးသွားသည်ကို မြင်တွေ့ရသော်လည်း ရိလုံမှာ သူနှင့်မဆိုင်သလို ငြိမ်သက်စွာ ရပ်နေ၏။

သူ၏အမူအရာကား လွန်စွာ အေးတိအေးစက်နိုင်လှလေသည်။

သူ၏ မိမိ၏လူနှစ်ဦး အရေးနိမ့်သွားသည်ကို တွေ့ရသည့်တိုင် ကောင်းဝင်အား ဝင်ရောက်ဟန့်တား တိုက်ခိုက်ခြင်း လုံးဝ မပြုချေ။

ကောင်းဂူသည် ရန်သူတို့ကိုယ်တွင် စိုက်ဝင်နေသော ၎င်း၏ ဓားတိုများကို ခပ်အေးအေးပင် ပြန်လည်နုတ်ယူလိုက်လေသည်။

ဤသည်ကိုကြည့်ရင်း ရိလုံက ချီးကျူးသလို စကားဆို လိုက်သည်။

"ခင်ဗျား မဆိုးဘူး ... တော်သားပဲ"

"ကျုပ်ကို ချီးကျူးဖို့မလိုပါဘူး၊ ကျုပ်ကသာ ခင်ဗျားကို ချီးကျူးရမှာပါ"

ရိလုံ မျက်ခုံးတစ်ဖက်ပင့်၍ မေးလိုက်သည်။

"ဘယ်လိုကြောင့် ကျုပ်ကို ချီးကျူးရမှာလဲ"

"ဒီလူနှစ်ယောက် ခင်ဗျားနဲ့နေတာ ဘယ်လောက်ကြာပြီလဲ"

ရိလုံ မျက်မှောင်ကြုတ်၍ ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြာပါပြီ၊ သူတို့တွေ ငယ်ငယ်တည်းက ဆိုပါတော့"

"ခင်ဗျား အတော်နေနိုင်တဲ့လူ၊ ငယ်ငယ်ကတည်းက ကိုယ်နဲ့ အတူနေလာတဲ့ ကိုယ့်လူနှစ်ယောက် ကိုယ့်မျက်စိရှေ့မှာ အသတ်ခံရတာတောင် လက်ပိုက်ကြည့်နေနိုင်တဲ့ ခင်ဗျားစိတ်ဓာတ်ကို ကျုပ်ဖြင့် အံ့သြချီးကျူးလို့မဆုံးဘူး"

ရီလုံ မျက်နှာပျက်သွား၏။

"ဒါက ကျုပ်အကြောင်းနဲ့ကျုပ်ပါ၊ ခင်ဗျားနဲ့ မဆိုင်ပါဘူး"

"ကျုပ်ရဲ့သိုင်းကွက်တွေကို လေ့လာချင်လို့ သူတို့ကို အသေခံ တိုက်ခိုက်လိုက်တာ မဟုတ်လား၊ ခင်ဗျား သေသေချာချာကော မြင်လိုက်ရရဲ့လား၊ ခင်ဗျားမှာ နောက်ထပ် အသေခံရမယ့်တပည့်တွေ မရှိတော့ဘူးဆိုရင်တော့ ခင်ဗျားအတွက် စိတ်မကောင်းစရာပဲ"

ရီလုံက မချိမဆန့်ရယ်ရင်း လက်ခုပ်နှစ်ချက် တီးလိုက်သည်။

"ဖြောင်း ... ဖြောင်း"

လက်ခုပ်သံနှင့် တစ်ပြိုင်နက်တည်း ခန်းမဆောင်အနီးရှိ ပန်းရုံသုံးရုံ လှုပ်ယမ်းသွားသည်။

ပန်းရုံများကြားမှ အနက်ရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသော ဓားရှည်ကိုင်လူသုံးဦး ခုန်ထွက်လာပြီး ကောင်းဂူအား ပြိုင်တူ တိုက်ခိုက်လိုက်ကြသည်။

ကောင်းဂူက တစ်ဖက်တံခါးပေါက်မှ အပြင်သို့ ခုန်ထွက်သွားသည်။



ဓားရှည်ကိုင် ရန်သူသုံးဦးသည် ကောင်းဂူနောက်သို့ လိုက်၍ ဓားသုံးလက်ဖြင့် တစ်ပြိုင်တည်း ခုတ်ပိုင်းလိုက်ကြသည်။

သို့သော် ဓားသုံးလက်သည် ကောင်းဂူကို မခုတ်မိဘဲ အနီးရှိ သစ်ပင်တစ်ပင်ကို ခုတ်ပိုင်းမိကာ သစ်ပင်မှာ သုံးပိုင်းပြတ်ထွက်သွားသည်။

ဓားသမား သုံးယောက်သည် ဒေါသတကြီး ဖြစ်သွားပြီး ကောင်းဂူထံသို့ သုံးဘက် သုံးတန်ခွဲ၍ ခုန်ဝင်သွားကြသည်။

ထိုအချိန်တွင် ကောင်းဂူသည် သူ၏ဓားကို ဆွဲထုတ်ပြီးသား ဖြစ်နေပြီး တင်းကျပ်စွာ ဆုပ်ကိုင်ထား၏။

သူ့ထံသို့ သုံးဘက်သုံးတန်မှ ပြိုင်တူဝင်လာသော ဓားသုံးလက်အား သူ၏ဓားဖြင့် ဇွေ့ယမ်းခုခံ ရိုက်ထုတ်လိုက်လေသည်။

တစ်ပြိုင်နက်တည်းမှာပင် သူ၏ဘယ်လက်ဖြင့် ဓားမြှောင်တစ်ချောင်းကို ဆွဲထုတ်လိုက်ပြီး ဘယ်ဘက်မှ ရန်သူကို ထိမှန်အောင် ပစ်ပေါက်လိုက်သည်။

ညာလက်တွင် ကိုင်ထားသော ဓားဖြင့် အလယ်တည့်တည့်မှ ထိုးဝင်လာသော ရန်သူ၏ဓားရှည်အား လွင့်စဉ်သွားအောင် ကလော်ပစ်လိုက်သည်။

အလယ်မှ ရန်သူသည် ဓားကောလူပါ လန်ထွက်သွားသည်။

ကောင်းဂူ၏ဓားရှည်သည် ထိုရန်သူ၏ရင်ဝသို့ ထိုးစိုက်ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဂွ၏ လျှင်မြန်တိကျသော တန်ပြန်တိုက်ကွက်များကို မြင်ရသော ညာဘက်မှရန်သူသည် ကြောက်လန့်တကြားဖြစ်ကာ ကြက်သေသေနေ၏။

ထိုစဉ် ကောင်းဂွ၏ကိုယ်သည် လျှင်မြန်စွာ တစ်ပတ်လှည့်လာပြီး လက်ထဲမှ ဓားရှည်ဖြင့် ကြက်သေသေနေသော ရန်သူကို ဓားဖြင့် ထိုးစိုက်လိုက်၏။

ကောင်းဂွနှင့် ဝတ်စုံနက်ဝတ်ဆင်ထားသော လူသုံးဦးတို့၏ တိုက်ပွဲကို အစအဆုံးပင် ရီလုံက မလှုပ်မယှက်ဖြင့် ငြိမ်သက်စွာ စိုက်ကြည့်နေ၏။

ရန်သူသုံးဦးကို ရှင်းပစ်ပြီးသည့်နောက် ကောင်းဂွသည် ရီလုံအား မျက်နှာချင်းဆိုင်၍ မေးလိုက်သည်။

"ဘယ့်နှယ်လဲ... ဒီတစ်ခါတော့ ကျုပ်ရဲ့ ဓားကွက်ကို ခင်ဗျား သေသေချာချာ မြင်လိုက်ရမှာပေါ့"

ရီလုံသည် ခပ်ပြုံးပြုံးနှင့် လေသံမလျော့ဘဲ ပြောလိုက်သည်။

"ခင်ဗျားရဲ့ ဓားကွက်က တစ်မူထူးခြားတာတော့ အမှန်ပဲ ဒါပေမယ့် ခင်ဗျားမှာ ပျော့ကွက်ဟာကွက်တွေ ရှိနေပါတယ်၊ ခင်ဗျားရဲ့ ဘယ်ဘက်အခြမ်းကိုဖိပြီး တိုက်ခိုက်မယ်ဆိုရင် သိုင်းကွက်တစ်ရာအတွင်း ခင်ဗျားကို ကျုပ်နိုင်မှာ သေချာတယ်"

ရီလုံ၏စကားကြောင့် ကောင်းဂွ၏စိတ်တွင် အနည်းငယ်ထိတ်လန့်သွားသည်။



သူ၏သိုင်းကွက်တွင် ပျော့ကွက် ဟာကွက်ရှိသော နေရာမှာ ဘယ်ဘက်အခြမ်းဖြစ်သည်မှာ အမှန်ပင် ဖြစ်ပေသည်။

ဤသည်ကို ရီလုံသည် တွေ့အောင်ရှာနိုင်ခဲ့သည်။

ထို့ကြောင့် သူစိုးရိမ်သွားသော်လည်း ဟန်မပျက်စေဘဲ ခပ်အေးအေး ပြန်ပြောလိုက်သည်။

"ခင်ဗျားထင်လို ဟုတ်မဟုတ်သိရအောင် လက်တွေ့စမ်းကြည့်ဆဲ့ဗျာ"

"ဟား... ဟား... ဟား"

ရီလုံက မခိုးမခန့်နှင့် ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။

ထို့နောက် သူ၏လက်နှစ်ဖက်ကို ဆန့်ထုတ်လိုက်ပြီး ရုတ်တရက် ကောင်းဂွအား ခုန်အုပ်ကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။

အနီးသို့ ရောက်ရှိမလာသေးမီမှာပင် ရီလုံ၏အတွင်းအားအရှိန်မှာ ကောင်းဂွ၏မျက်နှာသို့ လာရောက်ဟပ်မိ၏။

ရီလုံသည် အတွင်းအားကြီးမားသူတစ်ဦးဖြစ်ကြောင်း ကောင်းဂွ သိလိုက်ရသည်။

ကောင်းဂွက အားကျမခံဘဲ မာန်သွားကာ ညာသံတစ်ချက်ပေး၍ ရီလုံအား ဓားကွက်ဆယ့်ခုနစ်ကွက်ကို တစ်ဆက်တည်း အသုံးပြု၍ ဆီးကြိုတိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရိလုံသည် လက်ဝါးသိုင်းများကို အသုံးပြု၍ ကောင်းဝူ၏ ဓားကွက်အားလုံးကို ကာကွယ်လိုက်သည်။

ကောင်းဝူ၏ဓားချက်များသည် ရိလုံ၏လက်ကို ဓားသွားနှင့် တစ်ချက်မျှမခုတ်မိဘဲ အပြားလိုက်သာ ထိမိသည်ကို အံ့ဩစွာ တွေ့ရှိရသည်။

ဓားနှင့်လက်ဝါး ထိတွေ့မိသောအခါ သံချင်းထိတွေ့သကဲ့သို့ တချွင်ချွင်အသံများ ထွက်ပေါ်လာ၏။

ရိလုံသည် သူ၏လက်ဝါးနှစ်ဖက်အား သံခဲကျောက်ခဲများကဲ့သို့ မာကျောအောင် အထပ်ထပ် လေ့ကျင့်ထားခဲ့ပုံ ရလေတော့၏။

ရိလုံ၏ လက်ဝါးသိုင်းကွက်များကြောင့် ကောင်းဝူမှာ ထိတ်လန့်သွားမိသည်။

သို့သော် လက်ကမူ အလျှော့မပေးဘဲ ပို၍ လျင်မြန်စွာတိုက်ခိုက်လိုက်၏။

ကောင်းဝူ၏ ဓားသိုင်းကွက်များအားလုံးကို ရိလုံက ကာကွယ်ဖျက်ထုတ်နိုင်ခဲ့သည်ချည်း ဖြစ်၏။

ရိလုံသည် ကောင်းဝူ၏ဓားကွက်များကို ရင်းနှီးကျွမ်းဝင်နေပုံရသည်။

ကောင်းဝူ လှုပ်ရှားသည်နှင့် ဓားသွားအနေတ်အသိမ်း အထိုးအခုတ်ကို ရိလုံ ကြိုတင်သိရှိနေပြီး ဖြစ်သည်။



ထို့ကြောင့် ကောင်းဝူသည် ခါးကြားမှ ဓားမြှောင်တစ်ချောင်းကို ထပ်မံထုတ်ယူလိုက်၏။

ရိလုံက လက်ဝါးရိုက်ချက်ဖြင့် ဖိ၍တိုက်သည်။

ကောင်းဝူ ရှောင်တိမ်းပေးရသည်။

ရိလုံက ကောင်းဝူနောက်သို့ ထပ်ကြပ်မကွာ လိုက်ပါတိုက်ခိုက်လိုက်သည်။

ကောင်းဝူက ဓားနှစ်လက်ဖြင့် ဆီး၍တိုက်ခိုက်လိုက်သဖြင့် ရိလုံ လျင်မြန်စွာ ရှောင်တိမ်းပေးလိုက်ရသည်။

ထိုအခါ သူ့ကိုယ်မှာ ဟန်ချက်ပျက်ပြီး အနည်းငယ် ယိမ်းယိုင်သွား၏။

ဤတွင် အခွင့်ကောင်းကိုစောင့်နေသော ကောင်းဝူက ရိလုံအား ဓားမြှောင်ဖြင့်ပစ်ပေါက်လိုက်သည်။

"ဝှီး ..."

ဓားသည် အရှိန်ဖြင့် လွင့်ထွက်သွား၏။

သူ့မျက်နှာဆီသို့ တည့်မတ်စွာပြေးဝင်လာသော ဓားမြှောင်ကို ရိလုံသည် လက်ဝါးနှစ်ဖက်ဖြင့် အပြားလိုက်ညှပ်၍ ဖမ်းယူလိုက်၏။

ကောင်းဝူသည် ဘယ်လက်ဖြင့် ခါးမှ ဓားမြှောင်နောက် တစ်ချောင်းကို ထုတ်ယူ၍ ထပ်မံပစ်ပေါက်လိုက်ပြန်၏။

ရိလုံက ဖမ်းမိထားသောဓားမြှောင်နှင့် သူ့ထံပြေးဝင်လာသော ဒုတိယဓားမြှောင်ထံသို့ ပစ်ပေါက်လိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ချင် ..."

လမ်းခုလတ်လေးထဲတွင် ဓားမြှောင်နှစ်လက် အရှိန်ဖြင့်ထိမှန်ကာ ကျသွား၏။

ကောင်းဝှသည် အချိန်ဆွဲမနေတော့ဘဲ တစ်ဟုန်ထိုးပြေးလာပြီး လက်မှဓားရှည်ဖြင့် ရီလုံအား ဘာအားထိုးချလိုက်လေ၏။

အင်အား ပိုမိုပြင်းထန်စေရန် ဓားကို လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာဆုပ်ကိုင်၍ ထိုးချလိုက်ခြင်း ဖြစ်သည်။

ရီလုံသည် ကမန်းကတန်းပင် နောက်သို့ ခုန်ဆုတ်လိုက်သည်။

သို့သော် သူ၏ခြေတစ်လှမ်း ဆုတ်မိရုံနှင့်ပင် ကျောနောက်ဘက်တွင် သစ်ပင်ကြီးတစ်ပင်ခံနေသည်ကို သိရှိလိုက်ရသည်။

ထိုအခါမှ ကောင်းဝှသည် သူ့အား အစွမ်းကုန်ဖိ၍ တိုက်ခိုက်လိုက်ခြင်းဖြစ်ကြောင်းကို ရိပ်မိလိုက်သည်။

ရီလုံမှာ တိုက်ပွဲအတွေ့ကြုံများသူပီပီ အကျဉ်းအကျပ်နှင့် ရင်ဆိုင်တွေ့ရသော်လည်း ပျာလောင်ခပ်ခြင်းမရှိဘဲ စိတ်ကိုတည်ငြိမ်စွာထား၍ ကောင်းဝှအား ရင်ဆိုင်လိုက်၏။

သူ၏ရင်ညွှန့်ဆီသို့ အရှိန်ဖြင့်တိုးဝင်လာသော ဓားကို ရုတ်တရက် လက်နှစ်ဖက်ဖြင့် ဖမ်းညှပ်ထားလိုက်လေသည်။

အတွင်းအားနှစ်ခု ညီနေသောအခါ နှစ်ဦးစလုံး လှုပ်ရှားမှုမရှိဘဲ မျက်နှာချင်းဆိုင်၍ တည်ငြိမ်စွာရပ်နေကြလေသည်။



ကောင်းဝှ၏ဓားသည် ရီလုံ၏ရင်ညွှန့်နှင့် သုံးလက်မသို့အကွာအထိ ရောက်နေသော်လည်း ရှေ့သို့ဆက်မတိုးနိုင်တော့ပါချေ။

"ခင်ဗျားရဲ့သိုင်းကွက်က ကောင်းတော့ကောင်းပါရဲ့ ဒါပေမယ့် ဆက်ပိုပြီး လျင်မြန်သွက်လက်ဖို့ လိုသေးတယ်"

ရီလုံက ရီတီတီပြောလိုက်သည်။

ကောင်းဝှ မဲ့ပြုံးပြုံးကာ ...

"ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ ကျုပ်ဓားကွက်ကြားမှာ အသက်ဆုံးရှုံးရမှာပါပဲ"။

"ဘာဖြစ်လို့လဲ"

ရီလုံ မျက်မှောင်ကြုတ်၍ မေးလိုက်သည်။

"ကျုပ်ဓားကို ခင်ဗျား ဘယ်လောက်ကြာကြာဆက်ပြီး ခုအတိုင်း လက်ဝါး နှစ်ဖက်နဲ့ ဖမ်းညှပ်ထားနိုင်မှာမို့လဲ၊ မကြာခင် ခင်ဗျား ဓာချွေးပြန်လာမှာပဲ၊ ချွေးထွက်လာတဲ့ ခင်ဗျားလက်တွေက ကျုပ်ဓားကို မြဲအောင်ဖမ်းညှပ်ထားနိုင်မှာလား၊ အဲဒီကျရင် ကျုပ်ဓားဟာ ခင်ဗျားရင်ကို ခွဲပစ်လိုက်မှာပဲ"

ရီလုံ တစ်ချက်ရယ်မောလိုက်သည်။

"ခင်ဗျားပြောတာ အမှန်တရားတွေပါပဲ၊ ဒါပေမယ့် လက်ဝါးဆွေးချွေးမစို့ခင် ခင်ဗျား အရင်သေရမယ်ဆိုတာ ထည့်တွက်ပါဦး"

"ခင်ဗျားမှာ လက်သုံးချောင်းမှမပါတာဘဲ၊ ဘယ်လိုပြစ်နိုင်မှာလဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ရိလုံက ရယ်မောရင်း အသံတစ်ချက်ပေးလိုက်သည်။

"ဟား ... ဟား ... ဟား ... ကဲဟေ့ ... မင်းတို့ ထွက်လာခဲ့ကြပေတော့"

သူ၏စကားသံဆုံးသွားသည်နှင့် ပန်းရုံနှစ်ခု၏နောက်ကွယ်မှ ကိုယ်ကျပ်အင်္ကျီအနက်ရောင် ဝတ်ဆင်ထားသူနှစ်ဦးက လွှားခနဲ ခုန်ထွက်လာသည်။

ရင်းတို့လက်ထဲတွင် သံစူးလက်နက်တစ်ခုစီကို ကိုင်ဆောင်ထားကြသည်။

ထိုလူနှစ်ဦးသည် ကောင်းဝှ၏နောက်ကျောဘက်မှ ထွက်ပေါ်လာကြခြင်း ဖြစ်သည်။

လေတိုးသံကြောင့် ရန်သူများထွက်ပေါ်လာသည်ကို သိရှိသော်လည်း ကောင်းဝှက နောက်သို့ လုံးဝ လှည့်မကြည့်ဘဲနေလိုက်သည်။

"ခင်ဗျားနောက်မှာ ကျုပ်လူနှစ်ယောက် ရောက်နေတာကို ခင်ဗျား သိရဲ့လား"

ရိလုံက ကျေနပ်စွာပြုံး၍ ပြောလိုက်သည်။

"ကျုပ် သိသားပဲ"

ကောင်းဝှ အေးစက်စွာပင် ပြန်ပြောလိုက်သည်။

"သူတို့ဟာ ကျုပ်တပည့်ရင်း ကျူးကိုနဲ့ ကျူးဖုံးဆိုတဲ့ ညီအစ်ကို နှစ်ယောက်ပဲ၊ သူတို့ကိုင်ဆောင်အသုံးပြုတဲ့ လက်နက်သံစူးလျှို့ဝှက်လက်နက်အကြောင်း ခင်ဗျား ကြားဖူးမှာပေါ့"



ရိလုံက ခြိမ်းခြောက်သလို ပြော၏။

ကောင်းဝှက မခိုးမခန့် ရယ်လိုက်သည်။

သံစူးလျှို့ဝှက်လက်နက်သည် အင်အားအလွန်ပြင်းထန်ပြီး ခမ်းမလွဲဖြစ်သည့်အပြင် တစ်ကြိမ်လျှင် သံစူးဆယ့်ခုနစ်ခု တစ်ပြိုင်တည်း ပစ်လွှတ်နိုင်စွမ်းရှိသော လက်နက် ဖြစ်ပေသည်။

ဤသံစူးလျှို့ဝှက်လက်နက်အကြောင်း ကောင်းဝှ သိထားပြီးဖြစ်သည်။

"သူတို့အကြောင်း ကျုပ်သိထားပြီးသားပါ၊ ခင်ဗျား လျှာရှည်နေစရာ မလိုပါဘူး"

သူက ဂရုမစိုက်ဟန်ဖြင့် ပြောသည်။

ရိလုံ ပြုံးလိုက်သည်။

"ခင်ဗျားဓားကို ကျုပ်က ဖမ်းဆုပ်ချုပ်ကိုင်ထားလို့ ခင်ဗျား ခုတ်လို့မရပါဘူး၊ အခုနေ သူတို့က ခင်ဗျားဆီကို သံစူးတွေကို ပစ်လွှတ်လိုက်ရင် ခင်ဗျားကျောပြင်တစ်ခုလုံး စကာပေါက်တွေဖြစ်သွားမှာ သေချာတယ်"

ကောင်းဝှ နှာခေါင်းရှုံ့လိုက်သည်။

"ခင်ဗျားလိုသာ ပါးစပ်နဲ့လူသတ်ရမယ်ဆိုရင် အလောင်းတွေ ရေတွက်လို့တောင်နိုင်မှာ မဟုတ်ဘူး၊ ခင်ဗျား လေကုန်ခံနေမယ့်အစား ပြောတဲ့အတိုင်း ဖြစ်၊မဖြစ် လက်တွေ့စမ်းကြည့်ပေါ့"

ရိလုံသည် မခံချင်စိတ်ဖြစ်သွားပြီး သူ့လူများကို အော်ဟစ်အချက်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ဟေး"

ရီလုံ၏ အချက်ပေးသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ကောင်းဝှသည် သူ၏ဓားကိုလက်လွှတ်လိုက်ပြီး ကိုယ်ဖော့၍ အပေါ်သို့ ခုန်ပျံမြောက်တက်သွားသည်။

အချက်ပေးသံကြောင့် အကယ်၍ ကျူးညီနောင်ထံမှ သံစူးများ ပစ်လွှတ်ခဲ့လျှင် လေထဲသို့ခုန်တက်သွားသော ကောင်းဝှအား ထိမည် မဟုတ်ဘဲ မူလနေရာတွင်ကျန်ရစ်ခဲ့သော ရီလုံကို ထိမှန်ပေရော့မည်။

ကောင်းဝှ အပေါ်သို့ခုန်တက်သွားသည်နှင့် တစ်ပြိုင်နက် ရီလုံသည် သူ့လက်တွင်ညှပ်ဖမ်းထားသော ဓားကို ကောင်းဝှထံ ပစ်လွှတ်လိုက်၏။

ဓားမြှောင်သည် ကောင်းဝှထံ တရှိန်ထိုး ပြေးဝင်မြောက်တက်သွားသည်။

ကောင်းဝှသည် ဘယ်ဘက်လက်ဖြင့် ဓားတိုတစ်လက်ကို ဆွဲထုတ်လိုက်သည်။

ထို့နောက် သူ့နောက်မှ ပစ်လွှင့်လိုက်ပါလာသော ဓားဦးကို ဓားဖြင့် ဆတ်ထုတ်လိုက်သည်။

ထိုအခါ ဓားဦးသည် လမ်းကြောင်းပြောင်း၍ အထက်သို့ ဆက်လက်ထောင်တက်သွား၏။

သူ့ဘေးမှဖြတ်သွားသော ဓားဦးကို လက်ဖြင့်ဆတ်ခနဲဖမ်းဆုပ်လိုက်သည်။



ကောင်းဝှ၏ လှုပ်ရှားမှုများမှာ အလွန်လျှင်မြန်သွက်လက်ကာ ရှလှသည်။

သူ၏ သွက်လက်တိကျသော လှုပ်ရှားမှုများကိုကြည့်၍ ရီလုံ စိတ်ထဲမှကျိတ်၍ ချီးကျူးမိလိုက်၏။

မိမိသည် ကျူးညီနောင်အား သံစူးလျို့ဝှက်လက်နက်ဖြင့်ပစ် အမိန့်ပေး၏။

သို့သော် ကျူးညီနောင်သည် အမိန့်ကိုမနာခံဘဲ အဘယ့် င့် မြားများမပစ်လွှတ်ရသနည်း။

ရီလုံသည် ဒေါသတကြီးဖြင့် ကျူးညီနောင်အား လှမ်းကြည့် က်သည်။

ထိုအခါ ရီလုံမှာ သူတွေ့မြင်လိုက်ရသော မြင်ကွင်းကြောင့်ပင် အမိန့်ကို မနာခံသည့် ကျူးညီနောင်အား အရေးယူအပြစ်ပေးရန် င်တော့ကြောင်းကို ရီလုံက နားလည်သဘောပေါက်သွားသည်။

ကျူးညီနောင်ကိုင်ဆောင်ထားသော သံစူးလျို့ဝှက်လက်နက် ည် ဓားဖြင့်ခုတ်ပိုင်းခံရ၍ အပိုင်းပိုင်း ကျိုးပြတ်ပျက်စီးနေသည့် ကို သူ တွေ့လိုက်ရလေတော့သည်။

✤ ✤ ✤

www.burmeseclassic.com



# လက်ဝဲမား

ကျူးညီနောင်တို့၏ မြားစကြာများကို အပိုင်းပိုင်းကျိုးပြတ်အောင် ဖျက်ဆီးပစ်လိုက်သူမှာ အသက်အားဖြင့် နှစ်ဆယ့်ခုနစ်နှစ်ခန့်ရှိ လူလတ်ပိုင်းတစ်ဦးပင် ဖြစ်သည်။

သူသည် အရပ်အလွန်မြင့်သူတစ်ဦးဖြစ်ပြီး ခုနစ်ပေခန့်ရှိမည်ဟု ခန့်မှန်းရသည်။

ထိုသူ၏မျက်နှာက ကြည့်ပျော်ရှုပျော်ရှိသော်လည်း ဆံပင်များကို ဖားလျားချထားသည့်အတွက် အနည်းငယ် အကြည့်ရဆိုးနေ၏။

သူ၏ပုံစံက တောပျော်ရသေ့တစ်ပါးနှယ်ပင် ဖြစ်သည်။

တစ်ကိုယ်လုံး အဖြူရောင်ဝတ်ဆင်ထားပြီး ဘယ်လက်တွင် အသွားနှစ်ဖက်ပါရှိသော ဓားရှည်တစ်လက် ကိုင်ဆောင်ထားသည်ကို တွေ့ရသည်။

ထိုလူ၏ပုံပန်းသဏ္ဌာန်ကို တွေ့မြင်ရုံမျှနှင့်ပင် မည်သူမည်ဝါဖြစ်သည်ကို ကောင်းဝူနှင့် ရိလုံတို့ ရိပ်မိလိုက်ကြသည်။



ကျူးညီနောင်သည် ကြောက်လန့်စွာနှင့် ကြက်သေသေနေရာ သတိပြန်ဝင်လာပြီး အဖြူရောင်ဝတ်စုံနှင့်လူကို မေးလိုက်သည်။

"ခင်ဗျား ဘယ်သူလဲ"

ထိုသူ အဖြေမပေးသေးမီမှာပင် ရိလုံက ဖြတ်မေးလိုက်၏။

"ခင်ဗျား လက်ဝဲမားကျင်းစန်း မဟုတ်လား"

"ဟုတ်တယ်"

အဖြူရောင်ဝတ်စုံနှင့်လူက ခပ်ပြတ်ပြတ်ဖြေလိုက်သည်။

ထိုနာမည်ကို ကြားလိုက်ရသည်နှင့် ကျူးညီနောင်တို့ ကွက်ခနဲမျက်နှာပျက်သွားကြ၏။

ကျင်းစန်းကို ကိုယ်တိုင်မတွေ့ဖူးကြသော်လည်း သူ၏နာမည်သတင်းကို နားနှင့်မဆန့်အောင် ကြားဖူးထားကြပါသည်။

ကျင်းစန်းသည် အသက်ဆယ့်ရှစ်နှစ်သားအရွယ်ကပင် တောင်ဗိုင်းပြည်နယ်၌ကျင်းပသော သိုင်းပညာပြိုင်ပွဲတစ်ခုတွင် ထိပ်တန်းသိုင်းသမားကြီးငါးဦးကို အနိုင်ယူနိုင်ခဲ့သူ ဖြစ်လေသည်။

မကောင်းမှုကျူးလွန်သော အနက်ရောင်သိုင်းသမားမှန်သမျှကျင်းစန်းအား အဝေးမှရှောင်ရှားကြသည်။

အကြောင်းမှာ ကျင်းစန်းသည် အဖြူရောင်သိုင်းသမားတစ်ဦးဖြစ်သည့်အလျောက် မကောင်းမှုကျူးလွန်သူများအား အလွန်မုန်းတီးစက်ဆုပ်ကာ မညှာမတာ ဆုံးမတတ်ခြင်းကြောင့် ဖြစ်သည်။

ရိလုံသည် ကျင်းစန်းကိုတွေ့မြင်လိုက်ရသဖြင့် ထိတ်ခနဲ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယုကျင်း၏ဖိတ်ကြားချက်ကြောင့်သာ သူသည် ဤနေရာသို့ ရောက်လာခြင်းဖြစ်ရမည်ဟုလည်း တစ်ထစ်ချ ယုံကြည်လိုက်မိသည်။

ကျူးကို့သည် ကြောက်ရွံ့တုန်လှုပ်နေသော်လည်း သူ၏သံရှုးလျှို့ဝှက်လက်နက် ဖျက်ဆီးခံလိုက်ရ၍ အလွန်ပင် စိတ်ဆိုးနေသည်။

ထို့ကြောင့် သူသည် ကျင်းစန်းအား အော်ငေါက်ကာမေးလိုက်လေသည်။

"ခင်ဗျား ဘာဖြစ်လို့ ကျုပ်တို့သံရှုးလျှို့ဝှက်လက်နက်ကို ဖျက်ဆီးပစ်ရတာလဲ"

ကျင်းစန်းက ခပ်ဆတ်ဆတ်ဖြင့် ...

"သည်အတွက် ခင်ဗျားတို့ မကျေနပ်ဘူးလား၊ ကျုပ်ကို ဘာလုပ်ချင်သလဲ"

ဟု ပြန်မေးလိုက်သည်။

ကျူးကို့က ဒေါသတကြီးဖြင့် ...

"ခင်ဗျားကိုသတ်ရမှ ကျေနပ်မယ်"

ကြိမ်းဝါးလိုက်ပြီး ရုတ်တရက် သူ၏လက်နှစ်ဖက်ကို ဆန့်ထုတ်လိုက်လေသည်။

ထိုအခါ အင်္ကျီလက်များကြားမှ တစ်ဖက်လျှင် သံရှုးခုနှစ်ခုစီ ထွက်လာပြီး ကျင်းစန်းထံသို့ ဦးတည်ဝင်ရောက်လာလေတော့သည်။

ကျူးကို့နည်းတူ ကျူးဖုံးကလည်း ကျင်းစန်းထံသို့ သံရှုးဆယ်လေးခုကို ပစ်လွှတ်လိုက်၏။



ရုတ်တရက် သံရှုးနှစ်ဆယ့်ရှစ်ခုဖြင့် အနီးကပ်တိုက်ခိုက်ခြင်း ခံလိုက်ရသော်လည်း ကျင်းစန်းသည် လုံးဝ တုန်လှုပ်မှုမရှိဘဲ ဘယ်ဘက်လက်တွင်ဆုပ်ကိုင်ထားသော ဓားရှည်ကို လျှင်မြန်စွာ ဝှေ့ယမ်းလိုက်သည်။

ဓားရှည်တစ်လက်သည် ဓားစကြာများပမာ လျှင်မြန်စွာ တရှိန်ရှိန် ဖြစ်ပေါ်လာ၏။

သူ့ထံသို့ တိုးဝင်လာသော သံရှုးနှစ်ဆယ့်ရှစ်ခုစလုံး လျှင်မြန်စွာလည်ပတ်နေသောဓား၏ ရိုက်ထုတ်ခြင်းကို ခံလိုက်ရလေသည်။

ထိုအခြင်းအရာကြောင့် ကျူးညီအစ်ကို၏ မျက်နှာများသည် သွေးဆုတ်သလို ဖြူဖပ်ဖြူရော် ဖြစ်သွားကြသည်။

ရီလုံက ခေါင်းတစ်ချက်ညိတ်၍ ချီးကျူးလိုက်သည်။

"နာမည်သတင်းကြီးသလောက် ပညာကလည်း အဆင့်မြင့်ပါပေတယ်"

ကျင်းစန်းက ဘာမှမပြောဘဲ ပါးစပ်ပိတ်နေလိုက်သည်။

ရီလုံက ဆက်မေးလိုက်သည်။

"ခင်ဗျားလည်း ဖိတ်စာရလို့ လာတာလား"

ဤတစ်ကြိမ်တွင် ကျင်းစန်းက ခပ်သွက်သွက် ပြန်ပြောလိုက်လေသည်။

"ဟုတ်တယ်၊ ခင်ဗျား ကျူးလွန်ခဲ့တဲ့လုပ်ရပ်က လူမဆန်ဘဲ ရက်စက်လွန်းလို့ ဖိတ်စာရရချင်း ကျုပ် လာခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ခင်ဗျား နောက်ကျသွားပြီ"

ကောင်းဝှက ဖြတ်ပြောလိုက်သည်။

"ဟုတ်လား ... ဒါဆိုရင်တော့ စိတ်မကောင်းစရာပေါ့ဗျာ၊ ဘာဖြစ်လို့ပါလိမ့်"

ကျင်းစန်းက မေးလိုက်သည်။

ကောင်းဝှက တာဝန်ခွဲဝေလိုက်သည်။

"ကျုပ်က အရင်ရောက်လာလို့ ရိုလုံဟာ ကျုပ်အတွက်ပဲဖြစ်ပါတယ်၊ ဟိုကျူးညီနောင်ကိုတော့ ခင်ဗျားစိတ်ကြိုက် ဆောင်ရွက်နိုင်ပါတယ်"

ကျင်းစန်း ခေါင်းညိတ်သဘောတူလိုက်သည်။

"အို ... ရပါတယ်ဗျာ၊ ဘယ်သူပဲဆုံးမဆုံးမ မကောင်းမှုကျူးလွန်သူကို ဆုံးမရဖို့သာ အဓိကပါ"

"ကျုပ် ရိုလုံနဲ့တိုက်လို့မနိုင်ဘဲ သေသွားရင်တော့ ခင်ဗျားသူနဲ့ဆက်ပြီး ယှဉ်ပြိုင်ပါ၊ ကျုပ်တို့ တစ်ဦးချင်း ယှဉ်ပြိုင်တိုက်ခိုက်နေစဉ်မှာတော့ ခင်ဗျား လုံးဝ ဝင်မကူဖို့ မေတ္တာရပ်ခံချင်တယ်"

"စိတ်ချပါ၊ ခင်ဗျားဆန္ဒအတိုင်း ဖြစ်ရပါစေ့မယ်"

ကောင်းဝှသည် ကျေနပ်စွာပြုံးရင်း ဆက်ပြောလိုက်ပြန်၏။

"ခင်ဗျားကို ကျုပ် မြင်မြင်ချင်း မိတ်ဆွေတစ်ယောက်လို ခင်မင်မိပါတယ်၊ ရိုလုံနဲ့ယှဉ်ပြိုင်ပြီး ကျုပ် အနိုင်ရတဲ့အခါ ခင်ဗျားနဲ့ အတူ အရက်သောက်ချင်တယ်၊ တကယ်လို့ ကျုပ် သေသွားရင်



ကျုပ်ကို ခင်မင်တဲ့အထိမ်းအမှတ်နဲ့ ကျုပ်ရဲ့အလောင်းပေါ်ကို အရက်တစ်ခွက် လောင်းချပေးပါ"

ကျင်းစန်း ပြုံး၍ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ ... ခုအချိန်ကစပြီး ကျုပ်တို့ ကိုယ့်တာဝန်ကိုယ်စတင်ကြရအောင်"

သူ၏စကားဆုံးသည်နှင့် ကောင်းဝှသည် ရိုလုံအား စတင်တိုက်ခိုက်လိုက်၏။

ရိုလုံသည် အခွင့်အရေးရလျှင်ရသလို ကောင်းဝှ၏ခန္ဓာကိုယ်ဘယ်ဘက်ခြမ်းကိုသာ ဖိ၍ တိုက်လေသည်။

သူတို့နှစ်ဦးသည် သိုင်းကွက်နှစ်ဆယ့်ငါးကွက်ခန့် အပြန်အလှန် ယှဉ်ပြိုင်တိုက်ခိုက်ပြီးသောအခါ ရိုလုံ၏တိုက်ကွက်များကြောင့် ကောင်းဝှသည် နောက်သို့ ခြေလှမ်း လေး၊ ငါးလှမ်းခန့် ဆုတ်ခွာဆေးလိုက်ရသည်။

သူတို့နှစ်ဦး၏ တိုက်ခိုက်မှုအခြေအနေကိုကြည့်ရင်း ကျင်းစန်းသည် ကောင်းဝှအတွက် စိုးရိမ်စိတ်များ ဖြစ်ပေါ်လာလေသည်။

ရိုလုံ၏ လက်ဝါးသိုင်းကွက်များက ပိုမိုပြင်းထန်လာလေ၏။

ကောင်းဝှမှာ တဖြည်းဖြည်း နောက်သို့ဆုတ်ခွာပေးနေရသည်။

ထိုသို့ဆုတ်ရင်းဆုတ်ရင်း ကောင်းဝှသည် ကျူးညီနောင်ရှိရာနှင့် ခြေလှမ်းငါးလှမ်းခန့်အကွာသို့ ရောက်ရှိလာလေသည်။

ကျူးညီနောင်က တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြ၍ တစ်ပြိုင်တည်း လှုပ်ရှားလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးကိုက ကျင်းစန်းထံသို့ အင်္ကျီလက်မောင်းအတွင်းမှ သံစူး ဆယ့်လေးချောင်းကိုထုတ်၍ ပစ်လွှတ်လိုက်လေသည်။

ကျူးကိုသည် ကျင်းစန်းထံသို့ မြားများပစ်လွှတ်လိုက်ခြင်းမှာ ၎င်းအား လုပ်ကြံလိုခြင်းထက် ကောင်းဝူအား သွားရောက် မကူညီနိုင်အောင် ကြိုတင်ဟန့်တားလိုက်ခြင်းသာ ဖြစ်သည်။

အကယ်၍ ကောင်းဝူရှုံးနိမ့်သွားလျှင် သူတို့ဆရာတပည့်သုံးဦး ပူးပေါင်း၍ ကျင်းစန်းအား နိုင်အောင်တိုက်ခိုက်နိုင်လိမ့်မည်ဟု ယုံကြည်ထားကြသောကြောင့် ဖြစ်၏။

ကျင်းစန်းသည် တိုက်ပွဲအတွေ့အကြုံများသူပီပီ တစ်ချိန်လုံး ကျူးညီနောင်ကို အလစ်မပေးဘဲ သတိဖြင့် စောင့်ကြည့်နေခဲ့သည်။

ထို့ကြောင့် ကျူးကိုက သူ့ထံပစ်လွှတ်လိုက်သော မြားဆယ့်လေးလက်ကို ဓားဖြင့် အလွယ်တကူပင် ရိုက်ထုတ်နိုင်လိုက်ပေသည်။

သံစူးလျို့ဝှက်လက်နက်အားလုံး လွင့်စဉ်ထွက်သွားသည်နှင့် တစ်ပြိုင်နက် ကျင်းစန်း၏ဓားသည် လျှပ်တစ်ပြက် လျှင်မြန်စွာဖြင့် ကျူးကို၏နံကြားသို့ ထိုးစိုက်ဝင်ရောက်သွား၏။

"အား ..."

ကျူးကိုမှာ ညည်းသံတစ်ချက်သာပြုနိုင်ပြီး လဲကျသေဆုံးသွားတော့သည်။

ထိုအချိန်မှာပင် ကျူးဖုံးသည်လည်း ရင်ဝတွင် ဓားမြှောင်တစ်ချောင်းစိုက်လျက်တန်းလန်း လဲကျသွားသည်ကို တွေ့ရလေသည်။



ကောင်းဝူ၏လက်ချက်ဖြစ်ကြောင်း ယုံမှားသံသယဖြစ်စရာမရှိချေ။

ကောင်းဝူသည် ရီလုံနှင့်တိုက်ခိုက်နေသော်လည်း အာရုံပျံ့လွင့်မှုမရှိစေရန် ထိန်းချုပ်၍ ကျူးညီနောင်ကို အလစ်မပေးဘဲ တစ်ချိန်လုံး သတိနှင့်နေခဲ့၏။

သူ၏ နောက်ကျောဘယ်ဘက်နှင့် ခါးမှဓားမြှောင်တစ်ချောင်းကို ဆွဲယူကာ ကျူးဖုံးအား ပစ်ပေါက်လိုက်သည်။

ကျူးဖုံးသည် ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း အနည်းငယ်နောက်ကျသွားသည့်အတွက် ရင်ဝတွင်ဓားစိုက်ဝင်သွားပြီး သေဆုံးရခြင်း ဖြစ်သည်။

ကောင်းဝူက ဝပ်၍ရှောင်တိမ်းပေးလိုက်သည့်အတွက် ကျူးဖုံးပစ်လွှတ်လိုက်သော မြားများသည် ကောင်းဝူကိုမထိဘဲ ၎င်းနှင့်ရင်ဆိုင်တိုက်ခိုက်နေသော ရီလုံထံသို့ ပြေးဝင်သွားကြသည်။

ရီလုံက သူ၏လက်ဝါးနှစ်ဖက်ကို အသုံးပြု၍ မြားများကို ရိုက်ထုတ်ပစ်လိုက်သည်။

ဤတဒင်္ဂအချိန်တွင် ရီလုံသည် ကောင်းဝူအား သတိမထားနိုင်ဘဲ လက်တလော်အန္တရာယ်ဖြစ်သော မြားများကိုသာ အာရုံစိုက်၍ အလုပ်ရှုပ်သွား၏။

ဤတွင် ကောင်းဝူသည် သူ၏ဓားရှည်ကို ဝှေ့ယမ်း၍ ရီလုံထံ ခုန်ဝင်သွားပြီး ခပ်ကြမ်းကြမ်းပင် ထိုးနက်တိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရိုလုံသည် ကမန်းကတန်း နောက်သို့ခုန်ဆုတ်၍ ကောင်းဝူ၏ ဓားချက်များကို ရှောင်တိမ်းလိုက်ရသည်။

ကောင်းဝူက အလွတ်မပေးဘဲ ထက်ကြပ်မကွာ လိုက်လံတိုက်ခိုက်လိုက်သည်။

ရိုလုံသည် နောက်သို့ ခြေလှမ်းလေးလှမ်းခန့် ဆုတ်ခွာလိုက်ရပြန်ပြီး သူ၏လက်ဝါးနှစ်ဖက်ဖြင့် ကောင်းဝူကို ထိုးသွင်းလိုက်သောဓားရှည်ကို ရှေးနည်းတူ ဖမ်းညှပ်၍ ချုပ်ကိုင်လိုက်သည်။

"ခြွမ်း ..."

မြည်သံတစ်ချက်နှင့်အတူ ကောင်းဝူ၏ဓားရှည်သည် ထက်ပိုင်းကျိုးသွားသည်။

ဓား၏ထိပ်ဦးဘက်အပိုင်းသည် ရိုလုံ၏လက်ဝါးနှစ်ဖက်ကြားတွင်ရှိနေပြီး ကျန်တစ်ပိုင်းက ကောင်းဝူ၏လက်တွင် ရှိနေပေသည်။

ကောင်းဝူ၏လက်တွင် ကျန်ရှိနေသောဓားတစ်ပိုင်းမှာ မူလထိုးသွင်းလိုက်သော အတွင်းအားအရှိန်ကြောင့် ရှေ့သို့အရှိန်မပျက်တိုးဝင်သွားကာ ရိုလုံ၏ရင်ဝကို ထိုးဖောက်ဝင်ရောက်သွားတော့၏။

ဤဖြစ်ရပ်မှာ မည်သို့မျှ မျှော်လင့်မထားသော ဖြစ်ရပ်ဆန်းတစ်ခုပင် ဖြစ်သည်။

ရိုလုံအနေနှင့် ဤသို့ဖြစ်လိမ့်မည်ဟု လုံးဝ မျှော်လင့်မထားမိခဲ့ချေ။

ထို့ကြောင့်လည်း သူသည် ရှောင်တိမ်းရန်ပင် အချိန်မရလိုက်ဘဲ ရင်ဝတွင် ဓားဖြင့်ထိုးခံလိုက်ရသည်။



သူ၏မျက်လုံးနှစ်ဖက်စလုံး ပြူးထွက်နေသည်။

ထိုမျက်လုံးများတွင် ခံပြင်းခြင်း၊ ဒေါသထွက်ခြင်း၊ မယုံကြည်[illegible]အောင် အံ့ဩခြင်း စသည်များ လွှမ်းမိုးနေလေသည်။

ကောင်းဝူ၏ဓားသည် ပထမတန်းစား ခိုင်ခံ့ထက်မြက်သော [illegible]ကောင်းတစ်လက်ဖြစ်သည်မှာ သေချာ၏။

အဘယ်ကြောင့် ယခုကဲ့သို့ ထက်ပိုင်းကျိုးသွားရပါသနည်း။

ကောင်းဝူက ရိုလုံအား ရှင်းပြလိုက်သည်။

"ကျုပ်ရဲ့ဓားဟာ လွန်ခဲ့တဲ့ဆယ်နှစ်တုန်းက အခုလိုပဲ တစ်ခါ[illegible]သွားခဲ့ဖူးတယ်၊ အဲဒီတုန်းက ပန်းပဲဆရာကြီးတွေကို ပြသပြီး [illegible]ဆက်ထားခဲ့တယ်၊ ဒါပေမယ့် အဲဒီအဆက်နေရာက အားပျော့[illegible]တဲ့အတွက် ကျုပ်ချိုးချင်တဲ့အခါ အတွင်းအားကိုအသုံးပြုပြီး ချိုး[illegible]လို့ရတယ်၊ အခုကိစ္စမှာ ကျုပ်မလွန်ပါဘူး၊ ခင်ဗျားဟာ မိသားစု[illegible]ထဲက လူပေါင်း ဆယ့်ခြောက်ယောက်ကို မတရားလုပ်ကြံ[illegible]ကဘူး၊ ကျုပ်ကိုပါ အင်အားနဲ့ လုပ်ကြံအနိုင်ယူဖို့ ကြိုးစား[illegible]တွက် သည်နည်းနဲ့ ကျုပ် တိုက်ခိုက်လိုက်ရတာပဲ၊ ဘယ်ရှုထောင့်[illegible]ကြည့်ကြည့် ကျုပ်လုပ်ရပ်ဟာ တရားမျှတတယ်လို့ တစ်ထစ်ချ[illegible]ကြည်တယ်"

ကောင်းဝူ၏စကားများကို ရိုလုံ ဆုံးအောင်ပင် မကြားလိုက်ရ[illegible]တော့ချေ။

ဝုန်းခနဲ လဲကျသေဆုံးသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဂူသည် ရီလုံ၏လက်ဝါးနှစ်ဖက်ကြားမှ သူ၏ဓား ထက်ပိုင်းကျိုးကို နှုတ်ယူလိုက်သည်။

"သည်ဓား ကျုပ်လက်ထဲရောက်တာ နှစ်ပေါင်းနှစ်ဆယ်ကျော် သွားပြီ၊ ဓားရတဲ့အချိန်ကစပြီး ကိုယ်နဲ့မကွာ ဆောင်သွားလေ့ရှိသလို လက်တစ်ကမ်းအကွာမှာ အမြဲထားတယ်၊ သည်ဓားကို ကျုပ်ရဲ့ကိုယ် အစိတ်အပိုင်းတစ်ခုလိုပဲ သံယောဇဉ်တွယ်နေမိတယ်၊ လွန်ခဲ့တဲ့ ဆယ် နှစ်လောက်က ကျုပ်နဲ့ အလွန်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်က ဓားကို ခဏကြည့်ချင်တယ်ဆိုပြီး တောင်းယူတယ်"

"ဒီတော့ ခင်ဗျားက ပေးလိုက်ရောလား"

"ဟုတ်တယ် ... ကျုပ်ကခွင့်ပြုပြီး ဓားကိုပေးလိုက်မိတယ်၊ ဒါပေမယ့် အဲဒီမှာတင် မမျှော်လင့်ဘဲ ကျုပ်မိတ်ဆွေဟာ ကျုပ်ဓားနဲ့ ကျုပ်ကို ပြန်တိုက်ခိုက်တော့တယ်"

ကျင်းစန်း အံ့ဩသွားသည်။

"ဘယ်လိုကြောင့်ပါလိမ့်ဗျာ"

ကောင်းဂူသည် သက်ပြင်းတစ်ချက်ချ၍ ဆက်ပြောလိုက်သည်။

"သူဟာ တောင်ပိုင်းဒေသမှာ နံပါတ်တစ်နေရာယူဖူးတဲ့ ဓား သိုင်းသမားတစ်ယောက်ပဲ၊ ကျုပ် သိုင်းလောကကို မရောက်ခင်က တည်းက သူဟာ နာမည်ကြီးသိုင်းသမားတစ်ယောက် ဖြစ်နေတယ်"

"ဪ ... ဒါဖြင့် သူက အရင်ရဖူးတဲ့ နံပါတ်တစ်နေရာကို ပြန်လိုချင်လို့ ခင်ဗျားကိုသတ်ဖို့ ကြိုးစားတာပဲပေါ့"



ကောင်းဂူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ဒီအတိုင်းပါပဲ၊ တကယ်လို့ ကျုပ်သာ လက်ချက်နဲ့ သေဆုံးသွားခဲ့ရင် ဘေးလူတွေအမြင်မှာ ကျုပ်တို့ ယောက်ယှဉ်ပြိုင်ရင်း ကျုပ်ရှုံးနိမ့်ပြီး သေဆုံးသွားရတယ်လို့ ကြမှာပဲ"

"အင်း ... အတော်တွေးရခက်တဲ့ ကိစ္စတစ်ခုပဲ"

"ဟုတ်တယ် ... ကျုပ်လည်း သူသည်လိုလုပ်လိမ့်မယ်လို့ လုံးဝ မိဘူး၊ သူ ရုတ်တရက် အနီးကပ်ထိုးလိုက်တဲ့ဓားချက်ကို ကျုပ် တိမ်းနိုင်ခဲ့တယ်"

"ခင်ဗျား တော်တော်ကံကောင်းတဲ့ လူပဲ"

"သူ့ရဲ့ ပထမဓားချက်က ကျုပ်ကိုမထိတော့ နောက်ထပ် ကြိမ် ဆက်ထိုးသေးတယ်၊ ကျုပ်ကလည်း သတိရှိနေတော့ ချက်တွေကို ရှောင်နိုင်ခဲ့ပါတယ်၊ သူ့သိုင်းပညာအဆင့်က မတိမ်းမယိမ်းပါပဲ၊ သူက ဓားကိုင်ပြီး တိုက်ခိုက်နေသူဆို ရှေ့ရှည်မှာ သူအနိုင်ရမှာ သေချာသလောက်ပဲပေါ့၊ ဒါပေမယ့် အချိန်က သူက ကျုပ်ကိုတိုက်ခိုက်တဲ့ ဓားကွက်တွေဟာ သိမ်ကို တာ တွေ့ရတယ်၊ ပြီးတော့ ကျုပ်ဓားကို သူလိုသလို စေခိုင်းပြီး ခိုက်လို့မရတာလည်း တွေ့ရတယ်"

"ဒါပေါ့ ... ကိုယ်ကိုင်နေကျဓားမဟုတ်တော့ ကိုယ်လိုချင်တဲ့ တိုင်း ဘယ်သွားပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကျုပ်လည်း ဓားမြှောင်တစ်ချောင်းကိုထုတ်ပြီး သူ့ဓားကွက်ကို တစ်ချက်ခံပေးလိုက်တယ်၊ ဓားနှစ်လက် ထိခိုက်မိတဲ့အခါ အံ့သြစရာအဖြစ်ကတော့ ကျုပ်လက်ထဲကဓားမြှောင်က ဘာမှမဖြစ်ဘဲ သူ့လက်ထဲကဓားရှည်က •ထက်ပိုင်းကျိုးသွားတယ်"

"ဗျာ ... ဟုတ်မှဟုတ်ရဲ့လားဗျာ၊ တကယ့်ကို အံ့သြစရာပါပဲ"

ကောင်းဝှ ဆက်ပြောလိုက်ပြန်သည်။

"ဒီထက်ပိုပြီး အံ့သြစရာကောင်းတာက ကျိုးသွားတဲ့ဓားပိုင်းဟာ တစ်ခြားကိုလွင့်ထွက်မသွားဘဲ သူ့လည်မျိုမှာ စိုက်ဝင်သွားတော့တာပဲ"

ကျင်းစန်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ဟင် ... ဟုတ်လား ... ဒီလိုဖြစ်လိမ့်မယ်လို့ သူ လုံးဝမျှော်လင့်ထားမှာ မဟုတ်ဘူးနော်"

"ဒါပေါ့ဗျာ ... အဲဒီတုန်းက သူ့ပုံစံဟာ အခု ရီလုံရဲ့ပုံစံအတိုင်းပဲ၊ မျက်လုံးတွေပြူးထွက်လာပြီး သူမျက်နှာမှာ အံ့သြစိတ်၊ မယုံကြည်စိတ်တွေ ဖြစ်ပေါ်လာတယ်"

ကောင်းဝှသည် လက်ထဲမှဓားကို အသာဆကြည့်လိုက်သည်။

"ကျုပ်က ဒီဓားကို အင်မတန်သံယောဇဉ်ကြီးသလို ဒီဓားကလည်း ကျုပ်ကိုစောင့်ရှောက်တယ်လို့ ပြောရလိမ့်မယ်၊ ကျုပ် အကျင်အတည်းအန္တရာယ်နဲ့ ရင်ဆိုင်ရတိုင်း နှစ်ကြိမ်စလုံး ကျိုးသွားပြီး ကျုပ်အသက်ကို ကယ်တင်လိုက်တာချည်းပဲ"



ကျင်းစန်း ခေါင်းညိတ်၍ မှတ်ချက်ချလိုက်သည်။

"အင်း ... ဖြစ်ရပ်တွေကတော့ တကယ့်ကိုပဲ မယုံကြည်နိုင်က်အောင် အလွန်ဆန်းကျယ်လှပါပေတယ်"

ကောင်းဝှသည် ကျင်းစန်းအား ပြုံးကြည့်ရင်း ပြောလိုက်သည်။

"အခု ကျုပ်တို့ဆောင်ရွက်မယ့်ကိစ္စ အောင်အောင်မြင်မြင် င်ရွက်ပြီးစီးသွားပြီဖြစ်လို့ တစ်နေရာသွားပြီး အရက်သောက် အောင်"

"သိပ်ကောင်းတဲ့ အကြံပါပဲဗျာ၊ ပင်ပန်းခဲ့ရတာတွေကို အရက် ားကြောပစ်ကြတာပေါ့"

ကျင်းစန်းက သွက်သွက်လက်လက် ထောက်ခံလိုက်သည်။ ထို့နောက် သူက ဆက်လက်အကြံပေးလိုက်သည်။

"သည်ကနေ တစ်မိုင်လောက်အကွာမှာ မိုးလင်းဆိုတဲ့ အရက် င်တစ်ဆိုင်ရှိတယ်၊ အဲဒီမှာ အရက်အကောင်းစားတွေ ရှိတယ်၊ ကို ကျုပ်တို့သွားပြီး အေးအေးဆေးဆေး သောက်ကြတာပေါ့"

ကောင်းဝှက တစ်စုံတစ်ခုကို မျက်မှောင်ကြုတ် စဉ်းစားရင်း ပြောလိုက်သည်။

"ဟာ ... အဲဒီဆိုင်မှာ ကျုပ်တို့ အေးအေးဆေးဆေး အရက် ်နိုင်ကြမှာ မဟုတ်ဘူး"

ကျင်းစန်း မျက်မှောင်ကြုတ်၍ မေးလိုက်၏။

"ဘာဖြစ်လို့လဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဆိုင်မှာ ယုကျင်းရှိတယ်၊ သူနဲ့အတူ လူငယ်သိုင်း သမား ခြောက်ယောက်လည်း ပါသေးတယ်၊ သူတို့က မနက်မိုးလင်းတာနဲ့ ဒီကိုလာပြီး ရိုလုံနဲ့ စာရင်းရှင်းကြဖို့ စီစဉ်ထားတယ်၊ သူတို့ကို အထင်သေးလို့တော့ မဟုတ်ပါဘူး၊ သူတို့ရဲ့ သိုင်းပညာ အဆင့်က ခုနစ်ယောက်ပေါင်းပြီး ရိုလုံကိုဝိုင်းတိုက်တောင် နိုင်မှာ မဟုတ်ဘူး"

ကျင်းစန်း ဖြတ်မေးလိုက်သည်။

"ဒါကြောင့် ခင်ဗျားက သူတို့ရဲ့အသက်ကို အလဟဿ မသေသင့်ဘူးထင်လို့ ရိုလုံကို အရှင်ရှင်းလိုက်တာလို့ ကျုပ် ယူဆ တယ်"

ကောင်းဝူ ထောက်ခံလိုက်သည်။

"မှန်တာပေါ့ဗျာ၊ ဒီတော့ ကျုပ်တို့က သူတို့ကို ရိုလုံရဲ့ အလောင်းကို လက်ဆောင်အဖြစ်ပေးလိုက်ရင် မကောင်းဘူးလား"

ကျင်းစန်း၏မျက်နှာတွင် ပြုံးယောင်သမ်းသွား၏။

"အင်း ... ခင်ဗျားပြောတဲ့အကြံ မဆိုးဘူး၊ ကောင်းတယ်၊ သူသေသွားမှတော့ သူ့အိမ်ကိုလည်း မီးရှို့ပစ်လိုက်တာလဲ ကောင်း ပါတယ်"

"ဟုတ်တယ် ... ဒုစရိုက်လောကသားတစ်ယောက်နဲ့ ပတ်သက် တာမှန်သမျှ အားလုံး ချုပ်ငြိမ်းသွားတာပေါ့"

ထို့နောက် သူတို့သည် ရိုလုံ၏နေအိမ်အား မီးရှို့လိုက်ကြပြီး ကောင်းဝူ၏မြင်းကျောပေါ်တွင် ရိုလုံ၏အလောင်းကို တင်ဆောင်၍



သွား 'မိုးလင်း'အရက်ဆိုင်ဆီသို့ မြင်းကို ဒုန်းစိုင်းထွက်ခွာသွား လေသည်။

နောက်ဘက်တွင် ရိုလုံ၏နေအိမ်ဂေဟာသည် မီးတောက်မီးလျှံ ကြားတွင် တဖြည်းဖြည်း မီးစာဖြစ်ကာ ပျောက်ကွယ်သွား၏။

ဒုစရိုက်လောကသားတစ်ယောက်နှင့် ပတ်သက်သမျှ အရာ လုံး မီးထဲတွင် ချုပ်ငြိမ်းကွယ်ပျောက်သွားပြီ ဖြစ်ပေသည်။

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိနိုင်ချေတကား။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com



## ကူညီသူများ

ညဥ့်အတော်နက်သည့်တိုင် 'မိုးလင်း'အရက်ဆိုင်သည် မီးရောင်များဖြင့် လင်းထိန်နေသည်။

မိုးလင်းအရက်ဆိုင်သည် ထည်ထည်ဝါဝါ ခမ်းခမ်းနားနား မရှိသော်လည်း အရက်ကောင်းများကိုသာ ရောင်းချသဖြင့် နေ့ရော ညပါ လူမပြတ်ဘဲ အစဉ်အမြဲပင် စည်ကားနေတတ်ပေသည်။

အထူးသဖြင့် သိုင်းလောကသားများသည် ညအခါတွင် ဤဆိုင်သို့ အရက်သောက်ရင်း အပန်းဖြေလေ့ရှိနေကြပါသည်။

ညဥ့်နက်သန်းခေါင်မက မည်သည့်အချိန်ပင်ဖြစ်စေ အရက်သောက်လိုပါက ဤဆိုင်တွင် အချိန်မရွေးရနိုင်ပေသည်။

ယနေ့ညတွင်လည်း မိုးလင်းအရက်ဆိုင်တွင်း၌ ခါတိုင်းကဲ့သို့ပင် အရက်သောက်သူများ စည်ကားနေ၏။

တစ်ခုထူးခြားသည်မှာ ယနေ့ည ဆိုင်တွင်းရှိ စားပွဲကြီး တစ်လုံးတွင် မျက်နှာစိမ်းလူငယ်သိုင်းသမား ခုနစ်ဦး ရောက်ရှိနေခြင်းပင် ဖြစ်သည်။



သူတို့အားလုံးပင် စားပွဲပေါ်တွင် မျက်နှာအပ်၍ ခေါင်းငိုက်စိုက် ကျနေကြ၏။

သူတို့သည် စောစောစီးစီး ရေချိန်ကိုက် အမူးလွန်ကာ ခေါင်းငိုက်စိုက်ကျနေခြင်း မဟုတ်ပေ။

စားပွဲပေါ်တွင် ခေါင်းအပ်လျက် အိပ်ပျော်နေကြခြင်းသာ ဖြစ်သည်။

ထိုလူငယ်ခုနစ်ဦးမှာ ယုကျင်းနှင့် ရှင်းကိုကူညီရန် ရောက်ရှိလာကြသော လူငယ်သိုင်းသမား ခြောက်ယောက်တို့ပင် ဖြစ်သည်။

သူတို့သည် မိုးလင်းအရက်ဆိုင်တွင် ညစာစားသောက်ပြီးနောက် စောစီးစွာပင် စားပွဲပေါ်ခေါင်းချ၍ အိပ်စက်လိုက်ကြသည်။

သူတို့အားလုံး နံနက်စောစောတွင် ရန်သူကြီးရှိလုံအား သွားရောက်တွေ့ဆုံ၍ စာရှင်းရှင်းရန် စီစဉ်ထားကြသည် မဟုတ်ပါလား။

✤ ✤ ✤

"ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင်"

နံနက်လေးနာရီ သံချောင်းခေါက်သံကို ကြားရသည်။

သံခေါင်းခေါက်သံနှင့် မရှေးမနှောင်းမှာပင် မြင်းခွာသံများ တဖြောင်းဖြောင်းနှင့်အတူ ဒုန်းစိုင်းပြေးလာသော မြင်းနှစ်ကောင်သည် မိုးလင်းအရက်ဆိုင်ရှေ့သို့ ရောက်ရှိလာ၏။

ဆိုင်ရှေ့သို့ရောက်သည်နှင့် မြင်းများသည် တုန့်ခနဲရပ်သွားပြီး မြင်းပေါ်မှလူနှစ်ယောက် လွှားခနဲ ခုန်ဆင်းလိုက်ကြသောသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူနှစ်ယောက်မှာ ကောင်းဝှနှင့် ကျင်းစန်းတို့ပင် ဖြစ်သည်။

ကောင်းဝှသည် သူ၏မြင်းပေါ်တွင် သယ်ဆောင်တင်ယူလာခဲ့သော ရီလုံ၏အသက်မဲ့ခန္ဓာကိုယ်ကြီးကို ပွေ့ယူ၍ ခြေလှမ်းကျဲကျဲဖြင့် ဆိုင်တွင်းသို့ လှမ်းဝင်လိုက်သည်။

ဧည့်ကြိုရန်ထွက်လာကြသော ဆိုင်လုလင်နှစ်ယောက်မှာ အလောင်းတစ်လောင်းကို ပွေ့ယူလာသည့်လူတစ်ယောက်ကို တွေ့လိုက်ရသောအခါ အံ့သြတကြီးဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

သို့သော် ကြောက်ရွံ့ထိတ်လန့်ခြင်းတော့ မဖြစ်မိကြပါချေ။

ဤသို့သော ကိစ္စများသည် ၎င်းတို့ဆိုင်တွင် မကြာခဏကြုံတွေ့နေကြဖြစ်၍ ရိုးနေပြီဖြစ်ဟန်တူ၏။

ဆိုင်ထဲသို့ရောက်သောအခါ ကောင်းဝှသည် ရီလုံ၏သက်မဲ့ခန္ဓာကိုယ်ကို စားပွဲလွတ်တစ်လုံးပေါ်သို့ တင်လိုက်ပြီး အသံမြင့်မြင့် မေးလိုက်သည်။

"ယုကျင်း ဘယ်မှာလဲ"

သူ့အသံကြောင့် စားပွဲတစ်လုံးတွင် ခေါင်းချကာအိပ်နေသော လူငယ်အားလုံး တစ်ပြိုင်နက်တည်း ဝုန်းခနဲခုန်ထကာ လက်နက်ကိုယ်စီဆွဲထုတ်၍ တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ကြသည်။

သူတို့ထဲမှ အဖြူရောင်ဝတ်စုံနှင့် လူရွယ်တစ်ယောက်က ရှေ့သို့တိုးထွက်လာ၏။



"ကျွန်တော် ယုကျင်းပါ၊ ခင်ဗျားတို့က ဘယ်သူတွေလဲ"

ကောင်းဝှသည် သူ၏ညာလက်ကို တစ်ချက်ဆွဲယမ်းလိုက်၏။

သူ၏အင်္ကျီလက်ကြားမှ စာရွက်တစ်ရွက် လွင့်ပျံထွက်လာပြီး ယုကျင်းအနီးရှိ သစ်သားတိုင်ထိပ်တွင် ဓားမြှောင်တစ်ချောင်းနှင့်အတူ စိုက်သွားသည်။

"သည်ဖိတ်စာကို ခင်ဗျားကပို့လိုက်တာ မဟုတ်လားဗျ"

ယုကျင်းမျက်နှာမှာ ရုတ်တရက် ပြောင်းလဲသွားပြီး မျက်လုံးများ အရောင်လက်သွားသည်။

ကျန်လူငယ် ခြောက်ယောက်သည်လည်း ထိပ်ထိပ်ပျာပျာဖြစ်သွားကြသည်။

သူတို့ထဲမှ လူငယ်တစ်ယောက်က အော်ဟစ်ကာ ... သည်။

"သည်လူဟာ ရီလုံပဲဖြစ်ရမယ်၊ အားလုံး သတိထားကြ"

ကောင်းဝှသည် ဖြေရှင်းချက်တစ်စုံတစ်ရာမပေးဘဲ ... မမှိတ်မသုန် စိုက်ကြည့်နေ၏။

ယုကျင်းသည် သစ်သားတိုင်တွင် စိုက်နေသောဖိတ်စာ ... ကြည့်လိုက်သည်။

ထို့နောက် သက်ပြင်းတစ်ချက်ချ၍ ဖြေလိုက်သည်။

"ဟုတ်ပါတယ် ... ဒါ ကျွန်တော်ပို့လိုက်တဲ့ ဖိတ်စာပါပဲ"

"ကျုပ် ကောင်းဝှပါ၊ ဒီစားပွဲပေါ်က အသက်မရှိတဲ့လူကတော့

www.burmeseclassic.com

www.burmeseclassic.com



ရီလုံပဲ၊ ခင်ဗျားရဲ့ ဆွေစဉ်မျိုးဆက် မိသားစုအားလုံးကို သတ်သွားတဲ့ လူဟာ သူပဲလားလို့ လာကြည့်ပါဦး"

ယုကျင်း၏ မျက်နှာတွင် အံ့ဩမှုအရိပ်အယောင်များ ရုတ်တရက် ဖြစ်ပေါ်လာ၏။

သူသည် ကောင်းဝူထံသို့ ခပ်သွက်သွက်လှမ်းထွက်လာပြီး စားပွဲပေါ်မှ ရီလုံ၏အလောင်းကို သေချာကြည့်ရှုလိုက်သည်။

သူ၏မျက်လုံးများ တဖြည်းဖြည်း တောက်ပလာသည်။

ထို့နောက် ဝမ်းသာအားရ ပြောလိုက်သည်။

"ဟုတ်တယ် ... သူ ရီလုံပဲ၊ ကျုပ်မိသားစုကို သတ်သွားတဲ့ ရီလုံအစစ်ပဲ"

စကားဆုံးသည်နှင့် ယုကျင်းသည် ကောင်းဝူရှေ့တွင် ဒူးနှစ်ဘက်ထောက်၍ အကြိမ်ကြိမ် ဦးချကန်တော့လိုက်သည်။

ပါးစပ်ကလည်း တတွတ်တွတ်ပြောလိုက်သေး၏။

"ဆရာသမားရဲ့ကျေးဇူးကို ကျွန်တော် ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူးဗျာ"

ကောင်းဝူက ယုကျင်းအား မ,ထူလိုက်သည်။

"ခင်ဗျားက ကျုပ်ဆီ ဖိတ်စာပို့ပြီး အကူအညီတောင်းလိုက်လို့ ခင်ဗျားအတွက် ဝင်ရောက်ပြီးကူညီတာပါ၊ ရာဇဝတ်သားတစ်ယောက်ကို နှိမ်နင်းရာလည်း ရောက်တာပေါ့"

ကောင်းဝူသည် ကျင်းစန်းကိုညွှန်ပြရင်း ဆက်ပြောလိုက်၏။



"ရီလုံတို့လူစုကို တိုက်တာ ကျုပ်တစ်ယောက်တည်း မဟုတ်ပါဘူး၊ ဒီကမိတ်ဆွေလည်း ပါသေးတယ်"

ယုကျင်းသည် ကျင်းစန်းကိုပါ ဆက်လက်ကန်တော့ရန် ပြင်လိုက်လေသည်။

ကျင်းစန်းက ကပျာကယာ ဟန့်တားလိုက်၏။

"အို ... အို ... နေပါ ... နေပါ ... ကျုပ်ကို မကန်တော့ပါနဲ့၊ ကျုပ်လည်း ပါတယ်ဆိုပေမယ့် ရီလုံကို နှိမ်နင်းတာ သူပါ၊ ဒါကြောင့် သူ့ကိုပဲ ကျေးဇူးတင်ပြီး ကန်တော့ပါ"

ဟု ပြောလိုက်၏။

ကောင်းဝူက ရီသေဟန်အပြည့်ဖြင့် ပြောလိုက်၏။

"ဟောဒီက နောင်ကြီးကျင်းစန်းသာ အချိန်မီရောက်မလာရင် ကျုပ်ရဲ့ကံကြမ္မာဟာ ရီလုံနဲ့ ဆန့်ကျင်ဘက်အဖြစ် ပြောင်းလဲသွားနိုင်တယ်"

ကောင်းဝူ၏စကားကို ယုချင်းပြောရန် ဟန်ပြင်လိုက်စဉ် လူရွယ်တစ်ယောက်သည် ရှေ့သို့ထွက်လာပြီး ခပ်ပြတ်ပြတ်ပြောချလိုက်သည်။

"ခင်ဗျားတို့နှစ်ယောက် မကူညီလည်း အကြောင်းမဟုတ်ပါဘူး၊ ကျုပ်တို့ သူငယ်ချင်းခုနစ်ယောက်အားနဲ့ ရီလုံကို ရင်ဆိုင်နိုင်ပါတယ်ဗျ"

ယုကျင်းမှာ အားနာသွားကာ ထိုလူရွယ်အား ပူးပျာသလဲဝင်ရောက်ဟန့်တားလိုက်သည်။

www.burmeseclassic.com



"အို … ဝေ့ထင်း"

လူရွယ်သည် ယုကျောင်း၏စကား မစရသေးမီမှာပင် သူ့စကားစကို အပျက်မခံဘဲ ဆက်၍ပြောလိုက်၏။

"ကျုပ်က ဘီလူးစားဝေ့ဖိန့်ရဲ့သား ဝေ့ထင်းပဲ"

"ဘီလူးစားဝေ့ဖိန့်ကို ကျုပ် ကြားဖူးပါတယ်"

ကောင်းဝူက အလိုက်သင့် ပြန်ပြောလိုက်သည်။

ဝေ့ထင်းသည် မခိုးမခန့်ပုံစံနှင့် ထပ်မံ၍ ပြောပြန်လေသည်။

"ကျုပ်တို့မိသားစုရဲ့ ဘီလူးစားသိုင်းဟာ သိုင်းလောကမှာ ပထမတန်းနေရာမှာ ရှိပါတယ်၊ ကျုပ်ရဲ့ ဘီလူးစားသိုင်းပညာနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ရင် ရိုလုံကို အလွယ်တကူနဲ့ ယှဉ်ပြိုင်နိုင်မယ်လို့ လုံးဝ ယုံကြည်ထားပါတယ်"

ဝေ့ထင်းသည် ကိုယ့်ကိုယ်ကို လွန်စွာ ယုံကြည်စိတ်ချသူတစ်ဦး ဖြစ်၏။

ထို့ကြောင့် လက်မတစ်ထောင်ထောင်နှင့် ပြောဆိုနေခြင်းဖြစ်၏။

ကောင်းဝူသည် ဝေ့ထင်း၏စကားကို အတတ်နိုင်ဆုံး လိုက်လျောပြောဆိုလိုက်၏။

"ဒါပေါ့ … ဖြစ်နိုင်စရာ အကြောင်းရှိပါတယ်"

"အို … ဖြစ်ကိုဖြစ်ရမယ့်လို့ ကျုပ်က တစ်ထစ်ချယုံကြည်တယ်၊ အခုတော့ ကျုပ် အားခဲပြီးရောက်လာခဲ့တာ ခင်ဗျားတို့ လက်ဦးသွားလို့ အလဟဿ ဖြစ်သွားရပြီ"



ဝေ့ထင်း၏စကားကြောင့် ကောင်းဝူ စိတ်တိုလာ၏။

ကာယကံရှင်ဖြစ်သော ယုကျောင်းကိုယ်တိုင် ကျေးဇူးတင်ကာ ခင်းသာနေပါလျက် ဤသူငယ်သည် အရာယ့်ကြောင့် မိမိအားခွတိုက်၍ ရန်စကားဆိုနေရပါသနည်း။

သို့ဖြစ်၍ ကောင်းဝူသည် စိတ်မရှည်နိုင်တော့ဘဲ ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။

"သေသွားပြီးတဲ့ လူတစ်ယောက်ကို ပြန်ရှင်လာအောင်တော့ ကျုပ်လည်း မလုပ်တတ်ဘူး၊ ဒါကြောင့် ကျုပ်အနေနဲ့ ရိုလုံအရှင်တစ်ယောက်လည်း အစားမပေးနိုင်ဘူး၊ ခင်ဗျားရဲ့ဓားစွမ်းကို ပြချင်ရင်တော့ နောက်တစ်ကြိမ် ရန်သူနဲ့တွေ့မှပဲ ပြတော့ပေါ့ဗျာ"

ဝေ့ထင်းက မဲ့ပြုံးပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ခင်ဗျားနှစ်ယောက်က ရိုလုံကိုသတ်နိုင်တယ်ဆိုတော့ သူ့ထက် သိုင်းပညာအဆင့် မြင့်ကြလို့ပဲနေမှာပေါ့၊ ရိုလုံမရှိတော့ပေမယ့် ခင်ဗျားတို့နှစ်ယောက်ရှိရင်လည်း ဖြစ်ပါတယ်"

ကောင်းဝူ မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

ဝေ့ထင်းသည် သူ၏ဓားရိုးကို လက်ဖြင့်ပွတ်ရင်းက အေးတိအေးစက်ပုံစံနှင့် ပြောလိုက်၏။

"ကျုပ် ဒီကိုလာတဲ့အကြောင်းက ပထမအချက် အနိုင်ကျင့်ခံရတဲ့ ဟောဒီသူငယ်ချင်း ယုကျောင်းကို ကူညီဖို့နဲ့ နောက်တစ်ချက်က ကျုပ်ရဲ့ဓားအစွမ်းကို စမ်းသပ်ကြည့်ချင်လို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဝှသည် ကျင်းစန်းအား လှမ်းကြည့်လိုက်သည်။

ကျင်းစန်းက ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်သည်။

ထိုစဉ် အခြားလူရွယ်တစ်ယောက်ကလည်း ရှေ့သို့တိုးထွက်လာပြန်သည်။

တစ်ဆက်တည်းပင် သူ၏လက်တွင် ကိုင်ဆောင်ထားသော အသွားနှစ်ဖက်ပါသည့် ဓားကို ဟန်ပါပါ ဝှေ့ယမ်းလိုက်ပြီး ကျင်းစန်းအား စိုက်ကြည့်၍ပြောလိုက်၏။

"ခင်ဗျားရဲ့ဓားသိုင်းပညာဟာ ပြိုင်စံရှားတယ်လို့ ကြားဖူးပါတယ်၊ ဟုတ်,မဟုတ်သိရအောင် ကျေးဇူးပြုပြီး ကျွန်တော့်ကို နှစ်ကွက်လောက် ပြပါလားဗျာ"

ကျင်းစန်းမှာ မည်သို့ပြောရမည်မသိ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ဆက်လက်၍ လူရွယ်က သူ့ကိုယ်သူ မိတ်ဆက်လိုက်၏။

"ကျွန်တော့်နာမည် မုယုံစုလို့ ခေါ်ပါတယ်၊ ကျွန်တော့်ဆရာက စန်းဟုန်ယက်ပါ"

ကျင်းစန်း အလိုက်အထိုက် ပြန်ပြောလိုက်သည်။

"သြော်... စန်းဟုန်ယက်တပည့်ကိုး ... စန်းဟုန်ယက်ကတော့ နာမည်ကြီး ဓားသမားတစ်ယောက်ဖြစ်လို့ လူတိုင်း သူ့ကိုသိကြပါတယ်၊ လွန်ခဲ့တဲ့သုံးနှစ်က သူနဲ့ကျုပ် လောယောင်မြို့မှာ ဆုံခဲ့ကြသေးတယ်၊ အဲဒီတုန်းက သူက ကျုပ်ကို သိုင်းကွက်တစ်ကွက်တောင်လာပြီးစမ်းသွားသေးတယ်"



"လဝန်းကြွယ်ဖောက်သိုင်းကွက် မဟုတ်လား၊ ကျုပ်ဆရာက ထိုးကွက်ပေမယ့် ခင်ဗျားက တုန့်ပြန်တိုက်ခိုက်မှု မပြုနိုင်ခဲ့ပါဘူးလေ"

"ဟုတ်တယ် ... အဲဒီသိုင်းကွက်ပဲ"

မုယုံစုက ဆက်ပြောသည်။

"ခင်ဗျားက မတုန့်ပြန်ပေမယ့် သည်သိုင်းကွက်ဟာ အပေါ်ကို တစ်လက်မလောက် ပိုပြီးမြင့်တက်သွားနိုင်မယ်ဆိုရင် သည်ထက်ပိုပြီး ထိရောက်မှုရှိမယ်လို့တော့ ဝေဖန်ခဲ့တယ် မဟုတ်လား"

"ခင်ဗျားပြောတာ အမှန်တွေချည်းပါပဲ၊ ခင်ဗျားဆရာ စန်းဟုန်ယက်ဟာ ကျုပ်ကို သက်ညှာသောအားဖြင့် သိုင်းကွက်တစ်ကွက်ပဲ ထိုးကွက်ပြီး နောက်ထပ် ဆက်မတိုက်တော့တာပါ"

"ကျွန်တော့်ဆရာ စန်းဟုန်ယက်က ခင်ဗျားဟာ သူ့သိုင်းကွက်မှာရှိတဲ့ ပျော့ကွက်ဟာကွက်ကို ချက်ချင်း တွေ့မြင်ထောက်ပြနိုင်တာကြောင့် ဆက်တိုက်လည်း အမိုပဲဆိုပြီး တစ်ကွက်တည်းနဲ့ အရှုံးပေးခဲ့တယ်လို့ ပြောတာပဲ"

"ခင်ဗျားဆရာပြောသလောက်လည်း ကျုပ်က မတော်ပါဘူး"

မုယုံစုသည် ကျင်းစန်းအား စူးစိုက်ကြည့်လိုက်ပြီး တစ်လုံးချင်း ပြောလိုက်သည်။

"ကျွန်တော်ဟာ လဝန်းကြွယ်ဖောက်သိုင်းကွက်ကို အကြိမ်ကြိမ်အဖန်ဖန် ထပ်တလဲလဲ လေ့ကျင့်ထားပါတယ်၊ ကျွန်တော့်အတွက် ဓားရေးအနေအထားဟာ အပေါ်ကို တစ်လက်မမြင့်တက်နိုင်မလိုဘူး ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစန်းသည် မသိချင်ဟန်ပြု၍ စကားလွှဲပြောလိုက်၏။

"ဟုတ်လား ... ဒါဆို သည်မားကွက်နဲ့ပတ်သက်ပြီး ခင်ဗျား ဆရာကို မေးကြည့်မှပေါ့၊ ကျုပ်ကတော့ ဘယ်ပြောတတ်ပါ့မလဲ"

"ကျွန်တော့်ဆရာက အခု ဂူအောင်းနေပါတယ်၊ ဒါကြောင့် ခင်ဗျားနဲ့ကြုံကြိုက်တုန်း ဒီမားသိုင်းကွက်ရဲ့ တစ်လက်မအကွာ အဝေးဟာ ဘယ်လောက်အရေးပါတယ်ဆိုတာ လက်တွေ့စမ်းသပ်ကြည့်ချင်တယ်၊ ခင်ဗျား ကျေးဇူးပြုပြီး ထွက်ခဲ့ပါ"

စကားဆုံးလျှင်ဆုံးချင်း မုယုံစုသည် ဆိုင်တွင်းရှိ ရှင်းလင်းသော နေရာလွတ်တစ်ခုသို့ ခုန်ထွက်သွားပြီး ကျင်းစန်းအား အရင်စောင့်ဆိုင်းနေလိုက်သည်။

ကောင်းဝူက ကျင်းစန်းအား မသိမသာ ခေါင်းဆတ်ပြလိုက်သည်။

ကျင်းစန်းသည် ရှေ့သို့တစ်လှမ်းချင်းလှမ်းသွားပြီး မုယုံစုနှင့် မျက်နှာချင်းဆိုင်၍ ရပ်လိုက်သည်။

မုယုံစုသည် ကျင်းစန်းအား လှည့်ပတ်၍ခြေလှမ်းကို ဖြည်းဖြည်းချင်းရွှေ့ကာ အကွက်ချောင်းနေလိုက်သည်။

မုယုံစုရွှေ့လျားသည့်အတိုင်း ကျင်းစန်းကလည်း လိုက်၍ရွှေ့လျားလိုက်သည်။

မျက်လုံးအစုံကမူ မုယုံစု၏ဓားဦးကို မမှိတ်မသုန် စိုက်ကြည့်နေသည်။



"ယား ..."

မုယုံစုသည် ညာသံတစ်ချက်ဟစ်လိုက်ပြီး ရှေ့သို့ခုန်ထွက်၍ န်းအား လဝန်းကြယ်ဖောက်သိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်၏။

ကျင်းစန်းသည် ဓားချက်ဝင်ရောက်လာရာ လမ်းကြောင်း င်း ရုတ်တရက် ခုန်ဝင်လိုက်သည်။

ဓားရောင်တစ်ချက်လက်သွားပြီး ကျင်းစန်း၏ရင်အုံဆီသို့ စိုက်သည်။

သို့သော် ဓားသည် ကျင်းစန်းအားမထိုးမိဘဲ တစ်လက်မအကွာ သီသီကလေးရှပ်၍ လွဲသွားသည်။

ကျင်းစန်း၏ညာလက်က မုယုံစု၏ ဓားကိုင်ထားသော ညာ လက်ကောက်ဝတ်ကို ဆတ်ခနဲ ဖမ်းယူဆုပ်ကိုင်ထားလိုက်သည်။

မုယုံစုသည် ဓားကို ပုံစံသုံးမျိုးပြောင်း၍ ထပ်မံတိုက်ခိုက်သော် ဓားချက်များသည် ကျင်းစန်းအား အန္တရာယ်မပြုနိုင်ဘဲ ဆက်မခန့် လှိုနေသည်ကိုသာ အံ့ဩစွာတွေ့ရှိရလေသည်။

ကျင်းစန်းသည် မုယုံစု၏လက်ကို လွှတ်ပေးလိုက်ပြီး မူလ သို့ ပြန်ခုန်ထွက်လိုက်သည်။

မုယုံစုသည် ကြက်သေသေပြီး ငူငူကြီးရပ်ကျန်နေခဲ့သည်။

သူ့ခေါင်းမှချွေးများပင် ထွက်လာသည်။

ကျင်းစန်းက ...

"ထိပ်တန်းသိုင်းသမားကြီးတွေနဲ့ ယှဉ်ပြိုင်တဲ့အခါမျိုးမှာ ကို

www.burmeseclassic.com

www.burmeseclassic.com



သိုင်းကွက်က တစ်လက်မလောက် ဟာကွက်ပျောကွက်ရှိတာနဲ့ အရှုံးနဲ့ရင်ဆိုင်ရမှာ သေချာတယ်"

ဟု စေတနာနှင့် ရှင်းပြလိုက်သည်။

မုယုံစုသည် ရုတ်တရက် ဒူးထောက်ထိုင်ချလိုက်ပြီး ကျင်းစန်းအား ဦးချကန်တော့လိုက်၏။

"ဆရာဟာ တကယ့်ကိုတော်ပါပေတယ်၊ အခုလို သင်ကြားပြသပေးတဲ့ ဆရာ့စေတနာကို အထူးလေးစားကျေးဇူးတင်ပါတယ်"

သူသည် အမှန်ပင် ရိုသေလေးစားစွာ ပြောဆိုလိုက်ခြင်းပင်ဖြစ်သည်။

ထို့နောက် မုယုံစုသည် ယုကျင်းဘက်သို့လှည့်၍ ခွင့်ပန်စကားဆိုလိုက်သည်။

"ကျုပ်တို့ လာရင်းကိစ္စပြီးသွားလို့ ကျုပ်ကို သွားခွင့်ပြုပါဦး"

သူသည် ယုကျင်းအား လတ်နှစ်ဖက်ဆုပ်၍ ရိုသေစွာနှုတ်ဆက်လိုက်ပြီးနောက် ဆိုင်အပြင်သို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေတော့သည်။

မုယုံစုကို မည်သူမျှ မတားမိကြဘဲ သူထွက်သွားရာကိုသာ ငေးကြည့်နေမိသည်။

မုယုံစု ဆိုင်အပြင်သို့ရောက်ရှိသွားသောအခါ ဝေ့ထင်းသည် ကောင်းဝူ၏အရှေ့သို့ ခုန်ထွက်လာပြီး ဓားကိုဝှေ့ယမ်း၍ ပြောလိုက်သည်။



"ဆရာကောင်းဝူအနေနဲ့ ကျွန်တော့်ကို ပညာပေးဖို့ မေတ္တာပါတယ်၊ ကျေးဇူး ပြုပြီး ပညာပေးပါ"

"ခင်ဗျားနဲ့ကျုပ် နောက်မှ ယှဉ်ပြိုင်ကြတာပေါ့"

ဝေ့ထင်းက ခေါင်းခါယမ်းလိုက်သည်။

"ဘာဖြစ်လို့ ဟိုရွှေ့ဒီရွှေ့ ရွှေ့ချင်ရတာလဲ၊ အချိန်ရှိတုန်း ပြိုင်တာ အကောင်းဆုံးပါပဲ"

သူသည် ထိုသို့ပြောရင်း ကောင်းဝူ၏ရှေ့သို့ ပြေးဝင်လာသည်။ ကောင်းဝူက နောက်သို့လျင်မြန်စွာ ဆုတ်ခွာပေးလိုက်ရသည်။ ဝေ့ထင်းသည် ညာသံတစ်ချက်ပေး၍ ဓားဖြင့် ပြေးဝင်တိုက်လိုက်သည်။

ကောင်းဝူ၏ တစ်ကိုယ်လုံး လေထဲသို့မြောက်တက်သွားကာ တ်များကဲ့သို့ တစ်ပတ်လည်၍ အရက်ရောင်းသောကောင်တာ ဘက်သို့ ကျရောက်သွား၏။

ထို့နောက် သူသည် အရက်အိုးကြီးတစ်လုံးကို လက်နှစ်ဖက် တိုင်မ,ရင်း ယုကျင်းအား လှမ်းပြောလိုက်သည်။

"ယုကျင်းရေ... ဒီအရက်အိုးအတွက် ကျသင့်ငွေကိုတော့ ပဲ ပေးလိုက်ပေတော့"

ယုကျင်းသည် ရုတ်တရက် ကြောင်သွားမိပြီး နောက်မှသဘော ကာ ပြန်ပြောလိုက်၏။

"ဟုတ်... ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဝေ့ထင်းသည် ကောင်းဂူအား မားသိုင်းသုံးကွက်ဖြင့် ခပ်ကြမ်းကြမ်း ဝင်ရောက်တိုက်ခိုက်လိုက်၏။

ကောင်းဂူသည် ဝေ့ထင်း၏ မားချက်များကို လွတ်အောင်ရှောင်ရင်း အရက်အိုးကိုမ,လျက်နှင့်ပင် ဆိုင်အပြင်သို့ရောက်အောင် ကိုယ်ဖော့၍ ခုန်ထွက်သွား၏။

ဆိုင်ပြင်သို့ရောက်ပြီးနောက် သူသည် မြေကြီးကို ခြေတစ်ချက်စောင့်၍ခုန်ကိုက်ရာ သူ့မြင်းပေါ်သို့ ကျရောက်သွားလေသည်။

မရှေးမနှောင်းမှာပင် ကျင်းစန်းသည်လည်း သူ၏မြင်းပေါ်သို့ လွှားခနဲ ရောက်ရှိလာ၏။

သူ၏ညာဘက်လက်တွင် အရက်ခွက်လွတ် နှစ်လုံးကို ကိုင်ထားသည်။

ကျင်းစန်းသည် ဘယ်လက်ကိုမြှောက်ယမ်း၍ ချည်တိုင်တွင်ချည်ထားသော မြင်းဇက်ကြိုးများကို ဓားဖြင့်ဖြတ်ပစ်လိုက်သည်။

ဆိုင်တွင်းမှ ဆူညံစွာထွက်ပေါ်လာသော အော်ဟစ်သံများကို ကြားလိုက်ရသည်မှာပင် မြင်းကြီးနှစ်ကောင်သည် လေးညှို့မှပစ်လွှတ်လိုက်သော မြားနှစ်စင်းပမာ လေဟုန်အတွင်းသို့ ဒုန်းစိုင်းတိုးဝင်ထွက်ခွာသွားလေသည်။

ဝေ့ထင်းသည် ဆိုင်အပြင်သို့ အူလျားဖားလျား ပြေးထွက်လာလိုက်လာသည်။

သို့သော်လည်း ကောင်းဂူတို့အား မမီတော့ချေ။



မြင်းခွာသံတဖြောင်းဖြောင်းကို ကြားလိုက်ရပြီး ဖုန်တထောင်းထောင်း ထကျန်ခဲ့သည်ကို တွေ့လိုက်ရ၏။

ဝေ့ထင်း မကျေမနပ်နှင့် တက်တစ်ချက်ခေါက်၍ ပြောလိုက်လေသည်။

"တောက်... မကျေနပ်ဘူး၊ ဒါနဲ့များ သူ့ကိုယ်သူ လူစွမ်းကောင်းလို့ နာမည်ခံထားတယ်၊ ဘာလူစွမ်းကောင်းလဲ၊ အလကားလူကြီး၊ ကျုပ် ဓားကွက်တစ်ကွက်ကိုတောင်မှ ရင်ဆိုင်မတိုက်ရဲတဲ့လူကြီး"

ထိုအခါ ဝေ့ထင်းအနီးသို့ ပြေးထွက်လာ ရောက်ရှိလာသော ယုကျင်းက ပြောလိုက်သည်။

"ဆရာကောင်းဂူက ခင်ဗျားရဲ့ဓားကွက်တွေကို လက်တုန့်ပြန်ခဲ့သားပဲ"

ဝေ့ထင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူသည် မယုံကြည်သော မျက်နှာထားဖြင့် ယုကျင်းအား အံ့အားသင့်စွာ လှမ်းကြည့်လိုက်၏။

နှုတ်မှလည်း လွှတ်ခနဲ ပြန်မေးလိုက်မိသည်။

"ဘယ်အချိန်က တုန့်ပြန်ခဲ့လို့လဲ"

"အရက်ကောင်တာက ဆိုင်အပြင်ကို ခုန်အထွက်မှာ ခင်ဗျားဓားဘက်ကို သူ့လက်နဲ့လှမ်းပုတ်လိုက်တာ ကျုပ် မြင်လိုက်တယ်"

ဝေ့ထင်း အလွန်ပင် အံ့ဩသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ရင်ဘတ်ဆီသို့ အလျင်စလို ငုံ့ကြည့်လိုက်၏။

ထိုအခါ သူ့အင်္ကျီရင်ဘတ်တွင် အပေါက်ငယ်များရှိနေသည်ကို တွေ့လိုက်ရ၏။

ကောင်းဂွကသာ သူ့အား အမှန်တကယ် ရန်မူတိုက်ခိုက်လိုက်လျှင် သူ၏ရင်ဘတ် ပွင့်ထွက်သွားနိုင်ကြောင်း ချက်ချင်းပင်သဘောပေါက် နားလည်သွား၏။

ယခုမှပင် ဇေ့ထင်းမှာ ကြက်သီးမွေးညင်းထကာ ထိတ်လန့်တကြား ဖြစ်သွား၏။

ဇေ့ထင်းသည် မျက်နှာသေဖြင့် ခေတ္တမျှ ငူငူငိုင်ငိုင်ဖြင့် ရပ်နေမိလေသည်။

ပြီးမှ သူသည် လေးလံသောခြေလှမ်းများဖြင့် ဆိုင်အတွင်းသို့ ပြန်လည်ဝင်ရောက်သွား၏။

ဆိုင်အတွင်းရှိ ခုံလွတ်တစ်ခုတွင် သူ၏ဓားကို ဒေါက်ခနဲ စိုက်ချလိုက်ပြီး စိတ်ပျက်အားလျော့စွာ ညည်းတွားလိုက်မိလေ၏။

"ကျုပ်က ကျုပ်ရဲ့ဓားသိုင်းပညာကို အားကိုးတကြီးနဲ့ သိုင်းလောကထဲ ဝင်ဆန့်နိုင်ပြီလို့ ထင်မှတ်ထားခဲ့တာ၊ ခုတော့ သိုင်းကွက်တစ်ကွက်တည်းနဲ့ ခံလိုက်ရပြီ၊ ကျုပ်ရဲ့ပညာဟာ သိုင်းလောကထဲမှာ ဝင်မဆန့်နိုင်သေးပါလားဗျာ"

ယုကျင်းက စိတ်မကောင်းစွာဖြင့် သူ့ကို နှစ်သိမ့်အားပေးလိုက်သည်။



"သူတို့နှစ်ယောက်စလုံးဟာ ဒီကနေ့သိုင်းလောကမှာ ထိပ်တန်းအဆင့်က သိုင်းသမားကြီးတွေပဲ၊ ဒီလိုလူမျိုးကို အရှုံးပေးရတာ ရှက်စရာမဟုတ်ပါဘူး၊ သူတို့ဆီက ပညာတောင်ရလိုက်သေးတယ် မဟုတ်လား၊ ဆက်ပြီး ကြိုးစားပေါ့ဗျာ"

ဇေ့ထင်းသည် ယုကျင်း၏ပခုံးကို အသာပုတ်၍ ပြောလိုက်၏။

"ကျုပ် သဘောပေါက်ပါပြီ သူငယ်ချင်းရယ်၊ အခု ဒီနေရာမှာ သူတို့နဲ့သာမတွေ့ခဲ့ရင် ကျုပ်ကိုယ်ကျုပ် ဟုတ်လှပြီဆိုပြီးတော့ အထင်တကြီးနဲ့ လျှောက်လည်နေမိဦးမှာပဲ၊ ဒါဆို တစ်နေ့မဟုတ်တစ်နေ့ ကျုပ် ဒုက္ခကောင်းကောင်းတွေ့မှာ သေချာတယ်၊ အခုတော့ ကျုပ်ကိုကျုပ် သိသွားပြီ၊ ကျုပ် အခု အိမ်ပြန်မယ်၊ ပြီးတော့ သိုင်းပညာကို ဒီ့ထက်တိုးတက်အောင် ထပ်မံလေ့ကျင့်မယ်လို့ ဆုံးဖြတ်ထားပါတယ်"

ယုကျင်းက လေးလေးပင်ပင် ခေါင်းတစ်ချက်ညိတ်လိုက်၏။

"ခင်ဗျားရဲ့ဆုံးဖြတ်ချက်ဟာ အမှန်ကန်ဆုံးပါပဲ၊ ဆရာကောင်းမှနဲ့ ဆရာကျင်းစန်းတို့ကို ကျေးဇူးတင်ရမယ်၊ ကျုပ်တို့သာ သူတို့အရင် ရှိလုံနဲ့သွားယှဉ်ပြိုင်ရင် အားလုံးသေကန်ကြမှာ သေချာတယ်"

"ဟုတ်တယ် ... ကံကောင်းလို့ ကျုပ်တို့ အသက်ရှင်နေကြတာပဲ၊ ဒါတင်မက ဆရာကြီးနှစ်ဦးရဲ့ အကူအညီကြောင့် ကျုပ်တို့ မိတ်ဆွေ ယုကျင်းနဲ့ပတ်သက်တဲ့ ရန်ငြိုးကိုလည်း အောင်မြင်စွာ ရှင်းလင်းနိုင်ခဲ့ပါပြီ၊ သိုင်းဆရာကြီးနှစ်ဦးကို ဂုဏ်ပြုဖို့နဲ့ ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



အတွက် အောင်မြင်မှုအထိမ်းအမှတ်အဖြစ် ကျုပ်တို့အားလုံး ပျော်ပျော်ပါးပါး အရက်သောက်ကြရအောင်"

ဝေ့ထင်းက အားလုံးကို အရက်သောက်ရန် အဆိုပြုလိုက်၏။

သူ၏စကားကို ယုကျင်းနှင့် ကျန်လူငယ်သိုင်းသမားအားလုံးကလည်း ထောက်ခံလိုက်ကြပြီး အရက်ဝိုင်းလေးတစ်ခုကို စတင်လိုက်ကြလေတော့သည်။

✤ ✤ ✤



## ပိုးဟာပ်

ဟုကျင်းတို့အုပ်စုမှာ လူငယ်များပီပီ စောစောကအဆင်မပြေမှုကြောင့် စိတ်ဓာတ်ကျဆင်းနေကြသည်များမှာ ချက်ချင်းပင်ပျောက်ပျောက်ဖြစ်သွားပြီး ပျော်ပါးစွာဝိုင်းဖွဲ့၍ အရက်သောက်ကြသည်။

ဝေ့ထင်းသည် ပန်းကန်လုံးများအတွင်းသို့ တပတိယအကြိမ်အရက်များကို ငှဲ့ပေးလိုက်သည်။

ထို့နောက် အားလုံးပြိုင်တူ မော့သောက်ရန် ဟန်ပြင်လိုက်ကြ၏။

ထိုစဉ် သူတို့အထဲမှ လူငယ်တစ်ယောက်သည် ဆိုင်ဝဘက်သို့ကြည့်သော မျက်လုံးများဖြင့် စိုက်ကြည့်လိုက်လေ၏။

နှုတ်မှလည်း ...

"ဟိုမှာ မုယုံစု ... သူ ဘာကြောင့်ပြန်လာတာလဲ မသိဘူး"

လွှတ်ခနဲ ရေရွတ်ပြောဆိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူရွယ်၏အသံကြောင့် အားလုံး ဆိုင်တံခါးဝဆီသို့ လှ
ကြည့်လိုက်ကြသည်။

ဆိုင်တံခါးဝအနီးတွင် မုယုံစုသည် တောင့်တောင့်ကြီးရပ်
သည်ကို တွေ့လိုက်ကြရ၏။

ဇော်ထင်းက အသံမြှင့်၍ ...

"ဟော ... သူငယ်ချ  ဖြစ်လို့ဆိုင်ဝမှာရပ်ပြီး ကြည့်
ရတာလဲ၊ အထဲကိုဝင်လာ  တို့တတွေ ပျော်ပျော်ပါးပါး အရ
သောက်ကြရအောင်"

ဟု ပြောလိုက်၏။

သို့သော် မုယုံစုသင် တင်မုံတစ်ခု တုန့်ပြန်စကားပြောဆို
မပြုပါချေ။

ရပ်မြဲရပ်လျက် သူတို့ကိုသာ မျက်လုံး ပြူးသားနှင့် ကြ
နေသည်။

"သူ့ကိုကြည့်ရတာ တစ်မျိုးကြီးပါလား၊ ဘယ်သူနဲ့ ဘာ
တာတယ် မသိဘူး"

ပြောပြောဆိုဆိုဖြင့် ယုကျင်းက အသံမြှင့်၍ လှမ်းမေးလို
ပြန်သည်။

"သူငယ်ချင်း မုယုံစု ... မင်း ဘာဖြစ်နေသလဲ၊ ကျုပ်တို့
ပြောပြဦးမှပေါ့"

ယုကျင်း၏ စကားသံမဆုံးမီမှာပင် မုယုံစု၏ကိုယ်လုံးကြီး
သည် မြေပေါ်သို့ ဝုန်းခနဲ မှောက်လျက် လဲကျသွားလေတော့သည်



သူ့နောက်ကျောတွင် ဓားရှည်တစ်လက် စိုက်ဝင်နေသည်ကို
တွေ့လိုက်ရ၏။

ကျောပြင်တစ်ခုလုံး သွေးများစွန်းထင်းနီရဲနေသည်။

မုယုံစု၏ကျောတွင် စိုက်ဝင်နေသော ဓားရှည်သည် သာမန်
ဓားများထက် တစ်ပေခန့်ပိုရှည်နေပြီး ဓားသွားမှာ ခပ်ပါးပါးနှင့်
သေးသေးလေးပင် ဖြစ်၏။

ဓားရိုးတွင် သံကွင်းတစ်ကွင်း တပ်ဆင်ထားပြီး ၎င်းတွင်
သံမဏိကြိုးငယ်တစ်ချောင်း ချည်နှောင်ထားသည်ကို တွေ့ရ၏။

ယင်းသံမဏိကြိုးငယ်မှာ ဆယ်ပေခန့်ရှည်လျားပြီး အစထိပ်
တစ်ဖက်အား လူတစ်ယောက်က ဆုပ်ကိုင်ထားလေသည်။

ထိုလူသည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

သူ၏မျက်နှာထွင် သွေးရောင်လုံးဝမတွေ့ရဘဲ ဖြူဖွေးနေ၏။

သူ၏တစ်ခေါင်းလုံးမှ ဆံပင်များကလည်း ဖြူဖွေးနေသည်၊

ထိုမျှသာမက သူ၏နှုတ်ခမ်းအစုံသည်ပင် ခဲဖြူရောင်သမ်း
နေပေသည်။

သူ၏မျက်လုံးအစုံကမူ လူများကို ချောက်ချားသွားစေနိုင်
လောက်အောင် အေးစိမ့်သောအလင်းမာတ်များ ဖြာထွက်နေသည်၊

သူ၏ခန္ဓာကိုယ်မှာ ရှည်လျားလွန်းသော အရပ်အမောင်းနှင့်
မလိုက်အောင် ပိန်ကပ်လွန်းလျက် လက်ချောင်းခြေချောင်းများကမူ
အရပ်နှင့် လိုက်လျောညီထွေစွာ လူတကာထက် ပိုရှည်ထွက်နေသည်၊

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် အလွန်ထူးဆန်းသော အဖြူရောင်သတ္တဝါတစ်ကောင်ဟု ဆိုရပေမည်။

ညအမှောင်ထဲတွင် ရုတ်တရက် သူ့ကိုမြင်လိုက်ရသူတိုင်း သရဲတစ္ဆေတစ်ကောင်ဟု မှတ်ထင်ကာ ကြောက်ရွံ့ထိတ်လန့်သွားမည်မှာ သေချာလှပေသည်။

ယုကျင်းနှင့် သူ့အဖော်ငါးယောက်တို့သည် မမျှော်လင့်ဘဲ မုယုံစု သေဆုံးသွားရသည့်အတွက် အံ့ဩထိတ်လန့်နေကြစဉ် ထပ်မံ၍ အဖြူရောင် လူထူးဆန်းကို တွေ့လိုက်ရသောအခါ ပိုမို တုန်လှုပ်ချောက်ချားသွားမိကြလေသည်။

"သူ ဘယ်သူလဲ"

ယုကျင်း၏နှုတ်မှ လွှတ်ခနဲ မေးလိုက်သည်။

ဝေ့ထင်းက ခေါင်းခါယမ်း၍ ဖြေလိုက်သည်။

"ကျုပ်လည်း မသိဘူး"

အဖြူရောင်ဝတ်စုံနှင့်လူက သူ၏ညာလက်ကို တစ်ချက်ဝှေ့ယမ်းလှုပ်ရှားလိုက်သည်။

"ချွင် ..."

အသံတစ်ချက် ထွက်ပေါ်လာပြီး သံမဏိကြိုးတန်းလန်းနှင့်ဓားသည် သာမန်ဓားများထက် တစ်ပေခန့်ပိုရှည်နေပြီး ဓားသွားမှာ ခပ်ပါးပါးနှင့် သေးသေးလေးပင် ဖြစ်၏။

ဓားရိုးတွင် သံကွင်းတစ်ကွင်း တပ်ဆင်ထားပြီး ၎င်းတွင် သံမဏိကြိုးသေးသေးတစ်ချောင်း ချည်ထားသည်ကို တွေ့ရ၏။



ယင်းသံမဏိကြိုးငယ်မှာ ဆယ်ပေခန့်ရှည်လျားပြီး အစထိပ်[illegible]ထ်အား လူတစ်ယောက်က ဆုပ်ကိုင်ထား၏။

ဓားသွားတွင်ကပ်ပါလာသော သွေးစက်များမှ သွေးစက်သုံး[illegible]သည် သူ့ကိုယ်ပေါ်သို့ လွင့်စဉ်ကျရောက်သွား၏။

၎င်း၏ အဖြူရောင်အင်္ကျီပေါ်တွင် အနီရောင်ပန်းသုံးပွင့် ပွင့်[illegible]လို မှတ်ထင်လိုက်ရလေသည်။

သူသည် ဘာမှမဖြစ်သကဲ့သို့ ဓားတွင်ကျန်ရှိနေသော သွေးစက်[illegible]ကို အေးအေးဆေးဆေးပင် ခါချပစ်လိုက်သည်။

ဝေ့ထင်းက ...

"ခင်ဗျား ဘယ်သူလဲ"

လှမ်း၍ အော်ဟစ်မေးလိုက်၏။

"ကျုပ်နာမည်ကို မေးတာလား"

ထိုလူက ညောင်ညစ်ညစ်အသံဖြင့် မပွင့်တပွင့် ပြန်မေးလိုက်[illegible]သည်။

"ဟုတ်တယ် ... ခင်ဗျားရဲ့ အမျိုးအနွယ်နာမည်ကို မေးတာ"

ဝေ့ထင်းက ထပ်မံ၍ လှမ်းအော်မေးလိုက်ခြင်း ဖြစ်သည်။

"ကျုပ်မှာ အမျိုးအနွယ်မရှိဘူး၊ သူငယ်ချင်းမိတ်ဆွေတွေ အား[illegible]က ကျုပ်ကို ပိုးဟပ်လို့ ခေါ်ကြတယ်"

ယုကျင်းမှအပ ကျန်လူရွယ်များသည် ပိုးဟပ်ဟူသည့်နာမည်[illegible] မကြားဖူးကြချေ။

www.burmeseclassic.com

www.burmeseclassic.com



ယုကျင်းမှာ ပိုးဟပ်ဟူသောအသံကို ကြားလိုက်ရသည်နှင့် ရုတ်တရက် မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားပြီး တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်သွားတော့၏။

"မာင် ... ခင်ဗျား ... ပိုး ... ပိုးဟပ် ဟုတ်လား"

ယုကျင်းက သေချာအောင် ထပ်မေးလိုက်သည်။

ပိုးဟပ်သည် ယုကျင်းအားစိုက်ကြည့်ရင်း ခပ်ဆတ်ဆတ် ပြန် ပြောသည်။

"ဟုတ်တယ် ... မင်းက ငါ့ကိုသိလို့လား"

"သိပါတယ်"

ယုကျင်းအသံသည် တုန်ယင်နေ၏။

"အေး ... သိရင် သူတို့တွေကို ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပြလိုက်"

"ကျွန် ... ကျွန်တော်တို့ ..."

ယုကျင်း အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေ၏။

ပိုးဟပ်က ဖြတ်ပြောလိုက်၏။

"အစကတော့ မင်းတို့အားလုံးကို သတ်ပစ်ဖို့ ငါ ရည်ရွယ်ထား တယ်၊ ဒါပေမယ့် မင်းက ငါ့ကိုသိတယ်ဆိုလို့ မင်းတို့ကို သက်ညှာ တဲ့အနေနဲ့ လျှော့ပေးလိုက်မယ်၊ ငါ့စည်းကမ်းအတိုင်းသာ လုပ်ကြ ပေတော့"

သိချင်စိတ် ပြင်းထန်နေသော ဝေ့ထင်းမှာ မနေနိုင်တော့ဘဲ ယုကျင်းအား မေးလိုက်၏။



"ပိုးဟပ်ဆိုတာ ဘယ်သူလဲ"

"ကြေးစား လူသတ်သမား"

"ဟုတ်တယ် ... ဒါပေမယ့် ငါလူသတ်တာဟာ ငွေရလိုတဲ့ အကြောင်းတစ်ခုကြောင့်တော့ မဟုတ်ဘူး"

ယုကျင်းစကားမဆုံးမီ ပိုးဟပ်က ဖြတ်ပြောလိုက်ခြင်း ဖြစ်၏။

"ခင်ဗျားဟာ ရိုလုံရဲ့မိတ်ဆွေဆို ... သူများပြောသံ ကြားဖူး တယ်"

ယုကျင်း မေးလိုက်သည်။

"ဟုတ်တယ် ... သူဟာ ငါ့ရဲ့ တစ်ဦးတည်းသော မိတ်ဆွေ ဖြစ်ရုံသာမက ငါ့အသက်ကို ကယ်ခဲ့ဖူးတဲ့ ကျေးဇူးရှင်တစ်ယောက် လည်း ဖြစ်တယ်"

ဝေ့ထင်းတို့လူစုသည် ပိုးဟပ်ဆိုသောသူအား လူထူးလူဆန်း တစ်ဦးသဖွယ် ငေးစိုက်ကြည့်နေမိ၏။

ပိုးဟပ်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး စကားဆက်ပြော လိုက်သည်။

"ကျုပ်ရောက်လာတာ နည်းနည်းနောက်ကျသွားလို့ ကျုပ် မိတ်ဆွေကျေးဇူးရှင် သေသွားခဲ့ရတယ်၊ ဒါပေမယ့် သိပ်တော့ နောက် ကျသေးပါဘူး"

ပိုးဟပ်သည် လူရွယ်သိုင်းသမားများအား မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုးဟပ်၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ယုကျွင်းက နားလည်လိုက်သည်။

ထို့ကြောင့် သူသည် ရင်ကော့၍အသံမာမာဖြင့် ပြောလိုက်၏။

"ဒီကိစ္စအားလုံး ကျုပ်တာဝန်ယူ စီစဉ်ပြီးလုပ်ခဲ့တာပဲ၊ ခံစရာရှိရင် ကျုပ်တစ်ယောက်တည်း ခံမယ်၊ မဆိုင်တဲ့လူတွေကို မထိပါနဲ့"

ပိုးဟပ်သည် ယုကျွင်းကို စိုက်ကြည့်လိုက်၏။

"အေး ... ကောင်းတယ်၊ ဒါမှ သူရဲကောင်းပီသတာပေါ့"

ဝေ့ထင်းသည် ယုကျွင်းအား ပျာပျာသလဲဖြင့် လှမ်းမေးလိုက်လေသည်။

"ယုကျွင်း ... ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ"

ကျန်လူရွယ်လေးယောက်ကလည်း ယုကျွင်းအနီးသို့ ဝိုင်းအုံချဉ်းကပ်လာကြပြီး ရဲရဲတောက် ပြောလိုက်သည်။

"ဒီကိစ္စအတွက် ကျုပ်တို့အားလုံး သဘောတူစီစဉ်ပြီး ထွက်လာခဲ့ကြတာပဲ၊ အစကတည်းက အသက်ကိုပမာနမထားတဲ့ ဆုံးဖြတ်ချက်နဲ့ ထွက်လာခဲ့ကြတာပါ၊ ကျုပ်တို့အတွက် ခင်ဗျား မစိုးရိမ်ပါနဲ့၊ အန္တရာယ်နဲ့ ရင်ဆိုင်ရရင်လည်း အားလုံးအတူတူ ရင်ဆိုင်ကြပြီး ခံစရာရှိရင်လည်း အတူတူပဲ ခံကြတာပေါ့"

ယုကျွင်းက ခေါင်းခါယမ်းလိုက်၏။

ထို့နောက် အေးတိအေးစက်လေသံဖြင့် ပြန်ပြောလိုက်သည်။

"မဟုတ်သေးဘူးလေ ... ကျုပ်တို့ရဲ့ လာရင်းကိစ္စက ရိုလုံအတွက်ပဲ၊ အခု ရိုလုံသေသွားပြီ မဟုတ်လား၊ ကျုပ်တို့လာရင်းကိစ္စလည်း အောင်မြင်ပြီးစီးသွားပြီပေါ့ဗျာ"

ဝေ့ထင်းက ...

"ခင်ဗျား ဒီလိုယူဆမယ်ဆိုရင် ကျုပ်တို့ကို မိတ်ဆွေရင်းချာလို သဘောမထားတာနဲ့ အတူတူပါပဲဗျာ"

ဟု ပြောလိုက်၏။

"ဒါကြောင့် မဟုတ်ပါဘူး၊ ခင်ဗျား အကြောင်းစုံမသိ ..."

ယုကျွင်း၏ စကားမဆုံးမီ ဝေ့ထင်းက ဖြတ်ပြောပြန်၏။

"ဘာလဲ ... သူက ကြေးစားလူသတ်သမားဖြစ်တာနဲ့ ခင်ဗျား ထိတ်လန့်သွားပြီလား၊ ကျုပ်တို့အားလုံး သေရဲပါတယ်ဗျာ၊ ဘယ်သူ့ဆီမှ ကြောက်စရာ မလိုပါဘူး"

အခြားလူငယ်လေးယောက်ကလည်း သံပြိုင် ထောက်ခံလိုက်ကြသည်။

"ဟုတ်တယ်"

"ဟုတ်တယ်"

"ကျုပ်တို့အားလုံး သေရဲပါတယ်၊ အတူတူတိုက်ကြတာပေါ့"

ယုကျွင်းသည် သူတို့၏ မိတ်ဆွေကောင်းပီသမှုနှင့် မြင့်မြတ်သောစိတ်ဓာတ်တို့ကြောင့် ရင်ထဲတွင် ပီတိဖြာသွားကာ ရုတ်တရက် စကားမပြောနိုင်ဘဲ ဖြစ်သွားလေသည်။

ပိုးဟပ်သည် လူရွယ်အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လှောင်ပြောင်ရယ်မောရင်း ပြက်ရယ်ပြုလိုက်၏။

"ဟား ... ဟား ... ဟား ... သေရမှာ မကြောက်ကြဘဲ အာဂ သတ္တိခဲ သူရဲကောင်းကြီးတွေပါပဲလား၊ ငါတောင် ကြောက်လာပြီ"

ထို့နောက် ပိုးဟပ်၏မျက်နှာသည် ရုတ်တရက် တင်းမာသွားပြီး ယုကျင်းအား ခပ်တင်းတင်း မေးလိုက်သည်။

"ဟေ့ ... ယုကျင်း ဘာတွေညာတွေ စကားမရှည်နဲ့၊ ကျုပ် စည်းကမ်းအတိုင်း လိုက်နာနိုင် မလိုက်နာနိုင်ဆိုတာသာ ပြောပါ"

"သူ့စည်းကမ်းက ဘာတဲ့လဲ"

ယုကျင်း မဖြေဆိုရသေးမီ ဝေ့ထင်းက ဝင်မေးလိုက်ခြင်းဖြစ်၏။

"သူသတ်တာကို မခံချင်ရင် ကိုယ့်လက်နှစ်ဖက်ကို ကိုယ်တိုင် ဖြတ်ပေးရတဲ့ စည်းကမ်းပါ"

ယုကျင်းက ဆတ်ဆိုင့်ဆိုင်းဖြင့် ဖြေဆိုလိုက်သည်။

သူ၏စကားကြောင့် ဝေ့ထင်းမှာ ဒေါသတကြီးနှင့် ရှူးရှူးရှဲရှဲ ဖြစ်သွားလေသည်။

သူသည် ကြေးစားလူသတ်သမား ပိုးဟပ်အား ကြောက်ရွံ့ ထိတ်လန့်ခြင်းကင်းစွာဖြင့် စူးစူးရဲရဲ စိုက်ကြည့်လိုက်လေသည်။

"ခင်ဗျားရဲ့ စည်းကမ်းက ဘာစည်းကမ်းလဲ၊ ကျုပ်တို့ လက်နှစ်ဖက်ကို လိုချင်ရင် ကိုယ်တိုင်လာဖြတ်ယူနိုင်ရမယ်"

ဝေ့ထင်း၏စကားကို ကြားရသော ပိုးဟပ်သည် လှောင်ပြုံး တစ်ချက် ပြုံးလိုက်သည်။



"ငါကိုယ်တိုင် လာယူရရင်တော့ မင်းတို့လက်ကို ယူမှာမဟုတ်ဘူး၊ မင်းတို့အသက်ကိုပဲ ယူမှာ"

ပိုးဟပ်က အေးစက်စက်လေသံဖြင့် ပြောလိုက်သည်။

ဝေ့ထင်းက သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား ... ကျုပ်တို့အသက်ကို ဘယ်လိုယူမယ်ဆိုတာ ကြည့်ရသေးတာပေါ့ဗျာ"

"အို ... ဒီလောက်တော့ ငါ့အတွက်က အလွယ်လေးပါ၊ ထမင်းစားရေသောက်သလောက်တောင် မခဲယဉ်းပါဘူး"

ပြောပြောဆိုဆိုနှင့် ပိုးဟပ်သည် ရှေ့သို့ တစ်လှမ်းချင်းတိုးလာ၏။

ဝေ့ထင်းသည် ဘယ်ဘက်လက်တွင်ကိုင်ထားသော အရက်အိုးဖြင့် ပိုးဟပ်အား ပစ်ပေါက်လိုက်၏။

ပိုးဟပ်သည် လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ အရက်အိုးသည် ပိုးဟပ်ထံသို့မရောက်ဘဲ သူ့ထံသို့ လွင့်စဉ်လာသည်။

ဝေ့ထင်း ထိတ်လန့်သွား၏။

သူထံ အရှိန်ဖြင့် လွင့်စဉ်လာသော အရက်အိုးကို ပျာပျာသလဲ ဓားဖြင့်ဆီး၍ ခုတ်ချလိုက်သည်။

"ခွမ်း ..."

အရက်အိုးသည် အလယ်မှ နှစ်ခြမ်းကွဲသွား၏။

www.burmeseclassic.com

www.burmeseclassic.com



အိုးထဲမှအရက်များသည် ကြမ်းပေါ်သို့ လွင့်စဉ်ဖိတ်ကျကုန်တော့သည်။

ကြမ်းပြင်တစ်ခုလုံး စိုရွဲသွား၏။

ဝေ့ထင်း၏ဓားသည် အရက်အိုးကိုခွဲပြီးသည့်နောက် တဆက်တည်းမှာပင် ပိုးဟပ်အား ခုတ်ပိုင်းချလိုက်လေသည်။

ဝေ့ထင်း၏ဓားချက်ကို ပိုးဟပ်ကရှောင်မပေးဘဲ သူ၏ဓားဖြင့် ဆီးခံပေးလိုက်၏။

"ချွမ်း ..."

ဓားနှစ်လက် အရှိန်ပြင်းစွာ ထိတွေ့သွား၏။

ဝေ့ထင်းက အချိန်မဆွဲဘဲ ဓားကွက်သုံးကွက်ဖြင့် ဆက်လက်တိုက်ခိုက်လိုက်သည်။

သူ၏ဓားကွက်မှန်သမျှ အားလုံးကို ပိုးဟပ်က အလွယ်တကူဆီးခံ ကာကွယ်လိုက်၏။

ထိုသို့ ယှဉ်ပြိုင်တိုက်ခိုက်နေရာမှ ပိုးဟပ်သည် ရုတ်တရက်ဓားကိုရုတ်သိမ်းလိုက်ပြီး ဝေ့ထင်းအား လှမ်းမေးလိုက်သည်။

"ဝေ့ဖိန်နဲ့ ဘာတော်သလဲ"

"ကျုပ် ဖခင်ပဲ"

ဝေ့ထင်းက ရင်ကိုကော့၍ ခပ်ကြွားကြွား ဖြေလိုက်ခြင်းပင်ဖြစ်သည်။

ထို့နောက် သူက နှာခေါင်းရှုံ့ကာ ...



"ကျုပ်ဖခင်က ခင်ဗျားလိုလူမျိုးနဲ့ မိတ်ဆွေဖွဲ့မှာ မဟုတ်တာတော့ သေချာတယ်"

"ဟုတ်ပါတယ် ... ငါကလည်း မင်းအဖေနဲ့ မိတ်ဆွေမဖွဲ့ခဲ့ပါဘူး"

"ဒါဖြင့် ကျုပ်ရဲ့သိုင်းကွက်ကို ခင်ဗျား ဘယ်လိုလုပ်ပြီး မြင်ဖူးတာလဲ"

ဝေ့ထင်းက မျက်မှောင်ကြုတ်ရင်း လှမ်းမေးလိုက်သည်။

ပိုးဟပ်သည် နဖူးကြောများကို ပင့်တင်ကာ အေးစက်စက်ဖြင့် ပြန်ပြောလိုက်သည်။

"လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က မင်းဖခင် ဝေ့ဖိန်နဲ့ ဓားပြဗိုလ်ကြီး ရင်စန်းတို့ သိုင်းပညာယှဉ်ပြိုင်တဲ့ပွဲမှာ ငါတွေ့ဖူးတာပါ၊ ရင်စန်းတို့ ကူညီဖို့ ငါရောက်သွားရာပေါ့၊ ဒါပေမယ့် မင်းအဖေနဲ့ငါ မယှဉ်ပြိုင်ခဲ့ရပါဘူး"

ဝေ့ထင်းသည် မျက်မှောင်ကြုတ်ကြည့်လိုက်မိ၏။

"ဘာဖြစ်လို့လဲ"

ပိုးဟပ်က ခပ်ယဲ့ယဲ့ပြုံးလိုက်၏။

"အဲဒီအချိန်က ငါဟာ မင်းဖခင်ရဲ့ဓားချက်ကို ခံတိုက်နိုင်တဲ့ အရည်အချင်း မရှိသေးလို့ဘဲ"

ဝေ့ထင်းသည် သဘောကျသွားပြီး တဟားဟား ရယ်မောလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား ... အခုကော ခင်ဗျား ကျုပ်ဓားကွက်ကို ခံတိုက်နိုင်မှာမို့လား"

ပိုးဟပ်က အသံမြှင့်၍ ပြောလိုက်သည်။

"မင်းသိထားဖို့က မင်းအဖေနဲ့ငါ မယှဉ်ပြိုင်ခဲ့ပေမယ့် မင်းအဖေရဲ့သိုင်းကွက်အားလုံးကို လေ့လာကြည့်ရှုခဲ့မိတယ်၊ ဒါကြောင့် မင်းတို့ ဘီလူးဓားသိုင်းကွက်ရဲ့ ဟာကွက်တစ်ကွက်ကို ငါလည်း တွေ့ခဲ့တယ်ဆိုတာပဲ"

ဝေ့ထင်း၏မျက်နှာ အနည်းငယ် တည်ကြည်သွားလေသည်။

ပိုးဟပ်က လေသံထွားထွားနှင့် ဆက်ပြောလိုက်သည်။

"ဒီဟာကွက်ကို သိထားတဲ့ ငါ့အဖို့ မင်းတို့ဘီလူးဓားသိုင်းကွက်ကို အလွယ်တကူနဲ့ ချေဖျက်နိုင်တယ်ဆိုတာ နားလည်ထားစေချင်တယ်"

ဝေ့ထင်း မဲ့ပြုံးပြုံးလိုက်သည်။

"ဟုတ်ရဲ့လားဗျာ၊ ဒါဖြင့်လည်း စမ်းကြည့်သေးတာပေါ့"

ဟု ပြောလိုက်၏။

ထို့နောက် ဝေ့ထင်းသည် ပိုးဟပ်အား ခုန်အုပ်တိုက်ခိုက်လိုက်တော့သည်။

ဝေ့ထင်းသည် သူ၏ဓားကို လျင်မြန်စွာလှုပ်ရှား ဝေ့ယမ်းလိုက်ရာ ဓားရိပ်ဆယ့်သုံးခု ဖြစ်ပေါ်လာပြီး ပိုးဟပ်၏ကိုယ်ခန္ဓာရှိ အရေးကြီးသော ဆယ့်သုံးနေရာကို ဦးတည်ဝင်ရောက်သွား၏။



ထိုဓားကွက်ကို ပိုးဟပ်က လုံးဝမရှောင်ဘဲ သူ၏ဓားရှည်ဖြင့် ဝေ့ထင်း၏ရင်ဝဆီသို့ ထိုးသွင်းလိုက်လေသည်။

ဝေ့ထင်း၏မျက်နှာသည် ရုတ်တရက် ထိတ်လန့်ကာ ဖြူဖပ်ဖြူရော်ဖြစ်သွား၏။

သူ့ရင်အုံတစ်ဝိုက်တွင် အအေးဓာတ်တစ်ခု ဂျတ်ခြည်းဖြစ်ပေါ်လာသလို ခံစားလိုက်ရသည်။

ဤသည်မှာ သူ၏ဘီလူးဓားသိုင်းကွက်သည် ပြင်းထန်သည် မှန်သော်လည်း ရင်အုံတစ်ဝိုက်တွင် ဟာကွက်ပျော့ကွက်ရှိနေကြောင်း ဖော်ပြလိုက်သည့် လက္ခဏာတစ်ရပ်ပင် ဖြစ်ပေသည်။

ပိုးဟပ်သည် ထိုဟာကွက်ပျော့ကွက်ရှိနေသည့် နေရာသို့ လွှတ်တမ်း တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်သည်။

အလန့်တကြားဖြစ်သွားသော ဝေ့ထင်းသည် ဆန့်ထုတ်ထားသော သူ၏ဓားကို ကမန်းကတန်း ပြန်ရုပ်လိုက်ပြီး ပိုးဟပ် ထိုးနှက်တိုက်ခိုက်လိုက်သော ဓားကွက်ကို ခုခံကာကွယ်ရန် ပျာပျာသလဲ ကြိုးစားလိုက်သည်။

သို့သော် နောက်ကျသွားပြီ ဖြစ်ပါသည်။

ပိုးဟပ်၏ဓားရှည်သည် ဝေ့ထင်း၏နှလုံးအိမ်တည့်တည့်ဆီသို့ ထိုးဖောက်စူးဝင်သွားပြီ ဖြစ်ပါသည်။

"အား ..."

ဝေ့ထင်း၏ စူးရှကျယ်လောင်စွာ အော်ဟစ်သည်းတွားလိုက်

www.burmeseclassic.com

www.burmeseclassic.com



သောအသံသည် တိတ်ဆိတ်နေသော ဝန်းကျင်ကို ထိတ်လန့်တကြား ဖြစ်သွားစေတော့သည်။

✤ ✤ ✤

ဆိုင်တွင်း၌ တခဏမျှ ငြိမ်သက်သွားသည်။

ယုကျင်းတို့အားလုံး မှင်တက်မိကာ ကြောင်စီစီနှင့် ကြည့်နေကြသည်။

ဦးစွာ သတိဝင်လာသူမှာ ယုကျင်းဖြစ်သည်။

"ကျား ...."

သူသည် ညာသံတစ်ချက်ပေးပြီးနောက် ပိုးဟပ်ရှိရာသို့ ခုန်ဝင်ကာ တရကြမ်းတိုက်ခိုက်လိုက်လေသည်။

ပိုးဟပ်သည် ယုကျင်း၏ဓားချက်ကို အသာအယာပင် ဖျက်ထုတ်လိုက်သည်။

လူရွယ်များသည် ဓားကိုယ်စီဝှေ့ယမ်း၍ ပိုးဟပ်အား ဆီးကြိုကာ ဝိုင်းဝန်းခုတ်တိုက်ခိုက်လိုက်ကြသည်။

ပိုးဟပ်က ယုကျင်းအားကြည့်ကာ ...

"နေဦး ... မင်းကို နောက်ဆုံးမှသတ်မယ်"

ဟုပြောပြီး ယုကျင်းအားမှ ခုန်ထွက်သွားပြီး လူရွယ်လေးယောက်အား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

လူရွယ်များသည် ဓားကိုယ်စီဝှေ့ယမ်း၍ ပိုးဟပ်အား တိုက်ခိုက်လိုက်၏။



လူရွယ်သိုင်းသမား လေးယောက်တို့သည် နှစ်ဦးစီခွဲ၍ ပိုးဟပ်အား ဘယ်ညာနှစ်ဘက်ညှပ်ကာ ဗျူးပေါင်းတိုက်ခိုက်လိုက်ကြခြင်းဖြစ်သည်။

ပိုးဟပ်၏လှုပ်ရှားမှုများက သူတို့ထက် အဆများစွာ ပို၍လျင်မြန်သွက်လက်နေ၏။

ဘယ်ဘက်မှ ဝင်ရောက်လာသော ဓားချက်များကို ကပ်ပြီးရှောင်တိမ်းပေးလိုက်သည်။

တစ်ဆက်တည်းမှာပင် ညာဘက်မှဝင်လာသောဓားကို သူ့ဓားဖြင့် ရိုက်ထုတ်လိုက်သည်။

ထို့နောက် ကိုယ်ကိုတစ်ပတ်လှည့်ကာ အလိုက်သင့်ပင် ဘယ်ဘက်မှ လူရွယ်တစ်ယောက်ကို ဓားဖြင့် ထိုးထည့်လိုက်သည်။

ထိုစဉ် သူ့ထံသို့ ဓားနှစ်လက် အရှိန်ဖြင့် ဝင်ရောက်လာသည်။

ပိုးဟပ်သည် သူ့ထံပြေးဝင်လာသော ဓားနှစ်လက်ကို ကိုယ်အခြမ်းစောင်း၍ ရှောင်ပေးလိုက်သည်။

ထို့နောက် သူ၏ဓားကို မြေတွင်တစ်ချက်ထောက်၍ အားပြုအရှိန်ယူကာ ရှေ့သို့ ခုန်ထွက်သွား၏။

လူရွယ်တစ်ယောက်က သူ့ရှေ့မှပြေးဝင်လာ၏။

ပိုးဟပ်က အလိုက်သင့်ပင် ဓားကိုစိုက်ချလိုက်လေ၏။

ရှေ့မှပြေးဝင်လာသော လူရွယ်မှာ ဓားချက်အတိုင်းလိုက်၍ပြိုလျက်သား လဲကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယုကျင်းနှင့် ကျန်လူရွယ်နှစ်ဦးသည် မိမိတို့၏သူငယ်ချင်းများ တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက် ကျဆုံးသွားသည်ကို တွေ့မြင်ရသော်လည်း ကြောက်စိတ်လုံးဝ ဝင်ရောက်လာခြင်း မရှိပေ။

ခံပြင်းဒေါသစိတ်များသာ တဖွားဖွား ပေါ်လာသည်။

ထို့ကြောင့် သုံးဦးပေါင်း၍ ပိုးယပ်ကို ပိုမိုပြင်းထန်စွာ တိုက်ခိုက်လိုက်ကြပြန်သည်။

ပိုးဟပ်သည် သူတို့၏တိုက်ခိုက်မှုကို ရှောင်တိမ်းပေးရင်း ကိုယ်ကို လေထဲသို့မြောက်အောင် ခုန်လိုက်သည်။

သူ့ကိုယ်သည် လေထဲသို့မြောက်တက်သွားပြီးနောက် ဆိုင်းခေါင်မိုးအောက်ဖက်ရှိ ထုတ်တန်းတစ်ခုကို ဘယ်ဘက်လက်နှင့် တွဲခိုထားလိုက်သည်။

ထိုအခါ သူ့ကိုယ်သည် လေထဲတွင် တွဲလောင်းဖြစ်နေ၏။

ယုကျင်းက ညာသံတစ်ချက်အော်ဟစ်ကာ အပေါ်သို့ခုန်၍ ဓားနှင့် လှမ်းထိုးလိုက်သည်။

ပိုးဟပ်သည် ထိုဓားချက်ကို အလိုက်သင့် ရှောင်တိမ်းပေးလိုက်ပြီး လူရွယ်တစ်ယောက်ပေါ်သို့ ခုန်အုပ်လိုက်သည်။

"ချွန်း ... ချွန်း ... ချွန်း ... ချွန်း"

ဓားချင်းရိုက်ခတ်သံများ အဆက်မပြတ် ထွက်ပေါ်လာသည်။

ပိုးဟပ်သည် လူရွယ်ကိုင်ဆောင်ထားသော ဓားကို လွင့်စင်အောင် ရိုက်ထုတ်လိုက်သည်။



"ရွှမ်း ..."

လူရွယ်၏ လက်မှဓားသည် လွင့်ထွက်သွား၏။

ဤတွင် လက်နက်မဲ့ဖြစ်နေသော လူရွယ်အား ပိုးဟပ်က ဓားဖြင့် ထိုးချလိုက်သည်။

လူရွယ်သည် ရှောင်တိမ်းရန်ပင် အချိန်မရဘဲ ပြူးကြောင်သော မျက်လုံးများဖြင့် ငေးကြည့်ရင်း ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

ကျန်လူရွယ်တစ်ယောက်နှင့် ယုကျင်းတို့သည် ပိုးဟပ်ကို ရှေ့နောက်ညှပ်၍ ထပ်မံတိုက်ခိုက်လိုက်ပြန်၏။

ပိုးဟပ်သည် ထိုဓားကွက်များကို အေးအေးသက်သာနှင့်ပင် ရှောင်တိမ်းပေးရင်း လေးပေခန့်ရှည်သော သူ့ဓားကြီးသည် ချိုင်းအောက်မှနေ၍ နောက်ဘက်သို့ ရုတ်တရက် တိုးထွက်လာသည်။

နောက်မှာရှိနေသော လူရွယ်သည် ထိုဓားဖြင့် အထိုးခံလိုက်ရလေသည်။

သို့ဖြစ်ရာ ယခုအချိန်၌ ယုကျင်းတစ်ဦးတည်းသာ ကျန်ရှိလေတော့သည်။

"ကဲ ... အခု မင်းအလှည့်ရောက်ပြီ၊ ရှောင်နိုင်ဖို့သာ ကြိုးစားပေတော့"

ပိုးဟပ်သည် ယုကျင်းအား စိုက်ကြည့်ရင်း ပြောလိုက်၏။

ယုကျင်းသည် အလွန်အမင်း ဒေါသထွက်နေခြင်းကြောင့် အသားများ တဆတ်ဆတ်တုန်ကာ မျက်နှာတစ်ခုလုံး နီရဲနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ယား...."

သူသည် နှုတ်မှ ညာသံတစ်ချက် အော်ဟစ်လိုက်ပြီး ပိုးဟပ်အား ဓားချက်နှစ်ဆယ့်ခုနှစ်ချက်တိတိ အဆက်မပြတ် တရကြမ်း တိုက်ခိုက်လိုက်သည်။

ယုကျင်း၏ဓားချက်အားလုံးကို ပိုးဟပ် ကောင်းစွာခုခံနိုင်ရုံမျှမက တန်ပြန်တိုက်ကွက်များကို အသုံးပြုတိုက်ခိုက်လိုက်ရာ ယုကျင်း၏ ဓားကိုင်လက်ကောက်ဝတ်တွင် ဓားတစ်ချက် ရှပ်ထိသွားသည်။

ယုကျင်း၏လက်ကောက်ဝတ်မှ သွေးများ စီးကျလာသည်။

သူ၏လက်မှဓားသည်လည်း လွတ်ကျသွားလေသည်။

ပိုးဟပ်က ဓားကို တစ်ချက်ဝှေ့ယမ်းလိုက်သည်။

ဓားရိပ်ငါးရိပ် ဖြစ်ပေါ်လာပြီး ယုကျင်း၏ကိုယ်ပေါ်ရှိ သွေးကြော ငါးနေရာကို ထိုးမိသွား၏။

သို့သော် ပိုးဟပ်က ဓားဖြင့်ထိုးသတ်လိုက်ခြင်း မဟုတ်ဘဲ သွေးကြောများကို ပိတ်လိုက်ခြင်းသာ ဖြစ်သည်။

သွေးကြောပိတ်ခြင်း ခံလိုက်ရသော ယုကျင်းမှာ နေရာမှာပင် တောင့်တောင့်ကြီးရပ်လျက်သား ဖြစ်သွား၏။

ထိုစဉ် ပိုးဟပ်သည် လေထဲသို့မြောက်တက်သွားပြီး အမိုးထုပ်တန်းဆီသို့ ခုန်တက်သွားပြန်သည်။

ထို့နောက် သူသည် ချက်ချင်းပင် အောက်သို့ပြန်ကျလာသည်။

ထိုအခါ သူ့လက်ထဲတွင် ပိုးဟပ်တစ်ကောင် ပါလာသည်ကို တွေ့ရပေသည်။



ပိုးဟပ်သည် ယုကျင်း၏ ညာလက်ဝါးကိုဖြန့်၍ တိရစ္ဆာန်ပိုးဟပ်ကို ထည့်ပေးလိုက်သည်။

ပြီးမှ လက်ချောင်းများကို ပြန်ကွေးပေးလိုက်သည်။

ယုကျင်း၏ညာလက်သည် ပိုးဟပ်ကိုဆုပ်ကိုင်မိပြီးသား အနေအထား ဖြစ်သွားသည်။

ယုကျင်းမှာ အကြောပိတ်ခံထားရသည့်အတွက် ကိုယ်ခန္ဓာနှင့် လက်ချောင်းများ မလှုပ်ရှားနိုင်သော်လည်း စကားတော့ ပြောနိုင်သေးသည်။

သူသည် ပိုးဟပ်၏အပြုအမူများကို နားမလည်နိုင်အောင် ဖြစ်နေသောကြောင့် ခပ်ဆတ်ဆတ်ပင် လှမ်းမေးလိုက်သည်။

"ခင်ဗျား ကျုပ်ကို ဘာတွေလုပ်နေတာလဲ"

ပိုးဟပ်က ပြုံးလိုက်သည်။

"မင်းကို သတင်းပို့ခိုင်းမလို့လေ၊ ကောင်းဝူနဲ့ ကျင်းစန်းတို့ကို တွေ့အောင်ရှာပြီး သွားပြောလိုက်၊ ငါက သူတို့ကို ချမ်းသာပေးမှာ မဟုတ်ဘူးလို့"

"ခင်ဗျား တကယ်သတ္တိရှိရင် သူတို့ကို ကိုယ်တိုင်ရှာပြီး ဖြေရှင်းလိုက်ပေါ့ဗျ၊ ကျုပ်ကို ဘာလို့ တစ်ဆင့်ခိုင်းနေစရာလိုသလဲ"

"ငါက သေသေချာချာ အကွက်ချပြီး အစီအစဉ်လုပ်ရဦးမယ်လေ၊ ဒါကြောင့် အစီအစဉ်ရေးဆွဲဖို့အတွက် ငါ မသွားနိုင်လို့ မင်းကို အသုံးချပြီး အကြောင်းကြားခိုင်းရတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ပိုးဟပ်သည် ယုကျင်း၏ခြေထောက်မှ ပိတ်ထားသော သွေးကြောများကို ဓားဖြင့်ထိုး၍ ဖွင့်ပေးလိုက်၏။

ယုကျင်းသည် ခြေထောက်များ လှုပ်ရှားနိုင်သည်နှင့် တစ်ပြိုင်နက် ပိုးဟပ်ကို ခြေထောက်ဖြင့် လှမ်းကန်လိုက်သည်။

ပိုးဟပ်သည် စားပွဲတစ်ခုပေါ်သို့ ခုန်တက်သွားပြီး ယုကျင်း၏ ခြေထောက်ကန်ချက်ကို ရှောင်တိမ်းလိုက်သည်။

ထို့နောက် မျက်နှာထားတင်းတင်းဖြင့် ယုကျင်းကို စူးစိုက်ကြည့်လိုက်သည်။

"မင်း ငါ့ကို နောက်တစ်ချက်ထပ်ကန်ရင် မင်း ခြေထောက်ကို ဖြတ်ပစ်လိုက်ပြီး မင်းကို လေးဘက်ထောက်ပြီး သူတို့ဆီကို သွားခိုင်းမယ်"

ဟု ပြောလိုက်သည်။

ပိုးဟပ်ကား ပြောသည့်အတိုင်း တကယ်လုပ်မည့်ပုံ ပေါ်နေလေသည်။

ယုကျင်းသည် မတတ်သာ၍ မာန်လျှော့လိုက်ကာ အသာပင် ငြိမ်နေလိုက်ရတော့သည်။

သူ၏ မျက်လုံးများကမူ ပိုးဟပ်ကို စူးစူးဝါးဝါး စိုက်ကြည့်နေသည်။

ပိုးဟပ် သဘောကျကျေနပ်သွားသည်။

"အေး ... ဒီလိုစကားနားထောင်မှ မင်း သက်သာမှာပေါ့



ငါပြောတာ သေချာနားထောင်၊ ကောင်းဂူနဲ့ ကျင်းစန်းတို့ မြို့အဝင်ာ တောင်ကုန်းပေါ်မှာ အရက်သောက်နေကြတယ်၊ ဒီအချိန်ောက်နဲ့တော့ သူတို့ ထွက်သွားကြဦးမှာ မဟုတ်သေးဘူး"

ဟု ပြောလိုက်၏။

ယုကျင်းက မျက်နှာထားတင်းတင်းနှင့် မေးလိုက်၏။

"ခင်ဗျားလို လူယုတ်မာတစ်ယောက်က တစ်ဖက်သားကို ောင်းမြောင်းလုပ်ကြံမှာပဲ မဟုတ်လား၊ ကျုပ်သွားပြီး အကြောင်းြားဖို့ လိုသေးလို့လား"

ယုကျင်း၏စကားကြောင့် ပိုးဟပ်သည် ဒေါသတကြီးဖြစ်သွားာ ခပ်ဆတ်ဆတ် ပြန်အော်လိုက်သည်။

"ငါ့ဟာငါ ဘာပဲလုပ်လုပ် မင်းနဲ့မဆိုင်ပါဘူး၊ မင်းအလုပ်က ခိုင်းထားတဲ့အတိုင်း လုပ်ဖို့ပဲ၊ သွားစမ်း ..."

စကားဆုံးသည်နှင့် ပိုးဟပ်သည် ယုကျင်းအား ဆိုင်ပြင်သို့ ောက်အောင် ကန်ထုတ်ပစ်လိုက်သည်။

ယုကျင်းမှာ လွင့်ထွက်သွားပြီး ဆိုင်ပြင်သို့ရောက်ရှိသွားသည်။

သူ၏ ခန္ဓာကိုယ်အပေါ်ပိုင်းတစ်ခုလုံး သွေးကြောပိတ်ခံထားြီး မလှုပ်ရှားနိုင်သဖြင့် ပိုးဟပ်အား ပြန်လည်ခုခံတိုက်ခိုက်ခြင်း ုနိုင်ချေ။

ထို့ကြောင့် ဆိုင်ပြင်မှနေ၍ အံကိုတင်းတင်းကြိတ်ကာ ပိုးဟပ်ား စက်ဆုပ်မုန်းတီးစွာ လှမ်းကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုးဟပ်က ဆိုင်တွင်းမှ လှမ်းအော်ပြောလိုက်ပြန်သည်။

"မင်းလက်ထဲက ပိုးဟပ်ကိုတွေ့ရင် သူတို့ နားလည်သဘော ပေါက်ကြမှာပါ၊ ငါခိုင်းတဲ့အတိုင်း မင်းမသွားချင်ရင်လည်း ရပါတယ်၊ သွားတာ မသွားတာက မင်းသဘောပဲ"

စကားဆုံးသည်နှင့် တစ်ပြိုင်နက် ပိုးဟပ်သည် ကိုယ်ဖျောက်ပညာကိုသုံး၍ ဆိုင်အတွင်းမှ မြားတစ်စင်းနှစ် လျှင်မြန်စွာ ပြေးထွက်ပျောက်ကွယ်သွားလေသည်။

ယုကျင်းမှာ အကြီးအကျယ် ဒေါသထွက်လျက် ကျန်ရစ်ခဲ့ရလေသည်။

ခံပြင်းလွန်းသောကြောင့် အသားများပင် တဆတ်ဆတ်တုန်နေသည်။

သို့သော် လောလောဆယ်အချိန်၌ ယုကျင်းအနေဖြင့် ဘာများ တတ်နိုင်ပါမည်နည်း။

မကြာမီ အာရုံကျင်း၍ မိုးလင်းပေတော့မည်။

♣ ♣ ♣

ယုကျင်း၏စိတ်များ တည်ငြိမ်မှုမရသေးပါ။

ယခုတိုင် စိတ်လှုပ်ရှားပြီး ယောက်ယက်ခတ်နေဆဲ ဖြစ်၏။

ဒေါသစိတ်၊ ခံပြင်းစိတ်၊ ဝမ်းနည်းစိတ်များ တစ်ပြိုင်တည်း စုပြုံခံစားနေရသည်။



ခြေလှမ်းများ တဖြည်းဖြည်းလှမ်းမိသည်နှင့်အမျှ သူ၏စိတ်သည်လည်း တဖြည်းဖြည်း တည်ငြိမ်လာ၏။

စိတ်တည်ငြိမ်သောအခါ ဦးနှောက်လည်း ကြည်လင်လာပြီး စဉ်းစားဆင်ခြင်တတ်လာသည်။

သူသည် အပြန်ပြန်အလှန်လှန် တွေးတောရင်း စဉ်းစားသုံးသပ်နေမိသည်။

ရုတ်တရက် သူ၏စိတ်တွင် အသိတစ်ခု ဝင်လာသည်။

ထိုအသိကား ယခုကဲ့သို့ ခြေဦးတည့်ရာ လျှောက်သွားနေသော သူ၏အပြုအမူသည် မိုက်မဲသော လုပ်ရပ်တစ်ခုသာဖြစ်ကြောင်း တွေးဆောသိမြင်လိုက်ခြင်း ဖြစ်ပေသည်။

ကောင်းဝူနှင့် ကျင်းစန်းတို့သည် ပိုးဟပ်နှင့် မျက်နှာချင်းဆိုင်တွေ့ရသည့်တိုင် ပိုးဟပ်၏အကြံအစည်ကို ကြိုတင်သိမထားသဖြင့် သတိထား ကာကွယ်နိုင်ကြလိမ့်မည် မဟုတ်ပေ။

ဤသည်ကို ယုကျင်း စဉ်းစားလိုက်မိသည်။

ထိုအခါ ကောင်းဝူတို့အား ပိုးဟပ်နှင့်ပတ်သက်၍ အမြန်သွားရောက်အကြောင်းကြား သတိပေးရန် လိုအပ်နေသည်ကို ယုကျင်း သဘောပေါက်သွားသည်။

ကောင်းဝူနှင့်ကျင်းစန်းတို့သည် မိမိ၏ရန်သူ ရိုလုံအား အခိုင်ခိုင် ယှဉ်ပြိုင်တိုက်ခိုက် လုပ်ကြံနိုင်ခဲ့ပြီး မိမိကိုကူညီခဲ့ကြသူများ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိပေါ်တွင် သူတို့၏ကျေးဇူး ရှိထားသည်။

ယခု မိမိ၏အလှည့်တွင် သူတို့၏အသက်ကို ပြန်လည်ကယ်တင်နိုင်ဖို့ လို၏။

ပိုးဟပ်၏ မူလစိတ်ကူး ပြောင်းလဲမသွားမီ မိမိက အရင်ဦးအောင် ရောက်သွားဖို့လိုသည်။

မိမိ၏ ကိုယ်အထက်ပိုင်း မလှုပ်ရှားနိုင်သော်လည်း ခြေအစုံကမူ ကောင်းစွာလှုပ်ရှား ပြေးလွှားနိုင်ပေသေးသည်။

သို့ဖြင့် ယုကျင်းသည် ခြေဦးကို ပြောင်းပြန်လှည့်လိုက်၏။

ထို့နောက် အံကိုတင်းတင်းကြိတ်၍ မြို့အဝင်တောင်ကုန်းဆီသို့ မနားတမ်း ပြေးထွက်သွားလေသည်။

✤ ✤ ✤

ပိုးဟပ်သည် ယုကျင်းပြေးထွက်သွားသည်ကို မမှိတ်မသုန်စိုက်ကြည့်နေ၏။

သူ၏မျက်လုံးများက ကောက်ကျစ်စဉ်းလဲသော အရောင်များထွက်နေသည်။

သူသည် ယုကျင်းနောက်မှ လိုက်ချောင်းနေသော်လည်း ယုကျင်းအားသတ်ရန် ရည်ရွယ်ထားပုံ မရချေ။

ယုကျင်း သေရမည့်ကိစ္စနှင့်ပတ်သက်၍ ပိုးဟပ်သည် အားလုံးအစီအစဉ် ပြုလုပ်ထားပုံရသည်။



သူ့ဦးနှောက်မှ အစီအစဉ်များသည် သူ့မျက်လုံးထဲတွင် ပီပြင်သောပုံရိပ်များအဖြစ် ထင်ဟပ်လာ၏။

အကွက်စေ့စေ့ ထောင့်စေ့စေ့ အဘက်ဘက်မှပြည့်စုံအောင်စီစဉ်ထားသောကြောင့် အလွန်ကြောက်စရာကောင်းလှသော ပုံရိပ်များ ဖြစ်လာသည်။

ယခု ယုကျင်းသွားရောက် သတင်းပို့ပေးခြင်းသည် ထိုစီမံချက်များ၏ ပထမဦးဆုံးခြေလှမ်းပင် ဖြစ်ပေသည်။

သို့ဖြစ်ရာတွင် ကြေးစားလူသတ်သမား ပိုးဟပ်၏ ပထမဦးဆုံးခြေလှမ်းသည် တစ်ဝက်အောင်မြင်သွားပြီဟု ဆိုရပေတော့မည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

# သတင်းပို့တဲ့လူ

အရုဏ်ကင်းပြီဟု ဆိုရသည့်တိုင် ...

ငွေလမင်းသည် ထွန်းလင်းမြဲပင် ရှိသေး၏။

လရောင်ကြောင့် တောင်ကုန်းတစ်ခုလုံး လင်းလင်းချင်းချင်းပင် ရှိနေပေသည်။

ထိုတောင်ကုန်းတွင် ထင်းရှူးပင်အတော်များများ ပေါက်ရောက်နေကြသည်။

ထင်းရှူးပင်ကြီးတစ်ပင်၏ အောက်တွင် သဘာဝကျောက်တုံးကြီးသုံးတုံး ရှိနေသည်။

ထိုကျောက်တုံးကြီး သုံးတုံးသည် စားပွဲနှင့်ထိုင်ခုံများသဖွယ် ဖြစ်ပေါ်နေလေသည်။

ကောင်းဝှနှင့် ကျင်းစန်းတို့သည် မြင်းကိုယ်စီဖြင့် ထိုတောင်ကုန်းခြေရင်းသို့ ရောက်လာကြပြီးနောက် နေရာထိုင်ခင်းအနေအထားကို လေ့လာကြည့်ရှုလိုက်ကြလေတော့သည်။



"သိပ်ကောင်းတဲ့ နေရာပဲဗျာ"

ကျင်းစန်းက ပြောလိုက်သည်။

ကောင်းဝှက ...

"ဟုတ်တယ် ... အတော်သာယာတဲ့ နေရာပါပဲ"

ဟု ထောက်ခံလိုက်သည်။

ထို့နောက် နှစ်ဦးသား မြင်းပေါ်မှဆင်း၍ တောင်ကုန်းပေါ်သို့ ခြေတက်သွားကြသည်။

ကျောက်တုံးကြီးသုံးတုံးရှိရာ ထင်းရှူးပင်ကြီးအောက်သို့ ရောက်သောအခါ ကျောက်ခုံများပေါ်တွင် ဝင်ထိုင်လိုက်ကြသည်။

ကောင်းဝှသည် လက်မှအရက်အိုးကို ကျောက်စားပွဲကြီးပေါ်သို့ချလိုက်ပြီး အဖုံးကို လက်ဝါးစောင်းဖြင့် အသာခုတ်ချလိုက်သည်။

အရက်အိုးအဖုံးသည် လည်ပင်းနားဆီမှ ညီညီညာညာ တိတိရိရိ ပြတ်ကျသွားသည်။

"ခင်ဗျားရဲ့ လက်ဝါးစောင်းပညာဟာ တကယ်ပဲ အစွမ်းထက်မြက်ပါပေတယ်"

ကျင်းစန်းက ချီးကျူးလိုက်သည်။

အရက်နံ့သည် စူးရှမနေဘဲ သင်းသင်းလေးထွက်ပေါ်လာ၏။

ကောင်းဝှသည် အသက်ပြင်းပြင်း တစ်ချက်ရှူ၍ အရက်နံ့ကို အနံ့ခံလိုက်သည်။

"ခင်ဗျားကော ကျုပ်ပါ ကံကောင်းတယ်၊ ကျုပ်တို့ ရမ်းသမ်း

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကြံ့ရာကျဘမ်းဆွဲယူလာတဲ့ အရက်အိုးဟာ အကောင်းစားအရက်အိုး ဖြစ်နေတယ်"

"ကံကောင်းတာကြောင့် မဟုတ်ပါဘူးဗျာ၊ ကျုပ်က ရမ်းသမ်းပြီး ယူလာတယ်လို့ မထင်ဘူး၊ 'မိုးလင်း'အရက်ဆိုင်ကရောင်းသမျှ အရက်အားလုံးဟာ အကောင်းစားအရက်တွေချည်းပဲ မဟုတ်လား"

ကောင်းဝူ ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ... ဘာပဲဖြစ်ဖြစ် ကံကောင်းတာပေါ့ဗျာ၊ ကျုပ်သာ ကံမကောင်းခဲ့ရင် ဒီနေ့ည ခင်ဗျားနဲ့တွေ့မှာ မဟုတ်ဘူး၊ ခင်ဗျားနဲ့မတွေ့ရင် ကျုပ်လည်း အသက်ရှင်လျက် ဒီကိုလာပြီး အရက်သောက်နိုင်မှာ မဟုတ်တော့ဘူးလေ"

"ဟာ ... ခင်ဗျားကလည်း ဒီအကြောင်းတွေကို အခုထိ ခေါင်းထဲထည့်ထားတုန်းပဲလား၊ ကျုပ်တို့ ပျော်ပျော်ပါးပါး အေးအေးဆေးဆေး အရက်သောက်ကြရအောင်၊ ဒါတွေပြောမနေစမ်းပါနဲ့ဗျာ"

ကျင်းစန်းက အာရုံပြောင်းလဲသွားစေရန် ဟန့်တားလိုက်သည်။

ကျင်းဝူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ဟုတ်တယ် ... သည်အကြောင်းတွေ မေ့ထားလိုက်ပြီ၊ ကျုပ်တို့ အခု စိတ်လွတ်ကိုယ်လွတ် အရက်သောက်ကြမယ်၊ ခင်ဗျားကို ကျုပ် အရက်တစ်ခွက်လောက် အရင် ပြုစုပါရစေ"

ကျင်းစန်း လက်ကာလိုက်သည်။

"နေဦး ... ခင်ဗျား ကျုပ်ကို ပြုစုမယ်ဆိုတဲ့ စကားသုံးရင် ကျုပ် အရက်မသောက်တော့ဘူး"



ကောင်းဝူသည် သဘောကျစွာ ပြန်ပြောလိုက်သည်။

"သိုင်းသမားတိုင်းက ခင်ဗျားကို လူရိုးလူကောင်း၊ အဖြူရောင်သိုင်းသမားတစ်ယောက်အဖြစ် အသိအမှတ်ပြုပြီး လေးစားကြတာပဲ၊ ချုပ်ကလည်း လေးစားပါတယ်၊ အခု လူချင်းတွေ့တော့ တကယ်အားစားထိုက်သူဖြစ်ကြောင်း ပိုပြီး သိလာရတယ်"

ကျင်းစန်း လက်ကာပြပြီး အလျှော့ပေးလိုက်သည်။

"ကဲ ... ကဲ ... တော်ပါတော့ဗျာ၊ ကျုပ်တို့ အရက်စသောက်ကြပါစို့"

ကောင်းဝူက ခွက်များအတွင်းသို့ အရက်ကိုငှဲ့ထည့်လိုက်၏။

ထို့နောက် နှစ်ဦးသား ပြိုင်တူမော့သောက်လိုက်ကြတော့သည်။

ခွက်ထဲမှအရက်များ တစ်စက်မကျန် ကုန်သွားသည်။

ကောင်းဝူသည် ခွက်များထဲသို့ အရက်ထပ်ဖြည့်လိုက်သည်။

"ခင်ဗျားနဲ့ကျုပ် အခုမှစတွေ့ရပေမယ့် မိတ်ဆွေရင်းချာတစ်ယောက်လို တကယ်ပဲ ခင်မင်မိပါတယ်၊ ကဲ ... သောက်ဗျာ မိတ်ဖြစ် ခင်မင်မှုအထိန်းအမှတ် အဖြစ်နဲ့ပေါ့"

သူတို့သည် အရက်ကို တစ်ခွက်ပြီးတစ်ခွက် ဆက်သောက်ကြသည်။

အရက်သောက်ရင်း သူတို့၏ခင်မင်မှုကလည်း ပို၍ပို၍ တိုးလာလေသည်။

ယခုအခါ သူတို့သည် အခြားအကြောင်းအရာများကို မစဉ်း

www.burmeseclassic.com

www.burmeseclassic.com



စားကြတော့ဘဲ စိတ်လွှတ်ကိုယ်လွှတ်ဖြင့် ပျော်ရွှင်စွာ အရက်သောက်နေကြသည်။

နှုတ်လျှာသွက်လာသောအခါ ကျင်းစန်းက သီချင်းတစ်ပုဒ်ကို လျှာသွက်အာသွက် ဆိုလိုက်သည်။

ကောင်းဝူက လက်ခုပ်တီး၍ စည်းလိုက်ပေးသည်။

သို့နှင့် မကြာမီမှာပင် အိုးထဲရှိအရက်အားလုံး ကုန်သွားလေတော့သည်။

ကောင်းဝူသည် ကျောက်စားပွဲပေါ်မှ အရက်အိုးလွတ်ကို ကောက်ယူ၍ လွှင့်ပစ်လိုက်သည်။

ထို့နောက် မတ်တတ်ထ,ရပ်လိုက်ပြီး ကျင်းစန်းအား ပြောလိုက်လေသည်။

"ခင်ဗျား ဒီမှာခဏစောင့်၊ ကျုပ် အရက်တစ်အိုး သွားထပ်ယူလိုက်ဦးမယ်"

ကျင်းစန်းသည် ကပျာကယာ လက်ကာပြလိုက်ပြီး ...

"အို ... တော်လောက်ပါပြီဗျာ၊ မသွားပါနဲ့တော့၊ ဒီတစ်အိုးဟာ ကျုပ်တို့နှစ်ယောက်အတွက် အနေတော်ပါပဲ၊ သိပ်များများသောက်လို့ မကောင်းပါဘူး၊ ကျုပ်တို့ ရေစက်မကုန်ကြသေးလို့ နောင်တစ်ချိန် ပြန်တွေ့ကြတဲ့အခါကျမှ တစ်ဝကြီး ထပ်သောက်ကြတာပေါ့ ဟုတ်ပြီလား"

ကျင်းစန်း၏စကားကို ကောင်းဝူ ခေါင်းညိတ်၍ သဘောတူလိုက်သည်။



"ကောင်းပါပြီဗျာ ... တကယ်လို့ ကျုပ်တို့နှစ်ယောက် နောက်တစ်ကြိမ် ပြန်ဆုံတွေ့ကြတဲ့အခါ အခုလို မိတ်ဆွေတွေမဟုတ်ဘဲ ရန်သူတွေဖြစ်နေရင်တောင် ခင်ဗျားနဲ့ကျုပ် အရက်သုံးခွက်လောက်တော့ အတူသောက်လိုက်ဦးမယ်"

ကောင်းဝူထံမှ မမျှော်လင့်သောစကားကို ကြားလိုက်ရ၍ ကျင်းစန်းမှာ အံ့အားသင့်ကာ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သူသည် ကောင်းဝူအား မျက်မှောင်ကြုတ်၍ကြည့်ရင်း မေးလိုက်လေသည်။

"ခင်ဗျား ဘာဖြစ်လို့ ဒီစကားမျိုးပြောရတာလဲ"

ကောင်းဝူက မရယ်ချင့်ရယ်ချင်အပြုံးဖြင့် ပြုံးပြလိုက်သည်။

"ဆန်းကြယ်တဲ့ လောကဓံသဘောအရ အနာဂတ်မှာ ဘယ်သူဟာ ဘယ်လိုပြောင်းလဲသွားမယ်ဆိုတာ ကြိုတင်ခန့်မှန်းပြောဆိုလို့ရနိုင်ဘူး မဟုတ်လား၊ ဒီနေ့ မိတ်ဆွေတွေဖြစ်ကြပေမယ့် မနက်ဖြန်ရန်သူတွေဖြစ်ချင် ဖြစ်သွားကြတတ်တာပဲ မဟုတ်လား"

ကောင်းဝူ၏သဘောထားကို ကျင်းစန်း နားလည်သဘောပေါက်သွားလေသည်။

"ဒီလိုဖြစ်လာမယ်ဆိုရင်တော့ ဘယ်တတ်နိုင်ပါမလဲဗျာ"

ကျင်းစန်းက အမှန်ပင် စိတ်မကောင်းသောလေသံဖြင့် ပြောလိုက်ခြင်းဖြစ်သည်

ကောင်းဝူက ကျင်းစန်းကို ဖြတ်ခနဲလှမ်းကြည့်လိုက်သည်။

www.burmeseclassic.com



"ခင်ဗျားဟာ အမှန်တရားဘက်ကအမြဲရပ်တည်နေမယ့် အဖြူရောင် သိုင်းသမားတစ်ယောက်ဆိုတော့ တစ်နေ့ ကျုပ်လူဆိုး လူမိုက်ဖြစ်သွားရင် ကျုပ်ကို ခင်ဗျားက သတ်မှာပဲမဟုတ်လား"

ကျင်းစန်းက ပြုံးလိုက်သည်။

ထိုစဉ်မှာပင် တောင်ခြေဆီမှ လေပြင်းတစ်ချက် ရှေ့ယမ်းတိုက်ခတ်လလိုက်သည်။

လေတိုးသံနှင့်အတူ ထင်းရှူးပင်များ လှုပ်ယမ်းယိမ်းခါသွားသည်။

"ဆရာကျင်း... ဆရာကောင်း"

တောင်ခြေဘက်ဆီမှ မသဲမကွဲခေါ်သံသည် လေနှင့်အတူ လွင့်ပါလာသည်။

အသံက အလျင်စလို ခေါ်နေသည့်အသံမျိုး ဖြစ်သည်။

စိုးရိမ်ပူပန်သည့် အငွေ့အသက်များလည်း ရောယှက်ပါဝင်နေသည်။

ကောင်းဝူသည် အသာနားစွင့်ရင်း ကျင်းစန်းအား လှမ်းပြောလိုက်သည်။

"နားထောင်ကြည့်စမ်းဗျို့ ... ကျုပ်တို့ကို တစ်ယောက်ယောက် ခေါ်နေတဲ့အသံ ကြားရတယ်"

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ကျုပ်တို့နာမည်ကို ခေါ်နေတဲ့အသံပဲ၊ သည်အသံကို ကျုပ် ကြားဖူးပါတယ်"



ကျင်းစန်းသည် အသာနားစွင့်လိုက်ပြီးနောက် ...

"ဟုတ်တယ် ... ကျုပ်တို့နာမည်ကို ခေါ်နေတာပဲ"

"ဟာ... ဟုတ်ပြီ၊ ဒါ ယုကျင်းရဲ့အသံပဲ၊ အကြောင်းထူးတစ်ခုခုတော့ ပေါ်လာပြီထင်တယ်"

သူတို့သည် တောင်ခြေဆီသို့ လှမ်းမျှော်ကြည့်လိုက်ကြသည်။

ယိမ်းယိုင်သောခြေလှမ်းများဖြင့် တောင်ပေါ်သို့ အူယားဖားယား ပြေးတက်လာသော လူတစ်ယောက်ကို လရောင်အောက်တွင် တွေ့လိုက်ရသည်။

ကောင်းဝူကော ကျင်းစန်းပါ ကြိုတင်တိုင်ပင်ထားကြသည့်အလား ထိုင်ရာမှပြိုင်တူထ၍ တောင်ပေါ်မှ ပြေးဆင်းသွားကြသည်။

တောင်ခြေသို့မရောက်မီမှာပင် သူတို့သည် ယုကျင်းနှင့် တွေ့ဆုံသွားကြသည်။

"ခင်ဗျားပြောတဲ့အတိုင်း ယုကျင်းပဲ"

"ယုကျင်း ... ဘာဖြစ်လာပြန်ပြီလဲ"

လရောင်အောက်တွင် မြင်ရသော ယုကျင်း၏ မျက်နှာသည် ပန်းစက္ကူတစ်ရွက်ကဲ့သို့ ဖြူဖျော့ဖျော့ဖြစ်နေသည်။

သူ့တစ်ကိုယ်လုံးလည်း ချွေးများဖြင့် ရွှဲနစ်နေ၏။

"ကျွန်တော့်သူငယ်ချင်း ခြောက်ယောက်စလုံး အသတ်ခံလိုက်ရပြီ"

ယုကျင်းသည် အသံကိုထိန်း၍ ပြောလိုက်သည့်တိုင် သူ့အသံသည် တုန်တုန်ယင်ယင် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ကျင်းစန်းကော ကောင်းဂူပါ ထိတ်လန့်တကြား ဖြစ်သွားကြသည်။

"ဟင် … ဟုတ်လား၊ ဘယ်သူ့လက်ချက်လဲ"

ကျင်းစန်းက ပျာပျာသလဲ မေးလိုက်သည်။

သူသည် ချက်ချင်းမဖြေနိုင်သေးဘဲ ခေတ္တမျှ အနားယူပြီးမှ …

"ပိုးဟပ်"

ပိုးဟပ်ဟူသော အမည်ကြောင့် ကျင်းစန်း ဆံပင်များထောင်သွားသလို ခံစားလိုက်ရ၏။

"ဘယ်သူ … ပိုးဟပ် ဟုတ်လား"

"ဟုတ်ပါတယ်"

ယုကျင်း၏ အခြားကိုယ်တစ်ဖက်ခြမ်းကို မေးမထားသော ကောင်းဂူက ကျင်းစန်းအား ပြောလိုက်သည်။

"သူ့ရဲ့ ခန္ဓာကိုယ်အထက်ပိုင်းတစ်ခုလုံး သွေးကြောပိတ်ခံထားရတယ်"

"ဟင် … ဟုတ်လား"

"ဟုတ်တယ် … သူ့သွေးကြောတွေကို ကျုပ် ဖွင့်ပေးမယ်"

ကျင်းစန်း မျက်နှာကွက်ခနဲ ပျက်သွားသည်။

ယုကျင်း၏ပခုံးဆီသို့ ကောင်းဂူက လက်ညှိုးဖြင့်ထောက်လိုက်သည်ကို တွေ့လိုက်သောအခါ ကျင်းစန်းသည် ကမန်းကတန်းဖြင့် အလန့်တကြား အော်ဟစ်လိုက်သည်။



"မလုပ်နဲ့ …"

ကျင်းစန်း နောက်ကျသွားသည်။

ကောင်းဂူသည် ယုကျင်း၏ဘယ်ဘက်ပခုံးမှ ပိတ်ထားသော သွေးကြောကို ဖွင့်ပေးလိုက်ပြီးသား ဖြစ်သွားသည်။

ကောင်းဂူသည် ကျင်းစန်းအား နားမလည်နိုင်သော မျက်လုံးများဖြင့်ကြည့်ရင်း မေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ကျုပ် ကြားသိထားသလောက် ပြောရရင် ပိုးဟပ်ရဲ့သွေးကြောပိတ်ပညာဟာ ထူးခြားတယ်၊ သူက သွေးကြောတွေကို တစ်ကြိမ်တည်း သုံးလေးနေရာကို ပိတ်ပစ်လိုက်တယ်၊ ပြန်ဖွင့်တဲ့အခါ သူပိတ်ထားတဲ့ အစီအစဉ်အတိုင်း ပြန်ဖွင့်ရတယ်၊ အစီအစဉ်မကျဘဲ ဖွင့်မိရင် ချက်ချင်းသေသွားနိုင်တယ်"

ကျင်းစန်း၏စကားကို ကြားရသော် ကောင်းဂူ ထိတ်လန့်သွားလေသည်။

ကျင်းစန်းသည် ယုကျင်း၏ကျောပြင်ကို လက်ဝါးနှစ်ဖက်ဖြင့် အပ်ထားလိုက်ပြီး အတွင်းအားများ သွင်းပေးလိုက်သည်။

သူ၏ရည်ရွယ်ချက်မှာ ယုကျင်း၏နှလုံးအိမ်ရှိ သွေးလွှတ်ကြောနှင့် သွေးပြန်ကြောများ မပျက်စီးစေရန် ကြိုးစားထိန်းချုပ်ပေးခြင်း ဖြစ်သည်။

သို့ရာတွင် သူမျှော်လင့်ထားသလိုလို ဖြစ်မလာဘဲ အခြေအနေသည် ပိုမိုဆိုးရွားလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစန်း၏အတွင်းအားများ ယုကျင်း၏ကိုယ်တွင်းသို့ ဝင်ရောက်သွားသည်နှင့် တစ်ပြိုင်နက် ယုကျင်းတစ်ကိုယ်လုံး အသားများ တဆတ်ဆတ်တုန်လာပြီး နာကျင်စွာ ညည်းလိုက်သည်။

"အား ... နာလိုက်တာ၊ နာတယ် ... နာတယ်"

သူ၏ပါးစပ်မှလည်း သွေးများထပ်မံအန်ထွက်လာပြန်သည်။

ပါးစပ်နှင့်နှာခေါင်းပေါက်များမှာလည်း သွေးများစိမ့်ယိုထွက်လာလေသည်။

တော်ရုံတန်ရုံလူဆိုလျှင် ယုကျင်း ဝေဒနာခံစားကာ ဖြစ်ပျက်နေပုံကို မြင်ရရုံဖြင့် သွေးပျက်သွားနိုင်လောက်ပေသည်။

"ဒါက ဘာလို့ဖြစ်သွားတာလဲဗျာ"

"ပိုးဟပ်ရဲ့ သွေးကြောပိတ်ပညာက သိပ်ကို ဆန်းကြယ်တယ်၊ လူတစ်ယောက်ကို သွေးကြောပိတ်လိုက်ပြီး သူ့အစီအစဉ်အတိုင်း မဖွင့်မိရင် သူသွင်းပေးလိုက်ထားတဲ့ အတွင်းအားတွေဟာ ယမ်းမှုန့်နဲ့ မီး တွေ့ဆုံပေါက်ကွဲသလို ခန္ဓာကိုယ်ထဲက သွေးကြောတွေကို အဆိပ်သင့် ပျက်စီးစေပြီး အသက်သေဆုံးရတော့တာပါပဲ"

ကောင်းဝူ ယူကျုံးမရ ဖြစ်သွားသည်။

ကိုယ်က စေတနာ လွန်ကဲလိုက်ခြင်းဖြစ်သော်လည်း ယုကျင်းအတွက်မူ ဝေဒနာဖြစ်သွားရချေပြီ။

ဤသည်မှာ စိတ်မြန်လက်မြန်ပြုမိသော သူ့အမှား သူ့အပြစ်ဟု ကိုယ့်ကိုယ်ကို အပြစ်တင်မဆုံး ဖြစ်သွား၏။



ကောင်းဝူသည် အံကြိတ်၍ တက်တစ်ချက်ခေါက်ရင်း ညည်းလိုက်သည်။

"တောက် ... ဒါ သေချာမလေ့လာဘဲ အလျှင်စလိုလုပ်လိုက်တဲ့ ကျုပ်ရဲ့အမှားပါပဲ"

ထိုအချိန်မှာပင် ယုကျင်းသည် ဆတ်ခနဲ ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားသည်။

ထိုအခါ သူ့ညာဘက်လက်ကို ကျင်းစန်း သတိပြုမိသွား၏။

မျက်မှောင်ကြုတ်ကြည့်ရင်း ...

"ယုကျင်းရဲ့ညာဘက်လက်ထဲမှာ တစ်စုံတစ်ခုကို ဆုပ်ကိုင်ထားတဲ့ပုံရတယ်ဗျို့"

ကောင်းဝူ၏မျက်လုံးများက ယုကျင်း၏ညာလက်ကို ဖြတ်ခနဲ ကြည့်မိလိုက်သည်။

"ဟုတ်တယ် ... သူ့လက်ထဲမှာ တစ်ခုခုကို ဆုပ်ကိုင်ထားတာပဲ၊ ကျုပ်တို့ ဖွင့်ကြည့်လိုက်ရင် ဘာလဲဆိုတာ သိရမှာပဲ"

"အင်း ... သတိလည်းထားဦးနော်၊ တော်ကြာ ပိုးဟပ်ရဲ့ထောင်ချောက်ဖြစ်နေဦးမယ်"

"ယုကျင်းအတွက်ပဲ ဖြစ်မှာပါ၊ ကျုပ်တို့အတွက်တော့ ပိုးဟပ်ယောဂစက်ကွင်း မရှိနိုင်ပါဘူး"

ပြောပြောဆိုဆိုနှင့် ကောင်းဝူသည် ကျင်းယု၏ဆုပ်ကိုင်ထားသောလက်ချောင်းများကို ဖြေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ယုကျင်း၏လက်ဖွဲ့ထဲမှ ပိုးဟပ်အရှင်တစ်ကောင် ထွက်လာပြီး သူ့လက်ကောက်ဝတ်ပေါ်သို့ လှုပ်လှုပ်ရွရွနှင့် တက်လာသည်ကို တွေ့ရသည်။

ကောင်းဝူသည် ထိတ်လန့်တကြားဖြင့် လက်ကိုကမန်းကတန်း ခါချလိုက်သည်။

တစ်ဆက်တည်းမှာပင် မြေကြီးပေါ်သို့ ပြုတ်ကျသွားသော ပိုးဟပ်အကောင်ငယ်ကို ညာခြေဖြင့် နင်းခြေသတ်ပစ်လိုက်သည်။

ကျင်းစန်းသည် မျက်မှောင်တစ်ချက်ကြုတ်ရင်း စဉ်းစဉ်းစားစား ပြောလိုက်သည်။

"ဒါဟာ လူတစ်ယောက်ကို သတ်ပြီးတိုင်း ပြုလုပ်လေ့ရှိတဲ့ ပိုးဟပ်ရဲ့ ပုံစံတစ်ရပ်ပဲ ဖြစ်ရမယ်"

ကောင်းဝူသည် ကြောက်စိတ်မပြေသေးဘဲ သူ့လက်ကောက်ဝတ်ကို ကိုင်တွယ်စမ်းသပ်ကြည့်နေ၏။

သူ့ကိုကြည့်ပြီး ကျင်းစန်းက စိုးရိမ်ပူပန်စွာဖြင့် မေးလိုက်၏။

"ဘာဖြစ်လို့လဲ ... ပိုးဟပ်က အဆိပ်ရှိနေလို့လား"

ကောင်းဝူ ခေါင်းခါယမ်းလိုက်သည်။

"မရှိပါဘူး ... ရှိနေရင်လည်း ကျုပ်လက်ကောက်ဝတ်ကို ဖြတ်ပစ်ရုံပဲ ရှိမှာပေါ့"

ဟု ပြောလိုက်သည်။

ကျင်းစန်းသည် အနည်းငယ်စဉ်းစားလိုက်ပြီးနောက် ကောက်ချက်ချလိုက်သည်။



"ထူးခြားတဲ့ သွေးကြောပိတ်ပညာရယ်၊ ပိုးဟပ်အရှင်တစ်ကောင်ရယ်၊ ဒါကို ဆက်စပ်ကြည့်ရင် ယုကျင်းနဲ့ သူ့သူငယ်ချင်း နှစ်ယောက်ကိုသတ်တဲ့ ပိုးဟပ်ဟာ အစစ်ပဲဖြစ်ရမယ်"

ဟု ပြောလိုက်၏။

ကောင်းဝူက ထောက်ခံရင်း တစ်ဆက်တည်းမှာပင် ...

"ဟုတ်တယ် ... ခင်ဗျားပြောသလို ဒါဟာ ပိုးဟပ်အစစ်ပဲ ဖြစ်ရမယ်၊ ပိုးဟပ်နဲ့ပတ်သက်ပြီး ခင်ဗျား ဘာတွေသိထားသေးလဲ"

ဟု မေးလိုက်၏။

ကျင်းစန်း ခေါင်းခါယမ်းကာ ...

"ကျုပ်က သူ့ကို တစ်ခါမှ မမြင်ဖူးသေးဘူး၊ သူနဲ့ပတ်သက်လို့ တစ်ဆင့်စကား ကြားဖူးတာပဲရှိတယ်၊ သူဟာ ကြေးစားလူသတ်သမားတစ်ယောက်လို့ သိရတယ်"

ကောင်းဝူက တစ်ဆက်တည်း မေးလိုက်သည်။

"သူက ဘယ်လိုအကြောင်းနဲ့ ယုကျင်းတို့လူစုကို သတ်လိုက်တာလဲ"

ကျင်းစန်း မျက်မှောင်ကြုတ်၍ အနည်းငယ် စဉ်းစားနေသည်။ ပြီးမှ ...

"ပိုးဟပ်နဲ့ ရီလုံဟာ ရင်းနှီးတဲ့မိတ်ဆွေတွေလို့ ကြားဖူးတယ်၊ ဒါကြောင့် ရီလုံအတွက် ပိုးဟပ်က ရန်ကြွေးတုန့်ပြန်တာ ဖြစ်မယ်ပေါ့"

ကောင်းဝူ အံ့သြသွားပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများ အဝိုင်းသားဖြစ်သွားသည်။

တအံ့တသြလေသံဖြင့် မေးမြန်းလိုက်မိသည်။

"ရီလုံလို လူတစ်ယောက်မှာ မိတ်ဆွေရှိနိုင်လို့လားဗျာ"

ကျင်းစန်းက ...

"ကောင်းတဲ့လူပဲဖြစ်ဖြစ် ဆိုးတဲ့လူပဲဖြစ်ဖြစ် လူမှန်ရင် သူ့ပတ်ဝန်းကျင်အလျောက် အသိမိတ်ဆွေတော့ ရှိကြစမြဲပေါ့ဗျာ၊ ကျုပ်တို့ သိုင်းလောကသားတွေဟာ ကျေးဇူးတရားကို သိတတ်သလို ရန်ငြွေးနဲ့ပတ်သက်ရင်လည်း အလေးအနက်သဘောထားလေ့ရှိကြတယ် မဟုတ်လား"

ဟု ရှင်းပြလိုက်လေသည်။

ကောင်းဂူသည် ခေတ္တမျှငြိမ်သက်၍ စဉ်းစားနေလိုက်သည်။

ပြီးမှ သူ တွေးတောမိသည်ကို ပြောလိုက်သည်။

"သည်အတိုင်းဆိုရင် ပိုးဟပ်ဟာ ရီလုံအတွက် ကျုပ်တို့ကို ရန်ငြွေးတုန့်ပြန်မယ့်အကြောင်း ယုကျင်းကတစ်ဆင့် အကြောင်းကြားခိုင်းလိုက်တာ ဖြစ်ရမယ်၊ သည်တော့ ကျုပ်တို့ သူ့ကိုရင်ဆိုင်ဖို့ မိုးလင်းအရက်ဆိုင်ကို ပြန်သွားကြည့်ရအောင်"

ကျင်းစန်း သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက် အံကိုတင်းတင်းကြိတ်၍ ပြောလိုက်သည်။

"ဟိုမှာ ဘယ်လောက်ပဲအန္တရာယ်များများ ပိုးဟပ်နဲ့ရင်ဆိုင်ဖို့ ကျုပ်တို့ သွားကိုသွားရမှာပဲ"



ဟု ပြောသည်။

ထို့နောက် သူတို့နှစ်ဦးသား တောင်ကုန်းပေါ်မှဆင်းလာခဲ့ကြလေသည်။

မကြာမီမှာပင် ကျင်းစန်းနှင့် ကောင်းဂူတို့ စီးနင်းလာသည့် မြင်းနှစ်ကောင်တို့သည် တောင်ခြေမှမြို့တွင်းဆီသို့ ဒုန်းစိုင်းပြေးလျက် ထွက်ခွာလာတော့သည်။

✤ ✤ ✤

မိုးလင်းအရက်ဆိုင်တစ်ခုလုံး အနီရွှေရုံမြင်ကွင်းများဖြင့် ကြည့်ကောင်းအောင် ဖြစ်နေသည်။

စားပွဲကုလားထိုင်များ ဖရိုဖရဲဖြစ်နေပြီး ကြမ်းပေါ်တွင် ပန်းကန်ခွက်များ ပြန့်ကျဲနေသည်။

အသက်ကင်းမဲ့နေသော လူခြောက်ယောက်၏ အလောင်းများသည်လည်း ပုံပျက်ပန်းပျက်နှင့် မြင်မကောင်းအောင် ဖြစ်နေသည်။

ကြမ်းပြင်ပေါ်တွင်သာမက နံရံများတွင်ပါ သွေးများက စွန်းထင်းကာ ပေကျံနေသည်ကို တွေ့ရသည်။

ဆိုင်ပိုင်ရှင်နှင့်တကွ ဆိုင်လုလင်များသည် မိမိတို့ဆိုင်တွင် ခြောက်လောင်းပြိုင် လူသတ်ပွဲကြီးတစ်ခု ဖြစ်ပွားခဲ့သည့်အတွက် အထူးပင် တုန်လှုပ်ချောက်ချားနေကြသည်။

သူတို့သည် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိတော့ဘဲ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တစ်ပေါက်နှင့် ထင်ကြေးအမျိုးမျိုးပေးကာ ပိုးဟပ်အကြောင်း ဝေဖန်ပြောဆိုနေကြလေသည်။

ထိုစဉ် အဝေးမှ မြင်းခွာသံတဖြောင်းဖြောင်း ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ထိုမြင်းခွာသံများကြောင့် ဆိုင်တွင်းရှိလူများမဟာ ရုတ်ရုတ်သဲသဲ ဖြစ်သွားပြန်သည်။

မြင်းခွာသံသည် မိမိတို့၏ဆိုင်ရှေ့တွင် ရပ်တန့်သွားသည်။

မည်သို့သော အန္တရာယ်ပေးမည့်သူများ ရောက်လာပြန်ပြီလဲဟု စိုးရိမ်တကြီး ဖြစ်နေကြသည်။

ထိုအချိန်မှာပင် လေတိုးသံများကြားလိုက်ရပြီး ဆိုင်အတွင်းသို့ လူနှစ်ဦးက ခုန်ဝင်လာကြသည်။

ထိုလူနှစ်ယောက်မှာ ကောင်းဝှနှင့်ကျင်းစန်းတို့ ဖြစ်ကြသည်။

သူတို့ကိုတွေ့လိုက်ရ၍ ဆိုင်လုလင်များမှာ အနည်းငယ် စိတ်သက်သာရာ ရသွားသည်။

ထိုလူနှစ်ဦးမှာ အဖြူရောင်သိုင်းသမားများဖြစ်ကြောင်းကို သူတို့က သိထားသောကြောင့်ပင် ဖြစ်ပေသည်။

ဆိုင်အတွင်းရှိ အနိဋ္ဌာရုံမြင်ကွင်းများက ကျင်းစန်းတို့အား ဆီးကြိုလိုက်သည်။

ကျင်းစန်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး နှုတ်လေး အာလေးဖြင့် ...



"တကယ်ကို ရက်စက်တဲ့ ပိုးဟပ်ပဲ၊ တစ်ယောက်မှ အလွတ်မပေးဘူး"

ဟု ပြောလိုက်သည်။

ကောင်းဝှကလည်း စိတ်ထိခိုက်စွာဖြင့် ကျင်းစန်းအား ပြန်ပြောလိုက်သည်။

"အင်း ... ကျုပ်တို့သာ ဒီကထွက်မသွားကြရင် အခုလို ဖြစ်မှာ မဟုတ်ဘူး"

ကျင်းစန်း ခေါင်းခါလိုက်၏။

"အကြောင်းမထူးပါဘူး သူငယ်ချင်းရာ၊ ကျုပ်တို့က သူတို့အနားမှာ အမြဲတစေရှိနေနိုင်ကြမှာမှ မဟုတ်တာပဲ၊ ကျုပ်တို့မရှိတဲ့အချိန်ချိန်မှာ သူ အခုလို ဝင်ပြီးလုပ်ကြဦးမှာပဲ"

ဟု ပြောလိုက်၏။

ကောင်းဝှသည် ဒေါသတကြီးဖြင့် သူ၏လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိလေသည်။

ပြီးလျှင် ...

"ပိုးဟပ်ဟာ ကျုပ်တို့နဲ့ ရင်ဆိုင်ချင်တယ်ဆိုရင် သူကိုယ်တိုင် ...ရှူးတောင်ကုန်းကို လိုက်လာရမှာပဲ၊ သူ့ကိုတွေ့ရင် အစိပ်စိပ် ...မွှာ တစ်စစီဖြစ်အောင်ကို ကျုပ်ကလုပ်ပစ်လိုက်မယ်ဗျ"

ကောင်းဝှသည် ခံပြင်းနာကျည်းစွာဖြင့် ကြိမ်းဝါးလိုက်ခြင်း ...လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစန်းက စဉ်းစဉ်းစားစား ပြောလိုက်သည်။

"ပိုးဟပ်ဟာ ကောက်ကျစ်သူတစ်ဦးပဲ၊ သူဟာ ကျုပ်တို့ကို ပေါ်ပေါ်ထင်ထင်လာပြီး ရင်ဆိုင်မယ် မထင်ဘူး၊ ကျုပ်တို့အလစ်မှာ ချောင်းမြောင်းလုပ်ကြံမှာ သေချာတယ်၊ ဒါကြောင့် ကျုပ်တို့ အခုချိန် ကစပြီး အထူးသတိရှိဖို့ လိုတယ်"

ကောင်းရှ ရယ်မော၍ ပြန်ပြောလိုက်သည်။

"ကျုပ်အတွက်တော့ စိတ်သာချ သူငယ်ချင်း၊ တကယ်လို့ ကျုပ် သတိလစ်သွားလို့ သူ့ရဲ့ လုပ်ကြံမှုကိုခံရရင်တောင်မှ ကျု မသေခင်မှာ သူ့ကို အမီအရ သတ်သွားခဲ့မယ်"

ကျင်းစန်း ခေါင်းခါယမ်းလိုက်သည်။

"လက်ရှိ အခြေအနေအရ သိုင်းလောကမှာ အဖြူရောင်သိုင်း သမားတွေ တစ်နေ့တစ်ခြား ရှားပါးလာနေတယ်၊ ပိုးဟပ်လို လူယု မာတစ်ယောက်အတွက်နဲ့ ခင်ဗျား အသေခံဖို့ မလိုအပ်ဘူးထင်တယ်"

"ကျုပ် တစ်ခုစိုးရိမ်မိတယ်"

"ဘာများလဲ"

"အခုလုပ်ရပ်ကိုကြည့်ရုံနဲ့ ပိုးဟပ်ရဲ့ လုပ်နည်းလုပ်ဟန်ဟာ ရန်သူတစ်ယောက်တည်းကိုသာ သတ်လေ့မရှိဘဲ ရန်သူနဲ့ပတ်သက် တဲ့ အစွယ်အပွား မိတ်ဆွေတွေကိုပါ သတ်ဖြတ်လေ့ရှိတာ ထင်ရှား တယ်၊ ဒီတော့ ရန်သူရဲ့ မိသားစုအမျိုးအနွယ်ကိုပါ သူဟာ ဆက် လက်လုပ်ကြံဖို့ စီစဉ်မှာ သေချာတယ်၊ ဒါကြောင့် ခင်ဗျားကော ကျုပ်ပါ မိသားစုအတွက် ထည့်တွက်စဉ်းစားပြီး စိုးရိမ်ရလိမ့်မယ်"



ကျင်းစန်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဟုတ်တယ် ... ခင်ဗျားပြောတာ မှန်တယ်၊ ဒါပေမယ့် ကျုပ် ကတော့ မိသားစုမရှိတဲ့ တစ်ကိုယ်တည်းသမား၊ ကျုပ်အတွက်က မစိုးရိမ်ရဘူး၊ ခင်ဗျားအတွက်ပဲ စိုးရိမ်စရာရှိလိမ့်မယ်"

ကောင်းရှ ပြုံးလိုက်သည်။

သူ့အပြုံးတွင် အဓိပ္ပါယ်များစွာ ပါဝင်လျက်ရှိနေ၏။

"ကျုပ်ကတော့ ခင်ဗျားလို တစ်ကိုယ်တည်းသမား မဟုတ်ဘူး၊ ရှိတဲ့ အိမ်ထောင်ရှင်တစ်ယောက်ပဲ၊ ဒါပေမယ့် သူတို့အတွက် စရာ မလိုပါဘူး"

ဟု ပြောလိုက်၏။

ကျင်းစန်း အံ့အားသင့်သွားသည်။

"ဗျာ ... ဘာဖြစ်လို့လဲ"

"ကျုပ်ဇနီးက ဆတ်ဆတ်ကြဲမယ် သုံးယောက်ထဲက တစ် ယောက်ဖြစ်တဲ့ ကူးလျှံပဲ၊ ကျုပ်ယောက္ခမထီးက မြေလတ်ပိုင်း ပြိုင်စံ သိုင်းသမား ကူးဖန်းပဲ၊ ဒါကြောင့် သူတို့အတွက်ကို စိုးရိမ်စရာ မရှိဘူးလို့ ကျုပ် ပြောလိုက်တာပါ"

ကျင်းစန်း အလွန်အံ့သြသွားသည်။

မယုံကြည်နိုင်သော မျက်လုံးများဖြင့် ကောင်းရှကို ဖြတ်ခနဲ ကြည့်လိုက်မိသည်။

"အို ... ဒီလိုလား၊ ပိုးဟပ်ဟာ သူတို့ကိုသွားပြီး ရန်ရှာရင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သေတွင်းကိုယ်တူးသလိုဖြစ်မှာ သေချာတယ်၊ ဒါနဲ့ ခင်ဗျားက ဘယ်လိုလုပ်ပြီး နာမည်ကြီး ဆတ်ဆတ်ကြဲမယ် ကူးလျှံနဲ့ အိမ်ထောင်ကျခဲ့တာလဲ၊ စိတ်ဝင်စားစရာပါပဲဗျာ”

“မမျှော်လင့်ဘဲ ဖြစ်သွားတာပါ၊ ကျုပ် အသက်နှစ်ဆယ့်ခုနှစ် နှစ် အရွယ်လောက်က လူငယ်သဘာဝအတိုင်း သိုင်းလောကက နာမည်ကြီးသိုင်းသမားတွေနဲ့ စမ်းသပ်ယှဉ်ပြိုင်ခဲ့တယ်၊ ဒါနဲ့ သိုင်းသမား ကူးဖန်းဆီသွားပြီး ယှဉ်ပြိုင်ခွင့်တောင်းတော့ သူက လိုက်လိုက်လျောလျောခွင့်ပြုပြီး ယှဉ်ပြိုင်ကြတယ်”

ဟု ပြောပြလိုက်လေသည်။

✤ ✤ ✤



## ဆောက်နှင့်ထွင်းသော မိသားစု

အာရုံဦး၏ အေးမြသောလေနုအေးက သုန်သုန်ညှင်းညှင်းဖြင့် တိုက်ခိုက်နေသည်။

နေဝန်းနီ ထွက်ပြူလာခြင်းကား မရှိသေးချေ။

နီစွေးသောရောင်ခြည်များကိုသာ အရှေ့အရပ်၌ တွေ့မြင်နေရလေသည်။

မကြာမီ မိုးစင်စင်လင်းလာပေတော့မည်။

ကောင်းဝူနှင့် ကျင်းစန်းတို့သည် မြင်းကိုယ်စီဖြင့် ခရီးပြင်းနှင်နေကြလေသည်။

သူတို့သည် ကောင်းဝူ၏အိမ်သို့ဦးတည်ကာ ခရီးနှင်နေကြခြင်း ဖြစ်သည်။

ကောင်းဝူသည် သူ၏အိမ်သို့လိုက်ခဲ့ရန် ကျင်းစန်းကိုပါ ခေါ်ဆောင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် သိကျွမ်းခဲ့ကြသည်မှာ မကြာသေးသော်လည်း ခင်မင်ရင်းနှီးသည့် မိတ်ဆွေများ ဖြစ်နေကြပြီ မဟုတ်ပါလား။

နှစ်ယောက်သား ညဦးပိုင်းမှစ၍ ခရီးထွက်လာခဲ့ကြပြီး တစ်ညလုံး မရပ်မနား ခရီးပြင်းနှင်လာခဲ့ကြခြင်း ဖြစ်သည်။

ထို့ကြောင့်လည်း ခရီးတွင်ခဲ့ပြီး အာရုံကျင်းလျှင် တာဖို့လမ်းမတစ်ခုသို့ ရောက်ရှိလာခဲ့ကြလေသည်။

ထိုလမ်းမအဆုံးတွင် ကောင်းဝူ၏ယောက္ခမ ကူးဖန်း၏အိမ်ရှိနေသည် မဟုတ်ပါလား။

ကူးဖန်းသည် လျှမ်းလျှမ်းတောက်ကျော်ကြားသော မြို့စံရှားသိုင်းသမားကြီးတစ်ယောက် ဖြစ်လေသည်။

ကူးဖန်းသည် သိုင်းလောကတွင် ထင်ရှားကျော်ကြားနေသည်သာမက သူ၏သမီး ကူးလျှံသည်လည်း အလွန်မာနကြီးပြီး ခက်ထန်လှသူဖြစ်ကြောင်း အားလုံး သိထားကြလေသည်။

ကူးလျှံသည် သိုင်းလောက၌ ဖြောင့်မတ်တည်ကြည်သည့်မာနခဲ ဆတ်ဆတ်ကြဲသိုင်းမယ် သုံးယောက်၌ တစ်ယောက်အပါအဝင်ဖြစ်လေသည်။

ကူးဖန်း၏အိမ်သည် ကောင်းဝူ၏အိမ်ပင် ဖြစ်သည်။

ကူးဖန်းသည် ကောင်းဝူကို သဘောကျကာ သမီးဖြစ်သူနှင့်ပေးစားခဲ့သည်။



သို့သော် ကောင်းဝူနောက်သို့ မထည့်လိုက်ပဲ သူ၏နေအိမ်မှာပင် နေထိုင်စေခဲ့သည်။

ထို့ကြောင့် ကူးဖန်း၏အိမ်သည် ကောင်းဝူ၏အိမ်ပင် ဖြစ်လာလေတော့သည်။

"သည် တာဖို့လမ်းမကြီးအဆုံးမှာ ကျုပ်ရဲ့အိမ် ရှိနေပါတယ်"

ကောင်းဝူ၏လေသံတွင် စိတ်လှုပ်ရှားကာ တက်တက်ကြွကြွသောဟန်ကို ကျင်းစန်း သတိပြုမိလိုက်သည်။

အိမ်သို့ ရောက်ခါနီးလေလေ ရောက်လိုသောစိတ်ဆန္ဒပို၍ ...က်လာလေလေ ဖြစ်တတ်ကြောင်း ကျင်းစန်း နားလည်ထားသည်။

ထို့ကြောင့် ကျင်းစန်းသည်ဘာမှမပြောဘဲ ကောင်းဝူက မြင်း...င်လိုက်သောအခါ သူလည်း အရှိန်မြှင့်ကာ လိုက်ပါသွားလေသည်။

"ခွပ်ခွပ် ... ခွပ်ခွပ်"

"ခွပ်ခွပ် ... ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ဖြစ်ပေါ်နေသကဲ့သို့ တာရိုးကြီးပေါ်၌ ဖုန်တထောင်းထောင်းထသွားလေသည်။

ကောင်းဝူနှင့် ကျင်းစန်းတို့ မြင်းကို ဒုန်းစိုင်းနှင်လာကြရင်း ...ထ်၌ ခြံဝင်းကြီးတစ်ခု ရှိနေသည်ကို လှမ်းပြီး တွေ့မြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြံဝင်းပတ်လည်၌ မြင့်မားသောအုတ်နံရံကြီး ကာရံထားသည်။

ခြံဝင်းသံတံခါးမကြီးမှတဆင့် ခြံဝင်းထဲ၌ အဆောင်ဆောင် အခန်းခန်းဖြင့် ကြီးမားခန့်ညားသော အဆောက်အဦးကြီးတစ်ခု ရှိနေသည်ကို တွေ့ရသည်။

ထိုအဆောက်အဦးကြီး၌ အုပ်ကြွပ်များမိုးထားရာ ရဲတိုက်ကြီးတစ်ခုနှင့်ပင် တူနေတော့သည်။

ခြံဝင်းတံခါးမကြီး၏ ဝဲယာတစ်ဖက်တစ်ချက်၌ ခြင်္သေ့ကြီးနှစ်ကောင် နေရာယူထားလေသည်။

သက်ရှိခြင်္သေ့ကြီးများနှင့်မခြား အသက်ဝင်အောင် လက်ရာမြောက်စွာ ထုလုပ်ထားသော ကျောက်ခြင်္သေ့ရုပ်ကြီးများ ဖြစ်သည်။

ရုတ်တရက်ဆိုလျှင် ခြံဝင်းရှေ့သို့ ရောက်လာသူများအား ခုန်အုပ်တော့မည်ဟုပင် ထင်ရသည်။

ကောင်းဝှတို့ ရောက်ရှိသွားချိန်၌ ခြံဝင်းတံခါးမကြီးကို ဟာလာဟင်းလင်း ဖွင့်ထားလေသည်။

ကောင်းဝှက ...

"ခြံတံခါးကို ဖွင့်ထားတယ်ဆိုရင် အထဲမှာ ကျုပ်တို့မိသားစု စုံစုံလင်လင်ရှိနေကြတဲ့ သဘောပဲဗျ"

ဟု ကျင်းစန်းအား ပြောပြသည်။

ကူးဖန်း၏ခြံဝင်းသို့ ရောက်လာပြီဖြစ်၍ မြင်းအရှိန်ကိုလည်း လျှော့ချလိုက်လေသည်။



ကျင်းစန်းလည်း မြင်းအရှိန်လျှော့ကာ တဖြည်းဖြည်းချင်း ရပ်တန့်လိုက်လေသည်။

"ခင်ဗျားရဲ့အိမ်ကိုတောင် ရောက်လာပြီကိုး"

ခြံဝင်းထဲမှ ခန်းနားထည်ဝါလှသော အဆောက်အဦးကြီးမှာ ရင်သပ်ရှုမောဖွယ် ရှိနေသည်။

နံနက်ခင်း၏ နွေးထွေးသောနေရောင်ခြည်များလည်း ထွက်ပေါ်လာပြီ ဖြစ်လေသည်။

နံနက်ခင်းနေရောင်ခြည်အောက်တွင် ခြံဝင်းနှင့်အဆောက်အဦးကြီးက ဝင့်ထည်စွာ နေရာယူထားလေသည်။

ကျင်းစန်းက ချီးမွမ်းလိုက်လေသည်။

"အတော့်ကို ကြီးကျယ်ခန်းနားတာပဲဗျ"

ကောင်းဝှက ရယ်မောလိုက်သည်။

"ဟုတ်တယ် ... တကယ့်ကို ထည်ဝါတာပေါ့၊ ဒါပေမယ့် ကျုပ်ပိုင်တာတော့ မဟုတ်ဘူးနော်၊ ကျုပ်ယောက္ခမအိမ်ဗျ၊ ကျုပ်က ယောက္ခမကြီးရဲ့အိမ်မှာ ကပ်နေရတာ"

ကျင်းစန်းက ကောင်းဝှအား မသိမသာ အကဲခတ်ကြည့်လိုက်လေသည်။

ကောင်းဝှသည် သူ့အိမ်မဟုတ် ယောက္ခမအိမ်၌ ကပ်နေရသည် ဆိုသောစကားကို မကြာခဏ ပြောဆိုနေခြင်းကြောင့် သူ၏ရင်ထဲ၌ ခံစားချက်တစ်ခု ရှိနေလိမ့်မည်ဟု တွေးလိုက်မိလေသည်။

www.burmeseclassic.com



ကောင်းဝူ၏ ရယ်မောသံသည်လည်း အသက်မပါဘဲ ခြောက်ကပ်ကပ်နိုင်လှသည် မဟုတ်ပါလား။

ကောင်းဝူက ရယ်မောရင်း စကားဆက်လိုက်သည်။

“ကျုပ် ယောက္ခမကူးဖန်းဟာ လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ်လောက်ကတည်းက သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့တာပေါ့၊ အခုတော့ သူဟာ သိုင်းလောကက အနားယူပြီး ဒီနေရာမှာ အေးအေးချမ်းချမ်း နေထိုင်လိုက်တာပေါ့ဗျာ”

တစ်ချိန်က လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော သိုင်းသမားကြီးတစ်ယောက် အသက်အရွယ်ကြီးရင့်လာသောအခါ သိုင်းလောကမှ အနားယူလိုက်သည်မှာ ထူးခြားသောကိစ္စတော့ မဟုတ်ပါချေ။

ကူးဖန်းကဲ့သို့ သိုင်းလောကမှ အနားယူသွားသော သိုင်းသမားကြီးများ အများအပြားရှိခဲ့သည် မဟုတ်ပါလား။

နှစ်ယောက်သား စကားတပြောပြောနှင့် မြင်းများကို တစ်လှမ်းချင်းသွားစေပြီး ရှေ့ဆက်လိုက်ကြသည်။

ကျောက်ခြသေ့်ကြီးနှစ်ကောင်ကို ဖြတ်ကျော်ပြီး ခြံဝင်းတံခါးမကြီးအနီးသို့ ရောက်ရှိသွားကြသောအခါ ထည်ဝါလှသော ကြေးဆိုင်းဘုတ်ကြီးတစ်ခုကို တွေ့လိုက်ကြရလေသည်။

ထိုကြေးဆိုင်းဘုတ်ကြီးပေါ်၌ ...

“ပြိုင်စံရှား မြေလတ်သိုင်းသမား”

ဟူသောစားလုံး ရေးထွင်းထားသည်ကို တွေ့ရ၏။



ကျင်းစန်းက ထိုဆိုင်းဘုတ်ကြီးအား စိတ်ဝင်တစားကြည့်နေသဖြင့် ကောင်းဝူ ရှင်းပြလိုက်လေသည်။

“ဒီဆိုင်းဘုတ်ဟာ မြေလတ်ပိုင်းမှာရှိတဲ့ သိုင်းအဖွဲ့တွေ ဂိုဏ်းတွေက ခေါင်းဆောင်တွေ ဂိုဏ်းချုပ်တွေအားလုံး သဘောတူ တိုင်ပင်ဆွေးနွေးပြီး ကျုပ်ယောက္ခမကြီးကို ဘွဲ့ထူးချီးမြှင့်ခဲ့တာပေါ့”

“ဪ ... မြေလတ်ပိုင်း သိုင်းသမားတွေက ခင်ဗျားရဲ့ယောက္ခမကို ပြိုင်စံရှားသိုင်းသမားအဖြစ် တညီတညွတ်တည်း လက်ခံထားကြတဲ့ သဘောကိုး”

ကူးဖန်းကာ ခေသူမဟုတ်ပါ။

ယခု ...

ကူးဖန်းနှင့်တွေ့ရတော့မည်ဖြစ်၍ ကျင်းစန်းမှာ အလိုလိုနေရင်း စိတ်ထဲကျဉ်းကြ[illegible]လာသည်ဟု ခံစားလိုက်ရလေသည်။

ပြိုင်စံရှားဘွဲ့ထူးရထားသော ကူးဖန်း၏ သိုင်းပညာကြောင့်မဟုတ်ပါ။

မာနကြီးပြီး ဇိုဇာကြောင်သည့်သဘောရှိကြောင်း သိထား၍ဖြစ်လေသည်။

နှစ်ယောက်သား ခြံဝင်းတံခါးမကြီးကို ဖြတ်ကျော်ကာ ခြံဝင်းထဲသို့ ဝင်လာခဲ့ကြလေသည်။

ခြံဝင်းအတွင်း၌ တိတ်ဆိတ်ငြိမ်သက်နေပြီး လူရိပ်လူယောင် မတွေ့ရပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကောင်းဝှတို့ ခြံဝင်းထဲ ဝင်ရောက်လာပြီး မကြာမီ အော်ငေါက်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"ခြံဝင်းထဲကို ခွင့်မတောင်းဘဲဝင်လာတာ ဘယ်သူတွေလဲ"

ထိုအသံသည် ရိုးရိုးတန်းတန်း မေးမြန်းစုံစမ်းသည့် လေသံမျိုးမဟုတ်ဘဲ ရန်လိုသောအသံမျိုး ဖြစ်နေသည်ဟု ကျင်းစန်း ထင်မိ၏။

ကောင်းဝှ မျက်နှာပျက်သွားလေသည်။

သူ၏လက်တစ်ဖက်ကိုလည်း ချက်ချင်း ဆုပ်ယမ်းလိုက်သည်။

"ခွင်း ..."

သူ၏ဓားကို လျှပ်တစ်ပြက်ဆွဲထုတ်ကာ ဝှေ့ယမ်းလိုက်ခြင်း ဖြစ်ပါသည်။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်သွားလေသည်။

သူ့ထံသို့ တိုးဝင်လာသောနှစ်ဖက်သွားဓားဦးကို သူ၏ဓားဖြင့် ဝှေ့ယမ်းရိုက်ထုတ်လိုက်ခြင်း ဖြစ်သည်။

ကောင်းဝှမှာ အလွန် မျက်စိလျင်သူ တစ်ယောက် ဖြစ်နေသည်။

အော်ငေါက်သံနှင့်အတူ လူရိပ်တစ်ခု ခုန်ဝင်တိုက်ခိုက်လာသည်ကို တွေ့လိုက်ရခြင်းကြောင့် ကပျာကယာ ခုခံလိုက်ရခြင်းလည်း ဖြစ်လေသည်။

"ဟူး ..."



လူရိပ်တစ်ခု လေထဲမှပြုတ်ကျလာလေသည်။

ထိုလူရိပ်ကိုကြည့်ပြီး ကောင်းဝှ၏မျက်နှာ ခက်ထန်တင်းမာ လေသည်။

"တိရစ္ဆာန်လေး ရမ်းကားလှချင်လား"

ဟုလည်း ငေါက်လိုက်သည်။

ကျင်းစန်းက မြင်းကိုရပ်တန့်လိုက်ပြီး မလှုပ်မယှက်တိုင်ကာ ခြအနေကို စောင့်ကြည့်နေလိုက်လေသည်။

ကောင်းဝှက အပြစ်တင်သော လေသံဖြင့် ...

"ကိုယ့်အဖြေမှန်းမသိ အာမှန်းမသိ ဝင်လာတဲ့လူကို သေသေ ာမကြည့်ဘဲ ဓားနဲ့ဝင်ပိုင်းတော့ ရန်သူမဟုတ်ဘဲ မိတ်ဆွေဖြစ် ရင် ဘယ်လိုလုပ်မလဲ"

ဟု အော်ငေါက်လိုက်သည်။

ဓားနှင့်ဝင်ရောက်တိုက်ခိုက်ခဲ့သူသည် မြေပေါ်သို့ခြေချမိသည် ခန္ဓာကိုယ်တည်ငြိမ်အောင် ထိန်းလိုက်လေသည်။

ယခုမှ ကျင်းစန်းသည် ထိုလူအား သေသေချာချာတွေ့မြင် ်ရလေသည်။

အသက်အားဖြင့် ဆယ့်ခုနစ်နှစ်မျှသာရှိသေးသော လူငယ်လေး ယောက် ဖြစ်လေသည်။

လူငယ်သည် အော်ငေါက်ကြိမ်းမောင်းနေသော ကောင်းဝှကို သေချာချာ ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဝှကို ရှင်းရှင်းလင်းလင်း မြင်တွေ့လိုက်ရလျှင် မျက်လုံး ပြူးသွားလေသည်။

"ဟင် ... အဖေ ပြန်လာတာကိုး"

ကောင်းဝှ ရုတ်တရက်ရောက်လာခြင်းကြောင့် အံ့သြနေပုံ ရှိသည်။

သို့သော် ဝမ်းသာသွားသည့် လေသံမျိုး မဟုတ်ပါ။

သူ၏ လေသံကဝမ်းသာအားရ မရှိသည့်အပြင် မာဆတ်ဆတ် ရှိနေ၏။

မရှိသေမလေးစား မနှစ်မြို့သောသဘောမျိုး ရှိနေသည်ဟု ကျင်းစန်း တွေးမိသဖြင့် နားမလည်နိုင်အောင် ဖြစ်သွား၏။

"ဖခင်ကြီးတစ်ယောက် အိမ်ပြန်လာတာကို ဝမ်းသာအားရဖြစ် ရမယ့်အစား သဘောမကျသလို မနှစ်မြို့သလိုရှိနေတာ ဘယ်လို သဘောမျိုးပါလိမ့်"

တွေးရင်း လူငယ်နှင့်ကောင်းဝှတို့အား မသိမသာ အကဲခတ် ကြည့်နေလိုက်လေသည်။

ကောင်းဝှမှာမူ သားဖြစ်သူ၏ တစိမ်းဆန်သော ဆက်ဆံရေး ကို မသိချင်ဟန်ဆောင်ကာ လစ်လျူရှုထားလေသည်။

ဘာမှ မဖြစ်သည့်အသွင်မျိုးဖြင့် ကျင်းစန်းဘက်သို့ လှမ်းကာ ပြောလိုက်လေသည်။

"မိတ်ဆွေ ... ဒါ ကျုပ်ရဲ့ခွေးသားလေး ကောင်းရုံပေါ့"



သူက ကျင်းစန်းအား လူငယ်နှင့် မိတ်ဆက်ပေးလိုက်ခြင်း ဖြစ်လေသည်။

သူ၏သားကို ခွေးသားလေးဟုပြောသည်မှာ မိတ်ဆွေရှေ့၌ နှိမ့်ချကာ မိတ်ဆက်ပေးခြင်းမျိုးဟု ယူဆ၍ရသည်။

သို့မဟုတ်ဘဲ ကောင်းဝှကိုယ်တိုင် သားဖြစ်သူကို သဘောမကျ သဖြင့် ခွေးတိရစ္ဆာန်ကောင်လေးဟု တမင်နှိမ့်ချကာ ပြောဆိုလိုက် ခြင်းဟုလည်း ယူဆ၍ရလေသည်။

ထိုစဉ် ကောင်းရုံဆိုသော လူရွယ်၏စကားသံက ကျယ်လောင် စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ကောင်းရုံကရင်ကော့ပြီး ဝင့်ကြွားစွာပြောလိုက်ခြင်း ဖြစ်၏။

"ဘယ်ကလာ ခွေးသားရမှာလဲ၊ ကေသရာဇာခြင်္သေ့သားဗျ"

ကျင်းစန်း ရယ်ရမလို ငိုရမလိုဖြစ်သွားသည်။

ကောင်းဝှတို့သားအဖနှစ်ယောက်မှာ တစ်ယောက်တစ်မျိုး ဖြစ် နေကြသည် မဟုတ်ပါလား။

ကောင်းဝှက မျက်နှာထားတင်းတင်းဖြင့် ကောင်းရုံကို ခက် ထန်စွာ လှမ်းကြည့်လိုက်လေသည်။

"မင်းဟာ ဒီကဦးလေးနဲ့ယှဉ်ရင် ခွေးကလေးတစ်ကောင် လောက်တောင် အသုံးကျမှာ မဟုတ်ဘူး"

ကောင်းရုံကလည်း ကျင်းစန်းအား ခပ်စိမ်းစိမ်းကြည့်လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာမို့လဲ"

ပမာမခန့်လေသံဖြင့် ပြောလေသည်။

ကျင်းစန်း ပိုပြီးအံ့သြသွား၏။

ယခုတော့ အခြေအနေကို သူ နားလည်သဘောပေါက်သွားပြီ ဖြစ်သည်။

ကောင်းဝူ၏သား ကောင်းရုံသည် လူကြီးသူမအား ရိုသေလေးစားရမှန်းမသိအောင် ရိုင်းပျနေသည့် ကောင်လေးတစ်ယောက်ဖြစ်နေသည် မဟုတ်ပါလား။

မိမိမှာ ကောင်းဝူ၏မိတ်ဆွေ ဖြစ်နေခြင်းကြောင့် ဖခင်ကြီးအားသဘောမကျသည့်အရှိန်ဖြင့် ပမာမခန့်ပြောလေခြင်းဖြစ်ကြောင်းလည်း တွေးလိုက်မိလေသည်။

ကောင်းဝူသည် သားဖြစ်သူ၏ ရိုင်းပျမှုကြောင့် ဒေါသထွက်သွားလေသည်။

"ဟေ့ကောင် ... မင်း ထွက်သွားစမ်း"

ချက်ချင်းပင် အော်ငေါက်မောင်းထုတ်လိုက်လေသည်။

သို့သော် ကောင်းရုံက ထွက်မသွားပါ။

ထွက်မသွားခြင်းက ဖခင်ကြီးအား လုံးဝ ဂရုမစိုက်ကြောင်း ဖော်ပြနေပါတော့သည်။

ကောင်းရုံသည် ထွက်မသွားသည့်အပြင် ပြန်လည်အော်ငေါက်ခြိမ်းခြောက်လိုက်သေး၏။



"အဖေက ကျွန်တော့်ကို အော်လိုက်ငေါက်လိုက်နဲ့၊ အမေနဲ့ တိုင်ပြောမယ်"

"ဘာကွ ..."

"အမေ့ရှေ့မှာဆိုရင် အဖေ ကျွန်တော့်ကို အခုလို အော်လားငေါက်လားလုပ်ရဲမှာ မဟုတ်ပါဘူး"

"အံမယ် ... မင်းကများ"

ကျင်းစန်းသည် ကောင်းဝူတို့သားအဖနှစ်ယောက်၏ ဆက်ဆံရေးကိုကြည့်ပြီး စိတ်မချမ်းမသာ ဖြစ်သွားလေသည်။

ကောင်းဝူသည် သားဖြစ်သူအား မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်နေလိုက်သည်။

အတော်ကလေးကြာမှ စိတ်ကိုထိန်းချုပ်နိုင်လိုက်သည်။

သားဖြစ်သူ ကောင်းရုံကို လုံးဝအမှုမထားတော့ဘဲ ကျင်းစန်းအား ဖိတ်ခေါ်လိုက်လေသည်။

"ကဲ ... အထဲကိုကြွပါဗျာ"

ကောင်းရုံကလည်း ဟန့်တားခြင်းမပြုတော့ပါချေ။

ကောင်းဝူနှင့်ကျင်းစန်းတို့သည် ခြံဝင်းထဲသို့ ဆက်ပြီးဝင်လာကြလေသည်။

ခြံဝင်းတံခါးမကြီးမှ အဆောက်အဦးကြီးသို့ ကျောက်ပြားလမ်းခင်းထားသည်။

ကျောက်ပြားလမ်းတစ်ဖက်၌ ပန်းဥယျာဉ်ရှိပြီး ယခုဘက်၌ စိမ်းစိုသာပြန့်ပြူးသော မြေကွက်လပ်ကြီး ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမြေကွက်လပ်မှာ သိုင်းလေ့ကျင့်သောနေရာဖြစ်ကြောင်း ကျင်းစန်း ရိပ်မိလိုက်သည်။

အိမ်ဖော်နှစ်ယောက်သည် ခြံဝင်းထဲ၌ သန့်ရှင်းရေးလုပ်နေကြလေသည်။

ကောင်းဝူ ရောက်လာသည်ကိုမြင်လျှင် ကပျာကယာလာပြီး ကြိုဆိုလိုက်ကြလေသည်။

ကောင်းဝူက တမင်မသိချင် မမြင်ချင်ဟန်ဆောင်ကာ ရှေ့ဆက်သွားလိုက်လေသည်။

ကောင်းဝူနှင့်ကျင်းစန်းတို့ အဆောက်အဦးကြီးနှင့် တစ်စထက် တစ်စ နီးကပ်သွားလေသည်။

ထိုအချိန်မှာပင် ...

"ဟူး ..."

အဝတ်အစား လေတိုးသံများနှင့်အတူ လူရိပ်တစ်ခုပြေးလိုက်လာပြီး ကောင်းဝူတို့အနီးမှ ဖြတ်ကျော်ကာ ရှေ့ဘက်ရောက်လျှင် လမ်းပိတ်ထားလိုက်လေသည်။

ကောင်းဝူနှင့်ကျင်းစန်းတို့ ကြည့်လိုက်ကြလျှင် ကောင်းရုံဖြစ်နေသည်ကို တွေ့ရလေသည်။

ကောင်းဝူ မျက်မှောင်ကြုတ်သွားသည်။

ကောင်းရုံအား စိုက်ကြည့်လိုက်သည်။

"မင်း ဘာလာရှုပ်ပြန်ပြီလဲ"



ဟုလည်း မာန်မဲလိုက်လေသည်။

ကောင်းရုံက မထီတရီပုံစံဖြင့် ပြန်ပြောလိုက်သည်။

"ဟောဒီက ဖေဖေ့မိတ်ဆွေဟာ ဘယ်လောက်များ ကြီးကျယ်တဲ့ လူတစ်ယောက်ဖြစ်နေလို့လဲ ဖေဖေ"

"ဘာကွ ..."

"ကျွန်တော်က သူနဲ့စာရင် ခွေးတစ်ယောက်လောက်တောင် အသုံးမကျဘူးလို့ ဖေဖေပြောနိုင်ရတယ်ဆိုတာ သိချင်လို့ပါ"

ထိုစကားကြားလျှင် ကောင်းဝူ မျက်နှာပျက်သွား၏။

ကျင်းစန်းကတော့ ပြုံးလိုက်လေသည်။

ကောင်းဝူသည် ကျင်းစန်းကို မျက်နှာပူသွားလေသည်။

ကောင်းရုံအား စိုက်ကြည့်ကာ ပြောလိုက်သည်။

"အေး ... မင်းသိချင်ရင် သေချာမှတ်ထား၊ သူဟာ သိုင်းလောကမှာ နာမည်ကျော်နေတဲ့ လက်ဝဲဓားသမား ကျင်းစန်းဆိုတာပဲ"

ကောင်းရုံသည် လက်ဝဲဓားသမားဆိုသော ဘွဲ့ထူးကြောင့် ခေတ္တတရက် ငိုင်သွားလေသည်။

ကျင်းစန်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

ထို့နောက် ခေါင်းခါယမ်းလိုက်လေသည်။

တစ်ဖန် ...

"လက်ဝဲဓားကျင်းစန်း ဟုတ်လား"

ဟု ရေရွတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစန်းအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြန်သည်။

"ဟုတ်မယ် မထင်ပါဘူး"

သူ ဆက်ပြောလိုက်သောစကားက ကျင်းစန်း ပြုံးစရာဖြစ်သွားလေတော့သည်။

ကောင်းဝူ ပိုပြီး မကျေမနပ် ဖြစ်သွားလေသည်။

"မင်း ဘယ်လိုပြောလိုက်တာလဲ၊ ငါပြောတာကိုတောင် မယုံဘူး ဟုတ်လား"

ကောင်းရှုံက ...

"ဖေဖေပြောတဲ့စကားကတော့ ယုံချင်စရာကောင်းလို့လား"

"ဘာကွ ..."

"သူ့ရဲ့ ဝတ်စားဆင်ယင်ပုံကတော့ မဆိုးပါဘူး၊ ဒါပေမယ့် သူ့ရဲ့ရုပ်ဆင်းအင်္ဂါကတော့ ကျွန်တော်ကြားဖူးထားသလို မခန့်ညားပါဘူး"

ကျင်းစန်းအား နှိမ့်ချဝေဖန်လိုက်ခြင်း ဖြစ်လေသည်။

ကျင်းစန်းသည် အောင့်သက်သက်ဖြစ်သွားသော်လည်း ဘာမှ မပြောဘဲ နေလိုက်လေသည်။

ကောင်းရှုံက ကျင်းစန်းအား စိုက်ကြည့်ပြီး လေသံတင်းတင်းဖြင့် ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်အဖေက ခင်ဗျားဟာ နာမည်ကျော် လက်ဝဲဓားကျင်းစန်းလို့ ပြောနေမှတော့ ယုံရတော့မှာပေါ့ဗျာ၊ နာမည်



သိပ်ကြီးနေတဲ့ ခင်ဗျားကို တွေ့ချင်နေတာနဲ့ အတော်ပဲဖြစ်သွားတာပေါ့"

ကောင်းဝူ နှာခေါင်းရှုံ့လိုက်သည်။

"မင်းလို မလောက်လေးမလောက်စား ကောင်လေးတစ်ယောက်က ကျင်းစန်းလိုပုဂ္ဂိုလ်ကျော်တစ်ယောက်ကို ဘာကိစ္စတွေ့ချင်ရတာလဲ"

ကောင်းရှုံ ရယ်မောလိုက်သည်။

"ဖေဖေမိတ်ဆွေဟာ နာမည်ကြီးပဲမဟုတ်လား၊ သူနဲ့ယှဉ်ပြိုင် အနိုင်ယူလိုက်ရင် ကျွန်တော်ဟာ သူ့ထက်ပိုပြီး နာမည်ကြီးသွားမှာပေါ့၊ ကျွန်တော်ပြောတာ မဟုတ်ဘူးလား ဖေဖေ"

သူ၏အပြောအဆိုနှင့် အမူအရာသည် တဖြည်းဖြည်းနှင့် သည်း မခံနိုင်စရာ ဖြစ်လာလေသည်။

သို့သော် ကျင်းစန်းက ဆက်ပြီး သည်းခံနေလိုက်သည်။

ကောင်းဝူ၏မျက်နှာကြောင့် ဖြစ်လေသည်။

ကောင်းရှုံ၏စကားဆုံးလျှင် ကောင်းဝူလည်း ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား"

သူ၏ရယ်မောသံက ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

"ဟား ... ဟား ... ဟား ... မင်းလို သိုင်းကွက်လေးနှစ်ကွက်

www.burmeseclassic.com

www.burmeseclassic.com



သုံးကွက်လောက် မဖြစ်စလောက်တတ်တဲ့ကောင်ကများ စကားကြီး စကားကျယ်ပြောရဲတာ အံ့ပါရဲ့ကွာ"

ကောင်းရှုံသည် မျက်နှာထားတင်းမာသွားကာ ဖခင်အား ခက်ထန်သောလေသံဖြင့် ပြောလိုက်ပြန်လေသည်။

"အဖေနဲ့ကျွန်တော် သိုင်းယှဉ်ပြိုင်ကစားတဲ့အခါ ကျွန်တော် ပညာကုန်ထုတ်မသုံးခဲ့ဘူး၊ ဒါကြောင့် ကျွန်တော့်ကို သိုင်းနှစ်ကွက် သုံးကွက်လောက်ပဲ တတ်တယ်ထင်ရင် မှားသွားမှာပေါ့"

ကောင်းဝှသည် ကောင်းရှုံအား အမှုမထားတော့ဘဲ ကျင်းစန်းအား လှမ်းပြောလိုက်လေသည်။

"ကဲ ... မိတ်ဆွေ ကြားတယ်မဟုတ်လားဗျာ၊ သိုင်းပညာရဲ့ သိမ်မွေ့နက်နဲမှုကို ဟောဒီက ခွေးသားလေး သိသွားအောင် ကျွန်တော်ကိုယ့်စား သူ့ကို ဆုံးမလိုက်စမ်းပါ"

ကျင်းစန်းက ခေါင်းခါပြီး ပျာပျာသလဲ ငြင်းလိုက်လေသည်။

"အို ... မဟုတ်တာဗျာ၊ သူက ကလေးပဲ၊ မသိနားမလည် လို့ ပြောတာ၊ ကျုပ်တို့က လူကြီးတွေပဲ၊ သည်းခံခွင့်လွှတ်ရမှာပေါ့ ဗျာ"

ကောင်းဝှသည် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူးဗျ၊ သည်ကောင်လေးကို ခုကတည်းက ဆုံးမ မထားရင် အပြင်လောက ရောက်သွားတဲ့အခါ အသက်ရှင်လျက် အိမ်ပြန်လာနိုင်တော့မှာ မဟုတ်ဘူး"



ကျင်းစန်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ကောင်းဝှက ဆက်ပြောလိုက်သည်။

"အခုကတည်းက သူ့ကို သင်ခန်းစာပေးထားတာဟာ သူ့ အသက်ကို ကြိုတင်ကယ်တင်လိုက်တာနဲ့ အတူတူပဲ၊ ဒီအတွက် ခင်ဗျားကိုတောင် ကျေးဇူးတင်ရဦးမှာပါ"

ကောင်းရှုံသည် ဖခင်၏စကားကြောင့် ခံပြင်းဒေါသထွက်ကာ မျက်နှာကြီး နီရဲလာလေသည်။

ကောင်းဝှကို ဘာမှမပြောတော့ဘဲ ကျင်းစန်းကို လှမ်းပြော လိုက်လေသည်။

"ကျုပ်အဖေက ကျုပ်ကို ဆုံးမဖို့ပြောနေတာ၊ ခင်ဗျားကြား တယ်မဟုတ်လား၊ ခင်ဗျား ဘယ်လို သဘောရသလဲ"

ကျင်းစန်းက ဘာမှမပြောဘဲ ကောင်းရှုံကိုစိုက်ကြည့်နေ၏။ သူ၏အကြည့်သည် ဓားပါးကလေးနှစ်လက် ပစ်လွှတ်လိုက် သကဲ့သို့ စူးစူးရှရှ ရှိနေသည်။

"ကျုပ်မေးတာ ဖြေစမ်းပါဦးဗျ"

ကောင်းရှုံကား ဂါရဝတရားကို လုံးဝမရှိသည့်အပြင် ခက်ထန် ထက်မာနေပါတော့သည်။

ကျင်းစန်း သက်ပြင်းချလိုက်သည်။

ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည့်အသွင်ဖြင့် ပြောလိုက်သည်။

"အေး ... မင်းကို ငါ ဆုံးမမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား"

ကောင်းရုံ သဘောကျသွားကာ ကျယ်လောင်စွာရယ်မောလိုက်လေတော့သည်။

❖ ❖ ❖

"ဟား ... ဟား ... ဟား"

ကောင်းရုံက ရယ်မောလိုက်လေသည်။

ခါးမှဓားကို ခြွမ်းခနဲမြည်အောင် ဆွဲထုတ်လိုက်သည်။

ဓားကို တစ်ချက်ဝှေ့ယမ်းပြီး စိန်ခေါ်လိုက်လေသည်။

"ကျုပ်ကိုဆုံးမယ်ဆိုပြီး ခင်ဗျား ဘာလုပ်နေတာလဲ၊ မြင်းပေါ်က ဆင်းပါတော့လား"

"ကောင်းပြီ"

ကျင်းစန်း မြင်းပေါ်မှအသာအယာ ဆင်းလိုက်လေသည်။

ကောင်းဝှလည်း မြင်းပေါ်မှဆင်းလိုက်ရသည်။

မြင်းနှစ်ကောင်ကို အိမ်ဖော်များက လာရောက်ယူဆောင်သွားကြလေသည်။

ကောင်းရုံနှင့်ကျင်းစန်းတို့ မျက်နှာချင်းဆိုင် ရပ်လိုက်ကြသည်။

ကောင်းဝှက ...

"မိတ်ဆွေ ... ယှဉ်ပြိုင်တဲ့အခါ ကျုပ်သားဆိုပြီး လုံးဝ အလျှော့မပေးပါနဲ့နော်"



ကျင်းစန်း ပြုံးမိသည်။

ကောင်းရုံကား ရှူးရှူးရှားရှား ဖြစ်သွားလေသည်။

"အံ့တော့ အံ့ဩစရာပဲ၊ ကိုယ့်သားအရင်းကို ဆုံးမဖို့ တစိမ်းလူကို တိုက်တိုက်တွန်းတွန်း ပြောနေလိုက်တာ၊ အကြောင်းမသိတဲ့လူဆိုရင် ကျုပ်ဟာ အဖေ့သားလို့တောင်ထင်မှာ မဟုတ်ဘူး"

ကောင်းဝှက မျက်နှာထားတင်းတင်းဖြင့် ကောင်းရုံအား လှမ်းကြည့်လိုက်လေသည်။

"ဟေ့ကောင် ... မင်းပါးစပ် ပိတ်ထားလိုက်စမ်း"

ကောင်းရုံက မဲ့ကာရွဲ့ကာဖြင့် ...

"ကောင်းပါပြီ၊ ကျွန်တော့်ကို ပါးစပ်ပိတ်ခိုင်းထားလို့ရပေမယ့် လက်ကိုမလှုပ်နဲ့လို့တော့ တားလို့ရမှာ မဟုတ်ပါဘူး"

ဟုပြောပြီး ကျင်းစန်းကို စိန်ခေါ်လိုက်သည်။

"ကျုပ်တို့ မြေကွက်လပ်မှာသွားပြီး ယှဉ်ပြိုင်ကြတာပေါ့"

စကားဆုံးလျှင် ကျောက်ပြားလမ်းပေါ် ခြေဆောင့်ကာခုန်ထွက်သွားလေသည်။

"ဟူး ..."

ကောင်းရုံမှာ မီးခိုးတန်းတစ်ခုပမာ ထိုးထွက်သွားပြီး မြေကွက်လပ်သို့ ရောက်သွားလေသည်။

ကျင်းစန်းက ချီးကျူးလိုက်သည်။

"ကိုယ်ဖော့ပညာ မဆိုးဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူက ကောင်းဝှကိုကြည့်လိုက်သောအခါ ကောင်းဝှက ခေါင်းညိတ်ပြလိုက်သည်။

ကျင်းစန်းလည်း မြေကွက်လပ်ဆီသို့ လှမ်းသွားလိုက်တော့သည်။

✤ ✤ ✤

ကောင်းဝှသည် ကျင်းစန်းနှင့်အတူ မြေကွက်လပ်သို့ လိုက်သွားလေသည်။

လမ်းတွင် ရင်မောစိတ်လေးစွာဖြင့် လေပူတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

"အဲဒါသာကြည့်ပါတော့ဗျာ၊ သူ ခုလို နောက်ပြန်ခုန်ထွက်လိုက်တဲ့အချိန်မှာ ရန်သူက အလစ်ဝင်တိုက်လိုက်ရင် မခက်ပေဘူးလား၊ ဆယ်ခါပြန် သေသွားနိုင်တာပဲ မဟုတ်လား"

ကျင်းစန်းက ...

"ဒါပေါ့ဗျာ၊ လူငယ်ဆိုတော့ အန္တရာယ်ကို တွေးမိဖို့ထက် ကိုယ်လုပ်ချင်တာကို ဖြစ်အောင်လုပ်ဖို့ပဲ စိတ်လောကြီးနေတတ်ကြတယ် မဟုတ်လားဗျာ"

ကောင်းဝှ သက်ပြင်းချလိုက်ပြန်သည်။

"ကျုပ်က သူ့ကို သိုင်းပညာကောင်းကောင်း သင်ပြချင်ပါတယ်၊ ဒါပေမယ့် ခက်တာက သူ့အမေပေါ့ဗျာ၊ သူက ရှေ့ကကာဆီး



ကာဆီးလုပ်နေတာ၊ ကလေးတွေအားလုံး သူ့အမေသိုင်းပညာရဲ့ ဆယ်ပုံတစ်ပုံတောင် မတတ်ကြဘူး"

ကျင်းစန်းက ...

"ဒါကို သူတို့အမေ မသိဘူးလား"

"မသိဘဲနေမလားဗျာ သိတာပေါ့"

"ဒါဆို ..."

"ကျုပ်မိန်းမက သိပေမယ့် သူ့ကလေးတွေပင်ပန်းမှာ စိုးရိမ်လို့တဲ့၊ သိုင်းပညာကို ဘယ်တော့မှ ပင်ပင်ပန်းပန်း မလေ့ကျင့်နိုင်ဘူးဗျ"

မြေကွက်လပ်ဆီသို့ ရောက်ရှိနေပြီဖြစ်သော ကောင်းရုံသည် ဆိုင်းစောင့်နေရသည်ကို စိတ်မရှည်ဟန်ဖြင့် လှမ်းအော်လိုက်လေတော့သည်။

"ကျုပ်ကို ဆုံးမမယ်ဆို ... လာလေဗျာ၊ ခင်ဗျားတို့ ဘာတွေ သေရှည်နေကြတာလဲ"

ကျင်းစန်းက ကောင်းဝှကိုကြည့်လိုက်လေသည်။

ကောင်းဝှ ခေါင်းညိတ်ပြလိုက်သည်။

ကျင်းစန်းလည်း ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သည်။

ကိုယ်ဖော့ပညာဖြင့် ခုန်ထွက်သွားခြင်း ဖြစ်သည်။

"ဟူး ..."

ကောင်းရုံရှေ့သို့ ရိပ်ခနဲ ရောက်ရှိသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစန်း မည်သို့မည်ပုံ ရောက်ရှိလာသည်ကို ကောင်းရ် မသိလိုက်ချေ။

လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကိုသာ တွေ့မြင်လိုက်ရပြီး ကျင်းစန်းက သူ၏ရှေ့သို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။

ကောင်းရုံ ရင်ထိတ်သွားသည်။

သို့သော်...အမူအရာမပျက်စေဘဲ ခပ်တည်တည်ပြောလိုက်လေ သည်။

"ကျုပ် အဆင်သင့်ဖြစ်နေပြီ၊ ခင်ဗျား ဓားမထုတ်သေး ဘူးလား"

ကျင်းစန်းက ဘာမျှမပြောပါ။

ခါးမှဓားကို ဝဲဘက်လက်ဖြင့် အသာအယာပင် ဆွဲထုတ်လိုက် လေသည်။

ဓားဆွဲထုတ်ပုံ အလွန်ညင်သာလှပေသည်။

ဓားသည် တွင်းထဲမှထွက်လာသည့် မြွေတစ်ကောင်ပမာ ဓား အိမ်ထဲမှ လျောခနဲထွက်လာလေသည်။

ကျင်းစန်း ဓားထုတ်လိုက်ပုံကိုကြည့်ကာ ကောင်းရုံ မဲ့ပြုံးပြုံး လိုက်လေသည်။

"ခင်ဗျားဟာ နာမည်ကျော်ဓားသမား တစ်ယောက်ဖြစ်ပြီး ဘာကြောင့် ဓားကို မြန်မြန်ဆွဲမထုတ်တာလဲဗျ၊ ခင်ဗျား ခုလို ဓားဆွဲထုတ်နေပုံမျိုးနဲ့ဆို ကျုပ်သာ အလစ်ဝင်ပြီးတိုက်ခိုက်လိုက်ရင် ခင်ဗျား ဒုက္ခရောက်နေလောက်ပြီ"



ကောင်းဝူက ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား"

ကောင်းရုံက ဖခင်ကြီးကို လှမ်းကြည့်လိုက်လေသည်။

ကောင်းဝူက ...

"မင်းမှာ လူတကာထက် ထူးချွန်တဲ့ အရည်အချင်းမျိုး ရှိနေ တာ ငါ ဘယ်တုန်းကမှ မတွေ့ခဲ့ဖူးဘူး၊ အခုမှပဲ တွေ့ရတော့ တယ်"

ကောင်းရုံသည် ဖခင်ကြီးက ချီးကျူးစကားပြောလိုက်သဖြင့် မိမိကိုယ်ကို လွန်စွာ အထင်ကြီးသွားလေသည်။

"ကျွန်တော် ဆုံးဖြတ်ပြီးပြောလိုက်တာ မှန်ကန်တီကျတယ် မဟုတ်လား"

လေလုံးထွားထွားဖြင့် လှမ်းမေးလိုက်လေသည်။

ကောင်းဝူ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး ... မင်းရဲ့အရည်အချင်းဆိုတာ လူတကာထက် ပြီး လေလုံးထွားတာကိုပြောတာ"

"ဗျာ ..."

ကောင်းရုံမှာ မျှော်လင့်သလိုဖြစ်မလာဘဲ နှိမ့်ချပြောဆိုခံလိုက် ရသဖြင့် မျက်နှာတစ်ခုလုံး နီရဲသွားလေတော့သည်။

သူသည် ခပ်ရှက်ရှက်နှင့်ပင် ကျင်းစန်းဘက်သို့လှည့်ကာ မဲ့ လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘာလုပ်နေတာလဲ၊ ဓားဆွဲထုတ်ပြီးပြီ မဟုတ်လား စပြီး တိုက်ခိုက်ပါတော့လား"

ကျင်းစန်းက ခပ်အေးအေးပင် ပြန်ပြောလိုက်လေသည်။

"မင်းပဲစပြီး တိုက်ခိုက်ပါလေ"

ကောင်းရှုလည်း ဘာမှမပြောတော့ပါ။

"ယား ..."

ညာသံပေးကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။

✤ ✤ ✤

ကောင်းရှုက စတင်တိုက်ခိုက်လိုက်ပြီ ဖြစ်လေသည်။

သိုင်းကွက်သုံးကွက်ကို တစ်ဆက်တည်းထုတ်ဖော် တိုက်ခိုက်လိုက်ခြင်းလည်း ဖြစ်လေသည်။

ကျင်းစန်းလည်း ဓားဝှေ့ယမ်းလိုက်သည်။

"ရွှမ်း ... ရွှမ်း ... ရွှမ်း"

ဓားသံသုံးချက် ထွက်ပေါ်လာလေသည်။

ကောင်းရှု၏ဓားချက်များကို ကျင်းစန်းက ရိုက်ထုတ်ပစ်လိုက်ခြင်း ဖြစ်လေသည်။

ကောင်းရှုသည် လျှင်မြန်စွာလှုပ်ရှားရင်း ကျင်းစန်း၏ဝဲဘက်ခြမ်းကို ဓားချက်ခုနှစ်ချက်၊ ယာဘက်ခြမ်းကို ဓားချက်ရှစ်ချက် တဆက်တည်း တိုက်ခိုက်လိုက်လေသည်။



ထို့နောက် ရင်ဝတည့်တည့်သို့ ဓားတစ်ချက် ထိုးသွင်းလိုက်သည်။

ကျင်းစန်းကလည်း ကောင်းရှု၏ပရိယာယ်ကို ကြိုတင်ရိပ်မိထားလေသည်။

ထို့ကြောင့် ကောင်းရှု၏ ဟန်ပြတိုက်ကွက်များဖြစ်သော ဓားချက်များကို သူ၏ဓားဖြင့် ရိုက်ထုတ်လိုက်သည်။

တစ်ဆက်တည်းမှာပင် သိုင်းကွက်ခုနှစ်ကွက်ဖြင့် ဟန်ပြတိုက်ခိုက်လိုက်လေသည်။

ကျင်းစန်း၏ ဟန်ပြဓားချက်များအနက် ဓားချက်သုံးချက်ကို ကောင်းရှုက သူ၏ဓားဖြင့် ခုခံလိုက်သည်။

တစ်ချက်အား ကိုယ်ဘေးစောင်း၍ ရှောင်ပေးလိုက်သည်။

ကျန်သုံးချက်အား ခုခံရှောင်တိမ်းမှု မပြုနိုင်ခြင်းကြောင့် ကမန်းကတန်း နောက်ဆုတ်လိုက်ရသည်။

ခြေသုံးလေးငါးလှမ်း ဒရောသောပါးဆုတ်ကာ ရှောင်လိုက်ရခြင်း ဖြစ်လေသည်။

ကျင်းစန်း၏ တိုက်ခိုက်မှုအရှိန်က လျော့မသွားဘဲ ပို၍ပြင်းထန်လာလေသည်။

သူ၏ဓားသည် ကောင်းရှု၏ဓားပေါ်သို့ ဖိချပြီးမှ ရိုက်၍ကော်တင်လိုက်ရာ ...

"ရွှမ်း ..."

www.burmeseclassic.com

www.burmeseclassic.com



ကောင်းရုံ၏ဓားသည် လက်ထဲမှလွတ်၍ လေထဲလွင့်တက်သွားလေတော့သည်။

"ဟာ ..."

ကောင်းရုံ အထိတ်တလန့်ဖြစ်သွား၏။

မျက်နှာတစ်ခုလုံး သွေးဆုတ်ကာ ဖြူဖပ်ဖြူလျော် ဖြစ်သွားလေသည်။

"ဗိုး ..."

"ဒုတ် ..."

လေထဲရောက်သွားသောဓားသည် အောက်သို့ပြန်ကျလာပြီး ကောင်းရုံ၏ ရှေ့မြေကြီးပေါ်၌ စိုက်ဝင်သွားလေသည်။

ကျင်းစန်းက ကောင်းရုံအားစိုက်ကြည့်ပြီး ပြောလိုက်သည်။

"ငါ့တူ ... မင်းရဲ့လက်ကောက်ဝတ်ကို ခုထက်ပိုပြီး အားသန်လာအောင် လေ့ကျင့်လိုက်ဦး"

လှောင်ပြောင်သည့် သဘောမျိုးမဟုတ်ဘဲ စေတနာဖြင့် သတိပေးလိုက်ခြင်း ဖြစ်လေသည်။

ကောင်းရုံမှာ အရေးနိမ့်သွားပြီဖြစ်သော်လည်း လေသံကတော့ မလျှော့သေးချေ။

"ခင်ဗျား သိပ်ပြီးဘဝင်မမြင့်ပါနဲ့ဗျာ၊ ကျုပ် နည်းနည်းသတိလစ်သွားလို့ ခုလိုဖြစ်ရတာပါ"

ကောင်းဝှက ကြားဝင်ဆုံးမလိုက်လေသည်။



"သူက မင်းကို တော်စေတတ်စေချင်လို့ စေတနာနဲ့ သင်ကြားနေတာကွ၊ မင်းက ကျေးဇူးတင်ရဦးမှာ၊ ကဲ ... ကျေးဇူးတင်စကား မြန်မြန်ပြောလိုက်စမ်း"

ကောင်းရုံကား ကျေးဇူးတင်စကားမပြောသည့်အပြင် ဖခင်ကြီးအား အပြစ်တင်လိုက်သေး၏။

"အဖေကလည်း အပြင်လူတွေခေါ်လာပြီး ကျွန်တော့်ကို အနိုင်ကျင့်ခိုင်းဖို့ပဲ တတ်တယ်"

"ဟော ..."

ကောင်းဝှမှာ သားဖြစ်သူကောင်းရုံအား မည်သို့သောစကားမျိုး ပြောရမည်ဆိုသည်ကိုပင် စဉ်းစားမရအောင် ဖြစ်သွားလေတော့သည်။

ထိုစဉ် ...

"သားရေ ... မင်းကို ဘယ်သူတွေကများ အနိုင်ကျင့်နေကြလဲ၊ မေမေ့ကို ပြောစမ်းပါဦး"

စူးရှသောစကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com



## တစ်ရွတ်ထိုး

စူးရှသောစကားသံ ထွက်ပေါ်လာလျှင် ကောင်းဝှ မျက်နှာပျက်သွားလေသည်။

ကောင်းရုံကား ဝမ်းသာသွားလေသည်။

ချက်ချင်း အော်ခေါ်လိုက်လေသည်။

"မေမေရေ... မြန်မြန်လာခဲ့ပါ"

သူ၏ခေါ်သံအဆုံးတွင် ...

"မပူပါနဲ့ သားရယ် မေမေလာပြီ"

လေတိုးသံများ ထွက်ပေါ်လာကာ လူရိပ်တစ်ခု ပြေးလွှားရောက်ရှိလာသည်။

ကျင်းစန်းက သတိထားပြီး အကဲခတ်လိုက်သည်။

ထွက်ပေါ်လာသော စကားသံနှင့် ပြေးလွှားရောက်ရှိလာပုံတို့ကို ထောက်ချင့်ကာ ထိပ်တန်းသိုင်းပညာရှိသူ တစ်ယောက်ဖြစ်ကြောင်း ရိပ်မိထားလေသည်။



သေသေချာချာ ကြည့်လိုက်သောအခါ အမျိုးသမီးကြီးတစ်ယောက်ဖြစ်နေသည်ကို တွေ့ရလေသည်။

အသက်လေးဆယ်ခန့်ရှိမည် ထင်ရသည်။

ရုပ်ရည်ချောမောလှပသူ ဖြစ်သည်။

အဖိုးတန် ပိုးဖဲအင်္ကျီများ ဝတ်ထားသည်။

ချောမောလှပသော သူမ၏မျက်နှာသည် မာနကြောင့်ခက်ထန်တင်းမာနေသည်။

ကောင်းဝှသည် ထိုအမျိုးသမီးကြီးကိုမြင်လျှင် နဖူးကြောတွန့်သွားလေသည်။

နှုတ်မှလည်း တီးတိုးညည်းညူလိုက်လေသည်။

"အင်း ... အဲဒါမှ ပြဿနာပဲ"

ကောင်းရုံသည် အမျိုးသမီးကြီးထံသို့ ပြေးလွှားသွားလိုက်သည်။

"မေမေ ..."

ကောင်းရုံသည် အမျိုးသမီး၏လက်တစ်ဖက်ကို ဆွဲလိုက်၏။

ကျင်းစန်းကိုလည်း ညွှန်ပြလိုက်သည်။

"မေမေ ... သားကိုယ်စား ဟိုလူကြီးကို ဆုံးမပေးပါ"

အမျိုးသမီးသည် ကောင်းဝှကို တွေ့သွားပြီး မဲ့ပြုံးပြုံးလိုက်သည်။

"ဪ ... ရှင်ပြန်လာပြီကိုး"

www.burmeseclassic.com



ထိုအမျိုးသမီးမှာ ကောင်းဝ္စ၏ဇနီးသည် မာနခဲကူးလျှံ ဖြစ်ပါတော့သည်။

သူမ၏ကောင်းဝ္စအပေါ် ခပ်စိမ်းစိမ်းဆက်ဆံပုံကို ကျင်းစန်းချက်ချင်း သတိပြုမိလိုက်လေသည်။

ကူးလျှံသည် ကျင်းစန်းဘက်သို့ လှည့်လိုက်သည်။

"ရှင်ကရော ဘာဖြစ်လို့ ကျွန်မသားကို အနိုင်ကျင့်ရတာလဲ"

ကောင်းဝ္စက ကြားဝင်ပြောလိုက်သည်။

"သူက ကျုပ်မိတ်ဆွေပါ၊ ကျုပ်ခေါ်လာခဲ့တာပါ"

ကူးလျှံသည် ကောင်းဝ္စအား မကျေမနပ်ကြည့်ပြီး ခပ်ထန်ထန် ပြောလေသည်။

"ရှင့်ဟာရှင် အပြင်မှာ ဘယ်လိုပဲနေနေ ကျွန်မ အရေးမစိုက်ဘူး၊ ဘာဖြစ်လို့ လူစိမ်းတစ်ယောက်ကို အိမ်ခေါ်လာပြီး ကျွန်မသား ကို အနိုင်ကျင့်ခိုင်းရတာလဲ"

ကောင်းဝ္စ သက်ပြင်းချလိုက်လေသည်။

"မင်း ဘာမှမသိပါဘူး၊ မင်းသားက ကိုယ့်ကိုယ်ကို အထင်ကြီးပြီး လူတကာကို အထင်သေးနေတာပဲ"

ကူးလျှံ နှာခေါင်းရှုံ့လိုက်လေသည်။

"ယောက်ျားဆိုတာ လူတကာရဲ့အထက်မှာနေနိုင်ဖို့ ကျိုးကြိုးစားနေရမယ်ရှင့်၊ ရှင်က ကိုယ့်သားကို လူတကာရှေ့မှာ ခေါင်းငုံ့နေစေချင်လို့လား"



ကောင်းဝ္စက ခေါင်းခါးယမ်းပြီး ပြန်လည်ရှင်းပြလိုက်သည်။

"မဟုတ်သေးပါဘူးကွာ၊ မိဘတိုင်း ကိုယ့်သားသမီးကို ထူးချွန်ထက်မြက်စေချင်ကြတာချည်းပါပဲ၊ ဒါပေမယ့် မင်းရဲ့သားဟာ သိုင်းပညာမပြည့်စုံသေးဘူး၊ မတော်တဆခါက် သိုင်းပညာနဲ့ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး အပြင်လောကရောက်သွားရင် ဒုက္ခရောက်မှာစိုးလို့ပါ"

ကူးလျှံက လက်မခံပါချေ။

"အို ... ကျွန်မက သူ့ကို ဘယ်တော့မှ အပြင်လောကကို ခွင့်ပြုမှာ မဟုတ်ဘူးရှင့်၊ သူရဲ့သိုင်းပညာဟာ အခု သူတတ်ထားတဲ့အဆင့်နဲ့တင် လုံလောက်နေပြီ၊ နောက်ပြီး သူဟာ အသက်လည်းငယ်ပါသေးတယ်၊ သူသာ ရှင့်အရွယ်ရောက်လာရင် ရှင့်ထက် သိုင်းပညာသာမှာ သေချာတယ်"

ကောင်းဝ္စ ပါးစပ်ပိတ်ထားလိုက်သည်။

ကူးလျှံသည် ကျင်းစန်းအားစိုက်ကြည့်လိုက်ပြီးနောက် ကောင်းဝ္စထံမှ ဓားလှမ်းတောင်းလိုက်လေသည်။

"သား ... မေမေ့ကို ဓားပေးစမ်း"

"ဟုတ်ကဲ့ မေမေ"

ကောင်းရုံလည်း ဝမ်းသာအားရဖြင့် မြေပေါ်စိုက်ဝင်နေသော သူ၏ဓားကို ပြေးနှုတ်ယူလိုက်လေသည်။

မိခင်ကြီးကူးလျှံကို ရိုရိုသေသေ ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစန်း ပင့်သက်ရှိုက်လိုက်လေသည်။

ကောင်းရုံသည် ဖခင်ကြီးကောင်းဝှကို အမှုမထားသော်လည်း မိခင်ကြီးကူးလျှံကိုမူ အလွန်ရှိသေလေးစားကာ ချစ်ခင်မှုရှိကြောင်း ဆင်ခြင်မိလိုက်၍ ဖြစ်လေသည်။

လမ်းတွင် ကောင်းဝှပြောပြခဲ့သည့် စကားများ မှန်နေပြီဟု လည်း ယုံကြည်လာလေသည်။

ကောင်းရုံက ...

"မေမေ သားကိုယ်စား သူ့ရဲ့ဓားကိုင်ထားတဲ့လက်ကို ဖြတ်ပစ်လိုက်ပါနော်၊ ဒါမှ သူဟာ တစ်သက်လုံး နောက်ထပ်ဓားမကိုင်နိုင်တော့ပဲနေမှာ"

လူငယ်တစ်ယောက်ဖြစ်သော်လည်း သူ၏စကားများက ရက်စက်ကြမ်းကြုတ်မှု ပြည့်နှက်နေပါတော့သည်။

ကူးလျှံ ခေါင်းညိတ်လိုက်သည်။

လက်ထဲမှဓားကို တစ်ချက်ဝှေ့ယမ်းလိုက်လေသည်။

"ဝှစ် ..."

ဝင်းလက်သောဓားရောင်များ ထွက်ပေါ်လာသကဲ့သို့ အေးစိမ့်သောဓား၏ အငွေ့အသက်များကလည်း ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားလေသည်။

ကူးလျှံက ကောင်းရုံကို ပြောလိုက်သည်။

"မေမေကြည့်ပြီး ဆုံးမလိုက်မယ်၊ မင်း ဝေးဝေးသွားနေစမ်း"



"ဟုတ်ကဲ့ မေမေ"

ကောင်းရုံက ကမန်းကတန်း နောက်ဆုတ်သွားလေသည်။

ကူးလျှံက ကျင်းစန်းဘက်သို့ လှည့်လိုက်သည်။

"သားသမီးမလိမ္မာရင် မိဘမှာ တာဝန်ရှိပါတယ်၊ ဒါကြောင့် ရှင်က သားလေးကိုဆုံးမပြီးတဲ့နောက်မှာ သူ့ရဲ့အမေကိုလည်း ဆုံးမလိုက်ပါဦးရှင်"

ကျင်းစန်း သက်ပြင်းချလိုက်မိလေသည်။

ကူးလျှံက ထပ်မံခနဲ့လိုက်လေသည်။

"ကျွန်မပြောတာ နည်းလမ်းမကျလို့များလားရှင်"

ကျင်းစန်းက ပြန်ပြောရန်ဟန်ပြင်လိုက်စဉ် ကောင်းဝှက ကြားဖြတ်၍ပြောလိုက်လေသည်။

"ဒါ သိပ်ကိုမှန်ကန်ပြီး နည်းလမ်းကျတာပေါ့"

သူတို့ဇနီးမောင်နှံ ဘယ်တော့မှအဆင်ပြေမည်မဟုတ်ကြောင်း ဆင်ရှားနေပါတော့သည်။

ကောင်းဝှက ကျင်းစန်းကို လှမ်းပြောလိုက်လေသည်။

"ကျုပ်မိန်းမကိုယ်တိုင်က သူ့ကို ဆုံးမပေးဖို့ တောင်းဆိုနေတာပဲ၊ ကဲ ... မိတ်ဆွေ ကျုပ်ကို ဘာမျှအားနာနေစရာမလိုပါဘူး"

ကူးလျှံသည် မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် ကောင်းဝှကို လှမ်းကြည့်လိုက်လေသည်။

တစ်ဖန် သူမကလည်း ကျင်းစန်းကို လှမ်းပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ကျွန်မနဲ့မယှဉ်ချင်ဘူးဆိုရင်လည်း ရပါတယ်၊ ရှင့်ကို ကျွန်မက ခွင့်လွှတ်လိုက်ပါ့မယ်"

သူမ၏စကားသည် ကျင်းစန်းကို သနားသဖြင့် ခွင့်လွှတ်လိုက်သည့်သဘောမျိုး ဖြစ်နေပါတော့သည်။

ကျင်းစန်း အခက်ကြုံသွားလေတော့သည်။

ကူးလျှံက ဆက်ပြောလိုက်သည်။

"ရှင်က ကျွန်မသားကို ဒူးထောက်တောင်းပန်မယ် ဆိုရင်ပေါ့"

ကူးလျှံတို့၏ ကြုံဆိုခြင်းသည် မိတ်ဆွေမဆန်တော့ဘဲ အရှုံးပေး ရန်လိုနေပါတော့သည်။

ကျင်းစန်း ဘေးကြပ်နံကြပ် ဖြစ်သွားလေတော့သည်။

ကောင်းဝူလည်း ဒေါသထောင်းခနဲ ထွက်သွားလေသည်။

ကျင်းစန်းကို အလွန်အားနာသွားသည် မဟုတ်ပါလား။

ဘာမှ စဉ်းစားမနေတော့ဘဲ ကူးလျှံအားလှမ်းပြီး အော်ငေါက် လိုက်လေသည်။

"မင်း တော်တော်ရိုင်းစိုင်းပါလား၊ သားက ရိုင်းပျရုံသာမက မင်းမကပါ ရိုင်းနိုင်းနေတော့ ငါ့မိတ်ဆွေကို ဘယ်လိုမျက်နှာပြရတော့ မှာလဲ၊ အားနာစရာကောင်းနေပြီ၊ မင်းတို့သားအမိကြောင့် ငါ လုံးဝ အရှက်ကွဲနေပြီ"

ကူးလျှံကလည်း ကောင်းဝူအား လုံးဝအရေးမစိုက်ဘဲ ပြန်လည် အော်ငေါက်လိုက်လေသည်။



"ဒါ ကျွန်မအိမ်၊ ကျွန်မနေရာ ကျွန်မဘာပဲလုပ်လုပ် ဘာပဲ ပြောပြော ရှင်ဘာမှ ဝင်ပြီးစွက်ဖက်စရာ မလိုဘူး၊ ရှင့်မိတ်ဆွေက ကော ဘာမို့လို့လဲ"

ကောင်းဝူသည် ကူးလျှံအား ပြောဖို့ရမည်မဟုတ်ကြောင်း နား လည်ထားခြင်းကြောင့် ကျင်းစန်းကို ပြောလိုက်သည်။

"မိတ်ဆွေ ... ကျုပ်ကို ဘာမှအားနာစရာ မလိုဘူး၊ သူတို့ကို ဆုံးမမဖြစ်မယ်ဆိုတာ ခင်ဗျား နားလည်ပါတယ်၊ ကဲ ... ဆုံးမလိုက် စမ်းပါဗျာ"

သူ၏စကားသံသည် ကူးလျှံအား ဆုံးမပေးဖို့ ကျင်းစန်းအား တောင်းပန်တိုးလျှိုးနေပုံမျိုးလည်း ရှိနေပါတော့သည်။

ကျင်းစန်း ဘာမှပြန်မပြောပါ။

သူ၏လက်ထဲတွင် ဓားကိုတင်းကြပ်စွာ ဆုပ်ကိုင်ထားခြင်းက ကောင်းဝူ၏စကားကို လက်ခံလိုက်ကြောင်း အဖြေပေးလိုက်သကဲ့သို့ ရှိနေသည်။

ကူးလျှံနှင့်ရင်ဆိုင်ဖို့ အသင့်ရှိနေကြောင်း ဖော်ပြလိုက်သကဲ့သို့ လည်း ရှိနေသည်။

ကူးလျှံ မဲ့ပြုံးပြုံးလိုက်သည်။

ကျင်းစန်းအား ဆုံးမလိုက်ခြင်းဖြင့် ကောင်းဝူအရှက်တကွဲ အကျိုးနည်းဖြစ်စေရမည်ဆိုသော အပြုံးမျိုးဖြစ်၏။

"ကဲ ... ရှောင်နိုင်ရင် ရှောင်ပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ကူးလျှံက သတိပေးပြီး စတင်တိုက်ခိုက်လေသည်။

သူမ၏လက်ထဲကိုင်ထားသော ဓားကို ရှေ့သို့ဆန့်ထုတ်လိုက်ရာ လမ်းခုလတ်မှာပင် ဓားရိပ်နှစ်ခု ဖြစ်ပေါ်သွားပြီး ကျင်းစန်း၏ ခန္ဓာကိုယ်ပေါ်ရှိ အရေးကြီးသော သွေးကြောခုနစ်နေရာဆီသို့ တ ဆက်တည်း တိုက်ခိုက်လိုက်ပြီးသား ဖြစ်သွားလေတော့သည်။

ကျင်းစန်း၏ဓားကိုင်ထားသော လက်ကလည်း ချက်ချင်း လှုပ်ရှားသွားလေသည်။

"ဝှစ် ..."

"ရွှမ်း ... ရွှမ်း"

ကျင်းစန်းသည် ကူးလျှံ၏တိုက်ကွက်ကို ခုခံလိုက်သည့်အပြင် ဓားချက်ခုနစ်ချက်ဖြင့် တုန့်ပြန်လိုက်လေသည်။

ကူးလျှံ အံ့သြသွားလေသည်။

ကျင်းစန်းသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ချက်ချင်း ခုခံတုန့်ပြန်နိုင်မည်ဟု မမျှော်လင့်ထားခဲ့ခြင်းကြောင့် ဖြစ်သည်။

ထို့ကြောင့် ကျင်းစန်း၏ဓားသည် သူမ၏ဓားကိုင်ထားသော လက်၏ လက်ကောက်ဝတ်ကို ထိမလိုဖြစ်သွားလေသည်။

ကူးလျှံ ကပျာကယာ ရှောင်နိုင်လိုက်ခြင်းကြောင့်သာ သီး ကလေး လွတ်မြောက်သွားခြင်း ဖြစ်လေသည်။

ကူးလျှံ ခံပြင်းသွားသည်။

"ရှင် မဆိုးဘူး၊ ကျွန်မရဲ့ဓားကွက်ကို ကြည့်ထားပါဦး"



အော်ပြောပြီး ပို၍လျင်မြန်စွာ တိုက်ခိုက်လိုက်လေသည်။

သူမသည် မြေလတ်ပိုင်း ပြိုင်ဘက်ကင်းသိုင်းသမားကြီးကူးဖန်း၏ သမီးဖြစ်သည်နှင့်အညီ သူမ၏ သိုင်းပညာအဆင့်အတန်းသည် မားလှပေသည်။

တော်ရုံလူဆိုလျှင် ကူးလျှံ၏ လျင်မြန်ပြင်းထန်သော ဓားချက် ကြောင့် ဒဏ်ရာရသွားရလိမ့်မည် ဖြစ်လေသည်။

ကျင်းစန်းက ပို၍လျင်မြန်သော အရှိန်အဟုန်ဖြင့် ကူးလျှံအား လည်တိုက်ခိုက်လိုက်လေသည်။

ကျင်းစန်း၏ တုန့်ပြန်တိုက်ခိုက်မှုကြောင့် ကူးလျှံကြိုးစားမှု သဲထဲရေသွန် အရာမထင်ဖြစ်သွားရရှာလေတော့သည်။

ကူးလျှံသည် သူမ၏တိုက်ကွက်များ မအောင်မြင်သည်ကို တွေ့ရသောအခါ ဒေါသချောင်းချောင်း ထွက်သွားလေတော့သည်။

"ယား ..."

တိရစ္ဆာန်တစ်ကောင် အော်ဟစ်မာန်ဖီလိုက်သည့်အလား ကျယ်လောင်စွာ ညာသံပေးကာ ပို၍ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

သူမ၏ဓားချက်များသည် မိုးသီးမိုးပေါက်များပမာ အဆက်မပြတ် ထွက်ပေါ်လာပြီး ကျင်းစန်း၏တစ်ကိုယ်လုံး လွှမ်းခြုံသွားလေတော့သည်။

ဓားရိပ်များ ဖုံးလွှမ်းသွားခြင်းကြောင့် ကျင်းစန်းကိုပင် မတွေ့မြင်ရလောက်အောင် ဖြစ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဝှ ရင်ထိတ်သွားသည်။

သို့သော် ကျင်းစန်းမှာ အညတရတစ်ယောက် မဟုတ်သဖြင့် ကူးလျှံအား ကောင်းစွာရင်ဆိုင်နိုင်မည်ဟုတွေးကာ စိတ်ကိုဖြေသိမ့်လိုက်လေသည်။

"ခွမ်း ... ခွမ်း"

ဓားဓားချင်း ပြင်းထန်စွာထိတွေ့မိသော အသံများထွက်ပေါ်လာလေသည်။

ကျင်းစန်းသည် ကူးလျှံအား ပြန်လည်တိုက်ခိုက်လိုက်ခြင်း မပြုဘဲ သူမ၏ဓားချက်များကိုသာ ခုခံနေသည်။

ကောင်းဝှသည် တိုက်ပွဲကိုကြည့်ရင်း ပိုပြီး စိတ်သက်သာရာရလာလေသည်။

ကျင်းစန်းနှင့် ကူးလျှံတို့ ထုတ်ဖော်အသုံးပြုနေကြသော သိုင်းကွက်များသည် သူတို့၏သိုင်းပညာအဆင့်အတန်းကို ဖော်ပြနေသည် မဟုတ်ပါလား။

ကျင်းစန်း၏သိုင်းပညာက သာနေသည်။

ကူးလျှံမှာ ကျင်းစန်းနှင့်ယှဉ်လိုက်လျှင် တစ်ဆင့်နိမ့်နေကြောင်း အကဲခတ်မိလေသည်။

ထို့ကြောင့် ကူးလျှံ၏တိုက်ကွက်များ ပြင်းထန်နေသော်လည်း ကောင်းဝှ စိတ်မပူတော့ချေ။

ကောင်းဝှ စိတ်သက်သာရာရလာသလို ပြုံးနိုင်လာလေသည်။



ကူးလျှံကိုလည်း လှမ်းပြောလိုက်သည်။

"မိန်းမရေ ... ဒီလောက်ဆိုရင် မင်းရဲ့ပညာ ဘယ်လောက်ဆယ်ဆိုတာ ပေါ်လွင်နေပါပြီ၊ ဆက်ပြီး မတိုက်ခိုက်ပါနဲ့တော့၊ တော်လောက်ပါပြီ၊ နောက်ဆုတ်ပေးလိုက်ပါတော့"

ကူးလျှံမှာ ကောင်းဝှ၏စကားကြောင့် ဒေါသထွက်ကာ မျက်စိကြီးတစ်ခုလုံး နီရဲသွားလေတော့သည်။

သို့တိုင် သူမကိုယ်တိုင်လည်း ကျင်းစန်းအား အနိုင်ယူဖို့ ...ခဲ့သည့်အပြင် ကျင်းစန်း၏ဓားချက်များ ကောင်းစွာရောက်ရှိနေ...ကြောင့် တဖြည်းဖြည်း မတတ်သာတော့ဘဲ နောက်ဆုတ်ပေး...ရလေတော့သည်။

ရုတ်တရက် ဆယ်ပေခန့်အထိ ခုန်ဆုတ်သွားခြင်း ဖြစ်သည်။

ကောင်းဝှ၏ စကားကို နားထောင်လိုက်ခြင်းတော့ မဟုတ်...

သူမ၏အကြံနှင့်သူမ အရှိန်ယူရန်ဖြစ်လေသည်။

သူမသည် နောက်ဆုတ်လိုက်ပြီးသည်နှင့် မြေပေါ်ခြေဆောင့်...မြားတစ်စင်းပမာ အရှိန်ဖြင့်ရှေ့သို့ ခုန်ထွက်လိုက်လေသည်။

"ယား ..."

နောက်ဆုတ်ယောင်ပြကာ ချက်ချင်း ရှေ့သို့ပြန်တိုးကာ တိုက်...လိုက်ခြင်း ဖြစ်လေသည်။

ကူးလျှံသည် ရုက်စိတ် ဒေါသစိတ်မွှန်ထူနေခြင်းကြောင့် ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကိုမျှ မစဉ်းစားတော့ဘဲ သူသေကိုယ်သေ တိုက်ကွက်များကိုအသုံးပြုကာ တရကြမ်း တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

"ဝှစ် ..."

ရုတ်တရက် လေတိုးသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဝင်းလက်သော ဓားရောင် ထွက်ပေါ်လာသည်။

ထိုဓားရောင်သည် ကူးလျှို၏ဓားရောင်ကို ဖုံးလွှမ်းသွားအောင် ပိုပြီး တောက်ပနေသည်။

ဓားရောင်သည် ပစ်လွှင့်လာသောဓားတစ်လက်မှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

ဓားတစ်လက်သည် ကူးလျှိုထံသို့ ပစ်လွှင့်လာခြင်း ဖြစ်သည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် အားလုံး အံ့သြသွားကြတော့သည်။

ထိုဓားကို မည်သူ ပစ်လွှင့်လိုက်ပါသနည်း။

ကောင်းဝူပေလော ...

ကောင်းဝူတော့ မဟုတ်နိုင်ပါချေ။

ကောင်းဝူသည် လက်နှစ်ဖက်နောက်ပစ်ကာ မလှမ်းမကမ်း၌ အေးအေးဆေးဆေး ရပ်နေသည် မဟုတ်ပါလား။

"ခြွမ်း ..."

ပစ်လွှင့်လာသော ဓားသည် ကူးလျှို၏ဓားကို ထိမှန်သွား၏။



ဓားနှစ်လက် အရှိန်ပြင်းစွာ ထိတွေ့မိလိုက်ခြင်းကြောင့် မီးပွင့်သေးများပင် ထွက်ပေါ်လာလေသည်။

အံ့သြစရာကောင်းအောင်ပင် ကူးလျှို၏ဓားမှာ ထက်ပိုင်းကျိုး လေတော့သည်။

"ဟင် ..."

ကူးလျှို အထိတ်တလန့် ဖြစ်သွားလေသည်။

သူမအား ဟန့်တားလိုက်သူမှာ ကျင်းစန်းလည်း မဟုတ်။ ကောင်းဝူလည်းမဟုတ်ဘဲ အခြားလူတစ်ယောက်ဖြစ်ကြောင်း နားလည်ထားလေသည်။

ပစ်လွှင့်လာသော ဓားရိပ်နှင့်အတူ လူရိပ်တစ်ခုလည်း ထွက် လာသည် မဟုတ်ပါလား။

ထိုလူရိပ်သည် လေ၏လျင်မြန်ခြင်းမျိုးဖြင့် ရောက်ရှိလာခြင်း လသည်။

ကျင်းစန်းနှင့် ကူးလျှိုတို့နှစ်ယောက်ကြားသို့ ရိပ်ခနဲ ရောက်ရှိ သည်ဟုလည်း ဆိုနိုင်ပေသည်။

ကူးလျှိုသည် ကျင်းစန်းအား ဆက်ပြီးတိုက်ခိုက်နိုင်စွမ်း မရှိ ပါချေ။

ထို့ကြောင့် ကပျာကယာ နောက်ဆုတ်ပေးလိုက်ရသည်။

ထို့နောက် သူမသည် ကြားဝင်ဟန့်တားလာသူအား သေချာ ရန်တွေ့ရန် ဟန်ပြင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမ ပါးစပ်ဟလိုက်သော်လည်း စကားသံထွက်မပေါ် လာခြင်း မရှိပါ။

သူမအား ဟန့်တားလိုက်သူကို တွေ့လိုက်ရသောအခါ အာမေ ထည့်ထားသူပမာ စကားမပြောနိုင်တော့ဘဲ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

✤ ✤ ✤



## အရှင်သခင်

တုးလျှ ပါးစပ်အဟောင်းသား ဖြစ်နေသည်။

သူမသည် ခင်ပွန်းသည် ကောင်းဝှက်ကိုလည်းကောင်း၊ ကျွင်းစန်း ည်း လုံးဝအမှုထားသူ မဟုတ်ပါချေ။

ထိုမှုမက မည်သူ့ကိုမျှ လူမထင် အမှုမထား ဂရုမစိုက်သူ ကြောင်း ပေါ်လွင်နေသည်။

သို့သော် ကြားဝင်ဟန့်တားလာသူကို တွေ့လိုက်ရသောအခါ ပြောနိုင်တော့ဘဲ ပါးစပ်အဟောင်းသား ဖြစ်နေတော့သည်။

ရန့်တွေ့ရန် ဟလိုက်သောပါးစပ်သည် ဘာစကားသံမှ ထွက် လာဘဲ ဒီအတိုင်း ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

သူမ အဘယ့်ကြောင့် ထိုသို့ဖြစ်သွားရပါသနည်း။

ဟန့်တားလာသူမှာ မီးခိုးရောင်ဝတ်ဆင်ထားသော အဘိုးအို တ် ဖြစ်လေသည်။

အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါးရှိမည် ထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်များသာမက မုတ်ဆိတ်မွေးများပါ ဖွေးဖွေးဖြူနေပြီ ဖြစ်လေသည်။

သို့တိုင် သူ၏မျက်လုံးများကား အဘိုးအိုတစ်ယောက်ကဲ့သို့ ရီဝေမနေဘဲ အသက်အရွယ်နှင့်မလိုက်အောင် အရောင်တဖိတ်ဖိတ် တောက်ပြောင်နေလေသည်။

သူ၏လက်ထဲတွင် ကိုင်ထားသော ဓားကလည်း ဝင်းလက် တောက်ပြောင်နေသည်။

သူ၏လက်ထဲမှဓားသည် သုံးပေခန့်အရှည်ရှိသော နှစ်ဖက် သွားဓား ဖြစ်သည်။

ဓားရောင် ဝင်းလက်တောက်ပြောင်နေခြင်းကြောင့် ဓားကောင်း တစ်လက်ဖြစ်ကြောင်း ပေါ်လွင်နေသည်။

ကျင်းစန်းနှင့်ကောင်းဂူတို့ကလည်း ကြားဝင်ဟန့်တားလာသူ ကို ကြည့်လိုက်ကြလေသည်။

ကူးလျှံသည် အံ့သြတကြီးဖြစ်နေရာမှ လှုပ်လှုပ်ရှားရှား ဖြစ် လာလေသည်။

သူမ ပါးစပ်အဟောင်းသား ဖြစ်နေရာမှ ဗလုံးဗထွေးခေါ်သံ ထွက်ပေါ်လာလေသည်။

"ဖေဖေ ..."

ရောက်လာသည့် အဘိုးအိုကား ဤနေရာ၏အရှင်သခင် ကူး ဖန်း ဖြစ်နေပါတော့သည်။



ဘယ်သူ့ကိုမျှမကြောက်သော ကူးလျှံသည် ဖခင်ကြီးကူးဖန်း ကိုတော့ ကြောက်ရွံ့လေသည်။

ဤခြံဝင်းထဲမှ လူအားလုံးသည် ကူးဖန်းအား ကြောက်ရွံ့ရိုသေ ကြရသည် မဟုတ်ပါလား။

ကျင်းစန်းသည် ကူးလျှံ၏ခေါ်သံ မကြားရမီကပင် ထိုအဘိုး အိုသည် မြေလတ်ပိုင်းမှ ပြိုင်စံရှားသိုင်းသမားဘွဲ့ရ ကူးဖန်းဖြစ်ရ မည်ဟု နားလည်ထားပြီး ဖြစ်လေသည်။

အကြောင်းမှာ ကူးလျှံက သူသေကိုယ်သေ တိုက်ခိုက်လာသော အခါ သူမ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်း ထန်လာလေသည်။

ကျင်းစန်းသည် ကူးလျှံ၏တိုက်ကွက်ကို ဟန့်တားနိုင်ရန် ပြင်းထန်သောတိုက်ကွက်များကို မတတ်သာဘဲ ဖော်ထုတ်လိုက်ရ လေသည်။

သူနှင့် ကူးလျှံ၏ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန် သော တိုက်ကွက်များကို ဟန့်တားနိုင်သူမှာ ထိပ်တန်းသိုင်းပညာ အဆင့် ရှိရမည် ဖြစ်လေသည်။

ထိုသို့ ဆင်ခြင်ထားမိခြင်းကြောင့်လည်း ဟန့်တားလာသူမှာ ကူးဖန်းဖြစ်မည်ဟု ကျင်းစန်း ရိပ်မိလိုက်ခြင်း ဖြစ်လေသည်။

ကူးဖန်းက ကျင်းစန်းနှင့် ကောင်းဂူတို့အား အမှုမထားဘဲ ကူးလျှံကို စိုက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးရဲ့ဓားကို ဖေဖေ ဘာကြောင့်ချိုးပစ်လိုက်ရသလဲဆိုတာ သမီး သိသလား"

ဓားနှစ်လက် ဆုံတွေ့မိသည်နှင့် ကူးလျှံ၏ဓားထိပ်ဖျားပိုင်း ကျိုးသွားခဲ့သည် မဟုတ်ပါလား။

ကူးလျှံသည် ဖခင်၏မေးခွန်းကိုမဖြေနိုင်အောင် ဖြစ်နေလေ တော့သည်။

ကူးဖန်းက ...

"သမီးဟာ ငါးနှစ်သမီးအရွယ်ကစပြီး ဓားသိုင်းပညာ သင်ယူ ခဲ့ရတယ်၊ ဒါပေမယ့် သမီးရဲ့ပါရမီဓာတ်ခံ အားနည်းနေတာကြောင့် ဖေဖေရဲ့ဓားပညာကို ဆုံးခန်းတိုင်အောင် မရနိုင်ခဲ့ဘူး"

ကျင်းစန်းနှင့် ကောင်းဝူတို့သည် ကူးဖန်း၏စကားကို စိတ်ဝင် စားစွာ နားထောင်နေကြလေသည်။

ကူးဖန်းက ဆက်ပြောသည်။

"သမီးဟာ ဖေဖေ့ရဲ့ဓားပညာကို အပြည့်အဝမရခဲ့ဘူးဆိုပေ မယ့် သမီးရထားသလောက်နဲ့တင် ထက်မြက်နေပါပြီ၊ အတွေ့အကြုံ ဗဟုသုတလည်း သမီးမှာရှိနေပြီ၊ အခု သမီးတို့ယှဉ်ပြိုင်ပွဲမှာ တစ် ဖက်လူဟာ သမီးကို တမင်အလျှော့ပေးပြီး တိုက်ခိုက်နေတယ်ဆို တာ သမီး သိဖို့ကောင်းတာပေါ့"

"ရှင် ..."

"ဓားပညာနဲ့ပတ်သက်ပြီး သမီး သင်ယူနားလည်ထားတဲ့



အတွေ့အကြုံ ဗဟုသုတလည်းရှိတော့ တစ်ဖက်လူရဲ့ အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ အကဲခတ်နိုင်စွမ်း ရှိရမှာပေါ့"

ကူးလျှံသည် ဖခင်ကြီးအား မယုံနိုင်စွာ ကြည့်လိုက်လေသည်။

ကူးဖန်းက ...

"တစ်ဖက်လူက တမင်အလျှော့ပေးထားပါလျက်နဲ့ သမီးက အတင်းလိုက်ပြီး တိုက်ခိုက်နေတာ မရှက်ဘူးလား"

ကူးလျှံက ...

"သူနဲ့ကျွန်မ သိကျွမ်းရင်းနှီးကြတာလည်း မဟုတ်ဘူး၊ အခုမှ တွေ့ဖူးမြင်ဖူးကြတာ၊ ဖေဖေပြောသလို တမင်အလျှော့ပေးတယ်ဆို တာ ဖြစ်နိုင်ပါ့မလား"

ကူးဖန်းက ...

"မင်း အတွန့်မတက်နဲ့၊ သူက လျှော့မပေးဘဲနဲ့ ငါက အလျှော့ပေးတယ်လို့ ပြောမလား"

ဟု ငေါက်လိုက်လေသည်။

ကူးလျှံ မျက်နှာပျက်သွား၏။

ဖခင်ကြီးက ငေါက်နေသည့်တိုင် သူမ ခံပြင်းနေမိသဖြင့် ...

"သူက ဘာကြောင့် ကျွန်မကိုအလျှော့ပေးရတာလဲ"

ဟု အတွန့်တက်လိုက်ပြန်သည်။

ကျင်းစန်းသည် ကူးဖန်းတို့သားအဖ ပြောဆိုနေကြသည်ကို ကြည့်ပြီး ရင်ထဲမှ တီးတိုးရေရွတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း … ဒီပုံစံမျိုးနဲ့ ကောင်းဂုနဲ့ ဘယ်လိုလုပ်ပြီး တည့်နိုင် တော့မှာလဲ၊ အမြဲ တကျက်ကျက်ဖြစ်နေတော့မှာပေါ့၊ ကောင်း နားခံသာမှာလည်း မဟုတ်ဘူး၊ စိတ်ရှည်မှာလည်း မဟုတ်ဘူး"

ကူးဖန်း နှာခေါင်းရှုံ့လိုက်သည်။

"အေး … မသိရင် မှတ်ထား၊ မင်းကို အလျှော့ပေးနေတာ မင်းယောက်ျားရဲ့မျက်နှာကြောင့် မင်းယောက်ျားကို အားနာလို့၊ သူ့ မှာ မင်း ခွက်ခွက်လန်ရှုံးသွားအောင်လုပ်လို့ ကောင်းပါ့မလား"

မလှမ်းမကမ်းမှ ကောင်းရုံက ရှေ့တိုးလာသည်။

"ဘိုးဘိုး … သူက …"

တစ်စုံတစ်ခု ဝင်ပြောရန် ဟန်ပြင်လိုက်လေသည်။

ကူးဖန်းက မျက်နှာထား တင်းတင်းဖြင့် အော်ငေါက်လိုက် သည်။

"တိတ်စမ်း … ငါ့ရှေ့မှာလာပြီး ကုန်းချောကုန်းတိုက်စကား တွေ လာပြောမနေနဲ့၊ ဒါမျိုးတွေ ငါ မကြိုက်ဘူး၊ မင်းအမေ မင်းကို အလိုလိုက်မှာ၊ ငါကတော့ အလိုမလိုက်နိုင်ဘူး၊ ဒီနေရာ မင်းဘာမှ ဝင်ပြောစရာမလိုဘူး၊ ကလေးက ကလေးဘာသာ နေစမ်း"

ကောင်းရုံလည်း တစ်ချက်တည်း ငြိမ်သွားလေတော့သည်၊

မိခင်ကြီးကူးလျှံအနီးသို့ ကပ်သွားကာ ခပ်ကုပ်ကုပ်လေး နေလိုက်လေတော့သည်။

ကောင်းရုံမှာ အဘိုးဖြစ်သူကို အလွန်ကြောက်ရွံ့ပုံ ရလေသည်



ကျင်းစန်း စိတ်ထဲမှကြိတ်၍ ပြုံးလိုက်သည်။

"ဒီကောင်လေးမှာ ကြောက်ရမယ့်လူတစ်ယောက် ရှိနေတာ တော်သေးတာပေါ့၊ ဒါမှမဟုတ်ရင် သူ့အမေအလိုလိုက်တာနဲ့ မြင်းကို ချိုတပ်ပေးသလိုဖြစ်နေမှာ အမှန်ပဲ"

ကူးလျှံသည် ကောင်းရုံလက်ကို ဆွဲထားလိုက်သည်။

"ဖေဖေကလည်း သားကငယ်ပါသေးတယ်၊ သူ့ကို ဒီလောက် လည်း ဆူပူကြိမ်းမောင်းမနေပါနဲ့ ဖေဖေရယ်"

ဟုလည်း အကာအကွယ်ပေးလိုက်သေးသည်။

ကူးဖန်းက ကူးလျှံကိုပါ မာန်မဲလိုက်လေသည်။

"ဘာ ကလေးအရွယ်လဲ၊ ဒီကောင်ဟာ လူပျိုပေါက်တောင် ဖြစ်နေပြီ၊ နင် သူ့ကို ကြပ်ကြပ်အလိုလိုက်၊ တစ်နေ့ ဒုက္ခရောက် လိမ့်မယ်"

"သမီးက …"

"ငါ့ကို ဘာမှမပြောနဲ့၊ နင်အလိုလိုက်ထားတာ လွန်လွန်းနေ ပြီ၊ သားသမီးကို ချစ်ရာမရောက်တော့ဘဲ နှစ်ရာရောက်နေပြီဆိုတာ ဆင်ခြင်ဦး"

ကူးဖန်းကား ပြတ်သားသူ ဖြစ်လေသည်။

အချက်ကျကျ ဒိုးခနဲ ဒေါက်ခနဲ ပြောတတ်သူလည်း ဖြစ် သည်။

တစ်မိသားစုလုံးအပေါ်၌ သြဇာရှိသူလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကူးလျှံသည် ကောင်းဝှနှင့် မျက်နှာစိမ်း ကျင်းစန်းတို့ရှေ့
ဆူပူမာန်မဲခြင်းခံရသဖြင့် မျက်နှာကြီးမည်းမှောင်သွားလေသည်။

သို့သော် ဖခင်ကြီးကို ခံမပြောဝံ့ဘဲ ပါးစပ်ပိတ်ထားလိုက်ရ
လေတော့သည်။

ကူးဖန်းသည် ကူးလျှံနှင့်ကောင်းရုံတို့ကို ဆုံးမပြီးမှ ကောင်းဝှ
ဘက်သို့ လှည့်လိုက်သည်။

ကျင်းစန်းကို ညွှန်ပြကာ မေးလိုက်သည်။

"သူက မင်းရဲ့ မိတ်ဆွေလား"

ကောင်းဝှ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

ကျင်းစန်းကလည်း လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ဂါရဝပြု
လိုက်လေသည်။

"ဦးဟာ မြေလတ်ပိုင်း ပြိုင်ပွဲရှားသိုင်းသမားဘွဲ့ထူးရတဲ့ ဆရာ
ကြီးကူးဖန်းပဲ မဟုတ်ပါလားခင်ဗျာ၊ ကျွန်တော် ဂါရဝပြုပါတယ်"

ကူးဖန်းမှာ ခက်ထန်မာကျောသောအသွင် မရှိတော့ပါ။

အလွန် သဘောမနောကောင်းသူတစ်ယောက်အသွင် ပြောင်း
လဲသွားပြီ ဖြစ်သည်။

ကျင်းစန်းအား ရင်းရင်းနှီးနှီး ပြန်ပြောလိုက်လေသည်။

"ဟာ ... ဒီနာမည်က အင်မတန်ကြီးကျယ်လွန်းပါတယ်၊ ကျုပ်
က ဒီလောက်လည်း မဟုတ်သေးပါဘူး၊ မြေလတ်ပိုင်းက ကျုပ်



...က်ဆွေတွေက လိုတာထက်ပိုပြီး ချီးမြှင့်ထားတဲ့ ဘွဲ့ထူးပါဗျာ၊
...ျပ် ခုနကမြင်လိုက်တဲ့ မင်းရဲ့ဓားသိုင်းဟာ လျှပ်လက်သလို အင်
...တန်သွက်လက်ပြီး ထိရောက်မှုရှိတာနဲ့အမျှ အဆင့်အတန်းလည်း
...မြင့်မားလှပါတယ်"

ကူးဖန်းသည် ကိုယ့်ကိုယ်ကိုနှိမ့်ချပြီး ကျင်းစန်းအား ချီးကျူး
လိုက်ခြင်း ဖြစ်လေသည်။

ကျင်းစန်းကလည်း ထပ်မံဂါရဝပြုလိုက်လေသည်။

"ကျွန်တော့်သိုင်းကွက်တွေဟာ ဦးအတွက် ရယ်စရာမဖြစ်ဘူး
ဆိုရင် ဝမ်းသာဂုဏ်ယူစရာပါပဲ ခင်ဗျာ"

ကူးဖန်းက ...

"အို ... ဘယ်ကရယ်စရာဖြစ်ရမှာလဲ၊ မင်းကိုယ်မင်း ဒီလောက်
အောင် နှိမ့်ချစရာမလိုပါဘူးလေ၊ မင်းက ဝဲဘက်လက်နဲ့ ဓားကိုင်
အားပုံထောက်ရင် ခုတလော သိုင်းလောကမှာ တစ်ဟုန်ထိုး နာမည်
ကျော်ကြားလာတဲ့ လက်ဝဲဓားသမားကျင်းစန်းပဲ ဖြစ်မယ်ထင်တယ်"

ကောင်းဝှက ကြားဝင် အဖြေပေးလိုက်သည်။

"ဒါ အမှန်ပါပဲ ခင်ဗျာ၊ သူဟာ လက်ဝဲဓားသမားကျင်းစန်း
ဖြစ်ပါတယ်"

ကူးဖန်း သဘောကျစွာ ရယ်မောလိုက်လေသည်။

"ငါထင်တဲ့အတိုင်းပဲ၊ မင်းဟာ လက်ဝဲဓားကျင်းစန်း ဖြစ်နေ
တာကိုး၊ ဒါကြောင့် မင်းရဲ့ဓားသိုင်း ဒီလောက်တောင် ထက်မြက်နေ

www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ထူးချွန်အောင်မြင်တဲ့ မင်းအတွက် ဝမ်းသာ ဂုဏ်ယူပါတယ်ကွာ"

ကူးလျှံသည် ကောင်းဝူနှင့်ပါလာသူမှာ ယခုတလော သိုင်းလောက၌ နာမည်အကြီးဆုံး လက်ဝဲဓားသမား ကျင်းစန်းဖြစ်နေသည်ကို သိလိုက်ရသဖြင့် မယုံနိုင်အောင် ဖြစ်သွား၏။

သူမသည် ခင်ပွန်းသည် ကောင်းဝူအား သိုင်းပညာနှင့် ပတ်သက်၍ အမြဲတမ်း အထင်သေးခဲ့လေသည်။

ကောင်းဝူက လျှမ်းလျှမ်းတောက်ကျော်ကြားလာသော လက်ဝဲဓား ကျင်းစန်းကဲ့သို့ လူစားမျိုးနှင့် မိတ်ဆွေဖြစ်နေမည်ဟု အိမ်မက်ပင် မမက်ဘူးချေ။

ကျင်းစန်းမှာ မည်သူမည်ဝါဖြစ်ကြောင်း သိသွားပြီးနောက် သူမ စိတ်လျော့လိုက်သည်။

"မင်းရဲ့အကြောင်းကို သိုင်းလောကမှာ လူတိုင်းလိုလိုက ပြောနေကြတော့ မင်းရဲ့သတင်းကို ကြားကတည်းက ကျုပ်ကလည်း မင်းကိုတွေ့ချင်နေတာ"

ကျင်းစန်းက ကောင်းဝူကို လှမ်းကြည့်လိုက်သည်။

ကူးဖန်းသည် အလွန်ရိုးသားပွင့်လင်းပြီး တိကျပြတ်သားသူ ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သူအသွင်မျိုး ရှိသော်လည်း သတိထား၍ ဆက်ဆံရမည့်သူဖြစ်ကြောင်း ကျင်းစန်း နားလည်ထားလေသည်။

ကူးဖန်းက ဆက်ပြောပြန်သည်။



ကျင်းစန်း၏သဘောထားကို မေးလိုက်ခြင်း ဖြစ်လေသည်။

"ဒါနဲ့ မင်းက ကျုပ်နဲ့သိုင်းကွက်နည်းနည်းလောက် အသုံးပြုပြီး လက်ရည်စမ်းမကြည့်ချင်ဘူးလား"

ကောင်းဝူ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

သမီးပြီးတော့ ဖခင်က တစ်စခန်းထလာသည့် သဘောမျိုးဖြစ်နေသည် မဟုတ်ပါလား။

ကျင်းစန်း ပြုံးလိုက်သည်။

"ကျွန်တော် ဆရာကြီးကို မှန်တဲ့စကားတစ်ခွန်း ပြောပါရစေ"

"ပြောပါ ... ပြောပါ၊ ဘာစကားများလဲ"

"ဟိုတစ်ချိန်ကတော့ ကျွန်တော်ဟာ ဆရာကြီးနဲ့ လက်ရည်စမ်းကြည့်ချင်စိတ်ရှိခဲ့တာ အမှန်ပါပဲ၊ ကျွန်တော် ဝန်ခံပါတယ်၊ သိမ်ညာပြောတာ မဟုတ်ပါဘူး"

ဟိုတစ်ချိန်ကပင် လက်ရည်စမ်းကြည့်လိုစိတ် ရှိသည်ဆိုလျှင် ယခုကော မည်သို့ရှိမည်နည်း။

ကောင်းဝူက ကျင်းစန်းအား မျက်လုံးပြူးကာ ကြည့်လိုက်မိလေသည်။

"ဟား ... ဟား ... ဟား"

ကူးဖန်းက ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

ကျင်းစန်း၏စကားကို သဘောကျသလို ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း … မင်းက ငါ့ကိုယှဉ်ချင်တဲ့စိတ် ရှိခဲ့တယ်ဆိုတော့ ကောင်းဝှလိုနေမှာပေါ့"

ကောင်းဝှသည် ကူးဖန်း၏ကျော်ကြားမှုကြောင့် လာရောက်ယှဉ်ပြိုင်ခဲ့လေသည်။

ကူးဖန်းအား မယှဉ်နိုင်ဘဲ ရှုံးနိမ့်သွားခဲ့သည်။

သို့သော် ကူးဖန်းသည် ကောင်းဝှကို သဘောကျကာ သမီးဖြစ်သူနှင့် ပေးစားခဲ့လေသည်။

"မင်းတို့တွေရဲ့ စိတ်နေသဘောထားကို ငါ နားလည်ပါတယ်၊ ဒါပေမယ့် ငါ့မှာ နောက်ထပ်ပေးစားဖို့ သမီးမရှိတော့လို့ မင်း လာမပြိုင်ခဲ့တာပဲ တော်သေးတာပေါ့"

ကူးဖန်းသည် ကောင်းဝှအား လှမ်းမေးလိုက်သည်။

'နေပါဦး … မင်းက သူနဲ့ ဘယ်တုန်းက သိကျွမ်းခဲ့တာလဲ၊ မင်းတို့နှစ်ယောက် သိကျွမ်းနေကြတဲ့အကြောင်း ငါ့ကို တစ်ခါမှလည်း မပြောဘူးပါလားကွ"

ကောင်းဝှက အမှန်အတိုင်းပြောလိုက်သည်။

"ကျွန်တော် မပြောတာက သူနဲ့ကျွန်တော်သိကျွမ်းခဲ့တာ နှစ်ရက်ပဲရှိသေးလို့ပါ"

ကူးဖန်း မျက်မှောင်ကြုတ်သွား၏။

"နှစ်ရက်ပဲရှိသေးတယ် ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"



"မင်းတို့သိကျွမ်းတာ နှစ်ရက်ပဲရှိသေးတယ်ဆိုပြီး တကယ့်ကို နှစ်ပေါင်းများစွာ လက်တွဲလာခဲ့ကြတဲ့ သွေးသောက်ညီအစ်ကိုတွေလို ရင်းရင်းနှီးနှီး ရှိနေကြပါလား"

ကူးဖန်းက ဦးခေါင်းတဆတ်ဆတ်ညိတ်ပြီး စကားဆက်လိုက်သည်။

"သိုင်းလောကမှာ ဒီလိုအဖြစ်အပျက်မျိုးတွေလည်း ရှိခဲ့ဖူးတော့ သိပ်ပြီးမဆန်းပါဘူး၊ ဒါပေမယ့် သိကျွမ်းတာမကြာသေးဘဲ တကယ့် မိတ်ဆွေရင်းချာတွေလို ဖြစ်သွားကြဖို့ဆိုတာ တွေ့ခါစမှာ အတောက်ကဆဖြစ်ကြပြီးမှ တယောက်အကြောင်းတစ်ယောက် သိသွားလို့ဆိုတဲ့ပုံစံမျိုးက များတယ်၊ မင်းတို့ကော ဒီလိုပဲလား"

ကောင်းဝှ ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုပုံစံမျိုး မဟုတ်ပါဘူး"

ကူးဖန်းက …

"ဒါမျိုးမဟုတ်ရင် ဘယ်လိုမျိုးလဲ"

ကောင်းဝှက …

"ရီလုံနဲ့ပတ်သက်ပြီး သိကျွမ်းရင်းနှီးခဲ့ကြတာပါ"

ရီလုံဆိုသောအမည်ကြောင့် ကူးဖန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ဘယ်က ရီလုံလဲ၊ နာမည်ကြီး ဓားပြဗိုလ်ကြီးရီလုံကို ပြောတာတော့ မဟုတ်ပါဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ပြောတာပါ"

"ဟော ..."

ကူးဖန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ကောင်းစုက ရီလုံနှင့်ပတ်သက်ခဲ့သည့် ကိစ္စများကို ရှင်းလင်း ပြောပြလိုက်လေသည်။

✤ ✤ ✤



## ပထမသားကောင်

ကောင်းစုသည် ရီလုံအား သုတ်သင်ရှင်းလင်းရင်း ကြုံတွေ့ခဲ့သော အဖြစ်အပျက်များကို အစအဆုံး ပြောပြလိုက်လေသည်။

ကူးဖန်း၊ ကူးလျှံနှင့် ကောင်းရုံတို့ ငြိမ်နေကြသည်။

ကောင်းစု၏စကား ဆုံးသွားတော့မှ ကူးဖန်းက ရှည်လျားသော ဆိတ်မွေးများကို လက်ဖြင့်စမ်းသပ်ကာ တွေးတောစဉ်းစားရင်း လိုက်လေသည်။

"အင်း ... ဒီအတိုင်းသာဆိုရင် ကလေးတွေအတွက် နည်း လောက်တော့ ဂရုစိုက်ပြီး သတိဝီရိယရှိဖို့လိုလိမ့်မယ်၊ သူတို့ ပိုးဟပ်ရဲ့လုပ်ကြံမှုကို ခံကာကွယ်နိုင်တဲ့အရည်အချင်း မရှိဘူး"

ရီလုံသေဆုံးသွားခြင်းကြောင့် ပိုးဟပ်က လက်စားချေတော့မည် လေသည်။

ယုကျင်းတို့လူစု ခံလိုက်ရခြင်းကြောင့် ပိုးဟပ်မှာ အသွန် တ်စရာကောင်းသူဖြစ်ကြောင်း ထင်ရှားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ကူးဖန်းက ချင့်ချင့်ချိန်ချိန် ပြောလိုက်ခြင်း ဖြစ်လေသည်။

ကူးလျှံကား စိတ်ဆိုးမာန်ဆိုး ဖြစ်သွားလေသည်။

"ကျွန်မသားသမီးတွေသာ တစ်ခုခုဖြစ်ကြည့်ပါလား၊ ပိုးဟာ ဆိုတဲ့လူကို နုပ်နုပ်စဉ်းပစ်မယ်"

သူမသည် အမြဲတမ်း ဒေါနှင့်မောနှင့်ဖြစ်နေသည်။

ကျင်းစန်းသည် ကောင်းဝူတို့အားနာမိသော်လည်း ကူးလျှံ သဘောမကျနိုင်အောင် ဖြစ်လာလေသည်။

ဒေါသကြီးသော ကူးလျှံမှာ အရွယ်တင်ပြီး ချောမောလှပသော အမျိုးသမီးကြီးတစ်ယောက် ဖြစ်လေသည်။

သူမ ၏မျက်လုံးများသည် ဂဏှာမငြိမ်သဖြင့် ရမ္မက်ကြီး တစ်ယောက်ဖြစ်ရမည်ဟုလည်း ဆင်ခြင်မိ၍ ဖြစ်သည်။

"ကောင်းဝူဟာ ကူးဖန်းကိုမလွန်ဆန်နိုင်လို့သာ ကူးလျှံကို လက်ထပ်လိုက်ရတာပဲဖြစ်မယ်၊ ကူးလျှံဟာ ဘယ်နည်းနဲ့မှ အိမ်ရှင်မ ကောင်းတစ်ယောက် ဖြစ်လာနိုင်မှာ မဟုတ်ဘူး"

ကူးလျှံနှင့် ပတ်သက်ပြီး ထိုသို့သုံးသပ်ထားလေတော့သည်။

ကူးဖန်းက သမီးဖြစ်သူ ဒေါသကြီးနေပုံကိုကြည့်ပြီး မဲပြုံးပြုံး လိုက်လေသည်။

"အေး ... သူများက လက်ဦးပြီးတော့မှ မင်း ဒေါသတကြီး နုပ်နုပ်စဉ်းပစ်ချင်တယ်ဆိုရင်လည်း နောက်ကျနေ ..."



တွေအသက်ပြန်ရှင်လာကြတော့မှာ မဟုတ်ဘူး၊ ဒါကြောင့် မိုးလွန်မှ ထွန်ချမယ့်အစား ကြိုကြိုတင်တင်နဲ့ အားလုံးကိုသတိရှိပြီး အသင့် ဖြစ်နေကြဖို့ လိုလိမ့်မယ်"

အန္တရာယ်ဖြစ်ပြီးမှထက် မဖြစ်ခင်က ကြိုတင်ကာကွယ် တား ဆီးထားခြင်းက အကောင်းဆုံးဟု ကျင်းစန်းနှင့်ကောင်းဝူတို့လည်း နားလည်ထားကြလေသည်။

ကူးလျှံသည် ဖခင်ကြီးက ဆူပူကြိမ်းမောင်းလိုက်သဖြင့် သူမ နိုင်သော ကောင်းဝူဘက်သို့လှည့်ကာ မာန်မဲလိုက်သည်။

"ရှင်ဟာ တော်တော်မကောင်းတဲ့လူပဲ၊ ကိုယ့်ပြဿနာကို ကိုယ့်ဘာသာ တစ်ခါတည်း အပြတ်မရှင်းဘဲ အိမ်အထိသယ်လာခဲ့ ဘာ ရှင် အသုံးမကျလို့ပေါ့"

ကောင်းဝူက ဘာမှမပြောပါ။

ကူးဖန်းက ...

"သမီး ... မင်း ဘယ်လိုပြောလိုက်တာလဲ၊ ငါတို့အဖြူရောင် သိုင်းသမားတွေဟာ မတရားဖိနှိပ်ခံရတဲ့လူ၊ အားနည်းတဲ့လူတွေဘက် က အမြဲတမ်း ရပ်တည်ကူညီပေးရတယ်၊ မတရားမှုမှန်သမျှကို ကိုယ်ကျိုးစွန့်ပြီး ကူညီရမယ်၊ အခုကိစ္စမှာ ယုကျင်းက မင်းရဲ့ ယောက်ျားကို အကြောင်းကြားပြီး အကူအညီတောင်းခဲ့တယ်၊ မင်းရဲ့ ယောက်ျားကလည်း အဖြူရောင်သိုင်းသမားဖြစ်တဲ့အတွက် ဒုက္ခ ရောက်နေသူက အကူအညီတောင်းခံလာတဲ့အခါ မကူညီလို့ မဖြစ် ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကူးလျှံက စောဒက တက်လိုက်သည်။

"ဒါပေမယ့် သူက ကိုယ့်မိသားစုအတွက်တော့ ထည့်သွင်းစဉ်းစားခဲ့တာမှ မဟုတ်ဘဲ"

ကူးဖန်း ခေါင်းခါယမ်းလိုက်သည်။

"သူက သားသမီးတွေအတွက် မစဉ်းစားဘူးဆိုရင် ချက်ချင်းအိမ်ပြန်လာပါ့မလား၊ ကျင်းစန်းကို အကူအညီတောင်းပြီး ဒီကိုခေါ်လာပါ့မလား"

သမီးဖြစ်သူ နားလည်သဘောပေါက်စေရန် အေးအေးဆေးဆေး နားချဖျောင်းဖျနေခြင်း ဖြစ်လေသည်။

ကူးလျှံ မကျေနပ်သော်လည်း ဘာမှမပြောဘဲနေလိုက်သည်။

ကူးဖန်းက စဉ်းစဉ်းစားစားဖြင့် ဆက်ပြောလိုက်သည်။

"အခြေအနေကို သုံးသပ်ကြည့်ရင် လူကြီးတွေအတွက် ဘာမှစိုးရိမ်စရာမလိုဘူး၊ ကလေးတွေအတွက်သာ စိုးရိမ်ရတာ၊ သူတို့ကို ကာကွယ်ဖို့ နည်းလမ်းရှာကြံရလိမ့်မယ်"

ကောင်းဝူက သူ စဉ်းစားမိထားသည်ကို ပြောပြလိုက်သည်။

"ကျွန်တော့်အမြင်တော့ ပိုးဟပ်ဟာ သည်ခြံဝင်းထဲကို ဘယ်နည်းနဲ့မှ ဝင်လာရဲမှာမဟုတ်ဘူး၊ သည်တော့ ကလေးတွေကို အပြင်မထွက်စေဘဲ အိမ်မှာပဲလုံလုံခြုံခြုံ စောင့်ရှောက်ထားရင် လောလောဆယ် ဘယ်လိုအန္တရာယ်နဲ့မှ ကြုံတွေ့နိုင်စရာအကြောင်း မရှိပါဘူး"

ကူးဖန်းနှင့် ကျင်းစန်းတို့က ကောင်းဝူ ဆက်ပြောလာမည့်စကားကို စိတ်ဝင်စားစွာ နားထောင်နေလိုက်ကြသည်။



ကောင်းဝူကလည်း ဆက်ပြောလိုက်သည်။

"တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့က ပိုးဟပ်ကိုတွေ့အောင်ရှာပြီး သုတ်သင်ရှင်းလင်းပစ်ဖို့ ကြိုးစားကြရပါလိမ့်မယ်၊ ဒါဆိုရင် အားလုံး အဆင်ပြေသွားမှာပါ"

ကူးဖန်း လက်ခံလိုက်လေသည်။

"မင်းပြောတာ မဆိုးဘူး"

သူက ကျင်းစန်းကို လှမ်းပြောလိုက်သည်။

"ကျုပ်တို့က ဒီကမိတ်ဆွေကိုခေါ်ပြီး တမင်သက်သက် ဒုက္ခပေးသလိုဖြစ်နေပြီ၊ အားနာစရာကောင်းလှပါတယ်လေ"

ကျင်းစန်း ပြုံးလိုက်လေသည်။

"အို ... ဆရာကြီးကလည်း မဟုတ်တာ၊ ခုနကပဲ အဖြူရောင်သိုင်းသမားတွေအကြောင်းကို ဆရာကြီးပြောခဲ့သေးတာပဲ မဟုတ်လားဗျာ၊ ကျွန်တော် ဆရာကြီးတို့မိသားစုကို အစွမ်းကုန် ကာကွယ်ပေးသွားမှာပါ၊ ဘာမှ အားနာစရာမလိုပါဘူးဗျာ"

ကူးဖန်း ရယ်မောလိုက်လေသည်။

"သူ့ကို ထိပ်တန်းသိုင်းသမားတွေက အသင့်စောင့်ကြိုနေမယ်ဆိုတာသာ ပိုးဟပ်သိရင် ဘယ်နည်းနဲ့မှ လာရဲတော့မှာမဟုတ်ပါဘူး ဟား ... ဟား ... ဟား"

ကောင်းဝူ သက်ပြင်းချလိုက်လေသည်။

ကူးဖန်းပြောသကဲ့သို့ သူတို့က ခြံဝင်းထဲ၌ စုရုံးရောက်ရှိနေကြသဖြင့် ပိုးဟပ်လာရောက်ဒုက္ခပေးဝံ့တော့မည် မဟုတ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဝှ ယခုမှ စိတ်အေးသွားလေသည်။

ကောင်းရုံကို လှမ်းကြည့်လိုက်သည်။

တကယ်တမ်း အန္တရာယ်ရှိနိုင်သည်မှာ ကောင်းရုံတို့ ကလေးများသာ ဖြစ်လေသည်။

ပိုးဟပ်သည် ယုကျင်းတို့အား သုတ်သင်ရှင်းလင်းလိုက်ပုံကို ထောက်ချင့်ကာ သူတို့အား ဒုက္ခပေးမည်ဆိုလျှင် ကာကွယ်နိုင်မှုစွမ်းအား နည်းပါးသော ကလေးများကို အရင်ဦးဆုံး ဒုက္ခပေးလိမ့်မည် မဟုတ်ပါလား။

ထို့ကြောင့် ကလေးများအတွက် စိုးရိမ်ပူပန်နေရခြင်း ဖြစ်ပါတော့သည်။

"သားလတ်ကတော့ ဒီမှာရှိနေတယ်၊ သားကြီးနဲ့ သမီးနှစ်ယောက်ကော မတွေ့ပါလား"

ကောင်းဝှ လွှတ်ခနဲရေရွတ်လိုက်ရာ သူ၏အသံ ကျယ်လောင်သွားလေသည်။

ကူးဖန်းက ဝင်ပြောလိုက်သည်။

"မင်းကလည်း အခုမှ ဒီလောက်တောင် စိုးရိမ်မနေစမ်းပါနဲ့ ပိုးဟပ်ဟာ ခုချက်ချင်းကြီးလည်း ဒီကိုရောက်မလာနိုင်သေးပါဘူးကွာ"

ကောင်းဝှက ...

"ကျွန်တော်တို့ ပိုးဟပ်ကို အထင်သေးပြီး လျှော့တွက်ထားလို့



မပါဘူး၊ ပိုးဟပ်ဟာ ခုချက်ချင်း ရောက်လာနိုင်ပါတယ်၊ ကျွန်တော့် စိတ်ထဲမှာ တစ်မျိုးပဲ၊ ချောက်ချားနေတယ်ဆိုတာ ဝန်ခံပါတယ်"

သူ၏အသံတုန်တုန်ယင်ယင် ဖြစ်နေသည်။

ကူးဖန်းသည် ကောင်းဝှကိုကြည့်ရင်း မျက်နှာပျက်သွားသည်။

ကောင်းဝှ၏ စိုးရိမ်ပူပန်မှုသည် သူ့ထံသို့ ကူးစက်သွားသည့်အလား ဖြစ်လေသည်။

"အင်း ... မင်းပြောတဲ့စကား ကြားတာနဲ့တင် ငါတောင် အလိုမရှိသလိုဖြစ်လာပြီ၊ တကယ်ပဲ စိတ်ထဲ မသိုးမသန့်တော့ဘူး"

မျက်မှောင်ကြုတ်ကာ ဆက်ပြောလိုက်လေသည်။

"သမီးငယ်က ငါနဲ့အတူ ရှိပါတယ်၊ ဒီကိုထွက်မလာခင် နှစ်ကွက်ပြပြီး လေ့ကျင့်ခိုင်းထားခဲ့တယ်၊ သူ့အတွက်တော့ စိုးရိမ်စရာမလိုဘူး"

"သမီးကြီးက ကျွန်မနားမှာ တစ်ချိန်လုံးရှိနေခဲ့တာပဲ"

ကူးလျှကာ ဝင်ပြောသည်။

ထိုစဉ် မလှမ်းမကမ်းရှိ အဆောက်အဦးကြီးအတွင်းမှ မိန်းမသားတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရသည်။

✤ ✤ ✤

ရုတ်တရက် ထွက်ပေါ်လာသော ခြေသံများကြောင့် အားလုံ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်ကြလျှင် အဆောက်အဦးကြီးအတွင်းမှ မိန်းကလေး တစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ကြရလေသည်။

ထိုမိန်းကလေးသည် ကန္တဲ့ကလျဖြင့် လျှောက်လှမ်းလာ ကူးလျှံအား မေးလိုက်လေသည်။

"မေမေ ... သမီးကိုရှာနေတာလားဟင်"

ကူးလျှံ ခေါင်းညိတ်လိုက်သည်။

"အေး ... ဟုတ်တယ်၊ ခုချိန်ကစပြီး သမီး မေမေ့အ နေရတော့မယ်၊ မေမေ မသိအောင် ဘယ်ကိုမှမသွားရတော့ အထူးသဖြင့် ခြံဝင်းအပြင်ဘက်ကို တစ်ယောက်တည်း မသွားရ

ထိုမိန်းကလေးမှာ ကောင်းဝှ၏သမီးကြီး ကောင်းချင်း ဖြ သည်။

ကောင်းဝှက ကျင်းစန်းနှင့် မိတ်ဆက်ပေးလိုက်သည်။

"ဒါ ကျုပ်ရဲ့သမီးကြီး ကောင်းချင်းပါ၊ မောင်နှမလေးယော ထဲမှာ သူဟာ ပြောစကားကို နားမထောင်ဆုံးပေါ့"

ထိုစကားကြောင့် ကျင်းစန်း အမှတ်တမဲ့ဖြစ်ကာ ပြုံးလို လေသည်။

ကောင်းချင်းက ချက်ချင်း ပြန်ပြောလိုက်သည်။

"ဖေဖေနော် ... သမီးကို မဟုတ်တာတွေ မပြောနဲ့၊ ဒီ မနက်လုံး သမီး အမေ့အနားကမခွာဘဲ အိမ်အလုပ်တွေ ကူလုပ် နေတာပါ"



သူမသည် ကျင်းစန်းအား မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက် လေသည်။

"ဖေဖေက ကျွန်မ နားစွန်နားဖျား ကြားလိုက်ရသလိုပဲ၊ ရှင်ဟာ နာမည်ကြီးသိုင်းသမား လက်ဝဲဓားချင်းစန်း ဟုတ်လား"

ကောင်းဝှက ...

"ကြည့်ပါလား၊ စကားပြောတာ ရိုသေမှုကိုမရှိဘူး၊ ဦးလေး ကျင်းစန်းလို့ခေါ်မှပေါ့"

ကောင်းချင်း ရယ်မောလိုက်သည်။

"ဖေဖေ ဘယ်လိုပြောလိုက်တာလဲ၊ သူ့ကိုကြည့်ရတာ အသက် နှစ်ဆယ်ကျော်လောက်ပဲ ရှိဦးမယ်ထင်ရတာ၊ သူ့ကို ဦးလေးလို့ခေါ် လိုက်ရင် အသက်ကြီးတဲ့ အဘိုးကြီးတစ်ယောက်လို ဖြစ်သွားမှာပေါ့၊ ဒါမှ အားနာစရာကောင်းမှာ"

ကောင်းဝှက ...

"ဪ ... ဒီလိုလား"

သူနှင့်ကျင်းစန်းမှာ မိတ်ဆွေများဖြစ်ကြသော်လည်း ကျင်းစန်း အသက်ငယ်လေသည်။

ဝါစဉ်အရ ကောင်းချင်းသည် ဖခင်၏မိတ်ဆွေကို ဦးလေးဟု ခေါ်ရမည်ဖြစ်သော်လည်း ကျင်းစန်း၏အသက်အရွယ်ကြောင့် ဦးလေး ဟုခေါ်ခြင်းက အသက်ပိုကြီးရင့်သွားသလို ရှိပေမည်။

"ကောင်းပြီ ... သမီးက ဦးလေးလို့မခေါ်ချင်နေပါ၊ ဒါပေမယ့် ရှင်လို့ပြောမယ့်အစား အစ်ကိုကြီးလို့တော့ ခေါ်သင့်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းချင်းသည် ခန္ဓာကိုယ်လေး သိမ့်သိမ့်လှုပ်မျှ ရယ်မောလိုက်လေသည်။

"ဟင် ... ဟင်း ... မေမေပြောတာ ကောင်းလိုက်တာ၊ ကျွန်မသူ့ကို အစ်ကိုကြီးလို့ခေါ်ရမှာပေါ့၊ ဒါမှ ရိုသေလေးစားမှုရှိသလို တရင်းတနှီးရှိမှာ"

ကျင်းစန်းသည် ကောင်းချင်းကိုကြည့်ပြီး သူမသည်လည်း မိခင်ကြီးကူးလျှံကဲ့သို့ မျက်နှာများမည့်သူ တစ်ယောက်ဟု စိတ်ထဲမှ မှတ်ချက်ချလိုက်မိလေသည်။

ထိုစဉ် ကူးလျှံ၏ ခက်ထန်သောခေါ်သံ ထွက်ပေါ်လာသည်။

"ကောင်းချင်း ... မိန်းကလေးဆိုတာ ဣန္ဒြေရှိမှပေါ့၊ ဒီကိုလာခဲ့စမ်း"

"ဟုတ်ကဲ့ မေမေ ..."

ကောင်းချင်းသည် ကန့်ကလျ လျှောက်သွားလိုက်သည်။

သူမ၏မျက်နှာအမူအရာ၊ စကားသံနှင့် လှုပ်ရှားသွားလာပုံတို့သည် အလွန်မှုယာမာယာများသော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း ဖော်ပြနေပါတော့သည်။

သူမသည် မိခင်ထံသို့ လှမ်းသွားရင်းမှပင် ကျင်းစန်းအား လှမ်းပြောသွားသေး၏။

"အစ်ကိုကြီးကျင်းစန်း ဒီမှာရောက်နေမှတော့ ပိုးဟပ်ဆိုတဲ့လူကို ကျွန်မတို့ ကြောက်စရာမလိုတော့ဘူးပေါ့နော်၊ အစ်ကိုကြီးကျင်းစန်း အားလပ်တဲ့အခါ ကျွန်မကို ဓားသိုင်းသင်ပေးပါလား"



ကျင်းစန်း ပြုံးလိုက်သည်။

"မိန်းကလေးရဲ့ အဖေတစ်ယောက်လုံး ရှိနေတာပဲ၊ ကျုပ်က င်ပေးစရာလိုဦးမှာလား၊ မိန်းကလေးရဲ့အဖေဟာ ကျုပ်ထက် များ ကြီး သာလွန်အောင်မြင်ပါတယ်"

ကောင်းချင်း နှာခေါင်းရှုံ့လိုက်သည်။

"အဖေက အစ်ကိုကြီးလောက် နာမည်မကြီးပါဘူး"

ကျင်းစန်းက ...

"နောင်ကြီးကောင်းဝူက အေးအေးဆေးဆေး နေချင်လို့ပါ၊ ဘာ့ ကျုပ်ထက်ပိုပြီး နာမည်ကြီးတဲ့ မင်းရဲ့အဘိုးတစ်ယောက်လုံး နေသေးတယ် မဟုတ်လား"

ကောင်းချင်းက အဘိုးကူးဖန်အား မျက်လုံးစွေကာ တစ်ချက် ကြည့်လိုက်လေသည်။

ထို့နောက် ပခုံးလေးတစ်ချက်တွန့်ပြီး ပြောလိုက်လေသည်။

"အဘိုးက သိပ်ပြီးစည်းကမ်းကြီးတာရှင့်၊ ဒါကြောင့် အဘိုးဆီ မသင်ချင်ပါဘူး"

ကူးဖန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ကောင်းရုံနှင့် ကောင်းချင်းတို့သည် ပြောမရဆိုမရနှင့် လူကြီး လူကြီးမှန်းမသိသော ကလေးများ ဖြစ်နေကြပြီ မဟုတ်ပါလား။

ကူးဖန်းက မကျေနပ်တိုင်း သမီးဖြစ်သူကူးလျှံကို အပြစ်တင် တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကြည့်စမ်း၊ မင်း အလိုလိုက်လွန်းတော့ ကလေးတွေ ဆိုးတတ်နေကြပြီ၊ ကြာရင် အားလုံးပျက်စီးကုန်တော့မှာပဲ"

ကူးလျှံက တမင် မကြားချင်ဟန်ဆောင်နေလိုက်လေသည် ကောင်းဝှက ကြားဖြတ်မေးလိုက်သည်။

"ဒါထက် သားကြီးကော ဘယ်သွားနေသလဲ၊ သူ့ကို မတွေ့ ပါလား"

ကူးလျှံက ...

"ကျွန်မ ဘယ်သိပါ့မလဲ၊ သူ ..."

ရုတ်တရက် သူမ၏စကားက တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွား တော့သည်။

ခါတိုင်းဆိုလျှင် ကလေးများအကြောင်း ကောင်းဝှကမေး တိုင်း သူမကရှေ့မှ ကာဆီးကာဆီးလုပ်ကာ ကောင်းဝှကိုမချေ ဆက်ဆံနေကျဖြစ်သည်။

ယခုတော့ ကူးလျှံသည် ကောင်းဝှကို ဆက်မပြောတော့ ကောင်းရုံကို လှမ်းမေးလိုက်လေသည်။

"မင်းအစ်ကိုကြီးကော ဘယ်သွားနေသလဲ"

ကောင်းရုံက ...

"ခုနကပဲ အပြင်သွားမယ်ဆိုပြီး ထွက်သွားတာပါ"

ကူးလျှံ ပိုပြီးလှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ဘာပြောတယ်၊ အပြင်ထွက်သွားတယ် ဟုတ်လား"



"ဟုတ်ပါတယ် မေမေ"

"သူ ဘာသွားလုပ်တာလဲ"

"ဒါတော့ ကျွန်တော် မသိဘူး၊ ထုံးစံအတိုင်း အပျင်းပြေ ဒီနားလျှောက်တာ ဖြစ်မှာပေါ့"

"နေပါဦး ... သူအိမ်မှာမရှိတာ သေချာတယ်နော်၊ ပြန်လာတာ မမြင်ဘူးလား"

ကောင်းရုံ ခေါင်းခါယမ်းလိုက်သည်။

"ပြန်လာတာတော့ မတွေ့သေးပါဘူး"

မိခင်ကြီး စိတ်သက်သာအောင် ဆက်ပြောလိုက်သည်။

"ပိုးဟပ်ဆိုတဲ့လူဟာ ဒီလောက် မြန်မြန်ဆန်ဆန်ကြီးတော့ လာမှာ မဟုတ်ပါဘူး၊ နောင်ပြီး အစ်ကိုကြီးကို ဘယ်သူ့သား တာ ရုတ်တရက် မသိနိုင်ပါဘူး၊ ဘာမှ မစိုးရိမ်ပါနဲ့ မေမေ"

ကူးလျှံက ...

"ဘာပဲဖြစ်ဖြစ် မျက်စိအောက်မှာ မရှိရင်တော့ စိတ်ပူရမှာပဲ"

သူမသည် နိုင်ဖတ်ဖြစ်သော ကောင်းဝှကို လှမ်းပြီး အပြစ်တင် လေသည်။

"ဒါတွေဟာ ရှင့်ကြောင့်ဖြစ်ရတာ၊ ရှင်ယူလာတဲ့ပြဿနာပဲ၊ ာ ဘာမှ အသုံးမကျ ..."

သူမ၏စကားမဆုံးမီ ကူးဖန်းက ကြားဝင်ဟန့်တားလိုက်၏။

"သမီး ... ဖေဖေ ဘယ်နှစ်ခါပြောရမလဲ၊ တော်တော့ ... ကြောင်းကို နောက်ထပ်မပြောနဲ့တော့"

www.burmeseclassic.com

www.burmeseclassic.com



အတွန့်မတက်ရလျှင် မနေနိုင်သော ကူးလျှံက ...

"ဖေဖေကလည်း ကျွန်မပြောတော့မကြိုက်ဘူး၊ သူ ပြဿနာ တွေသယ်ဆောင်လာတော့ ကျွန်မသားကြီး တစ်ခုခုဖြစ်သွားရင် ဘယ် လို လုပ်မလဲ"

ကူးဖန်းက ...

"ဒါတော့ ကံတရားပေါ့"

"ရှင် ..."

"ဟုတ်တယ်လေ ... သားကြီးတစ်ခုခုဖြစ်သွားတော့ကော အ များတတ်နိုင်မှာလဲ၊ ကံစီမံကဲ့အတိုင်းပေါ့"

ကူးလျှံ မကျေမနပ်ဖြစ်သွားလေသည်။

"ဖေဖေရယ် ကံတရားဆိုတာ ..."

သူမ၏စကား တစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။

အကြောင်းမှာ ကူးဖန်း၏မျက်နှာသည် အလွန်ထူးခြားသည့် အသွင်ပြောင်းလဲသွားသည်ကို သတိပြုမိလိုက်ခြင်းကြောင့် ဖြစ်သည်။

ကူးဖန်းသည် မျက်လုံးပြူးကာ ခြံဝင်းတံခါးဆီသို့ လှမ်းကြည့် နေလေသည်။

ကူးလျှံသာမက ကျင်းစန်း၊ ကောင်းဝူတို့လည်း သတိပြုမိသွား ကြလေသည်။

ကူးဖန်းကိုကြည့်ပြီး တစ်ဖန် ကူးဖန်းကြည့်နေသည့် ခြံဝင်း တံခါးပေါက်သို့ လှမ်းကြည့်လိုက်ကြလေသည်။



ဤတွင် ခြံဝင်းတံခါးပေါက်မှ လူတစ်ယောက် ခုန်ပျံဝင်ရောက် လာသည်ကို တွေ့လိုက်ရလေတော့သည်။

✤ ✤ ✤

"ဟူး ..."

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာလေသည်။

လူတစ်ယောက်သည် ခြံဝင်းတံခါးပေါက်ကိုဖြတ်ကာ လေထဲမှ ခုန်ပျံဝင်ရောက်လာလေသည်။

ကောင်းဝူအား ဒုက္ခပေးမည့် ပိုးဟပ် ရောက်လာပြီလော။

သို့သော် ထိုလူ ဝင်ရောက်လာခြင်းသည် ကိုယ်ဖော့ပညာအသုံး ပြုကာ ခုန်ပျံဝင်ရောက်လာခြင်းမျိုး မဟုတ်ပါ။

တစ်စုံတစ်ယောက်၏ ဆွဲယူပစ်လွှင့်မှုကြောင့် ကိုးရိုးကားယား ပစ်လွှင့်လာပုံမျိုး ဖြစ်လေသည်။

ထိုလူသည် လေထဲ၌ ခြေကားယားလက်ကားယားနှင့် ပစ်လွှင့် လာပြီး ...

"ဝုန်း ..."

မြေပေါ်သို့ ခြေပစ်လက်ပစ် ပြုတ်ကျသွားလေတော့သည်။

အားလုံးသည် မြေပေါ်ကျလာသောသူကို ဝိုင်းကြည့်လိုက်ကြ လေသည်။

ထိုသူသည် မည်သူမည်ဝါဖြစ်ကြောင်း ကူးဖန်း ချက်ချင်းသိ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကူးလျှံနှင့် ကောင်းဝှတို့လည်း သိလိုက်ကြသည်။

ကူးလျှံ၏မျက်နှာ သွေးဆုတ်သလို ဖြူဖွေးသွားလေသည်။

သူမ၏အသံ ကျယ်လောင်စွာထွက်ပေါ်လာသည်။

"သားကြီး ..."

စိုးရိမ်တကြီး ခေါ်လိုက်သော အသံက ကတုန်ကယင်အက်တွဲနေလေသည်။

ကောင်းဝှ အထိတ်တလန့်ဖြင့် ရှေ့သို့ခုန်ထွက်လိုက်သည်။

ခနီးမောင်နှံ နှစ်ယောက် ဒရောသောပါးပြေးထွက်သွားကြပြီး ကူးလျှံက အရင်ရောက်သွားလေသည်။

"သားကြီး ..."

ကူးလျှံသည် မြေပေါ်မှလူကို ပွေ့ထူဖေးမလိုက်လေသည်။

ထိုလူမှာ လူငယ်လေးတစ်ယောက် ဖြစ်ပါသည်။

ဝတ်ကောင်းစားလှ ဝတ်ဆင်ထားပြီး သူ၏မျက်နှာပေါက်သည် ကူးလျှံနှင့်တူနေသည်။

မိန်းကလေးများ နှစ်သက်သဘောကျသော ရုပ်ရည်မျိုးကို ပိုင်ဆိုင်ထားသော်လည်း ယခုအချိန်၌ သူ၏မျက်နှာသည် ရေခဲရိုက်ထားသော ငါးတစ်ကောင်ပမာ ဖြူဖွေးနေလေသည်။

သူ၏ရင်ညွန့်၌ နှစ်ဖက်သွားဓားတစ်လက် ထိုးစိုက်ဝင်နေသည်ကိုလည်း တွေ့ရသည်။

သူမျက်လုံးများ ပြူးထွက်နေသော်လည်း လုံးဝ မျက်တောင်မခတ်တော့ပေ။



ထိုမျက်လုံးများက ထိတ်လန့်ခြင်း၊ အံ့သြခြင်း၊ တုန်လှုပ်ချောက်ချားခြင်းနှင့် နာကျင်မှုဝေဒနာကို မသေမီ ပြင်းပြင်းထန်ထန်ခံရခြင်း စသည်ခံစားမှုဝေဒနာအရိပ်ရိပ်ကို ထင်ဟပ်ဖော်ပြနေသကဲ့သို့ ရှိနေသည်။

ထိုလူငယ်မှာ ကောင်းဝှနှင့် ကူးလျှံတို့၏သားကြီး ကောင်းလီလေသည်။

ကူးဖန်း၏မျက်နှာ မည်းမှောင်သွား၏။

"သား ... သားကြီး ဘယ်လိုနေသလဲ"

ကောင်းဝှက ထစ်ထစ်ငေါ့ငေါ့ မေးလိုက်သည်။

ကူးလျှံ ဘာမှမပြောပါ။

ကူးဖန်းက အနီးသို့ရောက်လာပြီး ကူးလျှံ၏လက်ထဲမှ ကောင်း လီကို လွှဲပြောင်းယူကာ စစ်ဆေးကြည့်သည်။

ပြီးလျှင် ကောင်းဝှအား ခေါင်းခါယမ်းပြလိုက်လေသည်။

"ဓားက ချက်ကောင်းထိသွားတာ၊ နှလုံးထဲကိုဖောက်သွားလို့ သေသွားတာကြာပြီ"

ကောင်းလီ၏ခြေလက်များ အေးစက်တောင့်တင်းနေခြင်းက သေဆုံးခဲ့သည်မှာ အတန်ကြာပြီဖြစ်ကြောင်း ဖော်ပြနေသည်။

"ဖြစ်မှဖြစ်ရလေ သားကြီးရယ်"

ကူးလျှံ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးလိုက်လေသည်။

ကောင်းရှံကလည်း မယုံကြည်နိုင်သောလေသံဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး ... အစ်ကိုကြီးက ဘာကြောင့် ကိုယ့်ကိုယ်ကို သတ်သေသွားရတာလဲဟင်"

သူက ထိုသို့မေးလိုက်သည်မှာ အကြောင်းရှိပါသည်။

ကောင်းလီ၏ ယာဘက်လက်သည် ရင်ဝ၌စိုက်ဝင်နေသော ဓားရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားခြင်းကြောင့် ဖြစ်သည်။

ရုတ်တရက်ကြည့်လျှင် ကိုယ့်ကိုယ်ကိုသတ်သေပုံမျိုး ဖြစ်သည်။

ကူးဖန်းက ဒေါသတကြီး အော်လိုက်လေသည်။

"မင်း နားမလည်ပဲ အရမ်းမပြောနဲ့၊ သူဟာ လက်ရိုက်ချိုး ရပြီး ကိုယ့်ဓားနဲ့ကိုယ် ပြန်ထိုးခံရတာ"

ကောင်းရုံ မျက်လုံးပြူးသွားသည်။

"ဘယ်သူက အစ်ကိုကြီးကို ဒီလိုလုပ်လိုက်တာလဲ"

ကောင်းဝူက အေးတိအေးစက် ပြောလိုက်လေသည်။

"ပိုးဟာပ် ..."

ပိုးဟာပ်ဆိုသည့် အမည်ကြောင့် အားလုံး တုန်လှုပ်ချောက်ချား သွားကြလေတော့သည်။

✤ ✤ ✤



## ပိုးဟာပ် ...

ပိုးဟာပ်သည် အလွန်ရက်စက်ကြမ်းကြုတ်သော ကြေးစားလူ သတ်သမားတစ်ယောက် ဖြစ်သည်ဟု ကောင်းဝူ ပြောပြထားသဖြင့် အားလုံးသိထားကြပြီး ဖြစ်လေသည်။

ယခု ကောင်းလီသေဆုံးသွားရသည်မှာ ပိုးဟာပ်၏လက်ချက် ကြောင့်ဟု ကောင်းဝူ ပြောနေသည်။

ကောင်းချင်းက မေးလိုက်သည်။

"ပိုးဟာပ် ဟုတ်လား၊ ဖေဖေက ပိုးဟာပ်ရဲ့လက်ချက်လို့ ဘာ ကြောင့် ပြောနိုင်တာလဲဟင်"

ကောင်းဝူက ကောင်းလီ၏အလောင်းကို ညွှန်ပြလိုက်သည်။

"သားကြီးရဲ့ ဝဲဘက်လက်ကို သေသေချာချာကြည့်ပါလား"

အားလုံး ကောင်းလီ၏ဝဲဘက်လက်ကို ကြည့်လိုက်ကြသည်။

ကောင်းလီ၏ ဝဲဘက်လက်ဝါးသည် လျော့လျဲလျဲဖြစ်နေ သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ လက်ချောင်းကလေးများကြား၌ နီညိုရောင်တစ်ခုက လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။

အားလုံးကြည့်နေစဉ်မှာပင် ကောင်းလီ၏ လက်ချောင်းကလေးများကြားမှ ပိုးဟပ်တစ်ကောင် တိုးထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ပိုးဟပ်သည် မြေပေါ်ရောက်သွားပြီး ထွက်ပြေးသွားသည်။

သို့သော် ကောင်းရုံက ခြေထောက်ဖြင့်ဖိနင်းကာ သတ်ပစ်လိုက်လေသည်။

"သေလိုက်စမ်းကွာ"

ပိုးဟပ် ပြားချပ်ကာ သေဆုံးသွားလေတော့သည်။

✤ ✤ ✤



# ထောင်ချောက်

ပိုးဟပ်မှာ ကောင်းရုံ၏ လက်ချက်ကြောင့် သေဆုံးသွားပြီ ဖြစ်လေသည်။

ကောင်းဝူ သက်ပြင်းချလိုက်သည်။

"ပိုးဟပ်က လူတစ်ယောက်ကိုသတ်ပြီးရင် သူ့ရဲ့လက်ချက်မှန်းသိအောင် ပိုးဟပ်တစ်ကောင် ထားခဲ့လေ့ရှိတယ်"

ကောင်းလီအား လုပ်ကြံလိုက်သူမှာ ပိုးဟပ်ဖြစ်ကြောင်း အားလုံး သဘောပေါက်သွားကြလေသည်။

သူတို့သည် ပိုးဟပ်၏အန္တရာယ်အကြောင်း မကြာသေးမီကပင် ပြောဆိုခဲ့ကြသေး၏။

ယခုတော့ ပိုးဟပ်၏ လက်ချက်ကြောင့် ကောင်းလီ သေဆုံးသွားခဲ့ရပြီ ဖြစ်လေသည်။

ကူးဖန်းကား မျက်နှာကြီး နီမြန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အံကြိတ်ထားသကဲ့သို့ မျက်လုံးများလည်း မီးဝင်းဝင်းတောက်နေသည်။

ဒေါသချောင်းချောင်းထွက်နေကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။

ကောင်းဝူ၊ ကျွင်းစန်းနှင့်ကူးလျှံတို့သည် ကူးဖန်း၏အသွင်ကို ကြည့်ရင်း ထိတ်လန့်သွားကြလေသည်။

ကူးဖန်းက ကြုံးဝါးလိုက်သည်။

"တောက် ... ပိုးဟပ်ဆိုတဲ့ကောင်ကို တွေ့အောင်ရှာပြီး ဆုံး ရလိမ့်မယ်"

ကူးလျှံသည်လည်း သားဖြစ်သူ သေဆုံးသွားခြင်းကြောင့် ဝမ်းနည်းကြေကွဲမဆုံး ဖြစ်နေပါတော့သည်။

ကောင်းဝူလည်း မျက်နှာတစ်ခုလုံး ခက်ထန်နေသည်။

သူကလည်း လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ကာ ပြောလိုက်လေသည်။

"ပိုးဟပ်ကို ကျုပ်ကိုယ်တိုင် သတ်ပစ်မယ်"

ကူးလျှံက ဒေါသတကြီး ရန်တွေ့လိုက်လေသည်။

"ရှင် အလကားလူ၊ ဘာမှ အသုံးမကျတဲ့လူ၊ ရှင့်ကြောင့် ကျွန်မသားကြီးသေရတာ၊ အခုမှလာပြီး လေလုံးထွားမနေနဲ့၊ ရှင်က တကယ်တမ်း အစွမ်းအစရှိရင် ကျွန်မသားကြီး အခုလို အသေဆိုး သေရမှာမဟုတ်ဘူး"



ယခုတစ်ကြိမ် ကောင်းဝူသည် သူမအား အရွဲ့တိုက်စကား မပြောတော့ဘဲ ကောင်းကောင်းမွန်မွန် ပြန်ပြောလိုက်လေသည်။

"သူဟာ မင်းရဲ့သားမှန်သလို ငါ့ရဲ့သားလည်း မှန်တာပါပဲ၊ အဖေတစ်ယောက်အနေနဲ့ ငါလည်း မင်းလို ရင်ထုမနာဖြစ်မိတာပါပဲ"

"အို ... သေပြီးမှ ရင်ထုမနာဖြစ်နေတာ အပိုပဲ၊ သေတဲ့လူက ပြန်ရှင်လာမှာ မဟုတ်ဘူး၊ ရှင် အစကတည်းက ပိုးဟပ်ကိုတွေ့အောင် ရှာပြီး ရှင်းပစ်ခဲ့ပါလား၊ ခုတော့ ရှင် အသုံးမကျလို့ ကျွန်မသားကြီး သေရတာ"

ကူးလျှံက အပြစ်တင်မဆုံး ဖြစ်နေသည်။

ကောင်းဝူက ...

"ငါက မိသားစုအတွက်စိုးရိမ်လို့ အိမ်ကို ချက်ချင်းပြန်လာခဲ့တာ၊ မင်းတို့သားအမိတွေ ဖြစ်ချင်ရာဖြစ်ဆိုပြီး သဘောထားရှိရင် ပြန်တောင်လာမှာ မဟုတ်ဘူး၊ ဒီကြားထဲက ခုလိုဖြစ်သွားတာ ငါ ဘယ်လိုလုပ်တတ်နိုင်မှာလဲ"

ကူးလျှံသည် ရှေ့ဆက်အပြစ်တင်နိုင်စွမ်း မရှိတော့ဘဲ ခေါင်းငုံ့သွားလေတော့သည်။

သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များစီးကျနေသည်။

သူမသည် ခေါင်းမော့ပြီး ကောင်းဝူကို ကြည့်လိုက်သည်။

"ဒါဖြင့် ပိုးဟပ်ကို ရှင်ရအောင်ဖမ်းဆီးပြီး ကျွန်မလက်ထဲကို အပ်ရမယ်"

၄

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကူးလျှံသည် ကောင်းလီ၏အလောင်းကို ဖခင်ထံမှ လွှဲပြောင်းယူလိုက်လေသည်။

ကောင်းဝူက မွေ့ချီရန် လက်လှမ်းလိုက်သည်။

ကူးလျှံက ငြင်းဆန်လိုက်လေသည်။

"ကျွန်မသားကို ကျွန်မဘာသာ မွေ့ချီသွားနိုင်ပါတယ်၊ ရှင် မလိုပါဘူး"

ကောင်းဝူလည်း သက်ပြင်းချကာ နောက်ဆုတ်လိုက်လေသည်။

ကူးဖန်းက ကောင်းဝူအား ဖျောင်းဖျလိုက်လေသည်။

"ငါ့သား ... သူက စိတ်ထိခိုက်ပြီး ပြောချင်ရာပြောနေတာ ဂရုစိုက်မနေပါနဲ့၊ ကောင်းလီဟာ ခြံဝင်းအပြင်ဘက်မှာ ပိုးဟပ်နဲ့ တွေ့လာတာပဲဖြစ်မယ်၊ ငါတို့သွားကြည့်လိုက်ကြတာပေါ့"

"ကောင်းပါပြီ ခင်ဗျာ"

ကူးဖန်းက ကျင်းစန်းကိုလည်း လှမ်းပြောလိုက်သည်။

"ကျင်းစန်း ... မင်းလည်း ကျုပ်တို့ကို ကူညီပါဦး"

"ဟုတ်ကဲ့ ..."

ကျင်းစန်းလည်း သဘောတူလိုက်လေသည်။

ထို့နောက် သုံးယောက်သား ခြံဝင်းအပြင်ဘက်သို့ ထွက်သွားကြလေတော့သည်။

✤ ✤ ✤



"ဟူး ... ဟူး ... ဟူး"

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာလေသည်။

ကောင်းဝူ၊ ကျင်းစန်းနှင့် ကူးဖန်းတို့သည် ကိုယ်ဖော့ပညာ အသုံးပြုကာ ခြံဝင်းအပြင်ဘက်သို့ ပြေးထွက်သွားကြလေသည်။

ထိပ်တန်း သိုင်းပညာရှိကြသူများဖြစ်ရကား သူတို့၏လှုပ်ရှားမှုများက လျှပ်ပြက်သလို လျင်မြန်နေပါတော့သည်။

ကူးဖန်းနှင့် ကောင်းဝူတို့က ရှေ့ဆုံးမှ ပြေးထွက်သွားကြပြီး ကျင်းစန်းက နောက်ကလိုက်သွားခြင်း ဖြစ်သည်။

"နောင်ကြီး ... သတိထားပါ"

ကျင်းစန်းက လှမ်းပြီး သတိပေးလိုက်လေသည်။

သုံးယောက်သား ခြံဝင်းအပြင်ဘက် ရောက်ရှိသွားသည်နှင့် ရန်သူက တိုက်ခိုက်လာလေတော့သည်။

ရန်သူသည် ကောင်းလီ၏အလောင်းကို တွေ့သည်နှင့် ကောင်းဝူတို့ ခြံဝင်းအပြင်ဘက်သို့ စစ်ဆေးရန် ထွက်လာကြမည်ဖြစ်ကြောင်း ကြိုတင်ရိပ်မိထားပုံ ရှိလေသည်။

ခြံဝင်းအပြင်ဘက်၌ တိတ်တဆိတ်စောင့်ဆိုင်းနေပြီး ကောင်းဝူတို့ ထွက်လာသည်နှင့် လက်ဦးမှုရယူကာ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

"ဝှစ် ..."

အဖြူရောင်အလင်းတန်းတစ်ခုသည် ရုတ်တရက် ထွက်ပေါ်လာပြီး ကောင်းဝူ၏ရင်ဝသို့ တိုးဝင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဖော့ပညာအသုံးပြုကာ ပြေးသွားသော ကောင်းဝ့မှာ ရုတ်တရက် အနီးကပ် ဖမ်းတိုက်ခိုက်ခံလိုက်ရသောကြောင့် ရန်သူ၏ ဓားချက်မှ လွတ်မြောက်ရန် မလွယ်ကူပါချေ။

ကောင်းဝ့ မမျှော်လင့်ဘဲ အန္တရာယ်နှင့် ရင်ဆိုင်လိုက်ရခြင်း ဖြစ်လေသည်။

သို့သော် ကောင်းဝ့မှာ အတွေ့အကြုံရင့်ကျက်နေသော ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်ပါသည်။

ရှေ့ဆက်တိုးလျှင် ရန်သူ၏ဓားချက်မိသွားမည်ဖြစ်ပြီး နောက်ဆုတ်မည်ဆိုလျှင်လည်း ရန်သူ၏နောက်ထပ် ဓားချက်များက ဒုက္ခပေးလာလိမ့်မည် ဖြစ်လေသည်။

ကောင်းဝ့သည် ရှေ့လည်းမတိုး နောက်လည်းမဆုတ်ဘဲ ခန္ဓာကိုယ်တွန့်လိမ်ကာ လေထဲခုန်တက်လိုက်လေသည်။

"ဝှစ် ..."

ပြင်းထန်သောဓားချက်သည် သူ၏ခြေထောက်အောက်မှ ပွတ်ကာသီကာ ဖြတ်ကျော်သွားလေတော့သည်။

ကောင်းဝ့မှာ ပြင်းထန်သောဓားချက်မှ ပွတ်ကာသီကာ လွတ်မြောက်သွားခြင်း ဖြစ်လေသည်။

ထိုဓားချက်သည် ရှေ့ဆုံးမှပြေးလာသော ကောင်းဝ့ကိုမထိဘဲ ရှေ့ဆက်ခုတ်ချလိုက်ရာ ကောင်းဝ့၏နောက်မှ ထပ်ကြပ်မကွာလိုက်ပါလာသော ကူးဖန်းအား ဆက်၍တိုက်ခိုက်ပြီးသား ဖြစ်သွားလေသည်။



ကူးဖန်းက ရှောင်တိမ်းခြင်း မပြုပါချေ။

"ယား ..."

ညာသံတစ်ချက်ပေးကာ ယာဘက်လက်၌ အတွင်းအားစုစည်းလိုက်ပြီး လက်ညှိုးနှင့်လက်မနှစ်ချောင်းဖြင့် တိုးဝင်လာသော ဓားကို ညှပ်ကာ ဖမ်းဆီးထားလိုက်လေသည်။

ကူးဖန်း၏ ဓားဖမ်းယူပုံကို တွေ့လိုက်ရသောအခါ ကျင်းစန်း ချီးကျူးမိလိုက်လေသည်။

ကူးဖန်း၏မျက်စိလျင်မှု၊ ဖျတ်လတ်မှု၊ လက်ချောင်းလေးများ၏ သန်မာမှုကို မချီးကျူးဘဲမနေနိုင်အောင် ဖြစ်သွားလေတော့သည်။

တိုးဝင်လာသော ရန်သူ၏ဓားသည် ဓားချည်းတိုးဝင်လာခြင်း ဖြစ်သည်။

ရန်သူကို မတွေ့ရပါ။

ရန်သူသည် လူကိုယ်တိုင် ထွက်ပေါ်လာခြင်းမရှိဘဲ ဓားဖြင့် ခစ်ပေါက်တိုက်ခိုက်လိုက်ခြင်းသာ ဖြစ်လေသည်။

ကူးဖန်းသည် ဖမ်းမိထားသောဓားကို ကြည့်လိုက်ရာ ထိုဓားကို သူကောင်းစွာမှတ်မိနေပါသည်။

ကောင်းလီ၏ ဆောင်ဓားနှစ်လက်မှ တစ်လက်ဖြစ်သည်။

ကျန်တစ်လက်သည် ကောင်းလီ၏ရင်ဝ၌ ထိုးဖောက်စိုက်ဝင်ခဲ့သောဓား ဖြစ်သည်။

www.burmeseclassic.com



ကူးဖန်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

"ရန်သူဟာ ဒီအနီးတစ်ဝိုက်မှာပဲ ရှိနေလိမ့်မယ်၊ မလွတ်စေနဲ့"

အော်ပြောရင်း မြေပေါ်ခြေဆောင့်ကာ မြားတစ်စင်းပမာ ပြေး ထွက်သွားလေသည်။

လေထဲခုန်တက်သွားသော ကောင်းဝှသည် တစ်ပတ်ကျွမ်းပစ် လိုက်ပြီး သစ်ပင်တစ်ပင်ပေါ်သို့ ရောက်ရှိသွားလေသည်။

သစ်ကိုင်းတစ်ကိုင်းပေါ်ရပ်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့် လိုက်လေသည်။

ထို့နောက် ...

"ရန်သူ ဟိုဘက်မှာ ..."

ဝဲဘက်ရှိ တောအုပ်ကလေးတစ်ခုသို့ ညွှန်ပြကာ အော်ပြော လိုက်လေသည်။

တစ်ဆက်တည်းပင် ...

"ဟူး ..."

ငှက်တစ်ကောင်ပမာ ပျံဝဲကာ သစ်ပင်ပေါ်မှဆင်းလာပြီး တော အုပ်ကလေးဆီသို့ ဦးတည်ပြေးလွှားသွားလေတော့သည်။

ကျင်းစန်းနှင့် ကူးဖန်းတို့နှစ်ယောက်လည်း ကောင်းဝှနောက် သို့ ပြေးလိုက်သွားကြလေတော့သည်။

♣ ♣ ♣



ကောင်းဝှ၊ ကူးဖန်းနှင့် ကျင်းစန်းတို့သည် တောအုပ်ကလေး ရှေ့သို့ ရောက်ရှိသွားကြလေသည်။

"ခြွမ်း ..."

ကောင်းဝှသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ဓား ဆွဲထုတ်ကာ တောအုပ်ကလေးထဲသို့ တိုးဝင်လိုက်လေသည်။

ကျင်းစန်းနှင့် ကူးဖန်းတို့လည်း လိုက်သွားကြသည်။

သုံးယောက်သား မျက်စိရှင်ရှင်ထားကာ ရန်သူကိုရှာဖွေရင်း တောအုပ်ကလေးထဲသို့ ဝင်သွားကြခြင်း ဖြစ်လေသည်။

တောအုပ်ထဲ၌ သစ်ပင်ချုံနွယ်ပိတ်ပေါင်းများ ထူထပ်ပိတ်ဖုံး လျက် ရှိလေသည်။

ကူးဖန်းက ဓားတစ်လက်ဖြင့် ချုံနွယ်ပိတ်ပေါင်းများကို ခုတ် ထွင်ကာ လမ်းရှင်းလိုက်လေသည်။

သို့ဖြင့် ...

တောအုပ်အတွင်းပိုင်းသို့ ရောက်မှန်းမသိ ရောက်ရှိသွားကြ လေသည်။

တောအုပ်ထဲ၌ နေရောင်ကောင်းစွာ မရချေ။

တောရိပ် တောင်ရိပ်များက နေရောင်ခြည်ကို ကာဆီးဖုံးလွှမ်း ထားကြလေသည်။

သစ်ပင်ဝါးပင်များ ထူထပ်သောကြောင့် အမှောင်ရိပ်များဖုံး လွှမ်းထားသကဲ့သို့ ရှိနေသည်။

www.burmeseclassic.com



ထိုအပြင် တောအုပ်ထဲ၌ မြူခိုးများရစ်သိုင်းနေသည်ကို တွေ့ရလေသည်။

အလင်းရောင် မလုံလောက်ခြင်း၊ မြူခိုးများရစ်သိုင်းနေခြင်းကြောင့် ပတ်ဝန်းကျင်ကို သဲသဲကွဲကွဲ မမြင်နိုင်တော့ပါ။

အန္တရာယ်အလွန်များသော အခြေအနေနှင့် ရင်ဆိုင်လိုက်ရခြင်းဖြစ်လေသည်။

ကောင်းဝှတို့သုံးယောက်သည် မြူခိုးများကြား၌ ဖြတ်သန်းလာကြသည်မှာ မိုးသားတိမ်တိုက်များကြား၌ လွင့်ပါသွားသကဲ့သို့ ရှိနေပါသည်။

မည်သို့ဆိုစေ ကောင်းဝှတို့အား မည်သည့်အရာကမှ တားဆီး၍ ရနိုင်တော့မည် မဟုတ်ပါချေ။

သုံးယောက်သား သတိကြီးစွာထားပြီး ရှေ့ဆက်လှမ်းသွားလိုက်ကြလေသည်။

ရန်သူသည် မည်မျှပင် ကြောက်စရာကောင်းနေပါစေ သူတို့သုံးယောက် လက်တွဲတိုက်ခိုက်လိုက်လျှင် ခံနိုင်ရည်ရှိမည်မဟုတ်ဟု ယုံကြည်ထားကြလေသည်။

ဝန်းကျင်တစ်ခုလုံး အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

တောအုပ်တစ်ခုဖြစ်သော်လည်း ငှက်အော်သံ မကြားရပါ။

ပန်းကလေးများ ပွင့်လန်းနေသည်ကိုလည်း မတွေ့ရပါ။



သာယာလှပမှုအပေါင်း ကင်းမဲ့နေပြီး ချောက်ချားစရာကောင်းသော တောအုပ်တစ်ခု ဖြစ်နေပါတော့သည်။

သုံးယောက်သား ရှေ့ဆက်လှမ်းသွားကြရာ မြူခိုးများ တဖြည်းဖြည်း လျော့ပါးသွားလေသည်။

အလင်းရောင်လည်း ပြန်လည်အားကောင်းလာသည်။

ပတ်ဝန်းကျင်မှာ လင်းလင်းချင်းချင်း ဖြစ်လာသည်။

ကောင်းဝှတို့ အားတက်သွားကြလေသည်။

ယခုလို အခြေအနေမျိုး၌ ရန်သူအား ကောင်းစွာရင်ဆိုင်နိုင်လိမ့်မည် မဟုတ်ပါလား။

သိုင်းလောက၌ ဆိုရိုးစကားတစ်ခု ရှိပါသည်။

တောအုပ်ကိုရှောင်ရမည်ဟူသော ဆိုရိုးစကားဖြစ်သည်။

ကောင်းဝှတို့ကား ထိုဆောင်ပုဒ်ကို လစ်လျူရှုကာ တောအုပ်ထဲသို့ ဝင်လာခဲ့ကြပြီ ဖြစ်ပါသည်။

တောအုပ်ကို ရှောင်ခိုင်းသည်မှာ အန္တရာယ်ရှိတတ်ခြင်းကြောင့် ဖြစ်ပါသည်။

ကောင်းဝှတို့သည် တောအုပ်ထဲဝင်လာခဲ့ခြင်းကြောင့် အန္တရာယ် နှင့် ရင်ဆိုင်ရလိမ့်မည်လော . . .။

ရုတ်တရက် အရှေ့ဘက်ဝါးတစ်ရိုက်ခန့်အကွာ၌ လူရိပ်တစ်ခု ရှိနေသည်ကို တွေ့လိုက်ရသည်။

ထိုလူရိပ်သည် သစ်ပင်နှယ်ပင်ကြား၌ ရပ်နေခြင်းဖြစ်သည်။

www.burmeseclassic.com



ထိုလူ၏မျက်နှာကို ပိတ်ဖြူစတစ်ခုဖြင့် ဖုံးအုပ်ထားသည်။ တစ်ကိုယ်လုံးလည်း အဖြူရောင်ဝတ်ထားသည်။

ထိုလူသည် ကောင်းဝူတို့အား စောင့်ဆိုင်းနေသည်။

ကောင်းဝူ၊ ကျင်းစန်းနှင့် ကူးဖန်းတို့ စိတ်လှုပ်ရှားသွားသည်။

သူတို့သည် ရန်သူအား တွေ့မြင်လိုက်ရပြီ ဖြစ်လေသည်။

ပထမပိုင်း ပြီး၏

တက္ကသိုလ်ဝင်းကြွယ်

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

# ပဉ္စလက်ဆောင်းသံ

(ဒုတိယပိုင်း–ဇာတ်သိမ်း)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# လုပ်ကြံခြင်း

လေပြေယမ်းတိုက်ခတ်လာသည်။

မြူခိုးများ လွင့်မျောလာသည်။

ဝန်းကျင်တစ်ခုလုံး မှုန်ရီဝိုးတဝါး ဖြစ်သွားပြန်လေသည်။

သစ်ပင်နှစ်ပင်ကြားမှ အဖြူရောင်လူရိပ်က မလှုပ်မယှက် ရပ်နေဆဲ ...

ထိုလူသည် ကောင်းဝှတို့နှင့် ပြတ်ပြတ်သားသား ရင်ဆိုင်တော့မည့် သဘော ရှိနေသည်။

ပိုးဟပ်ဆိုသည်မှာ ထိုလူပေလော ...။

ကောင်းဝှ၊ ကျင်းစန်းနှင့် ကူးဖန်းတို့ သုံးယောက် တိုင်ပင်ထားသလို ခြေလှမ်းရပ်လိုက်ကြလေသည်။

သူတို့၏ လက်ထဲ၌ ဓားကိုယ်စီဆုပ်ကိုင်ထားကြပြီး ဖြစ်သည်။

အဖြူရောင်လူရိပ်အား တိုက်ခိုက်ရန် ဆုံးဖြတ်ထားကြပြီးဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မြှုခိုးများ ရှိနေပြီး ထိုလူငယ် မလှုပ်မယှက်ရှိနေခြင်းကြောင့် ရုတ်တရက် မတိုက်ခိုက်ဝံ့ကြသေးချေ။

ရန်သူများမှာ အလွန် ပရိယာယ်များသူ မဟုတ်ပါလား။

သူတို့သုံးယောက် ရောက်ရှိလာသည့်တိုင် မလှုပ်မယှက်ရှိနေခြင်းက ခိုင်လုံသော အကြောင်းရှိရပေမည်။

ကောင်းဝှတို့ ထိုသို့တွေးမိပြီး ရုတ်တရက် မတိုက်ခိုက်ဝံ့ကြသေးဘဲ အခြေအနေအကဲခတ်လိုက်ကြခြင်း ဖြစ်လေသည်။

ကူးဖန်းက တီးတိုးမေးလိုက်သည်။

"ဒီလူက ပိုးဟပ်လား"

ကျင်းစန်းက ...

"ကျွန်တော်လည်း ပိုးဟပ်နဲ့ တစ်ခါမှမတွေ့ဖူးသေးပါဘူး၊ ဒါကြောင့် အတပ်မပြောနိုင်ပါဘူး၊ အများသူငါ ပြောကြတဲ့ ပိုးဟပ်ဟာ ဒီလိုပုံစံမျိုးတော့ ရှိပါတယ်"

ကူးဖန်း မဲ့ပြုံးပြုံးလိုက်လေသည်။

"ဒီလူဟာ ပါးဟပ်ဖြစ်မှာပါ၊ ဒါကြောင့်မို့ ကျုပ်တို့ကို မထေ့မြင် ပြုဝံ့တာပေါ့"

ကောင်းဝှလည်း ဒေါသထွက်နေသည်။

"ဒီလူက ပိုးဟပ်ပါပဲ၊ ကျုပ်က သူ့ကိုမကြောက်သေးပါဘူး"

စကားဆုံးလျှင် လက်ထဲမှ ဓားကို တစ်ချက်ဝှေ့ယမ်းလိုက်၏။

"ဝှစ် ..."

စူးရှသော လေတိုးသံနှင့်အတူ ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာသည်။



"ဒုတ် ..."

အနီးရှိ သစ်ပင်တစ်ပင်မှ သစ်ကိုင်းတစ်ကိုင်း တိခနဲ ပြတ်ကျသွားလေသည်။

သစ်ကိုင်းသည် မြေပေါ် ဝုန်းခနဲ ပြုတ်ကျသွားလေသည်။

ကောင်းဝှက တိုက်ပွဲခေါ်သံ ပေးလိုက်ခြင်းဖြစ်ပေ၏။

သို့သော် အဖြူရောင်ဝတ်ထားသူသည် တုတ်တုတ်မျှမလှုပ်ဘဲ ထိုင်သက်နေဆဲ ...

"ကျင်းစန်း မျက်မှောင်ကြုတ်သွား၏။

ထိုလူကိုကြည့်ရင်း ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ပေါ်ခံစားလာရလေသည်။

ထို့ကြောင့် သတိထားပြီး အသံပြုလိုက်လေသည်။

"ခင်ဗျားက ပိုးဟပ်လား"

ကူးဖန်းကလည်း ...

"ငါတို့က မင်းကို ဆုံးမဖို့လာခဲ့ကြတာ၊ မင်း ဘာလုပ်နေတာ ..."

နှစ်ယောက်သား အတွင်းအားအသုံးပြုကာ ပြောလိုက်ခြင်းကြောင့် သူတို့၏အသံမှာ တောအုပ်ထဲ၌ ဟိန်းထွက်လာလေသည်။ ထိုလူကား တုတ်တုတ်မျှမလှုပ်ချေ။

ကောင်းဝှကော လူးဖန်းပါ ဒေါသထွက်လာကြလေသည်။

"ဒီကောင်က မဲမာမခန့်နဲ့ပါလား"

"ဟုတ်ပါတယ်၊ သူ့ကို ဆုံးမမှ ဖြစ်မယ်"

"ကောင်းပြီ ... ငါ့အကြောင်းသိအောင် ပြရတော့မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကူးဖန်းသည် ရှေ့တိုးရန် ဟန်ပြင်လိုက်လေသည်။

"ဆရာကြီး ခဏနေပါဦး"

ကျင်းစန်းက ဟန့်ထားလိုက်လေသည်။

"ဘာဖြစ်လို့လဲ"

"သူ့ကိုကြည့်ရတာ မသက်သာစရာကောင်းနေလို့ပါ"

ကူးဖန်း မျက်မှောင်ကြုတ်သွား၏။

"ဘယ်လို မသက်သာစရာကောင်းတာလဲ"

ကျင်းစန်း ရှင်းပြလိုက်သည်။

"သူက ကျွန်တော်တို့ကို ဒုက္ခပေးချင်ရင် တခြားနေရာမှာ ဒုက္ခပေးလို့လည်း ဖြစ်ပါတယ်၊ ဒီတောအုပ်ထဲကို မျှားခေါ်လာစရာ အကြောင်းမရှိပါဘူး"

ကူးဖန်း တွေဝေသွားလေသည်။

ကျင်းစန်းက ...

"ဒီတောထဲရောက်လာအောင် လုပ်ပြီး မတိုက်ခိုက်ဘဲ မလှုပ်မယှက် ရပ်နေတာ အကြောင်းရှိပါလိမ့်မယ်"

ကူးဖန်း ရယ်မောလိုက်သည်။

"ငါတို့သုံးယောက်စလုံး ရောက်လာတော့ ဘယ်လိုရင်ဆိုင်ရမှန်း ရုတ်တရက်တွေးလို့မရဘဲ တွေဝေနေတာဖြစ်မှာပေါ့"

ကျင်းစန်း ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော်တော့ ဒီလိုမထင်ပါဘူး"

"နေပါဦး ... မင်းက ဘယ်လိုထင်လို့လဲ"



"ကျွန်တော်တို့ကို အကောက်ကြံလိမ့်မယ်လို့ ထင်နေမိပါတယ် ခင်ဗျာ"

အပြန်အလှန် ပြောဆိုနေကြသော သူတို့၏ စကားများကို ထိုလူ မကြားဘဲနေမည်မဟုတ်ချေ။

သို့တိုင်အောင် ထိုလူက မလှုပ်မယှက်ရှိနေဆဲ ...

ကူးဖန်း ပြုံးလိုက်သည်။

"သူ အကောက်ကြံမယ်ဆိုရင်လည်း ကောင်းတာပဲ"

"ဗျာ ..."

ကျင်းစန်းသည် ကူးဖန်း၏သဘောကိုနားမလည်နိုင်ဘဲ ကြောင်အမ်းအမ်းဖြစ်သွား၏။

ကူးဖန်းက ...

"သူက ထောင်ချောက်ထင်ထားသည်ဖြစ်စေ ... အကောက်ကြံချင်လို့ဖြစ်စေ သူ့ကို တိုက်ခိုက်လိုက်ရင် ဘာဖြစ်ပေါ်လာမှာလဲ"

စကားဆုံးလျှင် ရှေ့သို့လှမ်းထွက်သွား၏။

အဖြူရောင်ဝတ်ဆင်ထားသူအား သွားရောက်တိုက်ခိုက်တော့မည် ဖြစ်လေသည်။

ကျင်းစန်းက ...

"ဆရာကြီး သတိထားပါ"

"ကျုပ်က ..."

သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်သွားလေသည်။

အကြောင်းမှာ ထူးခြားသော ခံစားချက်တစ်ခု ခံစားလိုက်ရခြင်းကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ တုတ်တုတ်မျှမလှုပ်သည်မှာ အကြောင်းရှိရမည်ဖြစ်ကြောင်း ကောင်းဝှတို့ သုံးယောက်စလုံး နားလည်ထားကြ၏။

သို့သော် မည်သို့ဖြစ်ကြောင်း ရုတ်တရက် စဉ်းစားမရကြချေ။

ကူးဖန်သည် မထူးတော့ဘဲ တိုက်ခိုက်ရန် ရှေ့တိုးသွားတော့မှ ကျင်းစန်း တစ်စုံတစ်ခုကို သတိရလိုက်သည်။

ထိုအခတ္တ ကူးဖန်းလည်း မည်သို့ဖြစ်နိုင်ကြောင်း စဉ်းစားမိလိုက်သည်။

ကျင်းစန်းနှင့် ကူးဖန်းတို့ မျက်နှာပျက်သွားကြသည်ကို မြင်လျှင် ကောင်းဝှ ကြောင်အမ်းအမ်းဖြစ်သွား၏။

"ဘာဖြစ်လို့လဲ"

ရုတ်တရက် ကူးဖန်းက အထိတ်တလန့် အော်လိုက်သည်။

"ယမ်းထုပ် ..."

ကူးဖန်းက အော်ပြောပြီးသည်နှင့် မြေပေါ်ခြေဆောင့်ကာ ခုန်ထွက်သွားလေသည်။

ကျင်းစန်းနှင့် ကောင်းဝှတို့လည်း ခုန်ထွက်သွားကြ၏။

သုံးယောက်သား အလျင်အမြန် ရှောင်တိမ်းသွားလိုက်ကြခြင်းဖြစ်သည်။

ထိုအချိန်မှာပင် ...

"ဝုန်း ...!"

အဖြူရောင်ဝတ်ဆင်ထားသူမှာ ကျယ်လောင်မြည်ဟီး ပေါက်ကွဲသွားလေတော့သည်။

✦ ✧ ✦



ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာလေသည်။

အဖြူရောင်ဝတ်ထားသူမှာ ပြင်းထန်စွာ ပေါက်ကွဲသွားကာ အနီးပတ်ဝန်းကျင်ရှိ သစ်ပင်များ၊ ချုံပုတ်များ မြေကြီးများ ဖွာခနဲ လွင့်ထွက်သွားသည်။

မီးတောက် မီးလျှံများလည်း ထွက်ပေါ်လာသည်။

အဖြူရောင်ဝတ်ထားသူ ရပ်နေခဲ့သောနေရာ၌ မြေကျင်းကြီး ဖြစ်သွားလေသည်။

အမှန်တော့ အဖြူရောင်ဝတ်ဆင်ထားသူမှာ လူတစ်ယောက် မဟုတ်ဘဲ ကောက်ရိုးဖြင့် ပြုလုပ်ထားသော အရုပ်တစ်ခုသာ ဖြစ်၏။

အပေါ်မှ အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ပေးထားခြင်းကြောင့် လူတစ်ယောက်ဟု ထင်ရခြင်းဖြစ်သည်။

ကောက်ရိုးများကြား၌ ယမ်းထုပ်များ မြှုပ်နှံထားပြီး မီးရှို့လိုက်သောအခါ ပြင်းထန်စွာ ပေါက်ကွဲသွားခြင်း ဖြစ်သည်။

ကောင်းဝှ၊ ကျင်းစန်းနှင့် ကူးဖန်းတို့သာ မိုးဟပ်ဟု ယူဆပြီး ဆင်မခြင် တိုက်ခိုက်လိုက်မည်ဆိုပါလျှင် ယမ်းထုပ်များ ပေါက်ကွဲမှုကြောင့် အရိုးအသား ရှာမရအောင် သေဆုံးသွားကြလိမ့်မည်ဖြစ်၏။

ကျင်းစန်းနှင့် ကူးဖန်းတို့သည် ယမ်းထုပ်အား မီးရှို့လိုက်သော ညှော်နံ့ကို ရှူရှိုက်မိလိုက်ကြပြီး အချိန်မီ ရှောင်တိမ်းနိုင်ခဲ့ကြခြင်း ဖြစ်လေသည်။

ကောင်းဝှတို့ ကံကောင်းထောက်မကာ အသက်ဘေးမှ လွတ်မြောက်သွားခဲ့ကြလေတော့သည်။

✦ ✧ ✦

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဝှ၊ ကျွင်းစန်းနှင့် ကူးဖန်းတို့သည် တောအုပ်အပြင် ဘက်သို့ ရောက်ရှိလာကြပြီ ဖြစ်လေသည်။

သုံးယောက်သား ပင်ပန်းနွမ်းနယ်သလို ခံစားနေကြရ၏။ ကောင်းဝှ မကျေမနပ်ဖြင့် ပြောသည်။

"ဒီကောင် တော်တော်ယုတ်မာတယ်၊ ထိပ်တိုက်ရင်မဆိုင်း လို့ အကောက်ကြံတာပဲ"

ကူးဖန်းက ...

"သူ့အကောက်ကြံနိုင်တယ်ဆိုတာ တို့သုံးယောက်စလုံး ရိုးမ နေကြတာပဲ၊ နေပါဦး ... မင်းကိုကြည့်ရတာ အတော့်ကို လေးလံနေ ကျွေးနေတာပဲ၊ ဘယ်လိုဖြစ်ရတာလဲ"

ကောင်းဝှ ဝန်ခံလိုက်လေသည်။

"ကျွန်တော့်သား သေဆုံးသွားတာကိုတွေ့တော့ ရင်ထဲမှာ ဝမ်းနည်းကြေကွဲမိပြီး ဒေါသဖြစ်နေတာနဲ့ တခြား ဘာကိုမှ မစဉ်းစား နိုင်လောက်အောင် ဖြစ်သွားခဲ့တာပါ ခင်ဗျာ"

ကူးဖန်း သက်ပြင်းချလိုက်သည်။

"မင်းဟာ ဝါရင့် သိုင်းသမားတစ်ယောက်ပဲ၊ စိတ်ကိုထိန်းနိုင် ရမှာပေါ့၊ ငါတို့က ယမ်းနံ့ရလို့ အဖြစ်မှန်ကို သိလိုက်တာတောင် မင်းက ဘာလဲလို့ မေးနေရသေးသလား၊ မိတ်ဆွေလေး ကျွင်းစန်း သာ တားဆီးမနေဘူးဆိုရင် ငါတို့စိုက်လိုက်မာန်ပါ လုပ်မိတာနဲ့ ဒုက္ခရောက်သွားလောက်ပြီ"

ကောင်းဝှ ငြိမ်နေလိုက်၏။

ကူးဖန်းက ကျွင်းစန်းအား ကျေးဇူးတင်စကားပြောလိုက်သည်။



"မောင်ရင်လေးက စဉ်းစားချင့်ချိန်နိုင်တယ်၊ စိတ်ရှည်တယ်၊ ကျုပ်တို့ မသွားရလေအောင် တစ်ချိန်လုံး သတိပေးနေခဲ့တာကို ကျေးဇူးတင်ပါတယ်ကွယ်"

ကျွင်းစန်း ပြုံးလိုက်သည်။

"ဒါဟာ ထောင်ချောက်တစ်ခု ဖြစ်မယ်ဆိုတာ ကျွန်တော် ရိပ်မိထားပါတယ်၊ ရုတ်တရက်တော့ ဘယ်လိုထောင်ချောက်ဆင်ထား တယ်ဆိုတာ စဉ်းစားလို့မရခဲ့ပါဘူး၊ ယမ်းနံ့ရလိုက်တော့မှပဲ ရှင်းရှင်း လင်းလင်း သိလိုက်ရတာပါ ခင်ဗျာ"

ကူးဖန်းက ...

"ကောက်ရိုးလူရုပ်လုပ်ပြီး ယမ်းထုပ်တွေနဲ့ ထောင်ချောက် ဆင်ဖို့ဆိုတာ ချက်ချင်း လက်ငင်း လုပ်လို့မရဘူး၊ အချိန်ယူပြီး ကြိုတင်ပြင်ဆင်ထားမှ ဖြစ်နိုင်မယ်"

သူ၏စကားမှ စိတ်ဆင်စားစရာကောင်းနေကြောင်း ကျွင်းစန်း နှင့် ကောင်းဝှတို့ နှ လည်လိုက်ကြလေသည်။

ကူးဖန်း ဆက်ပြောသည်။

"ကောက်ရိုးလူရုပ်ကို ကြိုတင်လုပ်ထားရမယ်၊ ဒီနေရာကို ကျုပ်တို့ရောက်လာအောင် မျှားခေါ်ရဦးမယ်၊ ကျုပ်တို့က ခြံဝင်းထဲက ထွက်လာမှ မျှားခေါ်လို့ရမှာ၊ ခြံဝင်းထဲကထွက်လာအောင် ဘယ်လို လုပ်မလဲ ..."

ကောင်းဝှက ...

"သားကြီးကို မလုပ်ကြံခင်ကတည်းက ဒီမှာ ကြိုတင် ထောင် ချောက်ဆင်ထားတယ်ဆိုတဲ့ သဘောများလား"

www.burmeseclassic.com

www.burmeseclassic.com



ကူးဖန်းက …

"သေချာတာပေါ့၊ ငါ အံ့ဩတာက မင်းတို့ရောက်လာတာ မကြာသေးဘူး၊ ပိုးဟပ်ရောက်လာတယ်၊ သူက မင်းတို့ထက် အရင် ရောက်လာတဲ့သဘောမျိုးတောင် ဖြစ်နေတာ"

ကောင်းဝှနှင့် ကျင်းစန်းတို့ အချင်းချင်း ကြည့်လိုက်ကြလေ၏။

"သူက ဒီနေရာကို ရောက်လာပြီး ထောင်ချောက်အရင်ဆင်တယ်၊ ပြီးမှ သားကြီးကို သတ်ပစ်လိုက်တာ၊ ငါ့မြေးကြီးဟာ ပိုးဟပ်နဲ့ မမျှော်လင့်ဘဲ တွေ့သွားပြီး အသတ်ခံလိုက်ရတာ ဖြစ်နိုင်တယ်၊ ကြည့်ရတာ သူဟာ ငါတို့ ခြံဝင်းအကြောင်းကို ခရေစေ့တွင်းကျ သိနေသလိုပဲကွ"

ကောင်းဝှ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ကူးဖန်းက ကောင်းဝှကို မေးသည်။

"နေပါဦး … မင်း သစ်ပင်ပေါ်တက်ကြည့်တော့ ပိုးဟပ်က ဒီဘက်ကို ပြေးသွားတာ တွေ့လိုက်တယ် ဟုတ်လား"

ကောင်းဝှ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် … ဒီဘက်ကို ထွက်ပြေးသွားတာ၊ ကောက်နီးလှ ဝတ်ဆင်ထားတဲ့ အဝတ်အစားထဲက အတိုင်းပါပဲ၊ ဒီလိုပုံပန်း သဏ္ဌာန်ပါပဲ"

ကူးဖန်း ထပ်မေးလိုက်သည်။

"ဒါထက် မင်းရဲ့ အသိအကျွမ်းထဲမှာကော ပိုးဟပ်နဲ့တူတဲ့ မသင်္ကာစရာကောင်းတဲ့ လူတစ်ယောက်ယောက်များ ရှိမနေနိုင်ဘူး လား"



"ဗျာ …"

"ဘာကြောင့်လဲဆိုတော့ ပိုးဟပ်က မင်းရဲ့အကြောင်းနဲ့ ငါတို့ ခြံဝင်းအကြောင်းကို ကောင်းကောင်း သိနေသလိုပဲကွ"

ကောင်းဝှ မျက်မှောင်ကြုတ်ကာ အတန်ကြာအောင် စဉ်းစား လိုက်လေသည်။

သို့သော် သူ ဘာမှစဉ်းစား၍မရဘဲ ခေါင်းခါယမ်းလိုက်သည်။

"မရှိနိုင်ပါဘူး၊ ရှိနိုင်လို့ ကျွန်တော် စဉ်းစားမိရင်လည်း ဒီကို လောခင် မိတ်ဆွေ ကျင်းစန်းနဲ့အတူ လိုက်ရှာပြီး ဆုံးမလိုက်မှာပါ"

သူ၏စကားကလည်း သဘာဝကျလှပေသည်။

ကူးဖန်း ဘာဆက်မေးရမှန်းမသိ ဖြစ်သွားတော့သည်။

ကျင်းစန်းက …

"ပိုးဟပ်ကိုကြည့်ရတာ သိုင်းပညာ သိပ်ပြီး အဆင့်မြင့်တဲ့ပုံ မရှိပါဘူး၊ ဒါပေမယ့ သူဟာ အင်မတန် ကောက်ကျစ်စဉ်းလဲပါတယ်၊ သူ့ဘယ်သူ့ဘယ်ဝါဆိုတာ ခန့်မှန်းရခက်ပါတယ်၊ဒါကြောင့်ကျွန်တော်တို့ဟာ သတိဝီရိယနဲ့နေပြီး နောက်တစ်ခါ သူရောက်လာတဲ့အထိ စောင့်ဖို့ပဲရှိပါတော့တယ်၊ သူရောက်လာဦးမှာတော့ သေချာပါတယ်"

ဟု အခြေအနေကို သုံးသပ်ပြောပြလိုက်လေသည်။

ကောင်းဝှက …

"နောက်တစ်ခါ သူရောက်လာရင်တော့ ကျုပ်က အလွတ်ပေး တော့မှာ မဟုတ်ဘူး၊ သူ့ကိုမိအောင်ဖမ်းလိုက်တော့မယ်"

ကူးဖန်း လက်ဝှေ့ယမ်းပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... အိမ်မှာ ကျန်ခဲ့တဲ့လူတွေ စိတ်ပူနေဦးမယ်၊ ငါတို့ပြန်ကြစို့"

သူ၏စကားသံများ ကြည်လင်ပြတ်သားခြင်း မရှိပါချေ။

အနည်းငယ်အားလျော့နေသည်။

စိတ်မက်မသာ ဖြစ်နေပုံရသည်။

ရှေ့သို့ထွက်သွားသောအခါ သူ၏ခြေလှမ်းများ တုံ့နှေးလေးလံနေသည်။

ကောင်းဝှနှင့် ကျင်းစန်းတို့လည်း နှေးကွေးလေးလံသော ခြေလှမ်းများဖြင့် ကူးဖန်းနောက်မှ လိုက်ပါသွားကြလေတော့သည်။

✦ ✧ ✦

ညဦးနက်ပြီ ဖြစ်ပါသည်။

အပြင်ဘက်တွင် အမှောင်ထုကြီးစိုးနေလေသည်။

ကူးဖန်း၏ အဆောက်အဦးကြီး၌မူ မီးရောင်များ ထိန်ထိန်လင်းနေပါတော့သည်။

ကျယ်ဝန်းခမ်းနားသော ဧည့်ခန်းမဆောင်ကြီးမှာ ယနေ့ညအဖို့ ကျက်သရေမင်္ဂလာ ကင်းမဲ့နေသည်ဟု ဆိုနိုင်ပါတော့သည်။

အကြောင်းကား ဧည့်ခန်းမဆောင်ကြီးအလယ်၌ အနက်ရောင်သစ်သားအခေါင်းတစ်လုံး ရှိနေခြင်းဖြစ်ကြောင်း ဖြစ်လေသည်။

အခေါင်းထဲ၌ ကောင်းလီ၏ အလောင်းရှိနေသည်။

ကောင်းလီ၏ သက်မဲ့ခန္ဓာကိုယ်အား အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ပေးထားလေသည်။



ခြေလက်မျက်နှာများကိုလည်း စင်ကြယ်အောင် ဆေးကြောပြီး သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ပေးထားသည်။

ယခုအခါ ကောင်းလီ၏ အလောင်းတွင် သွေးများနှင့်အတူ သစ်ပတ်ပေကျံနေခြင်းမျိုး လုံးဝမရှိတော့ပါ။

အကြောင်းမသိသူများသည် ကောင်းလီ၏အလောင်းကို မြင်လျှင် မည်သို့သေဆုံးသွားသည်ဟု ရုတ်တရက် သိနိုင်ကြတော့မည် မဟုတ်ပါချေ။

ကောင်းလီမှာ အိပ်ပျော်နေသည့်အသွင်မျိုး ရှိနေပြီ မဟုတ်ပါလား။

ကူးလျှံသည် အခေါင်းနံဘေး၌ မလှုပ်မယှက် ထိုင်နေသည်။

သူမ၏မျက်နှာ ဖြူလျော့လျော့ဖြစ်နေ၏။

မျက်လုံးများက မို့အစ်နေသည်။

အချိန်အတန်ကြာအောင် ငိုကြွေးထားခြင်းကြောင့်ဖြစ်ကြောင်း သိနိုင်၏။

ကူးလျှံသည် အချစ်ဆုံးသားကြီး သေဆုံးသွားခြင်းကြောင့် အမှန်ပင် ဝမ်းနည်းကြေကွဲနေလေသည်။

သူမသည် မျက်တောင်မခတ်ဘဲ ကောင်းလီ၏ အလောင်းကို တစ်ချိန်လုံး ငေးမောကြည့်နေသည်။

သူမ၏ ဝဲယာတစ်ဖက်တစ်ချက်၌ ကောင်းရုံနှင့် ကောင်းချင်းတို့ ထိုင်နေကြလေသည်။

သူတို့လည်း အစ်ကိုကြီးဖြစ်သူ သေဆုံးသွားခြင်းကြောင့် မျက်နှာများ မသာမယာဖြင့် ညှိုးလျော်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလီ၏အလောင်းကို တွေ့မြင်နေရခြင်းဖြင့် ပို၍ စိတ်ထိခိုက်နေကြရမည်ဖြစ်ရာ သူဟူ ထွက်ခွာသွားလိုနေကြ၏။

သို့သော် မိခင်ကြီး ကူးလျှ၏ အခြေအနေ မည်မျှဆိုးရွားနေသည်ကို သူတို့သိရှိထားကြလေသည်။

ထို့ကြောင့် မိခင်အနီးမှ မသွားရက်ကြဘဲ ခေါင်းငုံ့ကာ မလှုပ်မယှက် ထိုင်နေကြခြင်း ဖြစ်ပေတော့သည်။

◆ ◇ ◆

ညှိခန်းမဆောင်သည် ကူးဖန်း၏ အဆောက်အဦးကြီး၏ အလယ်ခန်းမဆောင် ဖြစ်လေသည်။

ထိုအလယ် ခန်းမဆောင်နှင့် ကပ်လျက်ရှိသော အဆောင်ဆောင်တစ်ခုအတွင်း၌ ကူးဖန်း၊ ကောင်းဝူနှင့် ကျင်းစန်းတို့တို့ ဝိုင်းဖွဲ့ထိုင်နေကြလေသည်။

သူတို့၏ရှေ့၌ အရက်ခွက်ကိုယ်စီရှိနေပြီး စားပွဲပေါ်၌ အရက်အိုးတစ်လုံး ရှိလေသည်။

သူတို့ဝိုင်းဖွဲ့ထိုင်ကာ အရက်သောက်နေကြခြင်း ဖြစ်သည်။

ကောင်းဝူ၏အငယ်ဆုံးသမီး ကောင်းယုံသည် လင်းလျှာမှာယူလာပြီး ကောင်းဝူတို့အား ကျွေးမွေးပြုစုလေသည်။

ညှိသည်တော် ကျင်းစန်းအတွက် ဂုဏ်ပြုညှိခံကျွေးမွေးခြင်း ဖြစ်လေသည်။

ကောင်းလီ သေဆုံးသွားခြင်းကြောင့် စိတ်ပြေလက်ပျောက် အရက်သောက်နေကြခြင်းဟုလည်း ဆိုနိုင်သည်။



သို့သော် မည်သူကမှ အရက်ကို အရသာခံကာ မသောက်နိုင်ကြပါချေ။

သူတို့ထိုင်နေသော အဆောင်ထဲမှနေပြီး ကောင်းလီ၏အခေါင်းထားရှိသော အလယ်ဆောင်သို့ လှမ်းပြီး တွေ့မြင်နေရလေသည်။

ထိုသို့ ဝမ်းနည်းကြေကွဲဖွယ် အနိဋ္ဌာရုံမြင်ကွင်းကို တွေ့မြင်နေရပြီးနောက် မည်သူက အရက်ကို အရသာခံကာ သောက်နိုင်ပါတော့မည်နည်း။

ကောင်းလီ၏ အလောင်း ပြင်ဆင်ထားပုံမှာ ကူးလျှက သူမစိတ်ကြိုက်အားလုံး ပြုလုပ်ထားခြင်း ဖြစ်လေသည်။

သမီးဖြစ်သူ စိတ်ထိခိုက်နေမှန်း သိ၍ ကူးဖန်းက ဘာမှဝင်ရောက်ပိတ်ပင်ဟန့်တားခြင်းမပြုဘဲ သူမ စိတ်ကြိုက်ပြုလုပ်ရန် အသာပင် ကြည့်နေလိုက်လေသည်။

ကျင်းစန်းတို့အားလုံး စိတ်မပါသည့်တိုင်အောင် အရက်သောက်လိုက်ကြမိကြလေသည်။

တစ်ယောက်လျှင် အရက်သုံးခွက်စီ သောက်ပြီးသွားသောအခါ ကျင်းစန်းသည် အခြေအနေကို နားလည်သဘောပေါက်သွားလေသည်။

ဤပုံစံအတိုင်း ဆက်ပြီး သောက်သွားကြမည်ဆိုလျှင် မကြာမီ အားလုံး မူးလဲကုန်ကြမည်မှာ သေချာနေပါတော့သည်။

သူတို့သည် အရက်ကို အရသာခံကာ သောက်နေကြခြင်း မဟုတ်ဘဲ ပါးစပ်ထဲမှ ဝမ်းဗိုက်ထဲရောက်သွားအောင် လောင်းချနေကြပုံမျိုး ဖြစ်နေသည်မဟုတ်ပါလား။

ကျင်းစန်းသည် အစဉ်သဖြင့် သတိမပြတ်နေနိုင်ခဲ့သူ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုလို အချိန်မျိုးတွင် ပိုးဟပ်သည် အနီးတစ်ဝိုက်၌ ချောင်းမြောင်းနေပြီး အခွင့်အရေးရသည်နှင့် လုပ်ကြံဖို့ကြိုးစားလိမ့်မည်သာ ဖြစ်လေသည်။

ထို့ကြောင့် သူတို့အနေနှင့် ပို၍သတိထားရန်လိုအပ်နေကြောင်း ကျင်းစန်း ပိုပြီး နားလည်သဘောပေါက်ထားလေတော့သည်။

✦ ✧ ✦

ညလေများသည် ခန်းမဆောင်ထဲသို့ အတားအဆီးမဲ့ တိုက်ခတ်တိုးဝင်လာလေသည်။

အေးစိမ့်သော လေ၏ ထိတွေ့မှုကို ခံစားလိုက်ကြရသည်။

ကျင်းစန်းမှာ ချမ်းစိမ့်ဖြစ်လာသည်ဟု ခံစားလိုက်ရ၏။

ကူးဖန်းက အရက်ခွက်ကိုယူကာ မော့သောက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် ... ကျင်းစန်းကို အားနာဟန်ဖြင့် ကြည့်လိုက်သည်။

"မောင်ရင့်ကို ကျုပ် ဒုက္ခပေးသလို ဖြစ်နေပြီ"

"ဆရာကြီး ဘာကိုဆိုလိုတာလဲ ခင်ဗျာ"

နားမလည်နိုင်စွာဖြင့် မေးလိုက်လေသည်။

ကူးဖန်းက ...

"တစ်ဖက် ခန်းမဆောင်ထဲမှာ ကျုပ်မြေးကြီးရဲ့ ရုပ်အလောင်း ရှိနေတယ်မဟုတ်လား၊ ကျုပ်က ဒီဘက်ခန်းမှာ ထိုင်ပြီး အရက်သောက်နေတယ်၊ မောင်ရင်လေးကိုလည်း အရက်နဲ့ ဧည့်ခံနေတော့ မောင်ရင်လေး ဘယ်မြို့လို့ကျနိုင်ပါ့မလဲ"



ကျ ်းစန်း ခေါင်းခါယမ်းလိုက်လေသည်။

"ကိစ္စမရှိပါဘူး၊ကျွန်တော့်မှာအခုလိုအတွေ့အကြုံမျိုးရှိပါတယ်"

"ဒါဖြင့် သောက်လိုက်ဦး"

ကူးဖန်းက အရက်သောက်ခိုင်းသောအခါ ကျင်းစန်း ခေါင်းခါယမ်းလိုက်လေသည်။

"တော်ပါပြီ ခင်ဗျာ၊ ကျွန်တော့်အတွက် ပြည့်စုံနေပါပြီ၊ မသောက်တော့ပါဘူး"

ကူးဖန်းပြုံးလိုက်သည်။

"ကျုပ် ကြားဖူးသလောက်တော့ လက်ဝဲဓား ကူးဖန်းဟာ အရက်ကို အင်မတန် သောက်နိုင်တယ်ဆိုတာပဲ"

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"သာမန်အချိန်မှာဆိုရင်တော့ သောက်နိုင်ကြပါတယ်၊ ခုချိန်မှာတော့ စိတ်တင်းကြပ်ပြီး စိုးရိမ်စိတ် မရှိတော့ပါဘူး"

ကူးဖန်း မျက်မှောင်ကြုတ်သွားလေသည်။

"မောင်ရင်လေးက ဘာကို စိုးရိမ်နေတာပဲ၊ ပြောစမ်းပါဦး"

ကျင်းစန်း ရယ်မောလိုက်သည်။

"ကျွန်တော်ဟာ ပိုးဟပ်တစ်ကောင်ကို စိုးရိမ်နေတာဆိုရင်တော့ အတော့်ကို ရယ်စရာကောင်းနေပါလိမ့်မယ်"

ကူးဖန်းလည်း သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား ... မင်းက ပိုးဟပ်ကို စိုးရိမ်နေတာကိုး၊ ဒီအတွက်တော့ စိတ်သာချ၊ ဒီကောင်ဟာ ကျားအသည်းစားပြီးတော့တောင်မှ ဒီကိုလာရဲမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူ၏ စကားသံနှင့် မရှေးမနှောင်းမှာပင် လေထုကိုထိုးခွဲကာ တစ်စုံတစ်ခု ပစ်လွှင့်လာသော အသံကို ကြားလိုက်ရလေသည်။

"ဝှစ် ..."

လေတိုးသံအဆုံးတွင် မီးတိုင်တစ်တိုင် ဟုတ်ခနဲ ငြိမ်းသွား၏။

ကျင်းစန်းတို့ ရှိနေသော အဆောင်လေးထဲ၌ ဆီမီးတိုင်သုံးတိုင် ထွန်းညှိထားလေသည်။

မီးတိုင်တစ်တိုင် ငြိမ်းသွားခြင်းကြောင့် အလင်းရောင် မှိန်ကျသွားသည်ဟု ဆိုနိုင်၏။

ကျင်းစန်း ရင်ထိတ်သွားလေသည်။

"လက်နက်ပုန်းကို သတိထားပါ"

ကပ္ပာကယာ သတိပေးလိုက်လေသည်။

ကူးဖန်း ချက်ချင်း သတိဝင်လာသည်။

သူ၏မျက်လုံးများ အရောင်ဝင်းလက်သွားပြီး ခါးမှ ဓားကို ဖျပ်ခနဲ ဆွဲထုတ်လိုက်လေသည်။

"ဝှစ် ... ဝှစ် ... ဝှစ်"

လက်နက်ပုန်းလေး သုံးခုသည် တြိဂံပုံသဏ္ဍာန် ပစ်လွှင့်လာလေသည်။

ထိုလက်နက်ပုန်းလေးများသည် ကောင်းဝူ၊ ကူးဖန်းနှင့် ကျင်းစန်းတို့ထံသို့ ပစ်လွှင့်လာခြင်းမဟုတ်ပါ။

အလယ်ခန်းမဆောင်ထဲ၌ရှိနေသော ကောင်းရုံတို့သားအမိထံ ပစ်လွှင့်သွားခြင်း ဖြစ်လေတော့သည်။

✦ ✧ ✦



လ ဝိနက်ပုန်းကလေးများမှာ သံမဏိမြားတံကလေးများ ဖြစ်ကြလေသည်။

မြားတံလေးသုံးချောင်းသည် ကောင်းရုံထံသို့ ဦးတည်ကာ ပစ်လွှင့်သွားခြင်း ဖြစ်လေသည်။

ကူးလျှံသည် ဝမ်းနည်းကြေကွဲစိတ်ဖြင့် ငေးငိုင်၊ သော်လည်း ရုတ်တရက် တိုက်ခိုက်ခံလိုက်ရသောအခါ သတိဝင်လာသည်။

သူမ၏ ခန္ဓာကိုယ်သည် ထိုင်ရာမှ ကြွတက်ကာ ကောင်းရုံ ရှေ့သို့ ရောက်ရှိသွားလေသည်။

သူမ၏လက်ထဲ၌ ဓားတစ်လက်ရောက်ရှိနေပြီဖြစ်ပါသည်။

ဓားကို ဝှေ့ယမ်းလိုက်သည်နှင့် ...

"ထောက် ... ထောက် ... ထောက်"

ပစ်လွှင့်လာသော မြားတံလေး သုံးစင်းအား ဓားဖြင့်ရိုက်ထုတ်ပြီးသား ဖြစ်သွားလေတော့သည်။

မမျှော်လင့်ဘဲ လုပ်ကြံခံရသောကြောင့် ကောင်းချမ်းနှင့် ကောင်းရုံတို့ ထိတ်လန့်သွားကြ၏။

သို့သော် ချက်ချင်း သတိဝင်လာကြပြီး ဓားဆွဲထုတ်ကာ ခုခံထလိုက်ကြလေသည်။

ကူးလျှံက လှမ်းပြီး သတိပေးလိုက်သည်။

"သိပ်ပြီး လှုပ်လှုပ်ရှားရှားမလုပ်ကြနဲ့၊ နေရာမှာပဲ ရပ်နေကြစမ်း"

သူမ၏စကားသံ အဆုံးတွင် ...

"ဖောက် ... ဖောက် ... ဖောက်"

www.burmeseclassic.com

www.burmeseclassic.com



မြားတံလေး သုံးစင်းသည် ပြတင်းပေါက်၌ ကာရံထားသော စက္ကူများကို ထိုးဖောက်ကာ ပစ်လွှင့်လာပြန်သည်။

ကောင်းရုံတို့အား တိုက်ခိုက်လိုက်ခြင်း မဟုတ်ပါ။

အလယ်ခန်းမဆောင်ထဲ၌ ထွန်းညှိထားသော ကညင်ဆီမီးတိုင် သုံးတိုင်ဆီသို့ ဦးတည်ပစ်လွှင့်သွားခြင်း ဖြစ်လေသည်။

"ဖုတ် ... ဖုတ် ... ဖုတ်"

မီးတိုင်သုံးတိုင်စလုံး မီးငြိမ်းသွားလေတော့သည်။

အခြားထွန်းညှိထားသော ဆီမီးတိုင်များ ရှိသေးသည့်တိုင် အလင်းရောင်အားနည်းကာ မှေးမှိန်သွားလေတော့သည်။

"ဟာ ..."

ကောင်းချင်း ထိတ်လန့်ကာ လွှတ်ခနဲ အော်လိုက်လေသည်။

တစ်ဖက်အဆောင်ထဲ၌ ရှိနေသော ကူဖန်း၊ ကောင်းဝူနှင့် ကျင်းစန်းတို့သည် အလယ်ခန်းမဆောင်မှ အဖြစ်အပျက်များကို အတိုင်းသား တွေ့မြင်နေရလေသည်။

ကူးဖန်းက အရက်ခွက်ကို ကြမ်းပြင်ပေါ် ပစ်ပေါက်ခွဲကာ သတိပေးရင်း အော်ပြောလိုက်လေသည်။

"ခွမ်း ..."

"အသံမပေးကြနဲ့၊ တိတ်တိတ်နေကြစမ်း"

ထိုအခါမှ ကောင်းရုံတို့ သားအမိများ သတိဝင်ကာ ငြိမ်သက်သွားကြလေသည်။

ထိုအချိန်မှာပင် နောက်ထပ် ထူးဆန်းမှုတစ်ခု ဖြစ်ပေါ်လာလေသည်။



အရှေ့ဘက် ပြတင်းပေါက် စက္ကူပေါ်သို့ အလင်းတန်းတစ်ခု ထိုးကျလာခြင်း ဖြစ်လေသည်။

အားလုံးသည် ထိုအလင်းရောင်တန်း ထိုးကျလာသောနေရာကို မမှိတ်မသုန် ကြည့်နေမိကြလေသည်။

ဖြူဖွေးသော ပြတင်းပေါက်စက္ကူပေါ်၌ ကြီးမားသော ပိုးဟပ်တစ်ကောင်၏ အရိပ်ဖြစ်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

ပိုးဟပ်အရိပ်သည် ပြတင်းပေါက်စက္ကူတစ်ခုလုံး အပြည့်နီးပါး ကြီးမားလှပေသည်။

ပိုးဟပ်တစ်ကောင်၏ အရိပ်သည် ဤမျှအထိ ကြီးမားနိုင်ပါမည်လော ...။

ပြတင်းပေါက် အပြင်ဘက်၌ လူတစ်ယောက်များ ကပ်နေသည်လော ...။

အားလုံးစိတ်ထဲ ဝေခွဲမရ ဇဝေဇဝါ ဖြစ်သွားကြလေသည်။

ကောင်းဝူက ကျင်းစန်းအား အသံတိုးတိုးဖြင့်မေးလိုက်လေ၏။

"ဒါက ဘာသဘောလဲ၊ ကျုပ်တို့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ"

ကျင်းစန်း မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်တို့ အပြင်ဘက်ထွက်မကြည့်ရဲဘူးဆိုရင် သတ္တိနည်းတယ်လို့ ထင်သွားမှာပေါ့"

"ဒါအမှန်ပဲ"

ကူးဖန်း ထောက်ခံလိုက်သည်။

ကျင်းစန်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ သုံးယောက် သုံးနေရာခွဲပြီး အပြင်ထွက်ကြမယ်၊ ကျွန်တော်က အရိပ်ထွက်ပေါ်လာတဲ့နေရာကို သွားမယ်"

"ကောင်းပြီ ..."

ကူးဖန်း သဘောတူလိုက်သည်။

"မိတ်ဆွေလေး သတိထားဦး"

ဟုလည်း သတိပေးလိုက်လေသည်။

"စိတ်ချပါ ခင်ဗျာ"

ကျင်းစန်းသည် ဓားဆွဲထုတ်ကာ ခန္ဓာကိုယ်ရှေ့၌ အကာအကွယ် ပြုထားလိုက်ပြီး ပိုးဟပ် အရိပ်ထွက်ပေါ်နေသည့် ပြတင်းပေါက်ဆီသို့ တစ်ဟုန်ထိုး ခုန်ထွက်သွားလေသည်။

ကူးဖန်းက အလယ်ခန်းမဆောင်ဘက်သို့ ပြေးသွား၏။

ကောင်းဝူမှာမူ ပိုးဟပ်အရိပ်ထွက်ပေါ်နေသည့် ပြတင်းပေါက်နှင့် ဆန့်ကျင်ဘက်ရှိသော ပြတင်းပေါက်တစ်ခုဆီသို့ ခုန်ထွက်သွားလေသည်။

သုံးယောက်သား သုံးနေရာခွဲကာ လျင်မြန်စွာ လှုပ်ရှားလိုက်ကြခြင်း ဖြစ်လေသည်။

"ဝုန်း ..."

"ဖြောင်း ..."

ပြတင်းပေါက်နှစ်ခုမှ သစ်သားဘောင်များ ကျိုးပဲ့သွားသောအသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကျင်းစန်းနှင့် ကောင်းဝူတို့သည် ပြတင်းပေါက်တစ်ခုဆီမှ တစ်ဆင့် အပြင်ဘက်ခုန်ထွက်သွားကြလေသည်။



ကောင်းရှုံနှင့် ကောင်းချင်းတို့သည် မိခင်ကြီး ကူးလျှံအနီးသို့ ပို၍ တိုးကပ်သွားကြသည်။

သုံးယောက်သား အသံလုံးဝ မထွက်ဘဲ အခြေအနေကို အကဲခတ်နေကြလေသည်။

ထိုစဉ် သိမ်းအငယ်ဆုံး ကောင်းယဲ့ ရောက်လာသည်။

သူမ၏လက်ထဲ၌ ဓားနှစ်လက် ကိုင်ဆောင်လာလေသည်။

သူမကိုင်ဆောင်နေကျ နှစ်ဖက်သွား ဓားတိုနှစ်လက်ဖြစ်သည်။

ကောင်းယဲ့သည် ဘာကိုမှမကြောက်ဘဲ ရန်သူကို ပြတ်ပြတ်သားသား ရင်ဆိုင်တိုက်ခိုက်မည့်အသွင် ရှိနေသည်။

ကောင်းဝူနှင့် ကူးလျှံတို့၏ သားသမီးများ အနက် ကောင်းယဲ့မှာ အငယ်ဆုံးဖြစ်သော်လည်း သိုင်းပညာအထက်မြက်ဆုံး ဖြစ်သည်။

သူမ၏ သိုင်းပညာမှာ အစ်ကို၊ အစ်မများထက်သာလေသည်။

ကောင်းယဲ့သည် ပါရမီဓာတ်ခံကောင်းသလို သိုင်းပညာကို စိတ်ဝင်စားပြီး ကြိုးစားပမ်းစား သင်ယူထားခြင်းဖြစ်ကြောင်း ဖြစ်သည်။

ထို့အပြင် ...

✦ ✧ ✦

ကျင်းစန်းသည် ပြတင်းပေါက် တံခါးတစ်ခုလုံး ကျိုးပဲ့ပျက်စီးသွားအောင် ကိုယ်စောင်းဖြင့် တိုက်ကာ ရိုက်ချိုးဖျက်ဆီးပြီး အရှိန်မလျော့ဘဲ အပြင်ဘက်သို့ ဆက်လက်ခုန်ထွက်သွားလေသည်။

ပြတင်းပေါက်တံခါး ကျိုးပဲ့ပျက်စီးသွားသောအခါ ပြတင်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တ် စက္ကူပေါ်၌ထင်နေခဲ့သော ပိုးဟပ်အရိပ်သည်လည်း ပျောက်ကွယ်သွားလေတော့သည်။

ပြတင်းတံခါးမရှိတော့ဘဲ အပေါက်ဟောင်းလောင်း ဖြစ်သွားခြင်းကြောင့် အရိပ်ထင်စရာ နေရာမရှိတော့ခြင်းဖြစ်လေသည်။

သို့သော် ပိုးဟပ်အရိပ်သည် ရုတ်တရက် ပျောက်ကွယ်သွားပြီး ချက်ချင်းပင် အရိပ်အပိုင်းအစများ ချက်ချင်း ပြန်လည်စုစည်းကာ ပြတင်းပေါက်နှင့် မျက်နှာချင်းဆိုင်ရှိ အခန်းနံရံပေါ်၌ ပိုးဟပ်အရိပ် ပြန်လည်ထင်ဟပ်ထွက်ပေါ်လာပြန်လေတော့သည်။

ပိုးဟပ်တစ်ကောင်၏ အရိပ်သည်သည် ဘာမှထူးဆန်းခြင်း မဟုတ်ပေ။

သို့သော် ထိုပိုးဟပ်အရိပ်ကြောင့် ကြေးစားလူသတ်သမား ပိုးဟပ်ကိုယ်တိုင် ရောက်လာမည်ဟု အားလုံးခံစားနေကြရလေတော့သည်။

ပိုးဟပ်အရိပ်ထင်ဟပ်ခဲ့သည့် ပြတင်းပေါက်နှင့် မျက်နှာချင်းဆိုင် ဆယ့်လေးငါးခန်းအကွာတွင် သစ်ပင်ကြီးတစ်ပင် ရှိလေသည်။

အလင်းတန်းသည် ထိုသစ်ပင်ကြီးပေါ်မှ ထိုးကျလာခြင်းဖြစ်ပါသည်။ ထိုအလင်းတန်းနှင့်အတူ တစ်စုံတစ်ခု ညှပ်ပါလာသည်ဟု ထင်ရလေသည်။

ကျင်းစန်းသည် အပြင်ဘက်ရောက်ရှိသွားသည်နှင့် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

ဤတွင် သစ်ပင်ကြီးပေါ်မှ အလင်းတန်းတစ်ခု ထိုးကျနေသည်ကို သတိပြုမိသွားတော့သည်။



ကျင်းစန်းက ခန္ဓာကိုယ် လျှပ်ရှားကာ သစ်ပင်ကြီးအနီးသို့ ခနဲ အရောက်သွားလိုက်လေသည်။

သူ၏ လက်ထဲ၌ ဓားတစ်လက် ဆုပ်ကိုင်ထားပြီး အန္တရာယ်ပေါ်ပေါက်လာသည်နှင့် ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။

သို့သော် သစ်ပင်အောက်သို့ရောက်သွားသည်အထိ မည်သည့် အန္တရာယ်မှ မတွေ့ရချေ။

ကျင်းစန်းသည် အသက်ပြင်းပြင်း ရှူရှိုက်လိုက်ပြီး သစ်ပင်ပေါ် ခုန်တက်လိုက်လေသည်။

ထိုစဉ် ...

"ဟူး ..."

အဝတ်အစား လေတိုးသံနှင့်အတူ သစ်ပင်အောက်သို့ လူတစ်ယောက် ပြေးလွှားရောက်ရှိလာခြင်းကြောင့် ကျင်းစန်း ရင်ထိတ်သွားလေသည်။

သေသေချာချာကြည့်လိုက်တော့မှ ကူးဖန်းဖြစ်နေသည်ကို တွေ့ရသဖြင့် စိတ်သက်သာရာ ရရှိသွားလေသည်။

ကူးဖန်းက လက်ဟန်ခြေဟန်ပြလိုက်၏။

သစ်ပင်ပေါ် တက်မပေးဘဲ သစ်ပင်အောက်မှ ကာကွယ်စောင့်ရှောက်နေမည်ဆိုသည့်သဘော ဖြစ်လေသည်။

ကျင်းစန်းလည်း အခွင့်အရေးကို လက်လွှတ်မခံဘဲ သစ်ကိုင်းတစ်ပေါ် ခုန်တက်ပြီး အကဲခတ်ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သစ်ပင်ပေါ်၌ မီးအိမ်တစ်လုံးရှိနေသည်ကို တွေ့ရလေသည်။

မီးအိမ်အနီးတစ်ဝိုက်၌ မီးရောင်ဖြင့် လင်းလင်းချင်းချင်း ရှိနေပြီး လူရိပ်လူယောင် မတွေ့ရပေချေ။

ကျင်းစန်းသည် ပို၍ သေချာသွားစေရန် သစ်ကိုင်းသစ်ခက် သစ်ရွက်များကြား၌လည်း ရှာဖွေကြည့်လိုက်လေသည်။

သစ်ပင်ပေါ်၌ ပုန်းအောင်းနေသူ တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရပါချေ။

ထို့ကြောင့် ကျင်းစန်းသည် မီးအိမ်ရှိနေသည့်နေရာသို့ ခုန်တက်သွားလိုက်လေသည်။

"ဟူး ..."

ကျင်းစန်း မီးအိမ်နံဘေး၌ သစ်ကိုင်းကြီးတစ်ကိုင်းပေါ်သို့ ရောက်ရှိသွားလေသည်။

မီးအိမ်ကို အနီးကပ် သေသေချာချာ လေ့လာကြည့်ရှုနိုင်ခဲ့လေတော့သည်။

မီးအိမ်မှာ လေလုံမှန်မီးအိမ်ကြီးတစ်လုံး ဖြစ်လေသည်။

မီးအိမ်ကို အဖုံးပိတ်ထားသော လေးထောင့်သေတ္တာတစ်လုံးထဲ၌ ထည့်ထားသည်။

ထိုသေတ္တာ၏ ဘေးပိတ် ပျဉ်ပြားတစ်ချပ်၏ အလယ်တည့်တည့်၌ စက်ဝိုင်းပုံ အပေါက်ကလေး တစ်ပေါက် ဖောက်ထားသည်။

အလုံပိတ်ထားသော သေတ္တာအတွင်းမှ ထွက်ပေါ်လာသော



မီးရောင်သည် ထိုစက်ဝိုင်းပုံ အပေါက်ကလေးမှ စုစည်းထွက်ပေါ်လာလေသည်။

ထိုအခါ အားကောင်းပြီး သေးငယ်စူးရှသော အလင်းတန်း ဖြစ်ပေါ်လာလေသည်။

ထိုအလင်းတန်းသည် ကူးဖန်း၏ အဆောက်အဦးမှ ပြတင်းပေါက်ဆီသို့ တန်းတန်းမတ်မတ် ကျရောက်သွားလေသည်။

ကျင်းစန်းသည် အခြေအနေကို နားလည်သဘောပေါက်သွားလေသည်။

သစ်ပင်ပေါ်၌ လူသူတစ်စုံတစ်ယောက်မှ မရှိကြောင်းလည်း သေချာသွားလေသည်။

ကျင်းစန်းသည် မီးအိမ်ပါသော သေတ္တာလေးကို အသာမယူလိုက်လေသည်။

ထို့နောက် သစ်ပင်ပေါ်မှ အသာအယာခုန်ဆင်းလိုက်သည်။

"ဟူး ..."

ချက်ချင်းပင် မြေပြင်ပေါ်သို့ ညင်သာစွာ ကျရောက်သွားလေတော့သည်။

ကျင်းစန်း သစ်ပင်ပေါ်မှ ခုန်ဆင်းလာပုံမှာ ကောင်းကင်ပေါ်မှ ကြယ်တာဝင်းဝင်း ကြွေကျလာပုံနှင့်ပင် တူလှပေတော့သည်။

သစ်ပင်အောက်၌ ကူးဖန်းရှိနေသည်။

ကျင်းစန်းနှင့် ကူးဖန်းတို့ တွေ့ဆုံမိလိုက်ချိန်မှာပင် ...

"ဟူး ... ဟူး"

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ ကောင်းရှ ပြေးလွှားရောက်ရှိလာလေတော့သည်။

သုံးယောက်သား ပြန်လည်ဆုံတွေ့မိလိုက်ကြပြီ ဖြစ်လေသည်။

ကောင်းရှူး ရောက်လာသည်နှင့် ...

"ဘာတွေဖြစ်နေတာလဲ၊ ဘာများတွေ့သလဲ"

ဟု အလောတကြီး မေးလာလေသည်။

ကျင်းစန်းက အဖြေမပေးပါ။

သူ့လက်ထဲမှ မီးအိမ်ထည့်ထားသည့် သေတ္တာကလေးကိုသာ မြှောက်ပြလိုက်လေသည်။

ကူးဖန်းနှင့် ကောင်းရှူတို့ မျက်မှောင်ကုပ်ကာ ကြည့်လိုက်ကြလေသည်။

သေတ္တာကလေး၏ မီးရောင်ထွက်ပေါ်နေသော အပေါက်ကလေးရှေ့၌ ပိုးဟပ်တစ်ကောင်ကို ကြိုးဖြင့်ချည်နှောင်ကာ တွဲလောင်းချထားသည်ကို အားလုံးတွေ့မြင်လိုက်ကြရလေတော့သည်။

✦ ✧ ✦



## အရေးပါတဲ့လူ

မီးအိမ်မှ မီးရောင်သည် သေတ္တာအပေါက်ကလေးမှ ထိုးထွက်လာသည်။

စုစည်းပြီး အားကောင်းသော အလင်းရောင်တန်းအဖြစ် ထိုးထွက်လာခြင်း ဖြစ်သည်။

ထို့ကြောင့် အလင်းရောင်အားကောင်းလှသည်။

အားကောင်းသော အလင်းရောင် တိုးထွက်လာသည့် အပေါက်ကလေးရှေ့၌ ပိုးဟပ်တစ်ကောင်ကို ကြိုးဖြင့်ချည်ကာ တွဲလောင်းချထားလိုက်သောအခါ အလင်းရောင်သည် ပိုးဟပ်ကို ထိုးလိုက်ပြီး ပိုးဟပ်၏ အရိပ်သည် ပြတင်းစက္ကူပေါ် ကျရောက်လာခြင်း ဖြစ်လေသည်။

သစ်ပင်နှင့် ပြတင်းတံခါးအကွာအဝေးကြောင့် သေးငယ်သော ပိုးဟပ်အရိပ်သည် အလွန်ကြီးမားသော ပိုးဟပ်တစ်ကောင်၏ အရိပ်အဖြစ် ပြောင်းလဲသွားခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဝှ၊ ကူးဖန်နှင့် ကျင်းစန်းတို့မှာ ပြတင်းတံခါးပေါ်မှ အလွန်ကြီးမားသော ပိုးဟပ်ကြီးတစ်ကောင်၏အရိပ် အဘယ်ကြောင့် ထင်ဟပ်ထွက်ပေါ်လာရသည့်အကြောင်းရင်းကို နားလည်သွားကြလေတော့သည်။

ကောင်းဝှက ...

"ပိုးဟပ်က အတော်ကို ကြံကြံဖန်ဖန် လုပ်တတ်တာပဲ"

ဟု မှတ်ချက်ချလိုက်လေသည်။

ကူးဖန်က မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။

ထို့နောက် သူ၏အတွေးကို ပြောပြလိုက်လေသည်။

"ဒီမီးအိမ်မျိုးက ဒီအနီးတစ်ဝိုက်မှာ ဝယ်လို့ရတာမျိုး မဟုတ်ဘူး၊ ပိုးဟပ်ဟာ တစ်နေရာက ယူလာခဲ့တာပဲဖြစ်မယ်၊ ဒါကို ကြည်လင် နဲ့ ကျုပ်တို့ ထင်ယောင်ဝိုးဝါးနဲ့ စိတ်ချောက်ချားအောင် လုပ်ဖို့ ကြိုတင်ကြံစည်ထားခဲ့တာပဲ ဖြစ်မယ်"

ပိုးဟပ်သည် ကောင်းဝှတို့ မိသားစုအား ဒုက္ခပေးဖို့ အချိန်ယူ ကာ ကြိုတင်ကြံစည်ထားကြောင်း ထင်ရှားသည်။

ယခုမှ ပြဿနာဖြစ်ပေါ်ပြီး ယခုပင် ဒုက္ခပေးသည့်သဘောမျိုး မဟုတ်ပေ။

ကောင်းဝှနှင့် ပြဿနာမဖြစ်မီကပင် ဒုက္ခပေးဖို့ ကြိုတင်ကြံစည် ထားခြင်းမျိုး ဖြစ်နေသည်။

ကူးဖန်က ထိုသို့ဆိုလိုလိုက်ခြင်းဖြစ်ကြောင်း ကျင်းစန်း နား လည်လိုက်လေသည်။



ဤသို့ဆိုလျှင် ကောင်းဝှနှင့် ပြဿနာမဖြစ်မီကပင် ကောင်းဝှ၊ ကူးဖန်တို့အား ဒုက္ခပေးလိုသည်ဆိုပါလျှင် အကြောင်းတစ်ခုခုရှိရပေမည်။

ထိုအကြောင်းရင်းကို ရှာဖွေနိုင်မှသာလျှင် ပိုးဟပ်မှာ မည်သူ မည်ဝါဖြစ်ကြောင်း ဖော်ထုတ်နိုင်လိမ့်မည်ဖြစ်လေသည်။

ကောင်းဝှက ...

"သူ့ရဲ့လုပ်ရပ်တွေဟာ ကျွန်တော်တို့ကို ဒုက္ခပေးဖို့ သေသေချာချာ အကွက်ချပြီး ကြိုတင်ကြံစည်ထားတယ်ဆိုတာ ထင်ရှားပါတယ်၊ ရိုလုံကို အကြောင်းပြုပြီး ကျွန်တော်နဲ့ ပြဿနာမဖြစ်ခင်ကတည်းက ဒုက္ခပေးဖို့ ရည်ရွယ်ချက်ရှိနေပုံပါပဲ"

ကျင်းစန်း၏ ရင်ထဲ လေးလံလာသည်။

ပိုးဟပ်သည် ရိုလုံနှင့် ပြဿနာမဖြစ်လျှင်လည်း ကောင်းဝှနှင့် ကူးဖန်တို့အား ဒုက္ခပေးမည့်သဘောရှိနေသည်ကို သူလည်း နားလည်သဘောပေါက်လိုက်ပြီ ဖြစ်လေသည်။

အဘယ့်ကြောင့် ဒုက္ခပေးလိုရပါသနည်း။

ကောင်းဝှ ဆက်ပြောလိုက်သော စကားကြောင့် ကျင်းစန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ကျွန်တော် နောက်ထပ် စဉ်းစားမိတာတစ်ခုက ကျွန်တော်တို့ကို ဒုက္ခပေးနေတာ ပိုးဟပ်တစ်ယောက်တည်း မဟုတ်ဘဲ သူ့ကို ဝိုင်းဝန်း ကူညီအားပေးနေတဲ့လူ တစ်ယောက် ရှိပါဦးမယ် ဆိုတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကူးဖန်း အံ့သြသွားလေသည်။

"တစ်ယောက်ယောက်က ပိုးဟပ်ကိုကူညီနေတယ်-ဟုတ်လား မင်း ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"

ကျင်းစန်းလည်း စိတ်ဝင်စားစွာဖြင့် ကောင်းဝူကို ကြည့်လိုက်လေသည်။

ကောင်းဝူက တည်ကြည်သော မျက်နှာထားဖြင့် ရှင်းပြသည်။

"တခြားကိစ္စတွေကို ဘေးဖယ်ထားပြီး ဒီညဖြစ်ပျက်ခဲ့တာတွေကိုပဲ အရင်ဆုံး စဉ်းစားကြည့်လိုက်ရင် သံသယဖြစ်စရာတွေကို တွေ့ရပါလိမ့်မယ်"

ကူးဖန်းနှင့် ကျင်းစန်းတို့က ကောင်းဝူ ဆက်ပြောလာမည့် စကားကို နားစွင့်နေလိုက်ကြလေသည်။

ကောင်းဝူက ...

"ခန်းမဆောင်ထဲ ဆီမီးတိုင်တွေကို မြားကလေးတွေနဲ့ ပစ်ပြီး မီးငြိမ်းသွားအောင် လုပ်ခဲ့တယ်၊ ပြတင်းပေါက် စက္ကူပေါ်မှာ ပိုးဟပ်ရုပ် ထင်ဟပ်လာအောင် လုပ်နိုင်တယ်၊ ဒီအချက်တွေကို ကြည့်ရင် ပိုးဟပ်ဟာ ကျွန်တော်တို့အိမ်ရဲ့ အခန်းတွေ ဖွဲ့စည်းပုံ အနေအထား ဘယ်နေရာမှာ ဘာရှိတယ်၊ မီးကို ဘယ်လိုထွန်းထားတတ်တယ် ဆိုတာကအစ သိနေတယ်၊ သူဟာ ကျွန်တော်တို့အကြောင်းကို ကောင်းကောင်းသိနေပါတယ်"

ကူးဖန်း ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပြီဟေ့ ... မင်းနဲ့ငါ သဘောထားချင်း တိုက်ဆိုင်



ဘာပဲ၊ ပိုးဟပ်ဟာ ငါတို့အိမ်မှာ လူဘယ်နှစ်ယောက်ရှိတယ်၊ ဘယ်လို နေထိုင်စားသောက်တယ်၊ ဘယ်လို အကျင့်စရိုက်ရှိတယ်၊ အိမ်ထဲမှာ အဆောင်ဆောင်အခန်းခန်းတွေ ဘယ်လိုဖွဲ့စည်း တည်ဆောက်ထားတယ်ဆိုတာကအစ ခရေစေ့တွင်းကျ သိနေလိမ့်မယ်၊ ဒါကြောင့် ခြံဝင်းထဲကိုတောင် ပမာမခန့်ဝင်လာပြီး သူ့အိမ်သူ့ယာလို ထင်တိုင်း သောင်းကျန်းနေရဲတာပေါ့"

ကျင်းစန်းက ...

"အတွင်းလူတစ်ယောက်က ပိုးဟပ်ကို တိတ်တဆိတ် အကူအညီပေးနေတဲ့ သဘောပေါ့"

ကူးဖန်းနှင့် ကောင်းဝူတို့ ခေါင်းညိတ်လိုက်ကြလေသည်။

ကျင်းစန်းက ...

"ဒီခြံဝင်းထဲမှာ နေထိုင်တဲ့ လူကော အတော်များသလား" ဟု မေးလိုက်သည်။

ကူးဖန်းက ...

"သိပ်တော့မများပါဘူး၊ ကျုပ်တို့ မိသားစုနဲ့ ဝေယျာဝစ္စ လုပ်ကိုင်ဆောင်ရွက်ရတဲ့ အိမ်ဖော်တွေပဲ ရှိတာ"

ကျင်းစန်းက ...

"အိမ်ဖော်တွေထဲမှာကော မသင်္ကာစရာကောင်းတဲ့လူ တစ်ယောက်ယောက် ရှိမနေနိုင်ဘူးလားဗျာ"

ကူးဖန်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တော့ မထင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီမှာရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်တွေနဲ့ ဝေယျာဝစ္စ လုပ်ကိုင်ကြသူတွေအားလုံး ဘိုးစဉ်ဘောင် ဆက် နေထိုင်ခဲ့ကြတာ၊ ကျုပ်အပေါ်မှာ အင်မတန် သစ္စာရှိတဲ့ ရှ တွေချည်းပဲ၊ ဘယ်သူကမှ ကျုပ်ကို ဒုက္ခပေးဖို့ကြံစည်ကြမှာမဟုတ် ဘူး၊ ပွင့်ပွင့်လင်းလင်းပြောရရင် ဒီခြံဝင်းထဲမှာ ရှိနေတဲ့လူတွေအားလုံး ဆွေမျိုးသားချင်းတွေလို မိသားစုလိုဖြစ်နေကြတာ၊ ကျုပ် ဒုက္ခရောက် သွားရင် သူတို့လည်း ဒုက္ခရောက်ကြမယ်ဆိုတာ ကောင်းကောင်း သိနားလည်ထားကြသူတွေချည်းပဲ"

ကျင်းစန်း သက်ပြင်းချလိုက်လေသည်။

"ဒီလိုဆိုရင်တော့ ပြောဖို့ ခက်ခဲပါတယ်၊ ဒါပေမယ့် သူတို့ ထဲမှာ သိုင်းပညာတတ်မြောက်တဲ့ လူတွေကော ရှိကြသလားဗျာ"

ကူးဖန်းက ...

"အရေးအကြောင်းကြုံလာရင် အန္တရာယ်ကို ဝိုင်းဝန်းကာကွယ် နိုင်အောင် ကျုပ်က သိုင်းပညာသင်ထားပေးထားပေမယ့် သူတို့ ဝါသနာမပါကြတော့ ထူးထူးခြားခြား သိုင်းပညာထက်မြက်တဲ့ ဆိုလို့ မရှိသလောက်ပါပဲ၊ အင်း ... သိုင်းညာကျွမ်းကျွမ်းကျင်ကျင် ရှိတာဆိုလို့ ကျုပ်တို့မိသားစုကလွဲရင် တခြားလူ တစ်ယောက် ရှိတယ်"

ကျင်းစန်းက စိတ်ဝင်စားသွားလေသည်။

"ဘယ်သူများလဲဗျာ"

ဟု ချက်ချင်း မေးလိုက်လေသည်။

ကူးဖန်းက ...



"ကျုပ်ရဲ့ သွေးသောက်ညီ ဝမ်းကျူးပါ"

ကျင်းစန်း ရင်ထိတ်သွားလေသည်။

"ဝမ်းကျူးဆိုတာ သိုင်းလောကမှာ နာမည်ကြီးခဲ့တဲ့ လေပွေ ား ဝမ်းကျူးကို ပြောတာများလားဗျာ"

ကူးဖန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... သူပါပဲ"

လေပွေမား ဝမ်းကျူးသည် မကောင်းသူပယ်၊ ကောင်းသူကယ် ဖြူရောင်သိုင်းသမားတစ်ယောက်အဖြစ် သိုင်းလောက၌ ထင်ရှား ကျော်ကြားခဲ့သူ ဖြစ်လေသည်။

လေပွေမား ဝမ်းကျူးနှင့် ဖြိုင်စံရှား သိုင်းသမား ကူးဖန်းတို့ သွေးသောက်ညီအစ်ကိုဖွဲ့ထားကြောင်း ယခုမှ သိလိုက်ရခြင်းဖြစ်လေ သည်။

ကျင်းစန်း မျက်မှောင်ကြုတ်ကာ တွေးတောစဉ်းစားပြီးမှ မေး လိုက်လေသည်။

"လေပွေမား ဝမ်းကျူးဟာ ချီးကျူးစရာကောင်းတဲ့ အဖြူရောင် သိုင်းသမားတစ်ယောက်ပါ၊ အနက်ရောင်သိုင်းသမားတွေ၊ ဒုစရိုက် သမားတွေဟာ သူ့နာမည်ကို ကြားလိုက်တာနဲ့ ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့သွားတတ်ကြတာပါပဲ၊ ကျွန်တော် ကြားဖူးတာကတော့ လေပွေမားဝမ်းကျူးဟာ အသက်ခပ်ငယ်ငယ်ပဲ ရှိသေးတယ်"

ကူးဖန်း ခေါင်းညိတ်လိုက်ပြန်လေသည်။

"မှန်ပါတယ်၊ ဝမ်းကျူးဟာ အသက်သုံးဆယ့်ငါးနှစ်လောက် ရှိပါသေးတယ်၊ ကျုပ်သမီးထက် ကြီးလှ တစ်နှစ် နှစ်နှစ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစန်းက ...

"ကျွန်တော် မရှင်းတာတစ်ခုရှိလို့ မေးပါရစေ၊ ဆရာကြီး
အသက်ခြောက်ဆယ်လောက်ရှိပြီ ထင်ပါတယ်၊ လေပွေဓား ဝင်း
ကတော့ လူရွယ်လူလတ်ပိုင်းပဲရှိသေးတာ၊ ဆရာကြီးတို့နှစ်ယော
သွေးသောက်ညီအစ်ကို ဖြစ်နေကြတာ အတော့်ကို ထူးဆန်းနေ
လို့ တင်မိပါတယ်"

သူ၏စကားအဆုံးတွင် ကူးဖန်း တဟားဟားရယ်မော
လေသည်။

"အင်း ... ပြောရရင်တော ရယ်စရာဖြစ်နေမယ်၊ သူနဲ့
အသက်ချင်း ထက်ဝက်ကွာနေတာ၊ တကယ်ဆို သားအဖအ
သွေးသောက်ညီအစ်ကိုဖွဲ့ထားတယ်ဆိုတော့ တစ်မျိုးဖြစ်နေတာ

သူ၏မျက်နှာ တည်တံ့သွားသည်။

"ဒါပေမယ့် ဒီကိစ္စဟာ ရယ်စရာမဟုတ်ပါဘူး"

ထို့နောက် လေပွေဓားဝမ်းကျုံးနှင့် ပတ်သက်ခဲ့ပုံကို ရှင်း
လိုက်လေသည်။

✦ ✧ ✦

ကူးဖန်း၏မျက်နှာ တည်ကြည်လေးနက်နေ၏။

လေပွေဓား ဝမ်းကျုံးနှင့် ပတ်သက်ခဲ့ပုံကို ရှင်းပြလေသ

ကောင်းဝူနှင့် ကျင်းစန်းတို့ စိတ်ဝင်စားစွာ နားထောင်နေ
ကြသည်။



ကောင်းဝူသည် ကူးဖန်း၏သားမက် ဖြစ်သော်လည်း ဝမ်းကျုံးနှင့် ကူးဖန်း သွေးသောက်ညီအစ်ကိုဖွဲ့ထားသည်ကိုသာ သိထားပြီး ခည်သို့မည်ပုံ ပတ်သက်ခဲ့ကြောင်း မသိခဲ့ရပါချေ။

ယခုမှ ကူးဖန်း ပြောခြင်းဖြစ်လေသည်။

"လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကျော်လောက်ကပေါ့၊ လူဆိုး ဓားပြတွေဟာ ကျေးရွာတစ်ရွာကို လုယက်တိုက်ခိုက်ခဲ့ကြတယ်၊ ရွာသူရွာသားတွေကို သတ်ပစ်လိုက်တဲ့အပြင် တစ်ရွာလုံး မီးလောင်တိုက်သွင်းပစ်လိုက်တဲ့အထိ ရက်ရက်စက်စက် လုပ်ခဲ့ကြတာပေါ့၊ ဒီသတင်းကို လူတိုင်းကြားတော့ လူဆိုး ဓားပြတွေကို ဆုံးမဖို့ ကျုပ်လိုက်သွားခဲ့တယ်လေ"

သူသည် အများအကျိုး ဆောင်ရွက်သည့် အဖြူရောင်သိုင်းသမားကြီးတစ်ယောက်အဖြစ် သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့ဖူးသည် မဟုတ်လား။

"ဓားပြတွေရဲ့ စခန်းကို ကျုပ်ရောက်သွားတော့ တိုက်ပွဲဖြစ်နေတာ တွေ့ရတယ်၊ လူငယ်တစ်ယောက်လည်း သတင်းကြားပြီး ဓားပြတွေကို ဆုံးမဖို့ ကြိုးစားနေတာပဲ"

ထိုလူငယ်မှာ လေပွေဓား ဝမ်းကျုံးဖြစ်ရမည်ဟု ကျင်းစန်းနှင့် ကောင်းဝူတို့ နားလည်လိုက်ကြလေသည်။

"လူငယ်ဟာ ဓားပြတွေကို ဆုံးမချင်ပေမယ့် အများနဲ့ တစ်ယောက် ဖြစ်နေတော့ အခက်ကြုံနေရတယ်၊ ဓားပြတွေဝိုင်းတိုက်ကြလို့ ဒဏ်ရာတွေရပြီး တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေတာပေါ့၊ ဒါနဲ့ ကျုပ်လည်း ပါဝင်ကူညီတိုက်ခိုက်ရတာ ..."

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကျုံနှင့် ကူးဖန်းတို့သည် လူဆိုး ဓားပြများအား ဆုံးမရင်း မမျှော်လင့်ဘဲ တွေ့ဆုံသိကျွမ်းခဲ့ကြခြင်း ဖြစ်လေသည်။

"ကျုပ်တို့နှစ်ယောက် အတူလက်တွဲပြီး ဓားပြတွေကို ဆုံးမသုတ်သင်နိုင်ခဲ့ကြတယ်၊ ဓားပြခေါင်းဆောင် တစ်ယောက် လွတ်မြောက်သွားပေမယ့် ကျန်တဲ့ ဓားပြတွေအားလုံးကို သုတ်သင်ပစ်နိုင်ခဲ့ကြတယ်၊ ဓားပြစခန်းကိုလည်း မီးရှို့ဖျက်ဆီးပစ်လိုက်နိုင်တယ်"

ကျင်းစန်းက ...

"အဲ့ဒီအချိန်ကစပြီး ဆရာကြီးတို့ နှစ်ယောက် တွေ့ဆုံသိကျွမ်းခဲ့ကြတာပေါ့ ဟုတ်လား"

ကူးဖန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ကျုပ်တို့နှစ်ယောက မိတ်ဆွေဖြစ်သွားကြတယ်၊ တိုက်ပွဲကြီးတစ်ခုမှာ အတူလက်တွဲ တိုက်ခိုက်ခဲ့ကြဘူးလို့ တခြားလူတွေနဲ့စာရင် ပိုပြီး ခင်မင်ရင်းနှီးသွားကြတယ်၊ ကျုပ်က သူ့ရဲ့စိတ်ဓာတ်နဲ့ သတ္တိကို သဘောကျတာကြောင့် သွေးသောက်ညီငယ်တစ်ယောက်အဖြစ် လက်ခံလိုက်တာ၊ ကျုပ်တို့ဟာ သွေးသောက်ညီအစ်ကိုဖြစ်ကြောင်း ဘုရားကျောင်းတစ်ခုမှာ တိုင်တည်ပြီး သစ္စာဆိုခဲ့ကြတာပါပဲ"

အန္တရာယ်နှင့် ကြုံတွေ့နေရချိန်၌ အတူလက်တွဲရင်ဆိုင်ခဲ့သူ တစ်ယောက်အား အခြားသူများထက် ပို၍ သံယောဇဉ်တွယ်တာမိသည်မှာ သဘာဝကျလှပေသည်။

ကူးဖန်းနှင့် ဝမ်းကျုံးတို့၏ တစ်ယောက်အပေါ် တစ်ယောက်



အားရှိသည့် စိတ်နေသဘောထားကို သွေးသောက်ညီအစ်ကိုဖွဲ့ထားခြင်းက အထင်အရှား ဖော်ပြနေပါတော့သည်။

ကျင်းစန်း သက်ပြင်းချလိုက်သည်။

ဝမ်းကျုံးအား တွေ့လိုစိတ်များလည်း ဖြစ်ပေါ်လာလေသည်။

"အခု သူ ဘယ်မှာလဲ"

ဟု မအောင့်နိုင်ဘဲ မေးလိုက်မိသည်။ ပည့်

ကူးဖန်းက ... က်ဖြစ်

"အရင်ကတော့ ကျုပ်အိမ်မှာ အမြဲနေပါတယ်၊ အိမ်

နဖို့ ခေါ်လို့ သူလိုက်လာပြီး နေခဲ့တာပါ၊ ဒါပေမယ့် အခု မျိုး မဟုတ်

တော့ အိမ်မှာနေတာ အတော်နည်းပါတယ်၊ အပြင်ထ

များတယ်၊ တစ်ခါတလေ တစ်နှစ်လောက်ကြာမှ အိမ်

သောက် ပြန်လာတတ်တာ၊ ပြန်လာရင်လည်း ြ

ရှိပါဘူး၊ တစ်နှစ် နှစ်ရက်လောက်နေပြီးတာနဲ့ ဂပါ၊ ကျုပ်တို့ဟာ

တာပါပဲ" သံသယဝင်နေမိကြ

ဝမ်းကျုံနှင့် ကူးဖန်းတို့ သွေးသောက်ညီအ ပြောစရာဖြစ်မယ်၊

နောက် ကူးဖန်း၏အိမ်သည် ဝမ်းကျုံး၏အိမ် ကောင်းတဲ့ကိစ္စပဲ"

သည်။

ဝမ်းကျုံးသည် သိုင်းလောကသားတစ်ယောက် သိက္ခာကျစရာ

အနေနည်းပြီး သိုင်းလောကသို့ ထွက်နေချိန်က များနေသ

အတူးအဆန်းမဟုတ်ပါချေ။ င်းဖြစ်နေပ

သိုင်းလောကသား အတော်များများသည် မိမိတို့ အိမ်

သိုင်းလောက၌ ပို၍ အနေများတတ်ကြသည် မဟုတ်ပါလ

ဘကျ

www.burmeseclassic.com

www.burmeseclassic.com



ကျွင်းစန်းက ကူးဖန်းပြောပြသည့် စကားများကို အာ
ကာ နားထောင်နေသည်။

ကူးဖန်းက ရှင်းပြပြီး ကျွင်းစန်းအား အကဲခတ်လိုက်သည်
တစ်ဖန် ...

"မင်းက ဝမ်းကျူးဟာ ပိုးဟပ်ဖြစ်ရမယ်လို့များ သံသယ
လား"

ဟု မေးလာလေသည်။

ဝမ်းကျူးသည် ကူးဖန်းတို့၏ မိသားစုဝင်တစ်ယောက်
ဖြစ်သည်။

းသားတော်စပ်မှုမရှိသော သူစိမ်းတစ်ယောက်ဖြစ်
ကူးဖန်း နှင့် သွေးသောက်ညီအစ်ကို ဖွဲ့လိုက်ပြီးနောက် သူ
"ဟုတ်တယ်ပါ။

တယ်၊ တိုက်ပွဲကြီး ခေါင်းခါယမ်းလိုက်သည်။
တခြားလူတွေနဲ့စာရင်တော့ သူနဲ့ပတ်သက်ပြီး ဘာမှ သံသယဖြစ်
သူ့ရဲ့စိတ်ဓာတ်နဲ့ သူ့ဟာ"
ညီငယ်တစ်ယောက်အား မလွှန် ပြောလိုက်လေသည်။
သောက်ညီအစ်ကိုဖြစ်ကျနပ်သွားသည်။
သစ္စာဆိုခဲ့ကြတာပါကလည်း သူဟာ ပိုးဟပ်ဖြစ်ရမယ်လို့ လုံးဝမထင်
အနေ့ရာပါပဲ၊ ဘာကြောင့်လည်းဆိုတော့ သူဟာ မတရားမှု
တစ်ယောက်နဲ့ စက်ဆုပ်ရွံရှာမုန်းတီးတဲ့ လူတစ်ယောက်ပါ၊ ပြီးတော့
သည်မှာ ချင်းများစွာ ညီရင်းအစ်ကိုတွေလို နေထိုင်ခဲ့ကြတယ်၊ ကျုပ်အ
ကျုံးလိုလုပ်လိမ့်မယ်လို့လည်း မထင်မိဘူးလေ"



ယခု ဒုက္ခပေးနေသော ပိုးဟပ်နှင့် အတွင်းလူတစ်ယောက်
ပတ်သက်ဆက်နွယ်မှုရှိရမည်ဟု အားလုံး ယုံကြည်နေကြပြီဖြစ်သည်။

ထို့ကြောင့် လူတိုင်းသည် သံသယဖြစ်စရာကောင်းသူများချည်း
ဟု ဆိုရပေမည်။

ဝမ်းကျူးမှာ ကူးဖန်းနှင့် သွေးသောက်ညီအစ်ကိုဖွဲ့ထားသည်
ဆိုသော်လည်း သွေးမတော်သားမစပ်သော သူစိမ်းတစ်ယောက်ဖြစ်
နေ၍ သံသယဝင်ရမည့်သူပင် ဖြစ်လေသည်။

ဘာကိုမှမယုံရဘဲ ဘာမဆိုဖြစ်နိုင်သောအခြေအနေမျိုး မဟုတ်
ပါလား။

ကူးဖန်းက ...

"တကယ်တော့ တရားခံအစစ်ဟာ ပိုးဟပ်ပါ၊ ကျုပ်တို့ဟာ
ပိုးဟပ်ကိုမိအောင် မဖမ်းနိုင်လို့ ဟိုဟိုသည်သည် သံသယဝင်နေမိကြ
တာပါပဲ၊ ပိုးဟပ်ကိုသာအောင် မဖမ်းနိုင်ရင် လူပြောစရာဖြစ်မယ်၊
သိက္ခာကျရမယ်၊ အင်း ... အတော့်ကို ရှက်စရာကောင်းတဲ့ကိစ္စပဲ"

ကောင်းဝူက ...

ပိုးဟပ်ကို မိအောင်ဖမ်းလိုက်ရင်တော့ ဘာမှ သိက္ခာကျစရာ
မလိုတော့ပါဘူး"

အဲတင်းတင်းကြိတ်ကာ ဒေါသဖြင့် ပြောလိုက်ခြင်းဖြစ်ပေ
သည်။

ကျွင်းစန်းက ...

"ဒါအမှန်ပါပဲ၊ ပိုးဟပ်ကို ဖမ်းမိရင် ဘယ်သူမှ သိက္ခာကျ

www.burmeseclassic.com

www.burmeseclassic.com



စရာ အကြောင်းမရှိတော့ဘူးပေါ့၊ ကဲ ... ကျွန်တော်တို့အိမ်ထဲ ဝင်းအောင်၊ တော်ကြာ ပိုးဟပ်က ကျွန်တော်တို့ထက်အရင် အိမ်ထဲဝင်သွားဦးမယ်"

ဟု ရယ်ရယ်မောမော ပြောလိုက်လေသည်။

ကူးဖန်း နှာခေါင်းရှုံ့လိုက်သည်။

"ဒီကောင်က ဒီလောက်တောင် သတ္တိရှိမယ်တဲ့လား"

ထို့နောက် အဆောက်အဦးဘက်သို့ လှည့်လိုက်လေသည်။

ကောင်းဝှနှင့် ကျင်းစန်းတို့လည်း လိုက်သွားကြ၏။

ကျင်းစန်း၏ လက်ထဲ၌ ပိုးဟပ်၏ မီးအိမ်ကို ဆွဲကိုင်ထားလေတော့သည်။

✦ ✧ ✦

ပိုးဟပ်၏ မြားကလေးများကြောင့် ဆီမီးတိုင်များ မီးငြိမ်းသွားသည်ဖြစ်ရာ ခန်းမဆောင်ထဲ၌ အလင်းရောင်အားနည်းလျက် ရှိလေသည်။

ကျင်းစန်းက မီးအိမ်ကို လက်မှဆွဲကာ ဝင်ရောက်လာတော့မှ ပြန်လည်၍ လင်းလင်းချင်းချင်း ဖြစ်သွားလေသည်။

ကူးလျှံက အခေါင်းအနီး၌ ရပ်နေသည်။

သူမ၏ လက်ထဲ ဓားတစ်လက်ကိုင်ထားပြီး သားသမီးများအား ကာကွယ်စောင့်ရှောက်နေသည်။

သူမ၏ သားသမီးများအား အလွန်ချစ်မြတ်နိုးသူဖြစ်ပုံရ၏။



ကောင်းဝှသည် အငယ်ဆုံး သမီးမှအပ ကျန်သားသမီး သုံးယောက်ပေါ်၌ ဆက်ဆံပုံမှာ အေးတိအေးစက်ရှိနေပြီး ကူးလျှံနှင့် ကွာခြားလှသည်ဟု ကျင်းစန်း တွေးမိလိုက်သေး၏။

ကူးဖန်းတို့ ဝင်လာသည်ကို တွေ့ရတော့မှ စိတ်သက်သာရာ ရသွားပုံ ရှိလေသည်။

သူမ သက်ပြင်းချလိုက်သည်။

လေပူတစ်ချက်ထုတ်ရင်း မီးအိမ်ဆွဲလာသည့် ကျင်းစန်းအား မေးလိုက်လေသည်။

"ဒါက ဘယ်လိုဖြစ်တာလဲ"

ကောင်းဝှက ကြားဝင် အဖြေပေးလိုက်သည်။

"လူကိုတော့ မတွေ့ဘူး၊ ထွက်ပြေးသွားပြီထင်တာပဲ၊ မီးအိမ်ပဲ ကျန်ခဲ့တယ်"

ကူးလျှံ နှာခေါင်းရှုံ့လိုက်သည်။

"ဒီလူက ကြီးကြီးကျယ်ကျယ် ခြိမ်းခြောက်နေပြီး တကယ်တမ်း သတ္တိရှိမယ်မထင်ပါဘူး၊ ခိုးကြောင်ခိုးဝှက်လုပ်တတ်တဲ့ လူစားမျိုးပဲ ဖြစ်မှာပါ"

ပိုးဟပ်အား ရှုံ့ချပြောဆိုလိုက်လေသည်။

ကူးဖန်း ခေါင်းခါယမ်းလိုက်သည်။

"သမီးက သူ့ကိုအထင်သေးနေမယ်ဆိုရင်တော့ အမှားကြီးမှားသွားလိမ့်မယ်၊ ပိုးဟပ်ဟာ ရက်စက်ကြမ်းကြုတ်တယ်၊ ကောက်ကျစ်စဉ်းလဲပြီး ဉာဏ်များတယ်၊ သူ့ရဲ့ အန္တရာယ်က မသေးဘူး၊ အားလုံး သတိရှိမှဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကူးလျှံက ကောင်းရုံနှင့် ကောင်းချင်းတို့အား ကာကွယ်စောင့် ရှောက်ထားသည်ကို မြင်လျှင် ကူးဖန်း ဆက်ပြောလိုက်လေသည်။

"ဒီညကစပြီး ငါ့မြေးငယ်လေးကို ငါပဲ တာဝန်ယူ စောင့် ရှောက်မယ်"

သူကလည်း မြေးအငယ်မလေး ကောင်းယဲ့အား ပိုပြီး ချစ်ခင် ရလေသည်။

ကူးလျှံက အားကျမခံ ပြောလိုက်သည်။

"သမီးကြီးနဲ့ သားလတ်အတွက်တော့ ဖေဖေ စိတ်မပူပါနဲ့ သမီးပဲ တာဝန်ယူလိုက်ပါ့မယ်"

ကောင်းပူကလည်း ကြားဝင် တာဝန်ခွဲဝေယူလိုက်သေးသည်။

"ကျုပ်နဲ့ ညီလေး ကျင်းစန်းတို့က ခြံဝင်းထဲလှည့်ပြီး စောင့် ကြပ်ဖို့ တာဝန်ယူလိုက်ပါ့မယ်၊ တကယ်လို့ အိမ်ထဲမှာ အကြောင်း ကိစ္စ ပေါ်လာရင် ချက်ချင်းရောက်လာကြမှာပါ"

ကူးဖန်း သက်ပြင်းချလိုက်သည်။

"အမှန်ဆိုရင် ငါတို့ဟာ ပိုးဟပ်ကို ထိပ်တိုက်ရင်ဆိုင်တိုက် ခိုက်ရမှာ၊ ဒါပေမယ့် ပိုးဟပ် ဘယ်သူဘယ်ဝါဆိုတာ ခုထိ မသိနိုင် သေးလို့ ခက်နေတာပေါ့"

ကူးလျှံက အကြံပေးလိုက်လေသည်။

"ဒါဖြင့် ဖေဖေ့ ဆွေသောက်ညီ ဝမ်းကျူးကို လာရောက်ကြည့် ဖို့ အကြောင်းကြားရင် မကောင်းဘူးလားဟင်"

သူမသည် ခင်ပွန်းသည် ကောင်းဂူထက် ဖခင်ကြီး၏ ဆွေ



သောက်ညီ ဝမ်းကျူးကို ပိုပြီး အားကိုးအားထားပြုဟန်ရှိကြောင်း ကျင်းစန်း အကဲခတ်မိလိုက်လေသည်။

ကူးဖန်း စိတ်ပျက်စွာဖြင့် ခေါင်းခါယမ်းလိုက်လေသည်။

"သူ့ဆီက အကူအညီရမယ်ဆိုရင်တော့ သိပ်ကောင်းတာပေါ့၊ ဒါပေမယ့် အခု သူ ဘယ်ရောက်နေတယ်ဆိုတာ ငါမှမသိဘဲ၊ အခု သူ့ဟာသူ ပြန်ရောက်လာမှ ဖြစ်မှာ"

ကူးလျှံလည်း ညည်းတွားလိုက်လေသည်။

"သူကလည်း အိမ်ကထွက်သွားတာ ကြာပြီ၊ တစ်ခါမှကို ပြန်မလာတော့ဘူး၊ တစ်ခေါက်တလေ ပြန်လာလို့တော့ ကောင်း တာပေါ့"

ကျင်းစန်းသည် သူမ၏အသံ ထူးခြားနေကြောင်း သတိပြုမိ လိုက်ပြန်လေသည်။

ကူးလျှံ၏လေသံသည် ဝမ်းကျူးနှင့် အလွန် ရင်းနှီးနေသော လေသံမျိုးဖြစ်နေသည်။

ဝမ်းကျူး ပြန်လာဖို့ တမ်းတနေပုံမျိုးလည်း ဖြစ်နေသည်။

ကူးလျှံသည် အဘယ်ကြောင့် ဝမ်းကျူးကို အားကိုးအားထား ပြုကာ တမ်းတမ်းတတ ဖြစ်နေရပါသနည်း။

ကောင်းဂူအား လှမ်းကြည့်လိုက်သောအခါ ကောင်းဂူသည် ကူးလျှံ၏ စကားကို မကြားလိုက်သည့်အလား ဟန်မပျက်ရှိနေသည် ကို တွေ့ရလေသည်။

ကူးဖန်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းကျုံးဟာ အရင်ကဒီလိုမဟုတ်ပါဘူး၊ အင်မတန် [illegible]တဲ့ သူငယ်ပါ၊ အခုနောက်ပိုင်းကျမှ ဘယ်လိုဖြစ်တယ် မသိ[illegible] သူ့ကို ကြည့်လိုက်ရင် အမြဲတမ်း ငေးငေးငိုင်ငိုင် ဖြစ်နေတာပဲ"

ကျောင်းဝှက ကြားဝင်ပြီး ထင်မြင်ချက်ပေးလိုက်သည်။

"ကျွန်တော့်စိတ်ထင် သူ့ဆီမှာ ဖွင့်ပြောပြလို့မဖြစ်တဲ့ လျှို့[illegible] ချက်တစ်ခုခု ရှိနေပုံပါပဲ၊ သူအိမ်ပြန်လာတဲ့အခါ စကားသိပ်မ[illegible] ဘူး၊ ခေတ္တခဏ လာပြီး တည်းခိုတဲ့ပုံစံနဲ့နေပြီး ချက်ချင်း ပြန်[illegible] သွားတာပဲ"

ကူးဖန်း ခေါင်းညိတ်လိုက်သည်။

"ငါလည်း မင်းပြောသလို သတိထားမိတယ်၊ ဒီတစ်ခါ [illegible] အိမ်ပြန်လာတော့မှပဲ သေသေချာချာ မေးကြည့်လိုက်ဦးမယ်"

ကူးလျှံကမူ သူတို့ကဲ့သို့ မယူဆပါချေ။

"အို... ဘာမေးစရာရှိမှာလဲ၊ သူ့လည်း လူကြီးတစ်ယောက်[illegible] အရာရာကို သူ့စိတ်တိုင်းကျ ဆုံးဖြတ်နိုင်တဲ့ အရည်အချင်းရှိတဲ့[illegible] သူမပြောချင်တဲ့ကိစ္စကို ကျွန်မတို့ အတင်းအကြပ် မေးလို့ဘယ်ဖြစ်[illegible] မလဲ"

ကျင်းစန်းသည် ဝမ်းကျုံးအပေါ်၌ ကူးဖန် ကူးလျှံနှင့် ကော[illegible] ဝှတို့ သဘောထား တစ်မျိုးစီ ရှိနေကြသည်ကို သတိပြုမှတ်သား[illegible] လိုက်လေသည်။

◆ ◇ ◆



# အိမ်ပြန်လာတဲ့သူ

တစ်စထက်တစ်စ ညဥ့်နက်လာပြီ ဖြစ်သည်။

အေးစိမ့်သော ညလေများ ဝေ့ယမ်းတိုက်ခတ်လာလေသည်။

ခန်းမဆောင်ထဲ ရှိနေသူအားလုံး ချမ်းစိမ့်စိမ့်ဖြစ်သွားကြ၏။

သို့သော် ညလေအေးသည် သူတို့၏ရင်ထဲမှ ပူလောင်မှုများကို အေးငြိမ်းသွားစေနိုင်ခြင်း မရှိခဲ့ပါချေ။

ရုတ်တရက် လေထဲ၌ မြင်းခွာသံများ ပါလာလေသည်။

မြင်းခွာသံကဲ့သို့ ဦးဆုံး သတိပြုမိလိုက်သူမှာ ကျင်းစန်းဖြစ်ပါသည်။

"မြင်းခွာသံပါလား"

ဟု ရေရွတ်လိုက်လေသည်။

ထိုအခါမှ ကျန်လူများလည်း သတိပြုမိသွားကြလေတော့သည်။

မြင်းခွာသံသည် တစ်စထက်တစ်စ ပို၍ ကျယ်လောင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကူးဖန်း၏ ခြံဝင်းသို့ မြင်းစီးသမားတစ်ယောက် ဦးတည်လာ
နေပုံမျိုး ဖြစ်လေသည်။

"မြင်းခွာသံက ဒီဘက်ကို ဦးတည်လာနေတာပဲ"

ညအချိန်မတော် လာနေသူမှာ မည်သူဖြစ်ပါသနည်း။

ပိုးဟပ်ပေလော ...။

အားလုံး စိတ်လှုပ်ရှားနေကြသည်။

ယခုအချိန်၌ သူတို့ထံသို့ မိတ်ဆွေ တစ်ယောက်ယော
ရောက်ရှိလာစရာ အကြောင်းမရှိပါချေ။

ရောက်ချင်ရောက် ရန်သူသာ ရောက်လာလိမ့်မည် ဖြစ်၏

ရန်သူရောက်လာလျှင် ရင်ဆိုင်တိုက်ခိုက်ဖို့သာ ရှိတော့သည်
မဟုတ်ပါလား။

ကူးလျှံ အံကြိတ်လိုက်၏။

"လာမယ့်ဘေး ပြေးတွေ့လိုက်တာ အကောင်းဆုံးပဲ"

အားလုံးသည် အဆောက်အဦး တံခါးမကြီးဘက်သို့ မျက်နှာ
လိုက်ကြလေသည်။

ပိုးဟပ်က နှောင့်ယှက်လာခြင်းကြောင့်လည်းကောင်း၊ အသူ
အိမ်ဖြစ်နေခြင်းကြောင့်လည်းကောင်း အိမ်တံခါးမကြီးကို ဟာလ
ဟင်းလင်း ဖွင့်ထားလေသည်။

မြင်းခွာသံများက ပိုပြီး ကျယ်လောင်လာသည်။

မြင်းစီးသမားသည် ခြံဝင်းရှေ့သို့ ရောက်ရှိလာပြီဖြစ်ကြော
မြင်းခွာသံကို နားထောင်ရင်း အားလုံး စိုးရိမ်မိလိုက်ကြ၏။

မြင်းခွာသံက ခြံဝင်းရှေ့၌ ရပ်တန့်သွားခြင်း မရှိပါချေ



ခြံဝင်းထဲသို့ ဆက်လက် ဝင်ရောက်လာလေသည်။

"အတင့်ရဲလိုက်တာ ..."

ကူးဖန်းက မကျေမနပ် ရေရွတ်လိုက်သည်။

မြင်းစီးသမားသည် သူ၏အိမ်ရှေ့သို့ပင် ရောက်ရှိလာပြီ
မဟုတ်ပါလား။

အိမ်ထဲမှ မီးရောင်က အပြင်ဘက်သို့တိုင် ဖြာထွက်နေသည်
ဖြစ်ရာ အိမ်ရှေ့၌ ရပ်တန့်လိုက်သော မြင်းတစ်ကောင်ကို တွေ့လိုက်
ရလေသည်။

မြင်းစီးသမားက လွှားခနဲ ခုန်ဆင်းလာသည်။

ထိုလူသည် ကျောက်လှေကားထစ်များကို ဖြတ်ကျော်ရင်း
အိမ်ထဲရောက်ရှိလာတော့သည်။

ကျင်းစန်းက မလှုပ်မယှက် ရပ်လျက် အကဲခတ်နေ၏။

အိမ်ထဲ ရောက်လာသည့် မြင်းစီးသမားကြောင့် ကူးဖန်းနှင့်
ကူးလျှံတို့ မျက်နှာအမူအရာ ပြောင်းလဲသွားကြသည်ကို မြင်လျှင်
တိုက်ခိုက်စရာမလိုတော့ကြောင်း ကျင်းစန်း ကောင်းစွာနားလည်လိုက်
လေတော့သည်။

✦ ✧ ✦

ခန်းမဆောင်ထဲ ဝင်လာသူကို အားလုံးက မျက်တောင်မခတ်
စိုက်ကြည့်နေကြလေသည်။

ထိုလူမှာ ကောင်းဝူနှင့် မတိမ်းမယိမ်း အသက်အရွယ်ရှိသူ
ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စာပေသမားတစ်ယောက်အသွင်ရှိပြီး အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

အရပ်အမောင်းကောင်း၍ သန်မာထွားကြိုင်းသူတစ်ယောက်လည်း ဖြစ်သည်။

သူ၏ ဥပဓိရုပ်က ယောကျ်ားပီသပြီး ဆွဲဆောင်မှုရှိသူတစ်ယောက် ဖြစ်ကြောင်း ပေါ်လွင်နေလေသည်။

ခြေတစ်လှမ်းလှမ်းလိုက်တိုင်း တချွင်ချွင်မြည်သံများ ထွက်ပေါ်နေလေသည်။

သူ၏အင်္ကျီချုပ်ရိုးကြားတွင် ဓားတစ်လက် ချိတ်ဆွဲထားသည်ကို တွေ့ရလေသည်။

ဓားအိမ်ကို ရွှေဖြင့်ကွပ်ထားပြီး အရည်အသွေး အလွန်ကောင်းမွန်သော ပုလဲခုနစ်လုံးဖြင့် စီခြယ်မွမ်းမံထားလေသည်။

ဓားရိုးတွင် ရွှေခေါင်းလောင်းငယ်တစ်လုံး ချည်နှောင်ချိတ်ဆွဲထားလေသည်။

သူခြေလှမ်း လှမ်းလိုက်တိုင်း ရွှေခေါင်းလောင်းလေးမှ တချွင်ချွင် မြည်သံများ ထွက်ပေါ်လာခြင်းဖြစ်လေသည်။ ခေါင်းလောင်းသံက တိုးညှင်းသာယာနာပျော်ဖွယ် ကောင်းနေပါတော့သည်။

ထိုလူကို တွေ့လိုက်သည်နှင့် ကူးဖန်း ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။

"ညီ ... ညီလေး မင်း ရောက်လာပြီနော်၊ ဝမ်းသာလိုက်တာကွ၊ အခုပဲ ငါတို့ မင်းအကြောင်းပြောနေကြတာကွ၊ မင်းက ဆိုင်းမဆင့် ဗုံမပါ ရောက်လာတာပဲ၊ အသက်ရှည်ဦးမယ်"



ကျင်းစန်း ပင့်သက်ရှိုက်လိုက်သည်။

ရောက်လာသူမှာ လေပွေဓား ဝမ်းကျူးဖြစ်ကြောင်း နားလည်လိုက်လေသည်။

သူတို့ပြောဆိုနေကြစဉ်မှာပင် လေပွေဓား ဝမ်းကျူးက အချိန်ကိုက် ရောက်လာခြင်း ဖြစ်ပေတော့သည်။

ဝမ်းကျူးသည် ကူးဖန်းအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

"အစ်ကိုကြီး နေကောင်းတယ်နော်"

ကူးဖန်းက ဝမ်းကျူး၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်လေသည်။

"ငါတို့ဟာ သွေးသောက်ညီအစ်ကိုတွေပဲကွာ၊ ဂါရဝပြုစရာမလိုပါဘူးကွ"

ဝမ်းကျူးသည် စူးရှတောက်ပသော မျက်လုံးများဖြင့် တစ်ချက်အကဲခတ် ဝေ့ကြည့်လိုက်လေသည်။

အခေါင်းတစ်လုံးနှင့် အားလုံး မျက်နှာမသာမယာဖြစ်နေကြသည်ကို မြင်လျှင် မျက်မှောင်ကြုတ်သွားလေသည်။

အထူးသဖြင့် ကူးလျှ၏မျက်နှာက သိသိသာသာ ညှိုးနေသည်။

အရေးကြီးသော ပြဿနာ တစ်စုံတစ်ရာ ဖြစ်ပေါ်နေကြောင်း နားလည်သဘောပေါက်သွားလေတော့သည်။

"အိမ်မှာ ပြဿနာတစ်ခုခု ဖြစ်နေတာလား အစ်ကိုကြီး"

ကူးဖန်းကို မေးလိုက်သည်။

ကူးဖန်း ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာကတော့ ခံသေးသေးမွှားမွှား မဟုတ်ဘူး၊ အတော့်ကို ကြီးကျယ်တာကွ"

ဝမ်းကျူး ပိုပြီး အံ့ဩသွားသည်။

"ပြဿနာကြီးတစ်ခု ဟုတ်လား"

"ဟုတ်တယ်"

"ဘာလိုဖြစ်တာလဲ၊ ကျွန်တော့်ကို ပြောပါဦး"

ကူးဖန်းသည် ကောင်းချင်း၏ ရုပ်အလောင်းထည့်ထားသော အခေါင်းကို ညွှန်ပြရင်း ဝမ်းနည်းသော လေသံဖြင့် ပြောလိုက်လေသည်။

"မင်းပဲ သွားကြည့်လိုက်ပါဦး"

"ကောင်းပါပြီ အစ်ကိုကြီး"

ဝမ်းကျူးသည် အခေါင်းအနီးသို့ ခပ်သွက်သွက် လှမ်းသွားလိုက်လေသည်။

အားလုံးက သူ့ကို ငေးကြည့်နေကြလေသည်။

ဝမ်းကျူးသည် အခေါင်းအနီးသို့ရောက်ရှိသွား၏။

အခေါင်းအဖုံး ဖွင့်ထားသဖြင့် အခေါင်းထဲမှ အလောင်းကို အတိုင်းသား တွေ့မြင်နေရလေသည်။

ဝမ်းကျူး အထိတ်တလန့် ဖြစ်သွားတော့သည်။

"ဟာ … သားကြီးပါလား"

ဝမ်းကျူး ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

သူ၏မျက်လုံးအစုံ ပြူးကျယ်ကာ မျက်နှာ ဖြူဖတ်ဖြူလျော် ဖြစ်နေပါတော့သည်။



ကူးလျှံ၏ မျက်ဝန်းအိမ်စုံမှ မျက်ရည်များ စီးကျလာလေသည်။

သူမသည် ငိုရှိုက်ရင်း …

"ဟုတ်တယ် အစ်ကို … သားကြီး ဆုံးသွားရှာပြီ"

ကျင်းစန်းက ငြိမ်သက်စွာ စောင့်ကြည့်နေ၏။

ဝမ်းကျူးနှင့် ကူးလျှံတို့ နှစ်ယောက် အလွန်ရင်းနှီးနေကြပြီး နီးမောင်နှံနှစ်ယောက်နှင့်ပင် တူနေသည်ဟု ခံစားမိ၏။

သားသမီးတစ်ယောက် ဆုံးရှုံးလိုက်ရခြင်းကြောင့် ဝမ်းနည်း ကြကွဲနေကြသည့် မိဘနှစ်ပါး၏ အသွင်မျိုး ရှိနေသည်ဟုလည်း ထင်မိသည်။

ဤသို့ဆိုလျှင် ကောင်းဝူနှင့် ပတ်သက်၍ မည်သို့ပြောဆိုရ မှုမည်နည်း။

ဝမ်းကျူး၏မျက်နှာ နီမြန်းသွား၏။

အသားများလည်း တဆတ်ဆတ်တုန်လာသည်။

ဒေါသချောင်းချောင်း ထွက်သွားသည့် အသွင်မျိုး ပြောင်းလဲ သွားလေတော့သည်။

"ဒါ ဘယ်သူ့လက်ချက်လဲ"

သူ၏အသံ မိုးခြိမ်းသံအလား ကျယ်လောင်စွာ ထွက်ပေါ်လာ သည်။

သူ၏လက်သီးများ ကျစ်ကျစ်ပါအောင် ဆုပ်ထားသကဲ့သို့ အကြောကြီးများ ထောင်ထလာအောင် အံကြိတ်ထားလေသည်။

ကူးလျှံက …

"ပိုးဟပ်ရဲ့ လက်ချက်ပေါ့ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ပိုးဟပ် ... ဟုတ်လား၊ သူက ဘာကြောင့် သတ်ဖစ်လိုက်ရတာလဲ"

ဝမ်းကျုံး နားမလည်နိုင်အောင် ဖြစ်နေပုံရသည်။

ကူးလျှံက ကောင်းဝှအား လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောလိုက်လေသည်။

"သူ့ကြောင့်ပေါ့ ... သူ့ကြောင့်ပေါ့"

ဝမ်းကျုံးက ကောင်းဝှကို လှမ်းကြည့်လိုက်သည်။

"ဘယ်လိုဖြစ်ရတာလဲဗျာ"

ကောင်းဝှ ဘာမှမပြောဘဲ နေလိုက်လေသည်။

ထိုစဉ် ကူးဖန်းက ကြားဝင်လိုက်လေသည်။

"သမီးပြောတာကို အရမ်းမယုံနဲ့ဦး"

ကူးလျှံက ...

"ကျွန်မပြောတာ မဟုတ်လို့လား၊ သူ့ကြောင့် ပိုးဟပ်က ဒီအထိလိုက်လာပြီး သားကြီးကို သတ်သွားတာ"

ကူးဖန်း သက်ပြင်းချလိုက်သည်။

"သမီး တော်တော်ခက်သေးတာပဲ၊ ဘယ်လောက်ပဲ ရှင်းပြ ရှင်းပြ နားမလည်နိုင်တော့ပါလား"

ကူးလျှံက ဖခင်ကြီးအား အရေးမစိုက်ဘဲ စောဒကတက်ရန် ဟန်ပြင်လိုက်သည်။ ဝမ်းကျုံးက ကြားဖြတ်မေးလိုက်လေသည်။

"တဲ ... အစ်ကိုကြီးကပဲ ဘယ်လိုဖြစ်ရတယ်ဆိုတာ ရှင်းပြပါလားဗျာ"

"ကောင်းပြီ ..."



ကူးဖန်းက အကျိုးအကြောင်း ရှင်းပြလိုက်လေသည်။

ဝမ်းကျုံးက စိတ်ဝင်စားစွာ နားထောင်နေ၏။

ကူးဖန်း၏ စကားဆုံးသွားတော့မှ သက်ပြင်းချလိုက်သည်။

"ကျွန်တော်လည်း ယုကျင်းရဲ့ အကူအညီတောင်းတဲ့ဖိတ်စာရလိုက်တာကြောင့် ရိလုံဆိကိုသွားဖို့ ထွက်လာရင်း လမ်းကြုံတာနဲ့ ဝင်ကိုလှည့်ဝင်ခဲ့တာ"

"သြော် ... ငါညီက လမ်းကြုံမှပဲ လှည့်ဝင်လာတော့တာပဲကိုး"

"ဒီလိုတော့ မဟုတ်ပါဘူး အစ်ကိုကြီးရာ၊ ကျုပ်ရဲ့စိတ်ထဲမှာ အလိုလိုနေရင်း လေးလံနေတယ်၊ စိုးရိမ်ကြောင့်ကျမှုတွေ ဖြစ်ပေါ်နေတယ်၊ ဒါကြောင့် ထူးပါတယ်လို့ ထင်မိတာ၊ အိမ်ကိုလည်း စိတ်မချနိုင်အောင် ဖြစ်လာတာကြောင့် ဝင်လာခဲ့တာပါ"

"ငါညီအနေနဲ့ မကြာခဏ အိမ်ပြန်လာဖို့ ကောင်းတာကွ"

ဝမ်းကျုံး တောင်းပန်လိုက်လေသည်။

"အစ်ကိုကြီး အပြစ်တင်မယ်ဆိုရင်လည်း ခံရမှာပါပဲ၊ ကျွန်တော့်အနေနဲ့ အပြင်မှာ ဆောင်ရွက်စရာကိစ္စတွေ များလွန်းလို့ ရုတ်တရက် ပြန်မလာနိုင်အောင် ဖြစ်ခဲ့ရတာပါ"

ကူးဖန်း မဲ့ပြုံး ပြုံးလိုက်သည်။

"မင်းက အပြင်မှာလုပ်ကိုင်ဆောင်ရွက်စရာတွေ များနေတော့ အိမ်ကိုတော့ သတိမရနိုင်အောင် ဖြစ်နေတယ်ပေါ့ ဟုတ်လား"

ဝမ်းကျုံး ဦးညွှတ်လိုက်သည်။

"ကျွန်တော့်အပေါ်မှာ အစ်ကိုကြီးရဲ့ ကျေးဇူးတွေ ဆပ်လို့ကုန်နိုင်အောင် ရှိနေပါတယ်၊ အစ်ကိုကြီးကို ကျေးဇူးမကန်းရဲပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်နှာ မသာမယာဖြစ်နေပြီး ခေါင်းငုံ့ထားလိုက်လေသည်။

"ကျုပ်က ဒီလိုဆိုလိုတာမဟုတ်ပါဘူး၊ ညီလေး စိတ်မကောင်းမဖြစ်ပါနဲ့၊ ညီလေး မကြာမကြာ အိမ်ပြန်လာမယ်ဆိုရင် အဖေ့အကြောင်းရှိတဲ့အခါ တို့ညီအစ်ကိုနှစ်ယောက် တိုင်ပင်ဆွေးနွေးလို့ရတာပေါ့"

ထို့နောက် ပိုးဟပ်နှင့်ပတ်သက်ပြီး ဆက်လက်ပြောပြလိုက်လေသည်။

"ညီလေး ... ပိုးဟပ်က ကျုပ်ကို ဒုက္ခပေးလာတဲ့ကိစ္စမှာ မသင်္ကာစရာကောင်းတာတွေ ရှိနေတယ်ကွ"

"အစ်ကိုကြီးက ဘာတွေများ သတိပြုမိထားလို့လဲ"

"ပိုးဟပ်ရဲ့ လုပ်ရပ်ကို ကြည့်ရင် ငါတို့ မိသားစုအကြောင်း ငါတို့အိမ်အကြောင်း ခရေစေ့တွင်းကျ သိထားပုံရတယ်၊ ဒါကြောင့် သူဟာ ငါတို့နဲ့ ရင်းနှီးကျွမ်းဝင်တဲ့ လူတစ်ယောက်ဖြစ်ရမယ်လို့ သံသယဝင်မိတာပဲ၊ ကဲ ... ငါ့ညီလည်း စဉ်းစားကြည့်စမ်းပါ၊ တို့အသိအကျွမ်းထဲမှာ ပိုးဟပ်နဲ့တူတဲ့ လူတစ်ယောက်များ ရှိနေသလား"

ဝမ်းကျုံး တွေဝေသွားလေသည်။

အတန်ကြာအောင် စဉ်းစားပြီးမှ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော်တော့ စဉ်းစားလို့မရဘူး၊ အစ်ကိုကြီးမှာ အငယ်ကတည်းက ရင်းနှီးတဲ့လူတွေ အများကြီးရှိခဲ့တာ မဟုတ်လား၊ ဒါပေမယ့် သိုင်းလောကက အနားယူပြီးတဲ့နောက် ဒီအိမ်ကို ဝင်ထွက်သွားလာတဲ့ မိတ်ဆွေ မရှိသလောက်ပဲ"



သူ၏စကား၌ အဓိပ္ပာယ်များ ပါဝင်နေကြောင်း ကျင်းစန်း သတိပြုမိလိုက်လေသည်။

ကူးဖန်းသည် သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့စဉ်က လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့ပြီး အသိအကျွမ်းမိတ်ဆွေ ပေါများလှပေသည်။

ခင်မင်ရင်းနှီးသူ အများအပြားရှိခဲ့သည့်တိုင်အောင် သိုင်းလောကမှ အနားယူပြီးသည့်နောက်ပိုင်း မိတ်ဆွေများနှင့် အဆက်ပြတ်သွားခဲ့လေသည်။

ဤနေရာသို့ ဝင်ထွက်သွားလာဖူးသည့် မိတ်ဆွေမရှိသလောက်ဖြစ်လေသည်။

ပိုးဟပ်သည် ခင်မင်ရင်းနှီးဖူးသော မိတ်ဆွေတစ်ယောက် ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။

သို့သော် ဤအိမ်သို့ တရင်းတနှီး ဝင်ထွက်သွားလာဖူးသူ မဖြစ်နိုင်ပါ။

ဤအိမ်သို့ ဝင်ထွက်သွားလာဖူးသူမှာလည်း ကူးဖန်း၏ သိုင်းလောကမှ ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ယောက်ယောက် မဖြစ်နိုင်တော့ပါ။

ကျင်းစန်း ထိုသို့ဆင်ခြင်မိသကဲ့သို့ ကူးဖန်းလည်း အတွေးရကြပ်သွားလေသည်။

ထိုစဉ် ကောင်းဂူက ကြားဝင်ပြောလိုက်လေသည်။

"လုံးဝမရှိတာတော့ မဟုတ်ပါဘူး"

ကူးဖန်း အံ့သြသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းဂူ မင်းဘာကိုဆိုလိုတာလဲ"

ကောင်းဝူက တည်ကြည်သော မျက်နှာထားဖြင့် ပြော[illegible] သည်။

"သိုင်းလောကမှာ ခင်မင်ရင်းနှီးမှုတဲ့ မိတ်ဆွေလည်းဖြစ်တယ် ဒီအိမ်မှာလည်း တရင်းတနှီး ဝင်ထွက်သွားလာသူလည်း ဖြစ်တယ် ဒီလိုလူစားမျိုး တစ်ယောက်တော့ ရှိပါသေးတယ်"

"ဘယ်သူလဲကွ ..."

ကူးဖန်က အလောတကြီး မေးလိုက်လေသည်။

"ကောင်းဝူ အဖြေမပေးဘဲ ဝမ်းကျူးအား စိုက်ကြည့်လိုက်[illegible]

ကောင်းဝူ၏ အကြည့်ကြောင့် ကူးဖန်လည်း သဘော[illegible] သွားလေတော့သည်။

"မင်းက ဝမ်းကျူးကို ဆိုလိုတာလား၊ သူဟာ ငါ့ရဲ့ မိတ်[illegible] ပဲကွ"

ကောင်းဝူက ...

"ဟုတ်တယ်လေ၊ သွေးသောက်ညီအစ်ကိုဆိုတာ ရင်း[illegible] မိတ်ဆွေပဲ မဟုတ်လား၊ တကယ့် ညီရင်းအစ်ကိုမှ မဟုတ်ကြ[illegible]"

ဝမ်းကျူးက ဘာမှမပြောဘဲ နေ၏။

ကူးဖန်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ပြီးမှ သတိဝင်လာကာ စိတ်ဆိုးမာန်ဆိုးဖြင့် ကောင်းဝူ[illegible] ဆူပူကြိမ်းမောင်းလိုက်လေတော့သည်။

"မင်း ဘယ်လိုပြောလိုက်တာလဲ၊ ဝမ်းကျူးကို ပိုးဟပ်[illegible] ထင်နေတာလား၊ သူက ငါ့မြေးကြီးကို သတ်လိုက်တယ်များ ထင်[illegible]



သလား၊ မင်း သေသေချာချာ မသိဘဲ အထောက်အထားမရှိဘဲ ဒီလိုသဘောမျိုး သက်ရောက်အောင် မပြောသင့်ဘူး၊ မင်းဟာ အတွေ့အကြုံရှိတဲ့ သိုင်းသမားတစ်ယောက်ပါ၊ ခုလိုအချိန်မှာ အချင်းချင်း စိတ်ဝမ်းကွဲစရာ စကားမျိုး မပြောသင့်ဘူးကွ"

ကူးလျှံကလည်း ဒေါသတကြီး ပြောလိုက်လေသည်။

"ရှင့်ပါးစပ် ပိတ်ထားလိုက်ရင် ကောင်းမယ်၊ အစ်ကိုကြီး ဝမ်းကျူးက ဘာကြောင့် သားကြီးကိုသတ်ရမှာလဲရှင့်"

ကောင်းဝူး ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ်က ဒီသဘောမျိုး ပြောတာမဟုတ်ပါဘူး"

"ဒါဖြင့် ဘာသဘောလဲ၊ ရှင့်ရည်ရွယ်ချက်က ဘာလဲ၊ ပြောစမ်းပါဦး"

ကူးလျှံသည် ဒေါသတကြီးဖြစ်နေပြီး ကောင်းဝူကို ချောင်ပိတ်ကာ မေးလိုက်လေသည်။

"ကောင်းဝူက လေသံအေးအေးဖြင့် ပြောလေသည်။

"ကျုပ်က အိမ်ကိုဝင်ထွက်သွားလာနေတဲ့ ကိုယ့်သွေးသားရင်း မဟုတ်တဲ့ သည့်သည်အကြောင်းကို ပြောနေတာပါ၊ နေစမ်းပါဦး ... မင်း ဘာကြောင့် ဒီလောက်တောင် မခံမရပ်နိုင်ဖြစ်နေရတာလဲ"

ကူးလျှံ၏ မျက်နှာကြီး နီမြန်းသွားတော့သည်။

သူမ၏စကားကြောင့် ကောင်းဝူ ဘာမှမဖြစ်သော်လည်း ကောင်းဝူ၏ စကားကြောင့် သူမ မျက်နှာပျက်သွားရလေတော့သည်။

သူမသည် ရှက်ရွံ့သွားပုံလည်းရှိပြီး ရှက်ရမ်းရမ်းလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာစကားပြောတာလဲ၊ ကျွန်မရဲ့ သားတစ်ယောက် သေသွားရတာရှင့်၊ ရှင်သာ ရီလုံနဲ့ ပြဿနာမဖြစ်ခဲ့ဘူးဆိုရင် ကျွန် တို့လည်း ခုလိုအဖြစ်ဆိုးနဲ့ ကြုံတွေ့စရာ အကြောင်းမရှိဘူး၊ ဖြစ်ရတာ ရှင့်ကြောင့်၊ အားလုံး ရှင့်အပြစ်တွေချည်းပဲ"

မာနကြီးသော ဆတ်ဆတ်ကျဲ သိုင်းသမားတစ်ယောက် သည့်အတိုင်း ကက်ကက်လန် ရန်တွေ့လေတော့သည်။

ဝမ်းကျိုး မနေနိုင်တော့ဘဲ ကြားဝင်ဖျောင်းဖျလိုက်ရသည်။

"ညီမ ဒီကိစ္စနဲ့ပတ်သက်ပြီး ကောင်းဝူကို အပြစ်မတင်သင့် ဘူး၊ ကျုပ်တောင် သူများအကူအညီတောင်းလို့ ရီလုံကို သွား ရင်ဆိုင်ဖို့ စိတ်ကူးခဲ့သေးတာပဲ မဟုတ်လား"

ကူးလျှံက ...

"ဘာပဲဖြစ်ဖြစ် သူ့အကြောင့် ဒုက္ခရောက်ရတာ သူ့ကိုအ မတင်လို့ ဘယ်သူ့ကို အပြစ်တင်ရမှာလဲရှင့်"

သူမ ထိန်းမနိုင်သိမ်းမရဖြစ်နေသည်ကို မြင်လျှင် ကူး ဒေါသထွက်သွားလေတော့သည်။

"နင့်ပါးစပ် ပိတ်ထားလိုက်စမ်း၊ ကိုယ့်ကို စေတနာနဲ့ ဖော တဲ့လူရဲ့ မျက်နှာကိုတောင် မထောက်ထားတော့ဘူးလား၊ နင့်ကြော ငါတို့အားလုံး ကဲ့ရဲ့ခံရလိမ့်မယ်"

ကူးလျှံက စန်းကျင်းအား လှမ်းကြည့်လိုက်သည်။

"သူလား ကျွန်မကို ကဲ့ရဲ့မှာ၊ သူကော ဘာထူးလဲ၊ သူ နှစ်ယောက်သာ ရှုပ်ရှုပ်ယှက်ယှက် မလုပ်ခဲ့ကြဘူးဆိုရင် ဒီအ ပိုးဟပ် ရောက်လာစရာအကြောင်းမရှိတော့ဘူးပေါ့"



သူမသည် ကျင်းစန်းကိုလည်း အမှုမထားတော့ချေ။

ကူးလျှံ ဒေါသပေါက်ကွဲသွားလေတော့သည်။

"နေစမ်းပါဦး ... နင့်ယောကျ်ားကို ပိုးဟပ်ရဲ့ လက်ချက်ဖြစ်ဖြစ် ရီလုံရဲ့လက်ချက်ဖြစ်ဖြစ် သေသွားစေချင်တဲ့ သဘောလား"

ကူးလျှံက ...

"ဟုတ်တယ် ... သူအရင်သေသွားရင် ဘာပြဿနာမှ ဖြစ်လာ စရာ အကြောင်းမရှိဘူး၊ သူသေပြီးမှ ရီလုံ ဘယ်သူ့လက်ချက်နဲ့ သေသေ ကျွန်မတို့နဲ့ မပတ်သက်တော့ဘူး၊ ပိုးဟပ်ကလည်း ကျွန်မ တို့ကို ရန်ရှာတော့မှာမဟုတ်ဘူး၊ သားကြီးလည်း အသေဆိုးနဲ့ သေရ တော့မှာ မဟုတ်ဘူး"

ပြောရင်း ဝမ်းနည်း ကြေကွဲလာကာ မျက်နှာကို လက်ဝါး နှစ်ဖက်ဖြင့် အုပ်ကာ ငိုကြွေးလိုက်လေတော့သည်။

ကူးဖန် ဒေါသမထွက်နိုင်တော့ပါ။

စိတ်လျော့ကာ သက်ပြင်းချလိုက်လေသည်။

"ဒီလိုလည်း မဟုတ်သေးပါဘူးလေ၊ အရာရာကို ခေါင်းအေး အေးထား စဉ်းစားပြီး လုပ်ကိုင်ဆောင်ရွက်ရမှာပေါ့"

ကူးလျှံသည် တရှုံ့ရှုံ့ငိုကြွေးနေရာမှ ကောင်းဝူနှင့် ကျင်းစန်း တို့အား လှမ်းကြည့်လိုက်လေသည်။

ထို့နောက် လက်သီးငေါက်ငေါက်ထိုးကာ ဒေါသတကြီး ကြိမ်း မောင်းလိုက်လေသည်။

"ရှင်တို့ နှစ်ယောက်ကို ကျွန်မပြောမယ်၊ ကျွန်မရဲ့ ကျန်တဲ့ သားသမီးတွေသာ နောက်ထပ် အန္တရာယ်တစ်ခုခုနဲ့ ကြုံတွေ့ခံရမယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ရှင်တို့နှစ်ယောက် သက်သာမှာမဟုတ်ဘူး၊ ရှင်တို့ကို ကျွန်မ ဘယ်နည်းနဲ့မှ ခွင့်လွှတ်မှာမဟုတ်ဘူး"

သူမ၏ရင်ထဲမှ ခံစားချက် ပြင်းထန်နေသည်ကို ရိပ်မိလိုက်ကြသဖြင့် ကောင်းဝှနှင့် ကျင်းစန်းတို့ ဘာမှမပြောဘဲ နေလိုက်ကြလေသည်။

ကူးဖန်း အားတုံ့အားနာဖြင့်ကာ ကျင်းစန်းအား တောင်းပန်လိုက်လေသည်။

"ကျုပ်မျက်နှာကို ထောက်ထားပြီး ကျုပ်သမီးကို ဖွေမယူကြပါနဲ့လို့ တောင်းပန်ပါတယ်ဗျာ"

ကျင်းစန်း ပြုံးလိုက်သည်။

"ခုချိန်မှာ သူ့စိတ်ထဲ အတော့်ကို ခံစားနေရတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော် ကိုယ်ချင်းစာနိုင်ပါတယ် ခင်ဗျာ၊ ဘယ်လိုမှ သဘောမထားပါဘူး"

"ကျေးဇူးပါပဲ မိတ်ဆွေလေး"

ကူးဖန်းက ကျေးဇူးတင်စကား ပြောလိုက်လေသည်။

တင်းမာသော အခြေအနေသည် ပြန်လည်လျော့ပါးသွားသည်ဟု ဆိုနိုင်လေသည်။

ဝမ်ကျိုးကလည်း ဝင်ရောက်ဖျောင်းဖျနေသည်။

"သေတဲ့လူလည်း သေသွားပြီပဲ ညီမရယ်၊ သူ့ကြောင့် ငါ့ကြောင့်လို့ အပြစ်ဖို့နေမယ့်အစား လောလောဆယ် ပိုးဟပ်ကို မဖော်ထုတ်နိုင်သေးခင် နောက်ထပ် လာပြီးလုပ်ကြတာ မခံရလေအောင် ကြိုတင်ကာကွယ်ထားဖို့က ပိုပြီး အရေးကြီးပါတယ်"



ကူးဖန်းက ...

"ကလေးတွေ မျက်စိအောက်က အပျောက်မခံဘဲ လူကြီးတွေအနားမှာ အမြဲရှိနေဖို့လိုတယ်"

ဝမ်းကျိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ဒီလိုစီစဉ်တာ ကောင်းပါတယ်၊ ကလေးတွေအတွက် စိတ်ချရတာပေါ့"

ကူးလျှံက ...

"ရှင်က ကလေးတွေကို ကာကွယ်စောင့်ရှောက်မယ် မဟုတ်လား၊ ဒါဆို ကျွန်မ သားအလတ် ကောင်းရုံကို ရှင်ပဲ တာဝန်ယူစောင့်ရှောက်ပေးပါလား"

သူမ၏စကားကြောင့် ဝမ်းကျိုး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ကောင်းဝှူနှင့် ကူးဖန်းတို့လည်း အံ့သြသွားကြသည်။

ကောင်းရုံအား ကာကွယ်စောင့်ရှောက်ရန် သူတို့ ပိုပြီး တာဝန်ရှိကြသည် မဟုတ်လား။

ကူးလျှံက အဘယ်ကြောင့် ဝမ်းကျိုးကို အားကိုးတကြီး ဖြစ်နေပြီး အကူအညီတောင်းရပါသနည်း။ အဘယ့်ကြောင့် ကောင်းရုံအတွက် ဝမ်းကျိုးကိုမှ စိတ်ချရပါသနည်း။

ကျင်းစန်း၏ ရင်ထဲ ဖော်မပြနိုင်သောခံစားချက်တမျိုး ဖြစ်ပေါ်လာလေတော့သည်။

ကောင်းဝှူနှင့် ကူးဖန်းတို့က သူမအား ခပ်မှိမ်းမှိမ်းကြည့်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကူးလှျံသည် ကောင်းဝှတိ၏ အကြည့်အမိဟွာယ်ကြောင့် သူစကားပြောမှားသွားပြီဖြစ်ကြောင်း ချက်ချင်း သတိပြုမိလိုက်လေသည်။

သူမသည် မျက်တောင်တစ်ချက် ခတ်ကာ ကောင်းဝှအားရှုးရှုးရဲရဲ ပြန်ကြည့်လိုက်သည်။

"ရှင်လည်း အတူတူပဲ၊ ကျွန်မကလေးတွေကို နောက်ထပ်ဘာမှမဖြစ်ပါစေနဲ့"

စကားဆုံးလျှင် အနီးရှိ ကောင်းချင်း၏ လက်ကိုဆွဲကာ ထွက်သွားလေတော့သည်။

✦ ✧ ✦

ကူးလှျံသည် ပြောချင်ရာပြောပြီးနောက် ထွက်သွားပြီဖြစ်လေသည်။

ကူးဖန်း၊ ကောင်းဝှ၊ ဝမ်းကျုံးနှင့် ကျင်းစန်းတို့ ငေးငိုင်နေကြလေသည်။ ကူးလှျံနှင့် ကောင်းချင်းတို့ မြင်ကွင်းမှပျောက်ကွယ်သွားကြတော့မှ ကူးဖန်း သက်ပြင်းချလိုက်လေသည်။

"ကျုပ်သမီးဟာ စိတ်မြန်လက်မြန်ရှိပြီး အပြောကြမ်းတယ်ဒေါသကြီးတယ်၊ သူ့ရဲ့သားသမီးတွေကိုတော့ အတော်ချစ်ပါတယ်"

ဟု ပြေရာပြေကြောင်း ပြောလိုက်သည်။

တစ်ဖန် ...

"ဒီညအဖို့တော့ ပိုးဟပ် ထပ်ပြီးရောက်လာတော့မယ် မထင်ပါဘူး၊ ကျုပ်တို့အားလုံး အနားယူလိုက်ကြတာ ကောင်းမယ်၊ ပိုးဟပ်ရောက်လာတဲ့အခါ ရင်ဆိုင်နိုင်အောင် အားမွေးထားလိုက်ကြတာပေါ့"



ဟု ဆက်ပြောလိုက်သည်။

ကောင်းဝှက ...

"ဟုတ်ပါတယ်၊ အာလုံး ပင်ပန်းသွားကြတာ အားနာစရာတောင် ကောင်းနေပါပြီ၊ အချိန်ရတုန်း အနားယူလိုက်ကြတာပေါ့"

ကျင်းစန်းလည်း သဘောတူလိုက်လေသည်။

ဝမ်းကျုံက ဘာမှမပြောပါ။

ထို့နောက် အနားယူရန် ခန်းမဆောင်ထဲမှ ထွက်သွားကြလေသည်။

အငယ်ဆုံးသမီးဖြစ်သော ကောင်းယဲ့က ကူးဖန်းနှင့် လိုက်ပါသွားလေသည်။

သားလတ် ကောင်းရုံက ဝမ်းကျုံးနှင့် လိုက်ပါသွား၏။

ကောင်းဝှနှင့် ကျင်းစန်းတို့ နှစ်ဦး အတူတူထွက်ခွာသွားကြသည်။

ကူးလှျံနှင့် ကောင်းချင်းတို့နှစ်ယောက်က ခန်းမဆောင်အပြင်ဘက်၌ ရှိနေကြသေး၏။

ကျင်းစန်း ထွက်လာသောအခါ ကောင်းချင်းက လိုက်သွားရန် ဟန်ပြင်လိုက်သည်။

သို့သော် ကူးလှျံက အတင်းဆွဲခေါ်သွားသဖြင့် ကန့်လန့်ကန့်လန့်ဖြင့် လိုက်ပါသွားရလေတော့သည်။

ကောင်းဝှသည် ဧည့်သည်ဖြစ်သော ကျင်းစန်းအား တည်းခိုရမည့် အခန်းသို့တိုင် လိုက်လံပို့ဆောင်ပေးလိုက်ပြီးမှ ပြန်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အိမ်အပြင်ဘက် ထွက်ကာ ပန်းခြံထဲမှ ကျောက်ပြားလမ်းကလေးပေါ်၌ တစ်ကိုယ်တည်း လျှောက်နေလိုက်လေသည်။

မှုံဝါးဝါး လရောင်အောက်တွင် ကောင်းကင်ဝူမှာအထီးကျန်ဆန်လွန်းလှပေတော့သည်။

သို့သော် ကောင်းကင်ဝူ၏ မျက်နှာမှာ ခံစားချက်ကင်းမဲ့နေသည်။

မည်သူ့ကိုမှ ဂရုမစိုက်၊ သံယောဇဉ်မထားသည့် အသွင်မျိုးရှိနေသည်။

မကြာမီအချိန်အတွင်းမှာပင် အဆောက်အဦးအတွင်းရှိ အခန်းများမှ မီးရောင်များ ကွယ်ပျောက်ကာ မှောင်အတိကျသွားလေသည်။

ညသည် တိတ်ဆိတ်နေ၏။

လေကလည်း ငြိမ်နေသည်။

အရာအားလုံး အသက်ကင်းမဲ့နေသည်ဟုပင် ထင်ရလေတော့သည်။



## စိတ်ညှို့သံစဉ်

မိုးကောင်းကင်ပေါ်၌ လခြမ်းပုံကလေးနှင့် ကြယ်ကလေးများကို မတွေ့ရတော့ပါ။

ကြယ်ရောင်လရောင်လည်း ပျောက်ကွယ်သွားပြီဖြစ်သည်။

ထိုအတူ ညအမှောင်သည်လည်း ကုန်ဆုံးပျောက်ကွယ်လုနီးပြီဖြစ်လေသည်။

အရှေ့ဘက်တွင် အာရုဏ်ဦး၏ လရောင်နီများထွက်ပေါ်လာပြီမဟုတ်ပါလား။

ညက ကောင်းဝူတို့ လူစုခွဲလိုက်ကြပြီး နောက်ထပ် ပြဿနာများ ဖြစ်ပေါ်လာခြင်းမရှိခဲ့ချေ။

သို့သော် စိုးရိမ်စိတ် လွန်ကဲနေခြင်းကြောင့် မည်သူမျှ နှစ်ခြိုက်စွာ အိပ်ပျော်နိုင်ခြင်း မရှိခဲ့ကြပါချေ။

အကြောင်းကိစ္စ ပေါ်ပေါက်လာသည်နှင့် ချက်ချင်းရင်ဆိုင်နိုင်ရန် နိုးနိုးကြားကြား ရှိနေခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း စိတ်ချလက်ချ အိပ်ပျော်မသွားခဲ့ကြခြင်း ဖြစ်ပါတော့သည်။

ကျင်းစန်းသည် အရုဏ်ဦး၏ ရောင်နီများ ထွက်ပေါ်လာသည်နှင့် အခန်းတွင်းမှ ထွက်လာခဲ့လေသည်။

အလယ်ခန်းမဆောင်ကြီးဆီသို့ ဦးတည်ကာ ထွက်လာခဲ့ခြင်း ဖြစ်သည်။

သို့သော် ကူးဖန်း၏ အဆောက်အဦးကြီး ဖွဲ့စည်းတည်ဆောက်ထားပုံကို ကောင်းစွာ ရင်းနှီးကျွမ်းဝင်ခြင်း မရှိသေးဖြင့် ထွက်လာရင်း ရောင်စုံပန်းများ ငွားငွားစွင့်စွင့် ဖူးပွင့်နေသည့် ပန်းခြံတစ်ခု အတွင်းသို့ ရောက်ရှိသွားတော့သည်။

နံနက်ခင်း၏ အေးမြလတ်ဆတ်သော လေပြည်တွင် ပန်းရနံ့များ ပါဝင်နေပြီး မွှေးကြိုင်သင်းပျံ့နေ၏။

ကျင်းစန်းလည်း ပင်ပန်းနွမ်းနယ်မှုများ ပျောက်ကွယ်ကာ လန်းလန်းဆန်း ဖြစ်လာလေသည်။

ကျင်းစန်းသည် ပန်းခြံအတွင်းသို့ ဟိုဟိုဒီဒီ အကဲခတ်ကြည့်လိုက်မိလေသည်။

ထိုအခါ မလှမ်းမကမ်း၌ အမိုးသာရှိပြီး အကာအရံများမရှိသည့် ဇရပ်အဆောင်လေးတစ်ခု ရှိနေသည်ကို တွေ့မြင်လိုက်ရလေ၏။

ပန်းခြံအတွင်း၌ အနားယူ အပန်းဖြေရန် ဆောက်လုပ်ထားသော ဇရပ်အဆောင်လေး ဖြစ်ပုံရသည်။

ကျင်းစန်း အကဲခတ်ကြည့်လိုက်စဉ်မှာပင် ဇရပ်လေးထဲ၌



လူ တစ်ယောက်သည် ကျောက်ရုပ်တစ်ရုပ်အလား မလှုပ်မယှက် ထိုင်နေ သည်ကို တွေ့လိုက်ရလေသည်။

ကျင်းစန်း စိတ်ဝင်စားသွားလေသည်။

အရုဏ်ကျင်း ရောင်နီပျိုးလာချိန် မသဲမကွဲ အလင်းရောင်ဖြင့် တွေ့လိုက်ရသော ဇရပ်ထဲမှ လူအား စိတ်ဝင်စားသွားလေသည်။

ထို့ကြောင့်လည်း ဇရပ်လေးဆီသို့ ဦးတည်ကာ ခပ်သွက်သွက် လှမ်းသွားလိုက်မိ၏။

ခြေလေးငါးလှမ်း လှမ်းသွားမိလိုက်ချိန်တွင် ထိုဇရပ်ကလေး ရှိရာဘက်မှ မိုးခြိမ်းသံ ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

မမျှော်လင့်ဘဲ မိုးခြိမ်းသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် ကျင်းစန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ခြေလှမ်း တုံ့ခနဲရပ်သွားပြီး ဟိုဟိုသည်သည် ကြည့်လိုက်မိပြန်သည်။

မိုးခြိမ်းသံကြားရသဖြင့် မိုးရွာသွန်းလာတော့မည်လော။

မိုးရွာချမည်ဆိုလျှင် မိုးမရွာမီ အိမ်ထဲပြန်ရောက်ဖို့ အရေးကြီးပေသည်။

ကျင်းစန်းက ကောင်းကင်ပေါ် မော့ကြည့်လိုက်သည်။

မိုးသားမိုးရိပ် လုံးဝမတွေ့ရချေ။

မိုးကောင်းကင်ကြီးမှာ ပကတိ ကြည်လင်နေလေသည်။

"ဘယ်လိုဖြစ်တာလဲ"

ကျင်းစန်း တအံ့တသြ ရေရွတ်လိုက်မိသည်။

ရာသီဥတု ကြည်လင်သာယာနေသော အခြေအနေမျိုးတွင်

www.burmeseclassic.com

www.burmeseclassic.com



မိုးခြိမ်းသံ ကြားလိုက်ရသည်မှာ အံ့သြရာကောင်းနေသည် မဟုတ်ပါလား။

ထိုအပြင် မိုးခြိမ်းသံသည် စိတ်ထဲအလိုလို တုန်လှုပ်ချောက်ချားသွားစေသည်ဟု ခံစားနေရ၏။

ကျင်းစန်း တွေးမရအောင် ဖြစ်နေစဉ် နောက်ထပ်အသံတစ်သံ ကြားလိုက်ရလေသည်။

မိုးခြိမ်းသံမဟုတ်ဘဲ တူရိယာ တီးခတ်သော အသံဖြစ်သည်။

ကျင်းစန်း အာရုံစိုက်ပြီး သေသေချာချာ နားထောင်လိုက်သောအခါ စောင်းခတ်သံဖြစ်ကြောင်း သိရှိလိုက်၏။

ထိုစောင်းခတ်သံသည် သာမန်စောင်းခတ်သံမျိုးနှင့် မတူဘဲ အံ့သြစရာကောင်းအောင် ထူးခြားနေပါတော့သည်။

စောင်းသံသည် လျှင်မြန်တက်ကြွစွာ ခပ်သွက်သွက် ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

စောင်းခတ်သံမှာ အံ့သြစရာကောင်းအောင် မိုးကြိုးသံနှင့် တူနေ၏။

မိုးသက်လေပြင်း တိုက်ခတ်သံနှင့် တူနေ၏။

တစ်ခါတစ်ရံ မြင်းအကောင်ရေပေါင်း ရာထောင်ချီကာ ဒုန်းစိုင်းပြေးလွှားလာသံများနှင့် တူနေသည်။

စောင်းခတ်သံသည် ထူးခြားသော ခံစားချက်များကို ဖြစ်ပေါ်လာစေသော်လည်း သာယာချိုလွင်ကာ နားဝင်ပီယံရှိလှပေသည်။

စောင်းခတ်သံစဉ်ကို နားထောင်ရင်း စိတ်ထဲ၌ ထင်မြင်ယူဆချက် အမျိုးမျိုး ခံစားချက်အမျိုးမျိုး ပေးစွမ်းနိုင်ပေတော့သည်။



စောင်းသံကြောင့် ဝမ်းနည်းကြေကွဲမှုများ ဖြစ်ပေါ်ခံစားလာရသည်။ ဝမ်းသာပျော်ရွှင်မှုများ ဖြစ်ပေါ်ခံစားလာရသည်။

ထိတ်လန့်တုန်လှုပ်ခြင်း၊ ရဲရင့်တက်ကြွခြင်း စသည့်ဆန့်ကျင်ဘက် ခံစားချက်များလည်း ဖြစ်ပေါ်လာစေသည်။

စောင်းခတ်သံစဉ်အလိုက် ထူးဆန်းသော ခံစားချက်အမျိုးမျိုး ဖြစ်ပေါ်လာအောင် ညှို့ယူဖမ်းစားနိုင်ခြင်း ဖြစ်ပါတော့သည်။

ကျင်းစန်းမှာ စောင်းသံကို နားထောင်ရင်း စိတ်ဓာတ်တက်ကြွကာ ရဲရင့်သူတစ်ယောက်ကဲ့သို့ တက်တက်ကြွကြွ ဖြစ်လာသည်။

လူကောစိတ်ပါ မရိုးမရွဖြစ်ကာ အသံကုန် အော်ဟစ်လိုက်သိစိတ်များ ဖြစ်ပေါ်လာလေသည်။

ကျင်းစန်းမှာ ထိပ်တန်းသိုင်းပညာရှိသူ ဖြစ်ရကား စောင်းသံကြောင့် စိတ်ညှို့ခံလိုက်ရသည့် သဘော ရှိနေသည်ကို ရိပ်မိလိုက်လေသည်။

ထို့ကြောင့် အသက်ပြင်းပြင်းရှူရှိုက်ပြီး အတွင်းအား ဖော်ထုတ်ကာ စိတ်အာရုံကို ထိန်းချုပ်လိုက်ရလေသည်။

ကျင်းစန်းသည် ဤကဲ့သို့ စိတ်ကို ညှို့ယူဖမ်းစားနိုင်သော စောင်းသံမျိုးကို သူ၏ဘဝတစ်သက်တာ၌ ယခုတစ်ကြိမ်သာ ကြုံတွေ့ရခြင်းဖြစ်လေသည်။

စောင်းသံ၏ ညှို့ယူဖမ်းစားခြင်းဖြင့် သံစဉ်အလိုက် ချစ်ခြင်း၊ မုန်းခြင်း၊ ဒေါသဖြစ်ခြင်း စသည့် ခံစားချက်များ ဖြစ်ပေါ်လာအောင်လျှင် စောင်းသံဖြင့် လူသတ်လိုစိတ်များ ဖြစ်ပေါ်လာအောင်လည်း ညှို့ယူဖမ်းစားနိုင်လိမ့်မည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



စောင်းတီးခတ်နေသူသည် စောင်းသံဖြင့် သူ၏ဆန္ဒအ[illegible]
လူတစ်ဖက်သား လိုက်လံလုပ်ဆောင်ရန် ညှို့ယူဖမ်းစားစေခိုင်း[illegible]
မည်ဆိုလျှင် ...

အလွန်အန္တရာယ်ကြီးပြီး ကြောက်စရာကောင်းသူတစ်ယော[illegible]
အား တွေ့နေရပြီဖြစ်ကြောင်း ကျင်းစန်း သဘောပေါက်လိုက်[illegible]

ထိုလူ မည်သူမည်ဝါဖြစ်ကြောင်း သိလိုစိတ်များလည်း [illegible]
လာလေသည်။

ကျင်းစန်းသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ [illegible]
သံ ထွက်ပေါ်လာရာဆီသို့ ဦးတည်လှမ်းသွားလိုက်လေတော့[illegible]

✦ ✧ ✦

ကျင်းစန်းသည် ခပ်သွက်သွက် လှမ်းသွားရင်း ဇရပ်လေ[illegible]
သို့ ရောက်ရှိသွားလေသည်။

ဇရပ်ပေါ်၌ ကျောပေးကာထိုင်နေသူတစ်ယောက်ကို တွေ့[illegible]
ရလေသည်။

ထိုလူမှာ တစ်ကိုယ်လုံး အဖြူရောင်အဝတ်အစားများ [illegible]
ထားပြီး ဆံပင်များလည်း ဆွတ်ဆွတ်ဖြူဖွေးနေသူတစ်ယော[illegible]
ကြောင်း တွေ့ရလေသည်။

ထိုအဘိုးအို၏ နောက်ကျောဘက်သို့ကျင်းစန်းရောက်ရှိ[illegible]
မရှေးမနှောင်းမှာပင် မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်သောအသံ[illegible]
ထွက်ပေါ်လာပြီး စောင်းသံများ ပျောက်ကွယ်သွားလေတော့[illegible]

ကျင်းစန်း ခြေလှမ်းရပ်တန့်သွားလေသည်။



"ကျင်းစန်းလား ..."

သြဇာပြည့်ဝသော အသံသြသြကြီး ထွက်ပေါ်လာလေသည်။
ကူးဖန်း၏အသံ ဖြစ်နေ၏။

ဇရပ်ပေါ်၌ ရှိနေသူမှာ ကူးဖန်း ဖြစ်ပါတော့သည်။
ကူးဖန်းသည် ကျင်းစန်းအား လှည့်မကြည့်ဘဲ မေးလိုက်ခြင်း
[illegible]လေသည်။

ကျင်းစန်း ရင်ထိတ်သွား၏။

"ဟုတ်ပါတယ် ဆရာကြီး"

ကူးဖန်းက လှည့်ကြည့်လာလေသည်။
ကျင်းစန်းအား ဖိတ်ခေါ်လိုက်သည်။

"မင်းရောက်လာပြီပဲ၊ ဇရပ်ထဲ ဝင်လာခဲ့ပေါ့"

"ကောင်းပါပြီ ခင်ဗျာ"

ကျင်းစန်း ဇရပ်ထဲ လှမ်းဝင်လိုက်လေသည်။
ဇရပ်ပေါ်၌ သင်ဖျူးဖျာတစ်ချပ် ခင်းထားပြီး သစ်သားခုံလေး
[illegible]လုံးကို တွေ့ရ၏။

ခုံပေါ်၌ စောင်းတစ်လက်တင်ထားသလို ကူးဖန်းက ဖျာပေါ်၌
[illegible]နေသည်။ သူ၏လက်နှစ်ဖက်စလုံးသည် စောင်းပေါ်၌ တင်ထား
[illegible] ဖြစ်လေသည်။

သူ၏ မျက်လုံးများက နီရဲနေ၏။
ညက အိပ်ရေးပျက်ထားကြောင်း ဖော်ပြနေခြင်းဖြစ်လေသည်။
သို့သော် ကူးဖန်းကိုကြည့်ရသည်မှာ ပင်ပန်းနွမ်းနယ်နေပုံ
[illegible]ဘဲ လန်းလန်းဆန်းဆန်း ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ ..."

ကူးဖန်းက သူ၏ရှေ့ရှိ ကျင်းစန်းအား ထိုင်ခိုင်းလိုက်သည်။

ကျင်းစန်းလည်း ကူးဖန်းနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်လေသည်။

ကူးဖန်းက ကျင်းစန်းအား ပြုံးပြလိုက်သည်။

မိတ်ဆွေဆန်သော အပြုံးမျိုးဖြစ်လေသည်။

"မင်းလည်း ညက အိပ်ရေးပျက်ပြီး ကောင်းကောင်းမအိပ်ဘူး ထင်တယ်"

ကျင်းစန်းလည်း ပြုံးလိုက်သည်။

"ဆရာကြီးလည်း မအိပ်နိုင်ဘူးထင်ပါတယ်"

ကူးဖန်း၏ မျက်နှာ အနည်းငယ် တင်းမာသွားလေသည်။

"ကျုပ်မအိပ်နိုင်တာက ကျုပ်စိတ်ထဲမှာ အတော့်ကို မအေးမနပ် ဖြစ်နေမိလို့ပါ၊ ကျုပ်ရဲ့ နေအိမ်ခြံဝင်းဟာ ခံတပ်ကြီးတစ်ခုလို လုံခြုံစိတ်ချရတာမျိုး မဟုတ်ပေမယ့် တော်ရုံ ရန်သူ ဝင်လာပြီး ထင်တိုင်းကျဲနိုင်တဲ့ နေရာမျိုးတော့ မဟုတ်ပါဘူး၊ ခုတော့ ပိုးဟာပ်က ကျုပ် ခြံဝင်းထဲကို ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက် ထင်တိုင်းကျဲ နေတာကို တွေးပြီး အတော့်ကို ခံပြင်းနေမိလို့ပါပဲ"

ကျင်းစန်း စိတ်မကောင်းဖြစ်သွားလေသည်။

ပိုးဟာပ်၏ လုပ်ရပ်သည် ကူးဖန်းကဲ့သို့ ဝါရင့်သိုင်းဆရာကြီး တစ်ယောက်အတွက် အလွန်ပင် ခံပြင်းစရာကောင်းနေလိမ့်မည်မဟုတ် ပါလား။

ကျင်းစန်းက ဖျောင်းဖျလိုက်လေသည်။



"အချိန်တန်ရင် ပိုးဟာပ်ဆိုတဲ့လူအကြောင်း ဖော်ထုတ်ပြီး ဆုံးမနိုင်မှာ သေချာပါတယ် ဆရာကြီး၊ တွေးတောပြီး စိတ်ညစ်ခံမနေပါနဲ့ ..."

ကူးဖန်းက ...

"ကျုပ်က တစ်ညလေး အိပ်ရေးပျက်သွားတာနဲ့ ဘာမှမဖြစ်နိုင်သေးပါဘူး၊ ပိုးဟာပ်ရောက်လာရင် ကောင်းကောင်းကြီး ရင်ဆိုင်နိုင်သေးတာ သေချာပါတယ်"

ကူးဖန်းက အပိုစကား ကြွားဝါပြောဆိုနေခြင်း မဟုတ်ဟု ကျင်းစန်း ယုံကြည်ထားလေသည်။

ကူးဖန်း၏ သိုင်းပညာ ထက်မြက်လွန်းသောကြောင့် မြေလတ်ဒေသ ပြိုင်စံရှား သိုင်းသမားဟူသော ဘွဲ့ထူးကိုပင် ရရှိခဲ့သည် မဟုတ်ပါလား။

ကူးဖန်း၏ သိုင်းပညာအဆင့်အတန်းမြင့်ပြီး ထက်မြက်လှကြောင်း ကျင်းစန်း နားလည်ထားလေသည်။

ကူးဖန်းသည် စကားလမ်းကြောင်းပြောင်းကာ ကျင်းစန်းအား မေးလိုက်လေသည်။

"ဒါထက် မင်းကကော ဂီတအနုပညာကို ဝါသနာပါသလား ပြောစမ်းပါဦး"

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ကျွန်တော်ဟာ သိုင်းပညာအပြင် စာပေအနုပညာနဲ့ ဂီတကို စာလာလိုက်စားခဲ့ဖူးပါတယ်၊ ကျွမ်းကျွမ်းကျင်ကျင် မဟုတ်ပေမယ့် နားခေါက်မိရှိတယ်လို့ ပြောနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကူးဖန်းအား အကဲခတ်ရင်း မေးလိုက်လေသည်။

"စောစောက မိုးခြိမ်းသံ လေပြင်းတိုက်ခတ်သံတွေဟာ ဆ… ကြီး စောင်းတီးလိုက်လို့ မြည်ဟီးထွက်ပေါ်လာတဲ့ အသံတွေပဲ မဟု… လားဗျာ"

ကူးဖန်း ပြုံးလိုက်လေသည်။

"မှန်ပါတယ်ကွယ်၊ စောင်းသံကို မိုးခြိမ်းသံလို လေပြင်းတို… ခတ်သံလို သံစဉ်တွေဖြစ်ပေါ်လာအောင် စောင်းသံကြားတာနဲ့ စိ… ထဲမှာ ခံစားချက်အမျိုးမျိုး ဖြစ်ပေါ်လာအောင် ရင်ထဲကိန်းအော… ငုပ်လျှိုးနေတဲ့ ခံစားချက်တွေ ပွင့်အန်ထွက်လာအောင် ညှို့ယူဖမ်း… နိုင်တာပေါ့၊ ဒါဟာ ပဥ္စလက်စောင်းသံရဲ့ အနှစ်သာရပါပဲ"

ကျင်းစန်းက သစ်သားခုံပေါ်မှ စောင်းကလေးကို ကြည့်လို… လေသည်။

ထိုစောင်းကလေးမှာ ထူးခြားစွာ စီရင်ထားသော စောင်း… လက်ဖြစ်နေပါသည်။

"ဒီစောင်းဟာ အထူးစီမံ ပြုလုပ်ထားတဲ့ စောင်းတစ်လ… ပါ၊ အတွင်းအား စိုက်ထုတ်တီးခတ်လိုက်တဲ့အခါ ခံနိုင်ရည်ရှိအော… စီရင်ထားရတာပေါ့၊ စောင်းကို အတွင်းအား စိုက်ထုတ်ပြီး သံစဉ်အမျိ… မျိုး ပြောင်းလဲတီးခတ်လိုက်တာနဲ့ ပဥ္စလက်စောင်းသံအဖြစ် ပြောင်း… သွားနိုင်တယ်လေ"

ပြောရင်း စောင်းကလေးကို ယူလိုက်သည်။

"ကဲ … မင်း နားထောင်ကြည့်ပါဦး"

သူ၏ လက်ချောင်းကလေးများ စောင်းကြိုးကို ထိခတ်လို…



လိုက်လျှင် အလွန်သာယာနာပျော်ဖွယ်ကောင်းသော စောင်းသံ ထွက်ပေါ်လာ၏။

စောင်းသံကြားသည်နှင့် အလိုလို ပျော်ရွှင်ကြည်နူးသော ခံစားချက်များ ဖြစ်ပေါ်လာနိုင်လောက်ပေသည်။

စိတ်မနိုင်သူများဆိုလျှင် ချက်ချင်း ခုန်ပေါက်ကခုန် ပျော်မြူးကြလိမ့်မည် ဖြစ်လေသည်။

ကူးဖန်းက …

"နောက်တစ်မျိုး နားထောင်ကြည့်လိုက်ပါဦး"

ဟုပြောကာ သံစဉ်ပြောင်းလဲလိုက်လေသည်။

စောင်းသံသည် ကြားရရုံဖြင့် ဝမ်းနည်းငိုကြွေးလိုစိတ်များ ဖြစ်ပေါ်လာနိုင်လောက်ပေသည်။

ကူးဖန်းက သံစဉ်တစ်မျိုးမှ တစ်မျိုးပြောင်းလဲတီးခတ်လိုက်၏။

မိုးခြိမ်းသံ၊ လေပြင်းတိုက်သံ၊ ရေလှိုင်းသံ၊ ကျေးငှက်ကလေးများ တေးဆိုပျော်မြူးသံ စသည် စသည့် အကြောင်းအရာအမျိုးမျိုး အဓိပ္ပါယ်အမျိုးမျိုး ဖော်ဆောင်သော သံစဉ်များ ဖြစ်ပေါ်လာလေတော့သည်။

ကျင်းစန်းသည် စောင်းသံတွင် အာရုံနစ်မြောကာ ပတ်ဝန်းကျင်တစ်ခုလုံးကိုပင် မေ့လျော့သွားတော့သည်။

ကူးဖန်းက စောင်းသံစဉ်အမျိုးမျိုး တီးခတ်ပြီးမှ တဖြည်းဖြည်းချင်း ရပ်တန့်လိုက်လေသည်။

ကျင်းစန်းလည်း အိပ်မက်မှ လန့်နိုးလာသူ တစ်ယောက်ပမာ သတိဝင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလိုက်တဲ့ စောင်းသံ ..."

စောင်းသံကို ချီးကျူးလိုက်လေသည်။

ကူးဖန်းက ...

"စောင်းသံကို လက်နက်တစ်ခုလို အသုံးချပြီး ရန်သူ တိုက်ခိုက်နိုင်တယ်ဆိုရင် မင်း လက်ခံနိုင်ပါ့မလား"

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် လက်ခံနိုင်ပါတယ်၊ စောင်းသံဟာ အင် ကြောက်စရာကောင်းတဲ့ လက်နက်တစ်ခုလို ဖြစ်လာမှာ အမှန်ပါ"

ကူးဖန်းသည် စောင်းကလေးကို သစ်သားစင်ပေါ် ပြန် ထားလိုက်သည်။

"ကျုပ်က စောင်းသံရဲ့ ထူးဆန်းတဲ့ ပဥ္စလက်အတ တတ်မြောက်ခဲ့ပေမယ့် ပြီးပြည့်စုံအောင်တော့ ရခဲ့သေးတာ ပါဘူး"

ထို့နောက် ကူးဖန်းက စကားလမ်းကြောင်းပြောင်းလိုက်

"ပိုးဟပ်နဲ့ ပတ်သက်ပြီး မင်း ညက စဉ်းစားကြည့်ခဲ့မိ က ... မင်းစိတ်ထဲမှာ ဘယ်လိုထင်သလဲ၊ ပြောစမ်းပါဦး"

ကျင်းစန်း ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် တွေးတောစဉ်းစားကြည့်ခဲ့မိတာ မှန်ပါ ဒါပေမယ့် ကျွန်တော် ဘယ်လိုမှ မထင်တတ်ပါဘူး၊ ဆရာကြီး ဘယ်သူလို့ ထင်ပါသလဲခင်ဗျာ"

ကူးဖန်း သက်ပြင်းချလိုက်သည်။

"ညက တစ်ညလုံး အိပ်လို့ကိုမရဘူး၊ အိပ်မပျော်



အကြောင်းပဲ စဉ်းစားနေခဲ့မိတယ်၊ စဉ်းစားရင်း ချာချာလည်နေတာပဲ၊ နောက်ဆုံးမှ ကောင်းဝူပြောခဲ့တဲ့ စကားကို ပြန်သတိရလိုက်တယ်"

ကျင်းစန်းက ...

"ဆရာကြီးက လေပွေဓား ဝမ်းကျုံးကို သံသယဖြစ်မိတာလား ခင်ဗျာ"

ကူးဖန်းက ရယ်မောလိုက်သည်။

"မင်း ဘယ်ဆိုးလို့လဲ"

ဟု ချီးကျူးပြီးမှ ...

"ဝမ်းကျုံး ဒီကိုပြန်ရောက်လာတဲ့ကိစ္စဟာ တိုက်ပဲတိုက်ဆိုင်လွန်းတယ်လို့ မင်းမထင်မိဘူးလား"

ဟု ပြောလေသည်။

ကျင်းစန်းက ထပ်မေးသည်။

"သူ့အပေါ်မှာ သက်သေမကင်းစရာ တစ်ခုခုများ ဆရာကြီး သတိပြုမိလို့လားဗျာ"

ကူးဖန်း ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အရင်ကနဲ့ မတူဘဲ ပြောင်းလဲသွားတဲ့ သူ့အပြုအမူ အလေ့အကျင့်တွေကို တွေးမိလိုက်လို့ပါ"

ကျင်းစန်း စိတ်ဝင်စားသွားလေသည်။

ဝမ်းကျုံး၏ အကြောင်းကို ကောင်းဝူထက်ပင် ကူးဖန်းက ပို၍သိလိမ့်မည် မဟုတ်ပါလား။

✦ ✧ ✦

www.burmeseclassic.com



ကူးဖန်းက …

“ဝမ်းကျုံးဟာ ထူးခြားတဲ့ စိတ်နေသဘောထား ရှိတယ် သူဟာ အများနဲ့ ဆက်ဆံမှု သိပ်မရှိဘဲ အေးအေးဆေးဆေး နေထိုင် ရတာကို နှစ်သက်သဘောကျတယ်၊ လွန်ခဲ့တဲ့နှစ်အတန်ကြာကတည်း က ဒီအိမ်မှာကျုပ်နဲ့အတူနေထိုင်လာခဲ့တာ၊ ဒါကြောင့် သူ့အကြောင်း ကို ကျုပ် အတော်များများ သိထားတယ်လို့ ပြောနိုင်တာပေါ့”

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

“ဆရာကြီးက သူ့ကို ဘယ်လိုမြင်လို့လဲဗျာ”

ကူးဖန်းက ရှင်းပြသည်။

“သူ နေလာတာကြာပြီ၊ တစ်ခါတလေမှသာ အပြင်ထွက် တတ်တာ၊ ထွက်သွားရင်လည်း မကြာဘူး၊ အိမ်ကိုပြန်လာတာပဲ ဒါပေမယ့် အခုနောက်ပိုင်းနှစ်တွေမှာတော့ သူ့အပြုအမူ အနေအထိုင် တွေဟာ ခါတိုင်းနဲ့မတူဘဲ ပြောင်းလဲသွားခဲ့တယ်၊ အရင်ကနဲ့ ဆန့် ကျင်ဘက်ပဲ၊ အပြင်မှာ လှုပ်ရှားသွားလာ အနေများလာတယ်၊ အိမ် လုံးဝ ပြန်မလာတော့ဘူး၊ ပြန်လာရင်လည်း ကြာကြာမနေနိုင်ဘဲ ပြန်ထွက်သွားတာချည်းပဲ”

ကျင်းစန်းက …

“သူ့ရဲ့ ပြောင်းလဲမှုနဲ့ပတ်သက်ပြီး ဆရာကြီးက သူ့ကို မေး မကြည့်ဘူးလား”

ကူးဖန်းက …

“ကျုပ်မေးကြည့်ဖူးပါတယ်၊ သူက သိုင်းသမားတစ်ယောက် ဆိုတော့ ကိုယ်တတ်ထားတဲ့ ပညာနဲ့ အများအကျိုး သိုင်းလောက



အကျိုး သည်ပိုးဆောင်ရွက်ဖို့ တာဝန်ရှိတာကြောင့် အပြင်ထွက်ပြီး ကျက်စားနေရတာလို့ ပြောတယ်”

ကျင်းစန်း သက်ပြင်းချလိုက်သည်။

“သိုင်းသမားတစ်ယောက်ဟာ သိုင်းလောက တာဝန် ထမ်း ဆောင်ရမှာဆိုတော့ သူပြောတာလည်း သဘာဝကျပါတယ် ခင်ဗျာ”

“ဒါကြောင့် ကျုပ်လည်း ဘာမှမပြောတော့ဘဲ နေခဲ့တာပေါ့၊ ဒါပေမယ့် မင်းကို အမှန်အတိုင်းပြောရရင် မနေ့ညက စပြီး သူ့ကို သံသယစိတ်ဝင်လာမိခဲ့တယ်”

ကျင်းစန်း အံ့ဩသွား၏။

“ဘယ်လိုများ ဖြစ်လို့လဲဗျာ”

“ကျုပ် ညက စဉ်းစားကြည့်တယ်၊ ဝမ်းကျုံးဟာ စကားကို အမှန်ကန်ကန် မပြောဘဲ တစ်ခုခုကို ဖုံးကွယ်ထားသလိုပဲ သူ့ရဲ့ အမူအရာနဲ့ စကားသံက မသင်္ကာစရာကောင်းနေတယ်”

ကျင်းစန်း သက်ပြင်းချလိုက်သည်။

သူလည်း ဝမ်းကျုံးနှင့် ကူးလျှံတို့ ထူးခြားစွာ ပတ်သက်ဆက် နွယ်နေလိမ့်မည်ဟု ယူဆမိခဲ့သည်မဟုတ်ပါလား။

ကူးဖန်းက …

“သူ့ကို မသင်္ကာစရာကောင်းနေပေမယ့် ကျုပ်ကို ဒုက္ခပေးမယ် လို့တော့ ယူဆလို့ကို မရသေးဘူး”

“သူဟာ တစ်ခုခုကို ဖုံးကွယ်ထားသလိုရှိပေမယ့် ကောက် ကျစ်စဉ်းလဲမယ့်လူ၊ ရက်စက်ကြမ်းကြုတ်မယ့်လူတော့ မဟုတ်ဘူး ထင်ပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစန်းက အလိုက်သင့် ပြောလိုက်ခြင်း ဖြစ်လေသည်။

ကူးဖန်း မဲ့ပြုံးပြုံးလိုက်လေသည်။

"မင်းက သူ ရက်စက်တာကိုမှ မတွေ့ဖူး၊ မမြင်ဖူးတာ..."

"ဗျာ ..."

"သူနဲ့ကျုပ် တစ်အိမ်ထဲ နှစ်အတန်ကြာအောင် အတူတူနေ...ဖူးသလို သိုင်းလောကမှာလည်း အတူလက်တွဲပြီး ကျင်လည်ကျက်စား...ခဲ့ကြဖူးတာပဲ၊ အဲဒီအချိန်ကဆိုရင် သိုင်းလောကမှာ သူသတ်ပစ်ခဲ့တဲ့...လူ နည်းတာမှမဟုတ်တာ"

ကျင်းစန်း မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေသည်။

ကူးဖန်းက ဆက်ပြောသည်။

"သိုင်းလောကကထဲမှာ သူသတ်ပစ်ခဲ့တဲ့ လူတွေဟာ ကျ...ထက်ပိုများတာပေါ့၊ ဒါပေမယ့် ရမ်းကားတာမျိုးတော့ မဟုတ်ပါ...လူဆိုး လူမိုက်တွေ၊ အနက်ရောင် သိုင်းသမားတွေ၊ သေသင့်သေထိုက်...သူတွေကို ဆုံးမသုတ်သင်ပစ်တဲ့ သဘောပါ၊ သူနဲ့တွေ့တဲ့ လူ...မားပြမှန်သမျှ မသက်သာဘူး၊ အပြစ်ကြီးငယ်မဟူ ရက်ရက်စက်စက်...သုတ်သင်ခံရတာပဲ၊ ဝမ်းကျုံးက မျက်တောင်တစ်ချက် ခတ်ခဲ့...မဟုတ်ဘူး"

ကျင်းစန်း၏ရင်ထဲ အေးစိမ့်သော ခံစားချက်များ ဖြစ်ပေါ်...သည်။

လေပွေမား ဝမ်းကျုံးဟာ လျှမ်းလျှမ်းတောက်ကျော်ကြား...သော သိုင်းသမားတစ်ယောက် ဖြစ်လေသည်။

ဝမ်းကျုံးနှင့် ရန်သူအဖြစ် ထိပ်တိုက်ရင်ဆိုင်ရလျှင် လွယ်...



...ည် မဟုတ်ဟု တွေးကာ ကျင်းစန်း အသက်ရှူမဝသလိုဖြစ်သွား...သသည်။ တစ်ဆက်တည်းမှာပင် အမှတ်မထင် စဉ်းစားမိလိုက်သော...ကိစ္စတစ်ခုကို မေးလိုက်မိလေသည်။

"ဆရာကြီးကော သူနဲ့ ကကောက်ကဆဖြစ်ခဲ့မိတာမျိုး ရှိခဲ့...ူးသလား ခင်ဗျာ"

ကူးဖန်း ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုမျိုးတော့ တစ်ခါမှ မဖြစ်ဖူးပါဘူး၊ သူဟာ ကျုပ်ကို အသက်သခင်ကျေးဇူးရှင်တစ်ယောက်လို ရိုရိုသေသေ ဆက်ဆံခဲ့တာ...ည်းပါပဲ၊ ဒါပေမယ့် ပြောစရာတစ်ခုတော့ ရှိတယ်"

"ဟုတ်ကဲ့ ... ပြောပါ ဆရာကြီး"

"ကျုပ်ဟာ အသက်ပိုကြီးသလို ဝါစဉ်အရလည်း ကြီးတယ်၊ မြေလတ်ပိုင်း ပြိုင်စံရှား သိုင်းသမားဆိုတဲ့ ဘွဲ့ထူးဟာ သူ့အတွက် မနာလိုစရာ ဖြစ်ကောင်းဖြစ်လိမ့်မယ်"

ကျင်းစန်း သက်ပြင်းချလိုက်သည်။

"ဆရာကြီးက ဖြစ်နိုင်ချေရှိတာကို တွေးပြီး ဒီလိုပြောတယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်၊ ဒါပေမယ့် ဒီလိုတော့ ဖြစ်မယ်မထင်ပါဘူး၊ တကယ်တမ်းသာ သူက ဆရာကြီးအပေါ် မနာလိုဖြစ်နေတယ်ဆိုရင် ဒီလောက်အထိ အချိန်ဆွဲပြီး စောင့်ဆိုင်းနေစရာလိုမယ်မထင်ပါဘူး"

ထိုစကားကို ကူးဖန်း လက်ခံလေသည်။

"ဟုတ်ပါတယ် ... ကျုပ် သူနဲ့တွေ့ပြီး အေးအေးဆေးဆေး မေးမြန်းကြည့်မယ်ဆိုရင်ကော ... "

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစန်းက ထောက်ခံလိုက်လေသည်။

နှစ်ယောက်သား စကားကောင်းနေစဉ် ခေါင်းလောင်းသံလေးများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းစန်းနှင့် ကူးဖန်းတို့ ကြည့်လိုက်ကြလျှင် ဇရပ်လေးဆီသို့ ဦးတည်လှမ်းလာနေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ဝမ်းကျုံး ဖြစ်လေသည်။

✦ ✧ ✦



# ဒုတိယ သားကောင်

လေပွေဓား ဝမ်းကျုံးသည် ပန်းရုံများကြားမှဖြတ်ကာ တစ်လှမ်းချင်း လျှောက်လှမ်းလာနေသည်။

သူ၏ခြေလှမ်းများ နေးကွေးလေးလံနေသကဲ့သို့ မျက်နှာတွင် ဝမ်းနည်းကြေကွဲသော အရိပ်အယောင်များလည်း ထင်ရှားပေါ်လွင်နေလေသည်။

ကျင်းစန်းသည် ဝမ်းကျုံးအား ကြိုဆိုသောအားဖြင့် ထိုင်ရာမှ ထလိုက်လေသည်။

ထိုစဉ်မှာပင် ထူးခြားမှုတစ်ခု ဖြစ်ပေါ်လာလေသည်။

စူးရှကျယ်လောင်သော အော်ဟစ်သံ ထွက်ပေါ်လာခြင်းဖြစ်လေသည်။

ထိုအသံကြောင့် ကျင်းစန်း ကြောင်အမ်းအမ်း ဖြစ်သွားသကဲ့သို့ ကူးဖန်းလည်း လွတ်ခနဲ ရေရွတ်လိုက်လေသည်။

"ဒါ သမီးရဲ့ အော်သံပါလား" ...

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကျူးသည် ကမန်းကတန်း ကိုယ်ရှိန်သတ်ကာ အော်ဟာစ်သံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လေသည်။

အော်ဟာစ်သံသည် ဒုတိယအကြိမ် ထပ်မံထွက်ပေါ်လာလေသည်။

ကူးဖန်း၏ ခြံဝင်းထဲ၌ ကြီးမားခံ့ညားသော အဆောက်အဦးကြီးသာမက အခြားသော အဆောင်ကြီးငယ်များလည်း ရှိနေပါသည်။

ထိုအဆောင်ကလေးများကို နံရံများဖြင့် သီးခြားစီဖြစ်အောင် ကာရံပိုင်းခြားထားလေသည်။

"ဟူး ..."

ကူးဖန်းက ရုတ်ခြည်း လှုပ်ရှားလိုက်သည်။

သူ၏ခန္ဓာကိုယ်သည် အလင်းတန်းတစ်ခုပမာ တိုးထွက်သွားပြီး အုတ်နံရံတစ်ခုအနီးသို့ ရောက်ရှိသွားလေသည်။

ဝမ်းကျူးနှင့် ကျင်းစန်းတို့လည်း ပြေးလိုက်သွားကြလေသည်။

ထိုစဉ် လူတစ်ယောက်သည် အုတ်နံရံပေါ်၌ ထွက်ပေါ်လာလေသည်။

ကူးလျှံ ဖြစ်လေသည်။

ကူးလျှံသည် ကူးဖန်းတို့အား တွေ့လိုက်ရသည်နှင့် ကယောကယာ ခုန်ဆင်းလာလေသည်။

သူမသည် ကူးဖန်းတို့ထံသို့ ပြေးလာသည်။

တစ်ဆက်တည်းပင် ဝမ်းကျူးအား လှမ်းမေးလိုက်သည်။

"သမီးကြီးကို ရှင်တွေ့ခဲ့သလား"



ဝမ်းကျူး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"သမီးကြီး ... ဟုတ်လား၊ သူက ဘာဖြစ်လို့လဲ"

ကူးလျှံက ...

"သူ့ကို ရှင် တွေ့မိသေးသလား၊ မြန်မြန်ပြောစမ်းပါရှင်"

သူမ၏ လေးသံနှင့် လှုပ်ရှားမှုမှာ အရေးတကြီး နိုင်လှပေတော့သည်။

မည်သို့ ပြန်ဖြေရမှန်းမသိအောင် တရစပ် မေးမြန်းနေပုံမျိုးဖြစ်နေသည်။

ကူးဖန်း ရင်ထိတ်သွား၏။

"မြေးကြီး ဘာဖြစ်လို့လဲ ပြောစမ်း"

ကူးလျှံက ...

"သူပျောက်နေတယ်၊ ကျွန်မ နေရာအနှံ့လိုက်ရှာပြီးပြီ၊ ဘယ်နေရာမှာမှ ရှာလို့မတွေ့ဘူး"

သူမ၏ အသံ ငိုသံပါကာ ဗလုံးဗထွေး ဖြစ်နေသည်။

ကူးဖန်းက လှုပ်ရှားနေသော စိတ်ကို ထိန်းချုပ်ပြီး မေးလိုက်သည်။

"ဘယ်အချိန်က ပျောက်သွားတာလဲ၊ ပြောစမ်းပါဦး"

ကူးလျှံက ...

"ဖေဖေ ... စောင်းတီးနေတဲ့အချိန်ကပဲ သူက ဖေဖေ့စောင်းသံကို နားထောင်ဦးမယ်ဆိုပြီး ထွက်သွားတာ၊ ကျွန်မတောင် ခြံဝင်းအပြင်ဘက် မထွက်ဖို့ မှာလိုက်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကူးဖန်း မျက်မှောင်ကြုတ်သွားသလို စဉ်းစားမရဟန်ဖြင့် ခေါင်း ကုပ်လိုက်လေသည်။

"ငါ့မြေးကြီးဟာ အရင်က ငါ့စောင်းသံကို လာပြီး နားထောင် လေ့မရှိပါဘူး၊ အခုမှ ဘာစိတ်ကူးနဲ့ လာပြီး နားထောင်ချင်ရတာလဲ"

ကူးလျှံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါကို ကျွန်မလည်း မေ့နေတယ်၊ သတိရရချင်း စိတ်ထဲမှာမတင်မကျနဲ့ တစ်မျိုးကြီးခံစားလိုက်ရတယ်၊ ဒါနဲ့ ချက်ချင်း အခန်းထဲက ထွက်လာခဲ့တာ၊ အပြင်ဘက်ရောက်တော့ သူ့အရိပ် တောင် မတွေ့ရတော့ဘူး"

"အင်း ... ဆန်းတော့ဆန်းတယ်"

ကူးဖန်း ညည်းတွားလိုက်လေသည်။

ကူးလျှံက ငိုမဲ့မဲ့ဖြင့် ...

"ဖေဖေ ... ကျွန်မ သမီးကို လိုက်ရှာရင်း ဟို ... ဟို ..."

သူမ ထစ်ထစ်ငေါ့ငေါ့ဖြစ်နေ၍ ကူးဖန်းက အော်လိုက်၏။

"ဘာဖြစ်တာလဲ၊ မြန်မြန်ပြောစမ်း"

ကူးလျှံက ...

"ကျွန်မ ... ကျွန်မ ခြံဝင်းထဲ လိုက်ကြည့်တော့ ပန်းရုံတစ်ခု နောက်မှာ အိမ်ဖော်တစ်ယောက်ရဲ့ အလောင်းကို တွေ့ခဲ့ရတာပဲ"

"ဟေ ..."

ကူးဖန်း မျက်လုံးပြူးသွားလေသည်။

ကောင်းချင်း ပျောက်ဆုံးနေပြီး အိမ်ဖော်တစ်ယောက်၏ အလောင်းကို တွေ့ရသည်မှာ ကောင်းသော လက္ခဏာမဟုတ်ပါချေ



ကူးဖန်း၏ မျက်နှာ ဖြူဖပ်ဖြူလျော် ဖြစ်သွားရာမှ မည်းမှောင် သွားသည်။

ထို့နောက် မီးတောက်မီးလျှံအလား နီရဲလာလေတော့သည်။

"အိမ်ဖော်တစ်ယောက်ရဲ့ အလောင်းကို တွေ့ခဲ့ရတယ် ဟုတ် သား၊ ငါ့ကို သေသေချာချာ ပြောစမ်း ..."

ဟု အော်လိုက်သည်။

ကူးလျှံက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ...

"ဟုတ်ပါတယ် ဖေဖေ၊ လည်မျိုကို ဓားနဲ့ ထိုးပြီး အသတ်ခံ လိုက်ရပုံ ရှိပါတယ်၊ မနက်စောစော ထပြီး ခြံဝင်းထဲမှာ သန့်ရှင်းရေး လုပ်နေတုန်း အသတ်ခံလိုက်ရပုံပါပဲ၊ သူ့လည်ပင်းက ဒဏ်ရာဟာ သားကြီးရဲ့ ဒဏ်ရာမျိုးလိုပါပဲ"

"ပိုးဟပ် ..."

ကူးဖန်း ထခုန်လိုက်လေသည်။

"ပိုးဟပ် ရောက်လာပြန်ပြီပေါ့၊ ဒါဟာ သူ့လက်ချက်ပဲ ဖြစ် မယ်"

ကူးလျှံက ...

"ပိုးဟပ်ဟာ အဆင့်မြင့်သိုင်းသမားတစ်ယောက်ဆိုတာ သေ ချာပါတယ်၊ သူဟာ ဘာမဟုတ်တဲ့ အိမ်ဖော်တစ်ယောက်ကို ရှောင် ချင်ရင် ရှောင်လို့ရပါတယ်၊ သူ့ကို ဒုက္ခပေးနိုင်တာမှမဟုတ်ဘဲ၊ အိမ်ဖော်ကို ဒုက္ခမပေးလို့လည်း ရပါတယ်၊ ဒါပေမယ့် အိမ်ဖော်ကို သတ်ပစ်လိုက်တာဟာ သူ့မှာ တခြားအရေးကြီးတဲ့ကိစ္စတစ်ခု ဆောင် ရွက်စရာရှိလို့ပဲ ဖြစ်ရမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကျူးက မေးလိုက်သည်။

"သူက ဘယ်လိုအရေးကြီးတဲ့ကိစ္စ ဆောင်ရွက်စရာရှိနေတာ လို့ ညီမထင်သလဲ"

ကူးလျှံက ...

"သမီးကြီးကို ဖမ်းခေါ်သွားလို့ပေါ့ရှင်"

သူမ ပြောရင်း ဝမ်းနည်းကြေကွဲလွန်းသဖြင့် မျက်ရည်များ တသွင်သွင် စီးကျနေပါတော့သည်။

ကူးဖန်းကပင် နှစ်သိမ့်လိုက်ရလေသည်။

"မြေးမကြီးဟာ ပိုးဟပ်နဲ့ တွေ့မတွေ့ဆိုတာ မသေချာသေး ပါဘူး၊ ဒီလောက်တောင် စိုးရိမ်မနေပါနဲ့ သမီးရယ်"

မည်သို့ဆိုစေ သူ၏ရင်ထဲ၌လည်းဗလောင်ဆူနေပါတော့သည်။

ကူးလျှံက ငိုကြွေးရင်း ပြော၏။

"သေသေချာချာ သိရတဲ့အချိန်ရောက်ရင် အားလုံး လက်လွှတ် ခြေလွှတ်ဖြစ်ကုန်လောက်ပြီပေါ့၊ ပိုးဟပ်ဟာ သမီးကြီးကို ဖမ်းခေါ်သွား ပြီး သတ်ပစ်လိုက်မှာ သေချာပါတယ်"

ဝမ်းကျူးထံသို့ ချဉ်းကပ်သွားပြီး လက်မောင်းနှစ်ဖက်ကို ဆွဲကိုင် လှုပ်ယမ်းလိုက်လေသည်။

"ရှင် ဒီအတိုင်း ငေးငိုင်ပြီးရပ်နေတော့မှာလား၊ သမီးကြီးနဲ့ တွေ့အောင် လိုက်ရှာစမ်းပါဦးရှင်"

ဝမ်းကျူး အမှန်ပင် ငူငူငိုင်ငိုင်ဖြစ်နေသည်။

ကူးလျှံ၏ စကားကြားမှ သတိဝင်လာသလို ရှိသည်။



ကူးလျှံ၏ လက်ကို ဖယ်ရှားရင်း ပြောလိုက်သည်။

"ကောင်းပြီလေ ... ကျုပ်အခုပဲ သွားရှာပါ့မယ်"

ကူးဖန်းသည် ထူပူနေသဖြင့် ကူးလျှံနှင့် ဝမ်းကျူးတို့၏ အခြေ အနေကို မည်သို့မျှ သဘောမထားမိချေ။

ကျင်းစန်းသာလျှင် အလွန်ထူးခြားသော မြင်ကွင်းဖြစ်ကြောင်း သတိပြုမိလိုက်လေသည်။

သူ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များလည်း ဖြစ်ပေါ် လာလေတော့သည်။

ထိုစဉ် ကူးဖန်း၏ စကားသံ ထွက်ပေါ်လာသည်။

"သမီး ... သိပ်လည်း စိတ်ပူမနေပါနဲ့၊ ခေါင်းအေးအေးထား စမ်းပါ၊ ဖေဖေတို့ အခုပဲ လူစုခွဲပြီး လိုက်ရှာပါ့မယ်"

ကူးလျှံ အားတက်သွားသည်။

"ကောင်းပါပြီ ဖေဖေ"

သူမသည် ဝမ်းကျူးဘက် လှည့်ကာ မေးလိုက်သည်။

"ဒါထက် ကျွန်မသား အလတ်ကောင်ကော ..."

ဝမ်းကျူး လက်ကာပြလိုက်သည်။

"သူ့အတွက် ဘာမှမပူပါနဲ့၊ ကျုပ်ထွက်လာတော့ သူ အခန်း ထဲမှာ အိပ်ပျော်ရင်း ကျန်ရစ်ခဲ့ပါတယ်၊ ဘာမှစိုးရိမ်စရာ မရှိပါဘူး"

"ဘာရှင့် ..."

ကူးလျှံက ဒေါသတကြီး အော်လိုက်လေသည်။

"စိုးရိမ်စရာ မရှိဘူး ဟုတ်လား၊ ပိုးဟပ်က အမြဲတမ်း အလစ်

www.burmeseclassic.com

www.burmeseclassic.com



ချောင်းနေတယ်ဆိုတာ ခုထိ ရှင်နားမလည်သေးဘူးလား၊ သူ့ကို တစ်ယောက်တည်း အခန်းထဲမှာ ထားပစ်ခဲ့တာ ကောင်းသလား။ သူသာ တစ်ခုခုဖြစ်သွားရင် ရှင့်ကို ကျွန်မ ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

ဝမ်းကျူး မည်သို့ပြောရမှန်းမသိ ဖြစ်နေသည်။

ကူးလျှံက ...

"ညက ရှင့်ကို ကျွန်မ ဘာပြောခဲ့သလဲ၊ ရှင် ဘာကြောင့် သူ့ကို မစောင့်ရှောက်ဘဲ ဒီအတိုင်း ထားခဲ့ရတာလဲ"

"ကျုပ်က ..."

ဝမ်းကျူး ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

ကူးဖန်းက ကြားဝင်လိုက်သည်။

"သမီး ဘယ်လိုဖြစ်နေတာလဲ၊ ညီလေး ဝမ်းကျူးဟာ သမီးနဲ့ သက်တူရွယ်တူ ဖြစ်ပေမယ့် သူဟာ ဖေဖေ့ရဲ့ သွေးသောက်ညီဖြစ်ပြီး သမီးရဲ့ ဦးလေးတော်တယ်ဆိုတာ မှတ်ထားပါ"

ကူးလျှံက ဖခင်ကြီးအား မကျေမနပ် ကြည့်လိုက်လေသည်။

ကူးဖန်းက တည်ကြည်သော မျက်နှာထားဖြင့် ဆက်ပြော၏။

"သမီးဟာ ကိုယ့်ရဲ့ ဦးလေးတော်တဲ့ လူကို ဒီလိုမပြောရဘူး နောက်ကို ဒါမျိုးမဟုတ်ပါနဲ့"

ကူးလျှံက ...

"ကျွန်မဟာ ကိုယ့်ဦးလေးကို ခပ်ရိုင်းရိုင်း ပြောဆိုဆက်ဆံ မိတယ်ပဲ ထားလိုက်ပါတော့၊ ခု ကျွန်မသားလတ်ကို သွားကြည့်မယ် မတွေ့ဘူးဆိုရင်တော့လား ..."



သူမသည် မည်သူ့ကိုမှ အမှုမထားဘဲ မြေပေါ် ခြေဆောင့်ကာ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

ကူးဖန်း၊ ဝမ်းကျူးနှင့် ကျင်းစန်းတို့ ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ကြလေတော့သည်။

✦ ✧ ✦

ဝမ်းကျူး၏ မျက်နှာတွင် ထူးခြားသောအမူအရာများ ဖြစ်ပေါ်နေသည်။

ရီဝေသော မျက်လုံးများဖြင့် ကူးလျှံပြေးသွားသည်ကို ငေးကြည့်နေသည်။

ကူးဖန်းက ဝမ်းကျူး၏ပခုံးကို တစ်ချက်ပုတ်ကာ ပြောလိုက်သည်။

"ငါ့ညီ မင်းလည်း ငါ့သမီးရဲ့အကြောင်းကိုသိပါတယ်၊ သူဟာ အပြောမတတ်ပေမယ့် စိတ်ရင်းကောင်းရှာပါတယ်"

ဝမ်းကျူး သက်ပြင်းချလိုက်သည်။

"ကျွန်တော်လည်း သူ့ကို ဗွေမယူပါဘူး"

ကူးဖန်းက ဝမ်းကျူးအား တစ်ချက်အကဲခတ်ကြည့်ပြီး မေးလိုက်လေသည်။

"ဒါထက် ငါ့ညီက စောစောစီးစီး ဘာလာလုပ်တာလဲ၊ ပြောပါဦး"

ဝမ်းကျူးက ...

www.burmeseclassic.com

www.burmeseclassic.com



"ထူးခြားတဲ့ စောင်းသံကြားလို့ လာခဲ့တာပါ"

"ဩော် ..."

ကူးဖန်း ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

နောက်ထပ် မေးစရာစကား မရှိတော့သည့်အသွင်မျိုး ဖြစ်လေသည်။

ကျင်းစန်းက ယခုတိုင် စကားတစ်လုံးမှ မပြောဘဲ အခြေအနေ စောင့်ကြည့်နေဆဲ ...

ကူးဖန်းကပင် လောဆော်လိုက်လေသည်။

"ကဲ ... မြေမကြီး ပျောက်နေတယ်ဆိုတော့ လိုက်ရှာကြရ ဖြစ်မယ်၊ ဝမ်းကျုံး မင်းက အရှေ့ဘက်ကိုသွား၊ ကျုပ်က တောင် ဘက်ကို သွားမယ်၊ မိတ်ဆွေလေး ကျင်းစန်းက အနောက်ဘက်ကို သွားပါ၊ မြောက်ဘက်ကိုတော့ ..."

လူခွဲကာ အရပ်လေးမျက်နှာသို့ လိုက်လံရှာဖွေမည့်သဘော ဖြစ်သည်။

ထိုစဉ် ...

"ဟူး ..."

အဝတ်အစား လေတိုးသံနှင့်အတူ ကောင်းဝူ ရောက်ရှိလာသည်။ သူ၏မျက်နှာ သုန်သုန်မှုန်မှုန် ဖြစ်နေသည်၊

ကောင်းဝူကို တွေ့လိုက်ရသဖြင့် ကူးဖန်းက ဝမ်းသာအားရ ပြောလိုက်သည်။

"မင်းရောက်လာတာနဲ့ အတော်ပဲ၊ ကောင်းချင်း ပျောက်နေ



တယ်၊ ငါတို့ လူခွဲပြီးလိုက်ရှာကြမလို့၊ မင်းက မြောက်ဘက်ကို သွားရှာပါ"

ကောင်းဝူး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ဗျာ ... သမီးကောင်းချင်း ပျောက်နေတယ် ဟုတ်လား၊ ကျွန်တော်က စောစောစီးစီး ကူးလျှံရဲ့ အော်သံကြားလို့ ဘာများဖြစ် ဘာလဲဆိုပြီး လာခဲ့တာ"

"အေး ... ကောင်းချင်းကို အမြန်ဆုံး တွေ့အောင်ရှာဖို့ အရေးကြီးတယ်၊ ကဲ ... သွားကြမယ်"

"ကောင်းပါပြီဗျာ"

သူတို့လေးယောက် လူစုခွဲကာ ပြေးလွှားသွားကြလေသည်။

ကောင်းဝူသည် ကူးဖန်း၏စကား ကြားရသည်နှင့် အခြေအနေကို ကောင်းစွာ နားလည်သဘောပေါက်ကာ ကောင်းချင်းအား ရှာဖွေရန် ပြေးလွှားသွားခြင်း ဖြစ်ပေတော့သည်။

✦ ✧ ✦

www.burmeseclassic.com

www.burmeseclassic.com



## စစ်သူကြီး၏ မား

ကူးဖန်း၏ ခြံဝင်းမှာ ကေများစွာ ကျယ်ဝန်းသောခြံဝင်း
တစ်ခု ဖြစ်သည်။

ခြံဝင်းထဲ၌ နေရာလပ်မကျန်အောင် အဆောက်အဦး
သစ်ပင် ပန်းပင်နှင့် ပန်းဥယျာဉ်များက နေရာယူထားလေသည်။

ခြံဝင်း၏အနောက်ဘက်၌လည်း စိုက်ပျိုးထားသော သ
ပန်း ံင်များမှာ အမျိုးပေါင်းစုံလင်လှသည်။

ကျင်းစန်းသည် အကြောက်အရွံ့ကင်းမဲ့စွာဖြင့် သစ်ပင်ပ
များကြား ဝင်ရောက်ရှာဖွေလိုက်သည်။

ထို့နောက် ခြံဝင်းအနောက်ဘက်သို့ ဆက်သွားလိုက်
သူဖြတ်သန်းလာသည့် လမ်းတစ်လျှောက် ထူးခြား
တစ်ရာ မတွေ့ရချေ။

လမ်းတွင် သန့်ရှင်းရေးပြုလုပ်နေသော အိမ်ဖော်အလု
နှစ်ယောက်ကို တွေ့ရလေသည်။



ကျင်းစန်းက ထိုအိမ်ဖော်နှစ်ယောက်ကို မေးမြန်းစုံစမ်းကြည့်သော်လည်း ဘာမှပြောမပြနိုင်အောင် ဖြစ်နေကြလေသည်။

ကောင်းချင်း၏ အရိပ်အယောင်လည်းမတွေ့ရပါ။

ကျင်းစန်းက စိတ်မပျက်ဘဲ ရှေ့ဆက်သွားလိုက်လေသည်။

မကြာပါချေ။ ရှေ့တွင် အုတ်နံရံတစ်ခု ကာဆီးထားသည်ကို တွေ့လိုက်ရလေသည်။

အုတ်နံရံတစ်ဖက်တွင် ဝါးရုံပင်များ ထိုးထိုးထောင်ထောင် ရှိနေသည်ကိုလည်း တွေ့ရသည်။

ထိုဝါးရုံပင်များကြားမှ မီးခိုးများ တလူလူထွက်ပေါ်နေသည်ကိုလည်း တွေ့လိုက်ရလေသည်။

ကျင်းစန်း အံ့သြသွား၏။

"ဘယ်လိုနေရာမျိုးပါလိမ့်"

ထိုနေရာမှာ မည်သို့သော နေရာမျိုးဖြစ်သည်ကို ကူးဖန်းက သိပေလိမ့်မည်။

ကျင်းစန်းက ဟိုဟိုသည်သည် အကဲခတ်ကြည့်လိုက်ရာ အုတ်နံရံတွင် စက်ဝိုင်းပုံ တံခါးပေါက်တစ်ခု ရှိနေသည်ကို တွေ့ရလေသည်။

တံခါးရွက်က ပွင့်နေသည်။

ကျင်းစန်းသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ထိုတံခါးပေါက်ဆီသို့ လှမ်းသွားလိုက်လေသည်။

တံခါးပေါက်သို့ရောက်လျှင် ဆိုင်းဘုတ်တစ်ခု ရှိနေသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဘုတ်ပေါ်၌ ကူးမိသားစု ကိုးကွယ်သော စစ်သူကြီး၏ နတ်ကွန်းဟု ရေးထားသည်ကို တွေ့ရ၏။

"လက်စသတ်တော့ နတ်ကွန်းတစ်ခုကိုး"

အချို့သော သိုင်းသမားများသည် ရှေးခေတ်မှ စစ်သူကြီးများကို အားကျအတုခိုးကြလေသည်။

သူတို့အားကျသော စစ်သူကြီးများ၏ ရုပ်တုများ ထုလုပ်ကာ နတ်ကျွန်းပြုလုပ်၍ ကိုးကွယ်ထားတတ်ကြလေသည်။

ဤနေရာသည် နတ်ကွန်းတစ်ခုဖြစ်သည်နှင့်အညီ အခွင့်မရှိ မဝင်ရသော တားမြစ်နယ်မြေတစ်ခုလည်း ဖြစ်ကြောင်း ကျင်းစမ်း ဆင်ခြင်မိလေသည်။

ပိုးဟပ်သည် တားမြစ်နယ်မြေတစ်ခုအတွင်း၌ ဝင်ရောက်ပြီး အောင်းနေနိုင်သည် မဟုတ်ပါလား။

ကျင်းစမ်းက အကဲခတ်ကြည့်ပြီး ဝင်ရောက်စစ်ဆေးကြည့်ရန် သင့်တော်ပါမည်လောဟု တွေးတောစဉ်းစားလိုက်လေသည်။

"ဆရာကြီး ကျူးဖန်းကိုယ်တိုင်က ငါ့ကို အနောက်ဘက်မှာ ရှာဖွေဖို့ တာဝန်ပေးလိုက်တာပဲ၊ ဒါဟာ ငါ့ကို ခွင့်ပြုပြီးသား သဘော မျိုးပဲ"

ထိုသို့ ဆင်ခြင်ပြီး နတ်ကွန်းထဲ ဝင်ရောက်စစ်ဆေးကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။

ဖွင့်ထားသော တံခါးပေါက်မှ တစ်ဆင့် အတွင်းဘက် လှမ်း ဝင်လိုက်လေသည်။

လေဝှေ့ယမ်းတိုက်ခတ်လာသည်။



ဝါးနံရံများသည် တရှဲရှဲမြည်ကာ ယိမ်းနွဲ့လှုပ်ယမ်းသွားလေသည်။

လေနှင့်အတူ အမွှေးတိုင်နံ့များ ပို၍ လွင့်ပျံ့လာသည်။

ကျင်းစမ်းသည် လေထဲတွင် အမွှေးတိုင်အနံ့အပြင် နောက်ထပ် ထူးခြားသော အနံ့အသက်တစ်ခုကို ရှူရှိုက်မိလိုက်လေသည်။

ကျင်းစမ်း မျက်နှာပျက်သွားသည်။

အာရုံစူးစိုက်ပြီး အသက်ပြင်းပြင်း ရှူလိုက်သည်။

အမွှေးတိုင်နံ့အပြင် နောက်ထပ် ထူးခြားသော အနံ့ကိုပါ တစ်ဝကြီး ရှူရှိုက်လိုက်ခြင်းဖြစ်သည်။

ထိုသို့ ရှူရှိုက်လိုက်သည်နှင့် အမွှေးတိုင်နံ့အပြင် နောက်ထပ် ထူးခြားသော အနံ့မှာ သွေးညှီနံ့ဖြစ်ကြောင်း ကျင်းစမ်း ခွဲခြားသိရှိလိုက်လေတော့သည်။

ကျင်းစမ်းလည်း မြေပေါ်ခြေဆောင့်ကာ ရှေ့သို့ တစ်ဟုန်ထိုး ပြေးထွက်သွားလိုက်လေတော့သည်။

✦ ✧ ✦

ကျင်းစမ်းသည် နတ်ကွန်းအတွင်းသို့ ရောက်ရှိသွားပြီဖြစ်သည်။

နတ်ကျွန်းထဲ၌ သွေးညှီနံ့များက နှာခေါင်းမခံနိုင်အောင် စိမ်းရွှင်ရွှင်ဖြင့် ဆိုးဆိုးဝါးဝါး ရှိနေ၏။

လူသေအလောင်းတစ်လောင်းကလည်း အသင့်ဆီးကြိုလျက် ရှိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်သည် သွေးအိုင်ထဲ လဲကျကာ သေဆုံးနေ၏။

ထိုလူမှာ အဘွားအိုတစ်ယောက် ဖြစ်နေသည်။

အဘွားအို၏ အလောင်းအနီးမှ အမွှေးတိုင်များ ပြန့်ကျဲနေ၏။

သူမသည် စစ်သူကြီးနတ်ကွန်း၌ အမွှေးတိုင်၊ ဖယောင်းတိုင်များ လာရောက်ထွန်းညှိပူဇော်ရင်း လူသတ်သမားနှင့် မမျှော်လင့်ဘဲ တွေ့ဆုံမိပြီး အသတ်ခံလိုက်ရပုံ ရှိလေသည်။

အဘွားအိုသည် အိမ်ဖော်အလုပ်သမားတစ်ယောက်အသွင် ဝတ် ဆင်ထား၏။

စစ်သူကြီးနတ်ကွန်းမှ ဝေယျာဝစ္စများ လုပ်ကိုင်ဆောင်ရွက်ရန် ကူးဖန်း တာဝန်ပေးထားသူ ဖြစ်ပုံရသည်။

အဘွားအို သေဆုံးနေခြင်းကြောင့် လူသတ်သမားသည် နတ်ကွန်းထဲသို့ ရောက်လာကြောင်း ထင်ရှားနေသည်။

အဘွားအို၏ လည်ပင်း၌ ဓားဒဏ်ရာတစ်ခုရှိနေသည်။

ကောင်းလီ လုပ်ကြံခံရသည့် ဒဏ်ရာအမျိုးအစားပင်ဖြစ်သည်။

ကောင်းလီအား သတ်သွားသူနှင့် အဘွားအိုအား သတ်လိုက်သူမှာ တစ်ယောက်တည်းသာဖြစ်ကြောင်း ဖော်ပြနေသည်။

ကျင်းစန်းသည် အဘွားအို၏အလောင်းကို တွေ့လိုက်ရပြီးနောက် ကောင်းချင်းအတွက် ပို၍ စိုးရိမ်ပူပန်လာလေသည်။

ကောင်းချင်း မည်သည့်နေရာ ရောက်ရှိနေပါသနည်း။

သူမ၏ အခြေအနေ မည်သို့ရှိနေပါသနည်း။

မလှမ်းမကမ်း၌ ရှေးခေတ်စစ်သူကြီး အဝတ်အစားများ ဝတ်မြန်းထားသော ရုပ်တုတစ်ခုရှိနေသည်။



စစ်သူကြီး နတ်ရုပ်တုဖြစ်သည်။

စစ်သူကြီးရုပ်တု၏ လက်ထဲ၌ ဓားတစ်လက်ကိုင်ထား၏။

ဓားဖျား၌ သွေးများ စွန်းထင်းပေကျံနေသည်။

ဓားအောက်တွင် မိန်းကလေးတစ်ယောက် ခွေခွေကလေး လဲကျသေဆုံးနေ၏။

ထိုမိန်းကလေးမှာ ပျောက်ဆုံးနေသော ကောင်းချင်းဖြစ်သည်။

ကျင်းစန်း ထိတ်လန့်သွား၏။

ကျယ်လောင်သောအသံဖြင့် စူးရှစွာ အော်ဟစ်မိလိုက်လေတော့သည်။

✦ ✧ ✦

ကျင်းစန်း၏အသံကို ပထမဆုံး ကြားသွားသူမှာ ကူးဖန်းဖြစ်သည်။

ကူးဖန်း ရင်ထိတ်သွားသည်။

"ဒါ အနောက်ဘက်က လာတဲ့အသံပဲ"

ချိုက်ချင်းပင် လေ၏လျင်မြန်ခြင်းမျိုးဖြင့် အနောက်ဘက်သို့ ဦးတည်ပြေးလွှားသွားလိုက်လေသည်။

"ဟူး ... ဟူး"

အဝတ်အစားလေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာလေသည်။

ကူးဖန်းသည် လေဟုန်စီးကာ ရွေ့လျားသွားသကဲ့သို့ စစ်သူကြီး နတ်ကွန်းအနီးသို့ တစ်ခဏအတွင်း ရောက်ရှိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကူးဖန်းသည် နတ်ကွန်းနှင့် မလှမ်းမကမ်း၌ ခြေလှမ်းရပ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

တစ်ဖန် ...

"မိတ်ဆွေလေး ကျင်းစန်း ... မင်း ဘယ်မှာလဲ"

ဟု အသံပြုလိုက်လေသည်။

မရှေးမနှောင်းမှာပင် ...

"ကျွန်တော် အထဲမှာရှိနေပါတယ်"

ကျင်းစန်း၏ တုံ့ပြန်သံ ထွက်ပေါ်လာလေသည်။

ကူးဖန်း၏ စိတ်ထဲ တစ်စုံတစ်ခု ထူးခြားနေပြီဖြစ်ကြောင်း အလိုလို ခံစားလာရလေသည်။

ထို့ကြောင့် နတ်ကွန်းထဲသို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်းဝင်လိုက်လေသည်။

နတ်ကွန်းထဲရောက်သွားသည်နှင့် ကြမ်းပြင်ပေါ် လဲကျသေဆုံးနေသော အိမ်ဖော်အဘွားအိုအား ဦးစွာတွေ့လိုက်ရလေသည်။

"ဟင် ... အမေကြီးယုပါလား"

ဝေယျာဝစ္စကိစ္စအဝဝ တာဝန်ပေးထားသော အမေကြီးယုဆိုသူ ဖြစ်ကြောင်း ကူးဖန်း ချက်ချင်း သတိပြုမိလိုက်လေသည်။

မလှမ်းမကမ်း၌ရှိနေသော ကျင်းစန်းကို တစ်ချက်လှမ်းကြည့် ပြီး မေးလိုက်သည်။

"ကျုပ် မြေးကော တွေ့ပြီ ..."

သူ၏ စကားမဆုံးဘဲ တစ်ပိုင်းတစ်စ ရပ်တန့်သွားလေသည်



အကြောင်းမှာ စစ်သူကြီး ရုပ်တု၏ ခြေအောက်၌ ခွေခွေ အလေး လဲကျသေဆုံးနေသော ကောင်းချင်းအား တွေ့မြင်သွားခြင်း ကြောင့် ဖြစ်လေသည်။

ပျောက်ဆုံးနေသော ကောင်းချင်းအား တွေ့လိုက်ရပြီဖြစ်သည်။

သို့သော် အသက်ရှင်လျက်တော့ မဟုတ်ပါ။

"မြေးလေး ကောင်းချင်း ..."

ကူးဖန်း ဆို့နင့်ကြေကွဲစွာ ခေါ်လိုက်လေသည်။

သူ၏ မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝိုင်းလာ၏။

အလွန် နာကျင်သော ဝေဒနာဆိုးတစ်ရပ် ခံစားလိုက်ရသည် အလား မျက်နှာကြီး ရှုံ့မဲ့နေသည်။

မြေးဖြစ်သူ၏ အဖြစ်ဆိုးကြောင့် အလွန်စိတ်ထိခိုက်သွားခြင်း ဖြစ်လေသည်။

ရက်ပိုင်းအတွင်း၌ မြေးနှစ်ယောက် အသတ်ခံလိုက်ရသည် မဟုတ်ပါလား ...။

ကူးဖန်းကဲ့သို့ ဝါရင့်သိုင်းသမားကြီး တစ်ယောက်အတွက် အလွန်ခံပြင်းစရာကောင်းသော ကိစ္စတစ်ခု ဖြစ်လေသည်။

ကူးဖန်း၏ ဝမ်းနည်းကြေကွဲမှုများသည် ဒေါသအဖြစ်သို့ ချက်ချင်း ကူးပြောင်းသွားလေတော့သည်။

မျက်နှာကြီး တစ်ခုလုံး ရဲရဲနီသွားလေသည်။

လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်ပြီး မေးကြောကြီး များ ထောင်ထလာအောင် အံကြိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပိုးဟပ် ... မင်းကို ငါ ဘယ်တော့မှမကျော့ဘူး"

ဟုလည်း ဒေါသတကြီး ကြုံးဝါးလိုက်လေသည်။

သူ၏ ကြုံးဝါးသံမှာ ကျယ်လောင်လွန်းလှသဖြင့် နတ်ကွန်း၏ ခေါင်မိုးများပင် ပွင့်ထွက်သွားတော့မည် ထင်ရလေသည်။

ထိုစဉ် ...

"ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ"

မေးမြန်းသံနှင့်အတူ လူတစ်ယောက် ပြေးလွှားဝင်ရောက်လာလေသည်။

ထိုလူသည် အတွင်းဘက်ရောက်လာလျှင် ထပ်မံမေးမြန်းခြင်း မပြုတော့ပါချေ။

မေးစရာမလိုတော့အောင် မြင်ကွင်းက ရှင်းရှင်းလင်းလင်း အဖြေပေးလိုက်ပြီ မဟုတ်ပါလား။

ထိုလူမှာ ဝမ်းကျုံး ဖြစ်သည်။

ဝမ်းကျုံးသည် ကောင်းချင်း သေဆုံးနေသည်ကိုမြင်လျှင် မတုန်မလှုပ် ကျောက်ရုပ်ကြီးတစ်ရုပ်ပမာ ဖြစ်သွားလေတော့သည်။

✦ ✧ ✦

ဝမ်းကျုံးနှင့် မရှေးမနှောင်းမှာပင် ကောင်းဝူလည်း ရောက်ရှိလာလေသည်။

ကောင်းဝူသည် သမီးဖြစ်သူ သေဆုံးနေသည်ကို မြင်လျှင် တစ်ကိုယ်လုံး တုန်တုန်ရင်ရင်ဖြစ်ကာ ပစ်လဲကျတော့မလို ဖြစ်သွားလေသည်။



ပိုးဟပ် ...

ပိုးဟပ်သည် ကောင်းလီကိုလည်းကောင်း၊ ကောင်းချင်းကို လည်းကောင်း ရက်ရက်စက်စက် သတ်ပစ်လိုက်ပြီဖြစ်သည်။

ပိုးဟပ်သည် လူတိုင်း ရှိသေလေးစားကြောက်ရွံ့ရသော မြေသတ်ပိုင်း ပြိုင်စံရှား သိုင်းဆရာကူးဖန်း၏ ခြံဝင်းထဲသို့ ကျူးကျော်ဝင်ရောက်ကာ ထင်တိုင်းလဲကျနေပြီဖြစ်လေသည်။

ခြံဝင်းထဲ၌ ကူးဖန်းသာမက လေပွေဓားသမား ဝမ်းကျုံး၊ လက်ဝဲဓားသမား ကျင်းစန်းနှင့် သားမက်တော်သူ ကောင်းဝူတို့ ရှိနေကြပါသည်။

ထိပ်သီးသိုင်းသမားများ စုရုံးရှိနေပါလျက် ပိုးဟပ်က ထင်တိုင်း ကျဲနေနိုင်သည်မှာ အံ့ဩစရာကောင်းသကဲ့သို့ ခံပြင်းစရာလည်း ကောင်းလှပါတော့သည်။

ကူးဖန်းတို့လူစုအတွက်ကား ရှက်ဖွယ်လီလီ ဖြစ်စရာပင်။

အသတ်ခံလိုက်ရသော ကလေးများအတွက်လည်း ယူကျုံးမရ ဖြစ်နေကြတော့သည်။

ကောင်းဝူသည် သမီးဖြစ်သူ၏အဖြစ်ဆိုးကို ကြည့်ပြီး တောင့်တောင့်ကြီး ဖြစ်သွား၏။

သူ၏ မျက်လုံးကြီးများ ပြူးထွက်လာသည်။

ရုတ်တရက် ...

"သမီး ..."

ကျယ်လောင်စွာ အော်ဟစ်ခေါ်ရင်း ချုံးပွဲချငိုကြွေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဝူ၏ငိုကြွေးသံကြောင့် ကျောင်းစန်း၊ ဝမ်းကျူးနှင့် ကူးဖန်တို့ သတိဝင်လာကြလေသည်။

ကောင်းဝူကို လှမ်းကြည့်လိုက်ကြ၏။

ကောင်းဝူသည် ရှိုက်ကြီးတငင် ငိုကြွေးနေရာမှ ရုတ်တရက် အငိုရပ်သွားသည်။

တစ်ဖန် ...

"ဟား ... ဟား ... ဟား"

ကျယ်လောင်စွာ ဟားတိုက်ရယ်မောလိုက်လေသည်။

ယခုပင် ငိုလိုက်၊ ယခုပင် ရယ်လိုက်ဖြင့် ကောင်းဝူစိတ်ထိ နိုက်လွန်းသဖြင့် စိတ်ဖောက်ပြန်ကာ ရူးသွပ်သွားပြီလော ...။

ကောင်းဝူသည် ခေါင်းမော့ကာ ဟားတိုက်ရယ်မောရင်း ...

"ဝေါ့ ..."

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။

"သတိထား ..."

ကူးဖန်က သတိပေးရင်း ကောင်းဝူအနီးသို့ ချဉ်းကပ်သွားလိုက်သည်။

ကောင်းဝူ၏ ကျောပြင်ကို လက်ဝါးတစ်ဖက်ဖြင့် ဖိကပ်ပေးထားလိုက်လေသည်။

ကောင်းဝူ၏ ကျောပြင်ရှိ သွေးကြောများမှတစ်ဆင့် အတွင်းအား ပို့ဆောင်ပေးကာ ကောင်းဝူ ခံစားနေရသော ဝေဒနာသက်သာသွားအောင် ကူညီပေးလိုက်ခြင်းဖြစ်လေသည်။



ကူးဖန်က ကူညီလိုက်သဖြင့် ကောင်းဝူမှာ ခံစားနေရသော ဝေဒနာများ သက်သာထင်ရှားသွားတော့သည်။

"ရပါပြီ ... ကျွန်တော် ဘာမှမဖြစ်တော့ပါဘူး"

ကူးဖန်က ...

"ငါ့သား ... စိတ်ထိခိုက်ကြေကွဲစရာတွေ ကြုံတွေ့နေရပေမယ့် စိတ်မညစ်ရဘူး၊ စိတ်ကို ထိန်းထားနိုင်ရမယ်၊ တို့မှာ ရှေ့ဆက်လုပ်ကိုင်ဆောင်ရွက်စရာတွေ အများကြီးရှိသေးတယ်၊ ရန်သူကို ဒူးထောက်အရှုံးပေးလိုက်သလို ဖြစ်သွားမှာကို သတိထားရမယ်"

ဟု ကြင်နာစွာ ဖျောင်းဖျလိုက်သည်။ အားပေးနှစ်သိမ့်လိုက်လေသည်။

ကောင်းဝူ ဦးညွှတ်လိုက်သည်၊

"ဟုတ်ကဲ့ ... ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော့်ကိုယ် ကျွန်တော် ထိန်းနိုင်အောင် ကြိုးစားပါ့မယ်"

ကူးဖန် ကျေနပ်သွားလေသည်။

"အေး ... မင်းစိတ်ထောင်းကိုယ်ကြေပြီး ဘုန်းဘုန်းလဲသွားရင် ပီးဟပ်က ပိုပြီး သဘောကျသွားမယ်ဆိုတာ ဘယ်တော့မှမမေ့နဲ့"

ကောင်းဝူက ...

"ကျွန်တော် သွေးတစ်ခါအန်လိုက်တာကြောင့် သက်သာသွားပါပြီ၊ ကိုယ့်ကိုယ်ကို ထိန်းနိုင်ပါပြီ၊ ကျွန်တော့်ကို စိတ်ချပါ ခင်ဗျာ"

"အေး ... ကောင်းတယ် ... ကောင်းတယ်"

ကူးဖန်သည် ကျောင်းစန်းဘက်သို့ လှည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေလေး ဒီနေရာကိုရောက်လာတော့ တခြားဘယ်သူ ကိုများ တွေ့မိသေးသလဲ"

ဟု မေးလိုက်လေသည်။

ကျင်းစန်း ခေါင်းခါယမ်းလိုက်သည်။

"ဘယ်သူ့ကိုမှမတွေ့တော့ပါဘူး၊ ပိုးဟပ်ဟာ သူ့ရဲ့အလယ် အောင်မြင်ပြီးဆုံးသွားတာကြောင့် ကျွန်တော် ဒီနေရာကိုရောက်မလာ ခင်မှာပဲ ရှောင်တိမ်းသွားပုံရပါတယ်"

ကူးဖန်းက ...

"အင်းလေ ... သူက ကျုပ်ကို အဆုံးစွန်ဆုံးထိအောင် ဆော် ကားနိုင်ခဲ့ပြီဆိုပြီး ကျေနပ်သွားမှာပေါ့"

ထိုစကားမှာ ထူးခြားနေသည်ဟု ကျင်းစန်း ထင်မိ၏။

ကူးဖန်းက ဆက်ပြောလေသည်။

"ဒီနတ်ကွန်းဟာ ဘယ်လိုနေရာမျိုးဆိုတာ အရင်ဆုံး ရှင်းပြ ဖို့ လိုလိမ့်မယ်တင်တယ်၊ ကျုပ်တို့ ဘိုးဘွားတွေလက်ထက်ကတည်း က ကျုပ်တို့အရပ်ဒေသ အကျော်ကြားဆုံး သူရဲကောင်း ယွမ်စစ်သူ ကြီးကို အားကျအတုယူပြီး ရိုသေလေးစားကိုးကွယ်ခဲ့ကြတယ်"

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ..."

ကူးဖန်းက ...

"ကျုပ်တို့ ဘိုးစဉ်ဘောင်ဆက် ယွမ်စစ်သူကြီးလို သူရဲကောင်း ဖြစ်လာအောင် ကိုယ့်သားသမီး မြေးမြစ်တွေကို သွန်သင်ဆုံးမခဲ့ကြ တယ်၊ ကျုပ်တို့အားလုံး ဒီဆုံးမစကားကို နာယူမှတ်သားပြီး လိုက် နာခဲ့ကြတယ်၊ ခုတော့ ကျုပ်မြေးလေးဟာ ယွမ်စစ်သူကြီး ရုပ်တု ရှေ့မှောက်မှာ အသတ်ခံလိုက်ရပြီး ပိုးဟပ်ဟာ့ ကျုပ်ကို လှောင်ပြောင် ဆော်ကားသွားတာပဲ"



ကျင်းစန်း သက်ပြင်းချလိုက်လေသည်။

ကူးဖန်းက ...

"ကျုပ်က ပိုးဟပ်ကို ဘယ်တော့မှ မကျေဘူး၊ ဖော်ထုတ်ဆုံးမ မယ်လို့ ယွမ်စစ်သူကြီးရုပ်တုရှေ့မှာ ကတိသစ္စာပြုရလိမ့်မယ်"

ထို့နောက် ပိုးဟပ်အား ဆုံးမသုတ်သင်မည့်အကြောင်း ယွမ် စစ်သူကြီး၏ ဝိညာဉ်က ဖေးမကူညီပေးပါရန် တိုင်တည်သစ္စာဆို လိုက်လေသည်။

ပြီးလျှင် ...

"ကျုပ်တို့ သွားကြပါစို့"

ကောင်းချင်း၏ အလောင်းကိုပွေ့ချီကာ နတ်ကွန်းထဲမှ လှမ်း ထွက်သွား၏။

ကောင်းဂူ၊ ဝမ်းကျုံးနှင့် ကျင်းစန်းတို့လည်း လိုက်ပါသွားကြ လေတော့သည်။

✦ ✧ ✦

ကျင်းစန်း အော်ဟစ်လိုက်သောအသံကြောင့် ကူးဖန်း ဝမ်းကျုံး နှင့် ကောင်းဂူတို့ ရောက်ရှိလာခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျင်းစန်း၏အသံကို ကူးလျှံကြားမိသော်လည်း သူမသည် နတ်ကွန်းသို့ လိုက်မသွားခဲ့ပါချေ။

သူမလိုက်သွားဖို့ထက် မျက်စိရှေ့မှောက်၌ ဖြစ်ပေါ်နေသော ကိစ္စက ပို၍ အရေးကြီးနေခြင်းကြောင့် ဖြစ်လေသည်။

သူမသည် သားလတ် ကောင်းရုံအား အခန်းတွင်း၌ တစ်ယောက်တည်း ထားပစ်ခဲ့သော ဝမ်းကျုံးအား အပြစ်တင်ခဲ့သည်။

အခွင့်အရေးချောင်းနေသော ပိုးဟပ်သည် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည့် ကောင်းရုံအား ဒုက္ခပေးကောင်းပေးနိုင်စွမ်းသည် မဟုတ်ပါလား။

ကူးလျှံသည် စိတ်ပူပြီး ကောင်းရုံ ကျန်ရစ်ခဲ့သော ဝမ်းကျုံး၏ အခန်းသို့ လာခဲ့လေသည်။

ဝမ်းကျုံး နေရာထိုင်ရာ အဆောင်ကလေးအနီးသို့ရောက်သော် ကျင်းစန်း၏အသံကို ကြားလိုက်ရခြင်းဖြစ်သည်။

ပြဿနာတစ်ရပ်တစ်ခု ဖြစ်ပေါ်နေကြောင်းကို ရိပ်မိလိုက်သော်လည်း သူမ လိုက်မသွားနိုင်တော့ပါ။

ထို့ထက်ပို၍ အရေးကြီးသော ကိစ္စတစ်ခုနှင့် ကြုံတွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ဝမ်းကျုံး နေထိုင်သော အဆောင်အနီး၌ အရိပ်ကောင်းသော သစ်ပင်တစ်ပင် ရှိနေသည်။

ထိုသစ်ပင်၏ သစ်ကိုင်းတစ်ကိုင်း၌ လူတစ်ယောက်ကို ချိတ်ဆွဲထား၏။



သစ်ကိုင်း၌ ချိတ်ဆွဲခံထားရသူမှာ ကောင်းရုံဖြစ်သည်။

ကောင်းရုံမှာ ခေါင်းငိုက်စိုက်ကျကာ သေဆုံးနေပြီဖြစ်လေသည်။

✦ ✧ ✦

ကောင်းရုံသည် ခေါင်းငိုက်စိုက်ကျလျက် သစ်ကိုင်း၌ တွဲလောင်းဖြစ်နေသည်။

သူ၏ရင်ဝ၌ သွေးချင်းချင်းနီရဲနေသည်။

ကောင်းလီ ရရှိခဲ့သော ဒဏ်ရာမျိုးဖြင့်ပင် သေဆုံးသွားရခြင်းဖြစ်လေသည်။

ကူးလျှံသည် မြင်ကွင်းကို မယုံနိုင်အောင်ဖြစ်နေသည်။

အတော်ကလေးကြာမှ သတိဝင်လာပြီး ပြေးသွားလိုက်သည်။

"သား ... သားလေး ကံဆိုးလှချည်လား"

ကြေကွဲစွာ ညည်းတွားလိုက်သည်။

ကောင်းရုံ၏အလောင်းကို သစ်ကိုင်းမှ ဖြုတ်ကာ ပွေ့ချီထားလိုက်သည်။

ကောင်းရုံ၏ သွေးများသည် သူမ၏ အဝတ်အစားများ၌ စွန်းထင်းပေကျံသွားလေသည်။

ကူးလျှံက ကောင်းရုံ၏အလောင်းကို တင်းကြပ်စွာ ပွေ့ဖက်ထားရင်း ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေသည်။

သူမ ဆောက်တည်ရာမရအောင် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ သားနှစ်ယောက်စလုံး ရန်သူ့လက်ချက်မိကာ သေဆုံးသွားကြပြီ မဟုတ်ပါလား။

ကူးလျှံ စိတ်မထိန်းနိုင်အောင် ဖြစ်လာသည်။

သားဖြစ်သူ၏ အလောင်းကို ပွေ့ချီကာ စူးစူးရှရှအော်ဟစ်လိုက်ပြီး တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

✦ ✧ ✦

ကူးဖန်း၊ ကောင်းဝူး၊ ဝမ်းကျုံးနှင့် ကျင်းစန်းတို့သည် နတ်ကွန်းကိုကျောခိုင်းကာ ထွက်လာခဲ့ကြလေသည်။

ထိုစဉ် ကူးလျှံ၏ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အားလုံး ရင်ထိတ်သွားကြသည်။

ကူးဖန်းက ...

"ဒုက္ခပဲ၊ ပြဿနာပေါ်နေပြီထင်တယ်"

ဟု ညည်းတွားလိုက်သည်။

ကူးလျှံ၏ အော်ဟစ်သံအဆုံး ကျယ်လောင်သော ငိုကြွေးသံကိုလည်း ကြားလိုက်ရသည် မဟုတ်ပါလား။

အားလုံး ပိုပြီး စိုးရိမ်လာကြသည်။

မကောင်းသော အတိတ်နိမိတ်များကိုလည်း ခံစားလာကြရလေသည်။

ကောင်းဝူ မျက်နှာပျက်သွားသည်။



တုန်ရင်သော လေသံဖြင့် လွတ်ခနဲ ပြောလိုက်သည်။

"သားလတ်လား ... သမီးယော်လား မသိဘူး"

သူ၏စကားသံအဆုံးတွင် ဝမ်းကျုံးက တစ်ချက်အော်ဟစ်လိုက်သည်။

ကူးလျှံ၏ ငိုကြွေးသံထွက်ပေါ်လာရာဘက်ဆီသို့ ဦးတည်ကာ တစ်ဟုန်ထိုး ပြေးလွှားသွားတော့သည်။

သူပြေးသွားရာလမ်းတစ်လျှောက်တွင် တခြွင်ခြွင်မြည်သံများ ထွက်ပေါ်သွားလေသည်။

ဝမ်းကျုံး၏ခါး၌ ချိတ်ဆွဲထားသော ဓားမှ ခေါင်းလောင်းကလေးများ၏ မြည်သံဖြစ်လေသည်။

ထို့နောက် ကောင်းဝူနှင့် ကျင်းစန်းတို့လည်း ပြေးလိုက်သွားကြလေသည်။

ကူးဖန်းသည် မနေနိုင်တော့ဘဲ ကောင်းချင်း၏အလောင်းကို ခုံးပေါ်ထမ်းကာ ပြေးလွှားလိုက်ပါသွားလေသည်။

မကြာပါချေ ... ကောင်းရုံ၏ အလောင်းကို ပွေ့ချီကာ သွေးရူးသွေးတန်း ပြေးလာနေသည့် ကူးလျှံနှင့် ဆုံတွေ့မိလိုက်ကြလေတော့သည်။

✦ ✧ ✦

ကူးဖန်းတို့ လူစုနှင့် ကူးလျှံတို့ ဆုံတွေ့မိလိုက်ကြလေသည်။

"သမီး ..."

www.burmeseclassic.com

www.burmeseclassic.com



"မေမေ ..."

ကူးလျှံ ဘာမှမဖြစ်သည်ကို တွေ့ရသဖြင့် ကူးဖန်း ဝမ်းသာသွားလေသည်။

ကူးလျှံသည်လည်း ဖခင်ကြီးကို တွေ့လိုက်ရသဖြင့် အားတက်သွား၏။

သို့သော် ကူးလျှံသည် ကူးဖန်း၏ ပခုံးပေါ် ထမ်းထားသော ကောင်းချင်း၏ အလောင်းကို တွေ့မြင်သွား၏။

ကူးဖန်းကလည်း ကူးလျှံ မွေ့ချီထားသော ကောင်းရုံ၏ အလောင်းကို တွေ့မြင်လိုက်သည်။

နှစ်ယောက်စလုံး ရင်ဆို့သွားကြသည်။

"သမီးကြီး ..."

ကူးလျှံ ရင်ပွင့်မတတ် ခေါ်လိုက်သည်။

သူမ ဟန်မဆောင်နိုင်တော့ဘဲ ...

"ဝုန်း ..."

မြေပေါ် ခြေပစ်လက်ပစ် လဲကျသွားလေတော့သည်။

"ညီမ ..."

ဝမ်းကျုံးသည် သူမအနီးသို့ လျင်မြန်စွာရောက်ရှိသွားပြီး ပွေ့မ လိုက်လေသည်။

ဝမ်းကျုံးသည် ကူးလျှံအား အလွန်ယုယနေသည်ကို တွေ့မြင်ရလေသည်။

ကောင်းဝူလည်း အနီးသို့ရောက်ရှိသွားပြီး ကောင်းရုံ၏ အလောင်းကို ပွေ့ထားလိုက်လေသည်။



ကော ်းဝူ၏ မျက်နှာတစ်ခုလုံး ပြုံတော့မည့် မိုးနှယ် မည်း ှောင်သွားလေသည်။

ထိုစဉ် ကူးလျှံ၏ ကယောင်ချောက်ချား မေးမြန်းသံ ထွက် ေါ်လာလေသည်။

"မေမေ ... သမီးငယ်ကော ဘယ်မှာလဲဟင်၊ သူ့ကိုတွေ့မိသေး သလား"

ထိုစကားသံက ကောင်းဝူ၏နားထဲသို့ သံရည်ပူဖြင့် လောင်း လိုက်သကဲ့သို့ တိုးဝင်လာလေသည်။

ကောင်းလီ၊ ကောင်းရုံနှင့် ကောင်းချင်းတို့သည် ပိုးဟပ်၏ က်ချက်ဖြင့် သေဆုံးသွားကြချေပြီ။

သားသမီး လေးယောက်အနက် ကောင်းယဲ့တစ်ယောက်သာ ကျန်တော့သည် မဟုတ်ပါလား။

ကောင်းယုံကော အသက်ရှင်လျက် ရှိနေနိုင်ပါဦးမည်လော။

ခြံဝင်းထဲမှ လူကြီးအားလုံး ဤနေရာ၌ စုရုံးရောက်ရှိနေကြ ပါသည်။

ကောင်းယဲ့မှာ ကာကွယ်စောင့်ရှောက်မည့်သူ မရှိဘဲ တစ် ယောက်တည်း ရှိနေချေပြီ ...။

ကူးဖန်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

သို့သော် ထိတ်လန့်တုန်လှုပ်မှုကို ထိန်းပြီး ပြောလိုက်၏။

"ငါ့အဆောင်ထဲမှာ ..."

ပထမဆုံး လှုပ်ရှားလိုက်သူမှာ ကောင်းဝူဖြစ်ေ ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကော်င်းဝှသည် ကောင်းရုံ၏ အလောင်းကို ပခုံးပေါ်ထမ်းကာ ကူးဖန်းနေထိုင်ရာ အဆောင်ဆီသို့ တစ်ဟုန်ထိုး ပြေးလွှားသွားလေသည်။

ကျင်းစန်းလည်း ထက်ကြပ်မကွာ ပြေးလိုက်သွား၏။

ကူးဖန်းက ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

သူသည် တစ်ချိန်က သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သူတစ်ယောက် ဖြစ်သော်လည်း ယခုအချိန်တွင် အားလ ပြောင်းလဲသွားခဲ့ချပြီ။

ကိုယ့်မိသားစုကိုပင် အကာအကွယ်မပေးနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်လေသည်။

သူ၏ အချစ်ဆုံး မြေးမလေး ကောင်းယဲ့ကို ကောင်းဝှနှင့် ကျင်းစန်းတို့က အကာအကွယ်ပေး စောင့်ရှောက်နိုင်ကြပါစေဟု ဆုတောင်းနေရုံမှတစ်ပါး ဘာမှမတတ်နိုင်တော့ချေ။

ကောင်းဝှနှင့် ကျင်းစန်းသည် ကောင်းယဲ့အား ကာကွယ်စောင့် ရှောက်နိုင်ကြပါမည်လော။

✦ ✧ ✦

# စိန်ခေါ်ခြင်း

ကောင်းယဲ့ ...

ကောင်းယဲ့သည် ကောင်းရုံ၊ ကောင်းလီ၊ ကောင်းချင်းတို့နှင့် အသွင်ခြင်းမတူ ကွဲပြားခြားနားသော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

သူမသည် သိုင်းပညာ ဝါသနာပါပြီး လိမ္မာရေးခြားရှိသူလေး ဖြစ်သည်။

လူကြီးကို လူကြီးမှန်း သိတတ်ကာ ရိုသေလေးစားမှုလည်း ရှိလေသည်။

အထူးသဖြင့် အကြီး သုံးယောက်နှင့်မတူဘဲ အဘိုးဖြစ်သူ ကူးဖန်းနှင့် ဖခင်ကြီး ကောင်းဝှကို အလွန်ချစ်မြတ်နိုးလေသည်။

ကောင်းဝှအိမ်ပြန်လာသဖြင့် ဝမ်းသာပျော်ရွှင်သူဟူ၍ ကောင်းယဲ့ တစ်ယောက်သာရှိသည်ဟု ဆိုရပေမည်။

ကောင်းဝှကလည်း အကြီးသုံးယောက်နှင့်စာလျှင် အငယ်ဆုံး သမီး ကောင်းယဲ့ကို ပိုချစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတူ ကူးဖန်းကလည်း လိမ္မာရေးခြားရှိသော ကောင်းယဲ့အား ပိုချစ်လေသည်။

ထူးခြားသည်မှာ ကောင်းလီ၊ ကောင်းရုံနှင့် ကောင်းချင်းတို့ အကြီးသုံးယောက်သည် စိတ်တူကိုယ်တူ တွဲတွဲရှိကြပြီး ကောင်းယဲ့အား သိပ်မချစ်ကြချေ။

ကောင်းယဲ့ကလည်း အကြီးသုံးယောက်အပေါ် ခင်မင်တွယ်တာမှု နည်းပါးလာလေသည်။

အကြီးသုံးယောက်၏ အပြုအမူစရိုက်ကို သူမ သဘောမကျခြင်းကြောင့် ဖြစ်သည်။

ကောင်းယဲ့သည် အစ်ကို အစ်မများနှင့် ရောနှောခြင်းမရှိဘဲ သီးခြားနေခဲ့ပြီး ဖခင်ကြီး ကောင်းဂူ အိမ်မှာမရှိလျှင် အဘိုးဖြစ်သူ ကူးဖန်းနှင့်သာ အဖော်လုပ်နေတတ်လေသည်။

သိုင်းလောကမှ အနားယူလိုက်သည့် ကူးဖန်းသည်လည်း တစ်ချိန်လုံး အားလပ်နေသည်ဖြစ်ရာ ကောင်းယဲ့အနီး၌ ရှိနေခြင်းကြောင့် ပျင်းရိငြီးငွေ့စရာ မရှိတော့ပေ။

ထို့ကြောင့်လည်း ကူးဖန်းက ကောင်းယဲ့အပေါ်၌ အချစ်ပိုမိခြင်း ဖြစ်လေသည်။

ပိုးဟပ်က ဒုက္ခပေးလာသောအခါ ကောင်းယဲ့ တစ်ညလုံး အိပ်မပျော်နိုင်ခဲ့ပါ။

အိပ်ရာထဲ တလူးလူး တလွန့်လွန့်ဖြင့် မိုးလင်းခဲ့ရသည်။

အာရုံကျင်း အလင်းရောက်လုချိန်၌ စောင်းခတ်သံများ ကြားလိုက်ရလေသည်။



ကူးဖန်းက စောင်းတီးခတ်နေကြောင်း သူမသိလိုက်၏။

ကူးဖန်းသည် အလွန်စိတ်ရှုပ်ထွေးသော အချိန်အခါမျိုးနဲ့ ယခုကဲ့သို့ စောင်းတီးခတ်တတ်ကြောင်း ကောင်းယဲ့ နားလည်ထားလေသည်။

“ပိုးဟပ်ကြောင့် ဘိုးဘိုးနဲ့အတော့်ကို စိတ်ရှုပ်နေပြီ၊ အစ်ကိုကြီးကောင်းလီ အသတ်ခံလိုက်ရတာဟာ ဘိုးဘိုးအတွက် စိတ်ထိခိုက်စရာကောင်းသလို သိက္ခာကို ထိခိုက်စေတော့ ရှက်စရာလည်း ကောင်းနေပြီ၊ ငါသွားပြီး ဘိုးဘိုးကို အားပေးနှစ်သိမ့်ဦးမှပဲ”

ထိုသို့တွေးကာ အခန်းထဲမှ ထွက်လာခဲ့လေသည်။

စောင်းခတ်သံ ထွက်ပေါ်လာသည့် ဇရပ်အဆောင်ဆီသို့ လှမ်းသွားရင်း တစ်နေရာသို့ အရောက်တွင် ထူးခြားမှုတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

မလှမ်းမကမ်း တစ်နေရာမှ လူရိပ်တစ်ခု လှုပ်ရှားသွားခြင်းဖြစ်လေသည်။

“လူတစ်ယောက်ပါလား”

ကောင်းယဲ့ အံ့ဩသွား၏။

ခြေလှမ်းရပ်ပြီး အကဲခတ်ကြည့်လိုက်သည်။

အဖြူရောင်ဝတ်ထားသူ တစ်ယောက်ဖြစ်သည်။

ထိုလူသည် ကောင်းယဲ့အား သတိမထားမိဘဲ အုတ်နံရံဆီသို့ ပြေးသွားကာ ခုန်တက်လိုက်လေသည်။

ထို့နောက် အုတ်နံရံတစ်ဖက်သို့ ခုန်ဆင်းကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းယဲ့ စိတ်လှုပ်ရှားသည်။

ထိုလူမှာ သူမတို့ခြံဝင်းထဲမှ လူတစ်ယောက်မဟုတ်ကြောင်း နားလည်လိုက်လေသည်။

သူမတို့ ခြံဝင်းထဲ၌ နေထိုင်သူမဟုတ်လျှင် မည်သူဖြစ်လိမ့်မည်နည်း။

"ပိုးဟပ်. . . "

ကောင်းယဲ့ လွှတ်ခနဲ ရေရွတ်လိုက်၏။

ထိုလူမှာ ပိုးဟပ်ပင် ဖြစ်ရမည် မဟုတ်ပါလား။

ကောင်းယဲ့သည် ပိုးဟပ်အား တွေ့လိုက်ရကြောင်း အဘိုးဖြိုးသူအား သွားပြောလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

သို့သော် ထိုလူမှာ ကူးဖန်းရှိနေသော ဇရပ်လေးနှင့် ဆန့်ကျင်ဘက် အရပ်သို့ ထွက်သွားခြင်းဖြစ်လေသည်။

ကူးဖန်းအား သွားပြောနေချိန်၌ ထိုလူအဝေးသို့ ရောက်သွားတော့မည်ဖြစ်သည်။

ထိုလူနောက်သို့ လိုက်ဖို့ အချိန်မီတော့မည်မဟုတ်ပါ။

ကောင်းယဲ့ ပိုပြီး စိတ်လှုပ်ရှားလာလေသည်။

"သူ့နောက်ကို တိတ်တိတ်ကလေး ခြေရာခံလိုက်သွားပြီး စုံစမ်းကြည့်ရမယ်၊ သူ့ရဲ့ လျှို့ဝှက်ချက်ကို သိရမှ ဘိုးဘိုးကို ပြောပြလိုက်ရင် ကျိန်းသေဆုံးမနိုင်မှာပဲ"

စိတ်ကူးတစ်မျိုး ပြောင်းလဲသွားကာ ထိုလူနောက်သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။



ချက်ချင်းပင် အုတ်နံရံဆီသို့ ပြေးသွားပြီး ကိုယ်ဖော့ပညာအသုံးပြုကာ ခုန်တက်လိုက်လေတော့သည်။

◆ ◇ ◆

ကောင်းယဲ့သည် မည်သူမျှမသိလိုက်ဘဲ ခြံဝင်းအပြင်ဘက်သို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။

လူကြီးများက အန္တရာယ်ရှိနေသဖြင့် သတိထားရန်၊ ခြံဝင်းအပြင်ဘက်မထွက်ရန် သေသေချာချာ မှာကြားထားသော်လည်း ယခုအချိန်တွင် ကောင်းယဲ့ မေ့လျော့နေပြီဖြစ်ပါသည်။

ပိုးဟပ်ဖြစ်နိုင်သော အဖြူရောင်ဝတ်ထားသူနောက်သို့ လိုက်သွားရန်သာ စိတ်အားထက်သန်နေလေတော့သည်။

အဖြူရောင်ဝတ်ထားသူသည် ခြံဝင်းထဲမှ အလွန် လျှင်မြန်စွာ ထွက်သွားခြင်းဖြစ်သည်။

ခြံဝင်းအပြင်ဘက်ရောက်သွားပြီး အတော်ကလေး အလှမ်းကွာသွားလျှင် ရေးကြီးသုတ်ပျာ မရှိတော့ဘဲ အေးအေးဆေးဆေး ဖြစ်သွားလေသည်။

လမ်းဘေးတောအုပ်ထဲသို့ လှမ်းဝင်သွားလေသည်။

ကောင်းယဲ့ သဘောကျသွားသည်။

လမ်းမကြီးအတိုင်း နောက်ယောင်ခံလိုက်သွားဖို့ မလွယ်ပါချေ။

လမ်းပေါ်၌ ပေါ်ပေါ်ထင်ထင်ရှိနေခြင်းကြောင့် သူ၏ နောက်ယောင်ခံလိုက်လာသည်ကို သိရှိသွားလိမ့်မည် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ထဲ၌ သစ်ပင် ချုံနွယ်များ ရှိနေသဖြင့် ထိုလူ... အောင် ပုန်းလျှိုးကွယ်လျှိုးဖြင့် လိုက်သွားနိုင်မည်မဟုတ်ပါလား။

ကောင်းယဲ့သည် သစ်ပင်ချုံနွယ်များကို အကာအကွယ်ယူ... တိတ်တဆိတ် နောက်ယောင်ခံ လိုက်သွားတော့၏။

ထိုလူသည် တောလမ်းအတိုင်း ခပ်အေးအေးပင် သွားနေ...

ကိုယ့်အိမ်ကိုယ့်ရာ ပြန်သူတစ်ယောက်နှင့်ပင် တူနေပါ... သည်။

ကောင်းယဲ့သည် ထိုလူနောက်သို့ လိုက်သွားရင်း သူ... ထိုင်သော ခြံဝင်းကြီးနှင့် တစ်စထက်တစ်စ ဝေးကွာသွားသည်... ပင် ရုတ်တရက် သတိမပြုမိနိုင်ခဲ့ချေ၊

တောလမ်းအတိုင်း အတန်ကြာသွားလိုက်ပြီးနောက် လ... ကလေးတစ်ခုကို တွေ့လိုက်ရ၏။

ထိုလူသည် လမ်းခွဲကလေးထဲသို့ လှမ်းဝင်သွား၏။

ထိုနေရာ၌ သစ်ပင်ချုံနွယ်များ အနည်းငယ်ရှင်းနေ... ကောင်းယဲ့ ချက်ချင်းကြီး လိုက်မသွားခဲ့ချေ။

ထိုလူဝါး တစ်ရိုက်ခန့် ဝင်သွားပြီးချိန်လောက်မှ လိုက်... ခဲ့လေသည်။

သူမ လမ်းခွဲကလေးရှေ့သို့ ရောက်သွားသောအခါ ခြေ... တုန့်ခနဲ သွားလေသည်။

အကြောင်းမှာ လမ်းခွဲကလေးအတွင်း၌ အဖြူရောင်ဝတ်... ထားသူအား မတွေ့ရတော့ခြင်းကြောင့် ဖြစ်လေသည်။



"ဟင် ..."

ကောင်းယဲ့ ကြောင်အမ်းအမ်းဖြစ်သွား၏။

ထိုလူ မည်သည့်နေရာ ရောက်ရှိသွားပါသနည်း။

သူမ ဟိုဟိုသည်သည် ကြည့် ပုံက်မိသည်။

ဤတွင် ထူးဆန်းသောမြင်ကွင်းတစ်ခု တွေ့မြင်လိုက်ရလေသည်။

လမ်းခွဲ၏ကလေးအဆုံးတွင် ပျက်စီးယိုယွင်း၍ ပြိုနေပြီဖြစ်သော ရှေးဟောင်းအဆောက်အအုံကြီးတစ်ခုကို တွေ့မြင်လိုက်ရခြင်း ဖြစ်လေသည်။

ကောင်းယဲ့ မယုံနိုင်အောင် ဖြစ်သွားလေသည်။

"ဒီနေရာမှာ ရှေးဟောင်းအဆောက်အဦးကြီးတစ်ခု ရှိနေပါလား၊ အံ့သြစရာ ကောင်းလိုက်တာ"

သူမသည် ဤနေရာဒေသ၌ နေထိုင်ကြီးပြင်းခဲ့ရသည် ဖြစ်သော်လည်း ရှေးဟောင်းအဆောက်အဦးကြီးတစ်ခု ရှိနေသည်ကို ယခုမှ သိလိုက်ရခြင်းဖြစ်လေည်။

သူမသည် အဆောက်အဦးကြီးကို ငေးကြည့်ပြီး အဖြူရောင်ဝတ်ဆင်ထားသူကိုပင် မေ့လျော့သွားသကဲ့သို့ ရှိနေ၏။

အတော်ကလေးကြာမှ သတိဝင်လာသည်။

"မိုးဟပ်ဟာ ဒီအဆောက်အဦးထဲကို ဝင်သွားတာများလား"

သူမသည် ခပ်သွက်သွက် လှမ်းသွားလိုက်လေသည်။

ရှေးဟောင်းအဆောက်အဦးကြီးနှင့် နီးလာပ်လာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တစ်ပင်နောက်ကွယ်သို့ ဝင်ရောက်ပုန်းအောင်းပြီး အကဲခတ်လိုက်သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သလိုရှိနေသည်။

ကျေးငှက်ကလေးများ၏ အော်မြည်သံများ၊ လေတိုက်ခတ်သံများ ကြားနေရသည်။

ကောင်းယဲ့က စိတ်ဝင်စားစွာ ကြည့်နေစဉ် နောက်ကျောဘက်မှ စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် ကောင်းယဲ့၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ထိတ်လန့်ပြီး ရင်ထဲက ကတုန်ကရင်ဖြစ်သွားသည်။

သူမသည် အံ့ဩထိတ်လန့်စွာဖြင့် နောက်သို့ ကမန်းကတမ်း လှည့်ကြည့်လိုက်မိလေသည်။

ထိုအခါ အနောက်ဘက် မလှမ်းမကမ်း၌ လူတစ်ယောက် ရှိနေသည်ကို တွေ့လိုက်ရသည်။

ထိုလူကား သူမနောက်ယောင်ခံလိုက်လာသည့် အဖြူရောင် ဝတ်ထားသူ ဖြစ်လေသည်။

ကောင်းယဲ့ မျက်နှာပျက်သွား၏။

ထိုလူသည် သူမ နောက်ယောင်ခံလိုက်လာသည်ကို သိမနေ မဟုတ်ပါလား။

ကောင်းယဲ့လည်း ခါးမှ ဓားနှစ်လက်ကို ဆွဲထုတ်လိုက်ကာ ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်လေသည်။



ကောင်းယဲ့ လှပ်လှပ်ရှားရှား ဖြစ်နေသည်သော်လည်း ထိုလူက ခပ်အေးအေးပင် ရှိနေပါသည်။

ကောင်းယဲ့အား စိုက်ကြည့်ကာ ပြောလေသည်။

"မင်းက ငါ့နောက်ကိုလိုက်လာရဲတာ နည်းတဲ့သတ္တိမဟုတ်ဘူး"

ကောင်းယဲ့ အံကြိတ်လိုက်သည်။

သူမ စိတ်ထိန်းလိုက်သည်။

ကြောက်ရွံ့ဟန်မပြတော့ဘဲ ရဲရဲတင်းတင်းပင် ပြန်မေးလိုက်လေသည်။

"ရှင်က ဘယ်သူလဲ"

ထိုလူ၏ မျက်နှာမှာ ဖြူဖပ်ဖြူလျော်ဖြစ်ကာ ဟန်အမူအရာကင်းမဲ့နေ၏။

သွေးရောင်ကင်းမဲ့သော လူသေအလောင်းတစ်လောင်း၏ မျက်နှာမျိုး ဖြစ်လေသည်။

ထို့ကြောင့် မျက်နှာဖုံးတခု စွပ်ကာ ရုပ်ဖျက်ထားခြင်းဖြစ်ကြောင်း ကောင်းယဲ့ ဆင်ခြင်မိ၏။

သို့တိုင် ထိုလူ၏မျက်လုံးများသည် သူမနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိသည်ဟု ခံစားလိုက်ရသေး၏။

ထိုလူက အဖြေမပေးဘဲ ပြန်မေးသည်။

"မင်းက ငါ့ကို ဘယ်သူများထင်နေလို့လဲ"

"ရှင်ဟာ ပိုးဟပ်ပဲဖြစ်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ပိုးဟပ် ..."

"ဟုတ်တယ်လေ"

ထိုလူ ရယ်မောလိုက်လေသည်။

"မင်းမဆိုးဘူး၊ သတ္တိလည်း ကောင်းတယ်၊ တော်လည်းတော်တယ်"

ကောင်းယဲ့က ...

"ကျွန်မ အစ်ကိုကြီးကို သတ်တာ ရှင်မဟုတ်လား"

ထိုလူ ခေါင်းညိတ်လိုက်သည်။

"သေချာတာပေါ့၊ မင်းအစ်ကိုကြီးကော အစ်ကိုလတ်ကော မင်းရဲ့အစ်မကိုပါ သတ်ပစ်လိုက်တာပဲ"

"ရှင် ..."

ကောင်းလီသာမက ကောင်းရဲ့ကာ ကောင်းချင်းပါ အသက်ခံလိုက်ရပြီဖြစ်ကြောင်း သိလိုက်ရသဖြင့် ကောင်းယဲ့ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

သူမ ကြောက်ရွံ့ထိတ်လန့်သွားလို့ ဒေါသလည်း ထွက်လာလေ တော့သည်။

"ရှင် ... ရှင် ရက်စက်လှချည်လား"

"ဟား ... ဟား ... ဟား"

ထိုလူသည် ကောင်းယဲ့ ဒေါသထွက်နေသည်ကို မြင်လျှင် သဘောကျစွာ ရယ်မောလိုက်လေသည်။

ကောင်းယဲ့က ...



"ရှင် ရက်စက်လှချည်လား၊ ကျွန်မ အစ်ကို အစ်မတွေက ရှင့်ကို ဘာလုပ်လို့ သတ်ပစ်လိုက်ရတာလဲ ပြောစမ်းပါဦး"

ထိုလူက ...

"ဒါ ... ငါ့အကျင့်ကြောင့်ပဲ"

"ဘာရှင့် ..."

"ငါဟာ လူတစ်ယောက်ကို သတ်တော့မယ်ဆိုရင် သူ့ရဲ့ အိမ်သူအိမ်သားတွေ မိသားစုတွေကို အရင်ဆုံး တစ်ယောက်ပြီး တစ်ယောက် သတ်ပစ်တယ်၊ ဒါမှ စိတ်ထိခိုက်ကြေကွဲမယ်၊ တုန်လှုပ်ချောက်ချားလာမယ်၊ နောက်ဆုံး စိတ်ဓာတ်လဲကျ၊ ခြေကုန်လက်ပန်းကျသွားတော့မှ ငါသတ်ရမယ့်လူကိုက သတ်ပစ်လေ့ရှိတယ်လေ"

ကောင်းယဲ့က ...

"ရှင်ဟာ လူဆိုးကြီးတစ်ယောက်ပဲ"

ထိုလူသည် စိတ်ဆိုးမသွားသည့်အပြင် သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်ပြန်လေသည်။

ကောင်းယဲ့က ...

"ရှင်ဟာ ရီလုံဆိုတဲ့လူကြောင့်ကျွန်မတို့ကို ဒုက္ခပေးနေတာ မဟုတ်လား"

ထိုလူက ...

"ရီလုံဟာ ငါ့ရဲ့ အသက်သခင်ကျေးဇူးရှင်ပဲလေ"

"သူဟာ သေသင့်သေထိုက်တဲ့ လူဆိုးကြီးတစ်ယောက်ဆိုတာ ရှင်ထည့်မတွက်တော့ဘူးလား"

www.burmeseclassic.com



"ငါ့ကိုယ်တိုင်ကလည်း လူဆိုးကြီးတစ်ယောက်ဆိုတာ ပြောပြီးပါပြီလေ"

ကောင်းယံ့ အခက်ကြုံသွားလေသည်။

လူဆိုးကြီးတစ်ယောက်အား မည်သို့မျှ နားချဖျောင်းဖျ၍ရမည် မဟုတ်ကြောင်း နားလည်လိုက်လေသည်။

သူမ သက်ပြင်းချလိုက်သည်။

"နေပါဦး ... ရှင်က ကျွန်မရဲ့ အစ်ကိုတွေ အစ်မတွေကို သတ်ပစ်ခဲ့ပြီးပြီပဲ၊ မကျေနပ်သေးဘူးလားရှင့်"

ထိုလူက ...

"ကျုပ်က လူတစ်ယောက်ပါ၊ သတ်တော့မယ်ဆိုရင် ဘယ်လို နည်းလမ်း ကျင့်သုံးတယ်ဆိုတာ ပြောပြီးပါပြီလေ"

"ကောင်းပြီ ... ကျွန်မကိုကော ရှင် ဘယ်လိုနည်းနဲ့ သတ်မယ်လို့ စဉ်းစားထားသလဲ ပြောပါဦး"

'မင်းကိုကော ...'

"ဟုတ်တယ်လေ"

ထိုလူသည် ကောင်းယံ့အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

ကောင်းယံ့က သူမအား မည်သို့ သတ်ပစ်ရမည်ကို စဉ်းစားနေသည်ဟု ထင်မိလေသည်။

သို့သော် သူမ မျှော်လင့်သလို ဖြစ်မလာချေ။

ထိုလူ ခေါင်းခါယမ်းလိုက်လေသည်။



"မင်းကို ငါမသတ်ပါဘူး"

"ရှင် ..."

ကောင်းယံ့ မယုံနိုင်အောင် ဖြစ်သွားလေသည်။

"ရှင် ဘယ်လိုပြောလိုက်တာလဲ၊ ကျွန်မ အစ်ကို အစ်မတွေကို သတ်ပစ်ပြီးမှ ကျွန်မကိုတော့ သတ်ပစ်ဖို့ စိတ်မကူးဘူးဆိုတာ ဘယ်လိုသဘောလဲရှင့်"

ထိုလူ ခေါင်းခါယမ်းလိုက်သည်။

"ဘာသဘောမှမဟုတ်ဘူး၊ မင်းရဲ့အစ်ကိုတွေ အစ်မတွေကိုလည်း ငါက သတ်ပစ်ဖို့မရည်ရွယ်ပါဘူး၊ သူတို့ကို ခဏဖမ်းခေါ်သွားမလို့ပါပဲ၊ ဒါပေမယ့် သူတို့က ငါ့ကို ခုခံတိုက်ခိုက်ဖို့ ကြိုးစားကြတယ်၊ မလွှဲမရှောင်သာလို့ ငါကပြန်ပြီး တိုက်ခိုက်ရတော့ သူတို့ ရှောင်တတ်တာနဲ့ သေကုန်ကြတာပေါ့၊ မင်းကတော့ သူတို့နဲ့မတူဘဲ ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေတယ်လေ"

"ဝုတ် ... ဝုတ်"

ကောင်းယံ့က ချက်ချင်း ဓားဇော့ယမ်းလိုက်လေသည်။

"ရှင့်ကို ကျွန်မက ကြောက်နေမှာမဟုတ်ဘူးနော်၊ ကျွန်မကို ဆော်ကားလို့မရဘူး"

ထိုလူ သက်ပြင်းချလိုက်သည်။

"မိန်းကလေး မင်းဟာ တကယ့်ကို ရိုးသားဖြူစင်ပြီး သန့်စင်သူ တစ်ယောက်လို ချစ်စရာကောင်းတဲ့လူလို့ ကျုပ်ဆိုလိုတာပါ၊ အလွဲမထင်ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းယံ့ အံ့သြသွားရပြန်တော့သည်။

ထိုလူမှာ ရန်လိုသည့်အသွင် လုံးဝမရှိကြောင်းလည်း သူ့ အကဲခတ်မိထားလေသည်။

ထိုလူကို ကြည့်ရင်း ကြောက်ရွံ့ထိတ်လန့်စိတ်များ တဖြည်းဖြည်း လျော့ပါးလာလေတော့သည်။

"ရှင် တကယ်ပဲ ကျွန်မကို မသတ်ဘူးလား"

ထိုလူ ခေါင်းညိတ်လိုက်သည်။

"ကျုပ် တကယ် ပြောနေတာပါ"

"ကျွန်မကို မသတ်ချင်တာ ရှင့်မှာ အကြောင်းရှိရမှာပေါ့"

"ဒါပေါ့ ... မင်းကိုသတ်ချင်တယ်ဆိုရင် မင်းတို့ခြံဝင်းထဲမှာတင် သတ်ပစ်လိုက်လို့ရတာပဲ၊ မင်းတို့ခြံဝင်းနဲ့ အိမ်ရဲ့အနေအထား အားလုံးကို ငါသိပြီးသားပဲ၊ ကဲ ... ကြည့်လေ ငါက မင်းအဘိုးနေတဲ့ အဆောင်ထဲမှာ ပုန်းနေပြီးမှ ထွက်လာခဲ့တာမဟုတ်လား၊ မင်းအဘိုး ဟာ မင်းတို့မိသားစုမှာ သိုင်းပညာအမြင့်ဆုံးပဲ၊ ဒါတောင် ငါ့ဘယ်လို မှုခဲ့လို့လဲ ပြောစမ်းပါဦး"

ကောင်းယံ့ မဲ့ပြုံး ပြုံးလိုက်သည်။

"ဘိုးဘိုးက အပြင်ထွက်ပြီး စောင်းတီးနေလို့ ရှင် အတင့်ရဲတာ မဟုတ်လားရှင်"

"ဟား ... ဟား ... ဟား"

ထိုလူ တဟားဟားရယ်မောလိုက်သည်။

တစ်ဖန် လက်ဝှေ့ယမ်းပြလိုက်လေသည်။



"ထားလိုက်ပါတော့လေ၊ မင်းကို ဘာကြောင့်မသတ်ဘဲ ပြန်လွှတ်လိုက်ရတယ်ဆိုတာ ငါပြောပြပါ့မယ်"

ကောင်းယံ့က စိတ်ဝင်စားစွာ နားထောင်နေလိုက်လေသည်။

ထိုလူက ...

"ငါ့အကြောင်းနဲ့ ပတ်သက်ပြီး မင်းအဘိုးကို ပြန်ပြောပြစေချင်လို့ပဲ၊ ကဲ ... သေသေချာချာ မှတ်ထား၊ ပိုးဟပ်က စာရင်းရှင်းစရာရှိလို့ ဟိုနေရာမှာ စောင့်နေတယ်လို့ ပြောလိုက်ပါ"

မလှမ်းမကမ်းရှိ အဆောက်အဦးပျက်ကြီးကို ညွှန်ပြကာ ပြောလေသည်။

ကောင်းယံ့က အဆောက်အဦးပျက်ကြီးကို ကြည့်ပြီး နှာခေါင်းရှုံ့လိုက်လေသည်။

"ရှင်က ကျွန်မအဘိုးကို ဘယ်လိုအကောက်ကြံဦးမလို့လဲ၊ ပြောစမ်းပါဦး"

"ဒီလိုမဟုတ်ပါဘူး မိန်းကလေး"

"ဒီလိုမဟုတ်ရင် ဘာကြောင့် ကျွန်မတို့အိမ်ကို မလာဝံ့ရတာလဲ၊ ဘိုးဘိုးက အိမ်မှာရှိနေတာပဲ၊ ရှင် သတ္တိရှိရှိ လာပြီး စာရင်းရှင်းလိုက်ပေါ့၊ ရှင် ခိုးကြောင်ခိုးဝှက်လုပ်မနေစမ်းပါနဲ့"

ထိုလူ သက်ပြင်းချလိုက်သည်။

"ကျုပ်အကြောင်းကို မင်းနားလည်မှာမဟုတ်ပါဘူး၊ ကျုပ်ပြောသလိုသာ မင်းအဘိုးကို ပြန်ပြောပြလိုက်စမ်းပါ၊ သူထွက်လာလိမ့်မယ်၊ ဒါမှ အားလုံး ရှင်းရှင်းလင်းလင်း ဖြစ်သွားလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းယဲ့က ...

"ရှင်က အဘိုးနဲ့ စာရင်းရှင်းတော့မယ် ဆိုပါတော့ ..."

"ဟုတ်တယ် မိန်းကလေး ... မင်းအဘိုးနဲ့ စာရင်းရှင်းဖို့ အချိန်ကျနေပါပြီ"

ကောင်းယဲ့က ခြိမ်းခြောက်လိုက်သည်။

"ကျွန်မအဘိုးက တစ်ယောက်တည်းလား၊ လိမ်မယ်မထင်နဲ့နော်၊ ရှင့်ကို ဆုံးမချင်တဲ့လူတွေ ရှိနေကြသေးတယ်ဆိုတာ မှတ်ထားစမ်းပါ"

ထိုလူက ...

"သူတို့က အုံနဲ့ကျင်းနဲ့ လာကြမယ်ဆိုတာ ကျုပ်သိပါတယ်။ ကိစ္စမရှိပါဘူး၊ သူတို့လာဖို့ပဲ လိုတာပါ၊ ကဲ ... ကျုပ်တို့ ပြန်တွေ့ကြသေးတာပေါ့"

စကားဆုံးလျှင် နောက်ဆုတ်သွားပြီး သစ်ပင်များကြား ခုန်ဝင်လိုက်လေသည်။

ကောင်းယဲ့ ကြည့်နေစဉ်မှာပင် ထိုလူသည် သစ်ပင်ချုံနွယ်များသို့ တိုးဝင်ကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

✦ ✧ ✦

ပိုးဟပ် ထွက်သွားပြီဖြစ်ပါသည်။

ကောင်းယဲ့က မလှုပ်မယှက် ရပ်နေဆဲ ...

သူမသည် ပတ်ဝန်းကျင်၌ ရှာဖွေကြည့်လိုက်လေသည်။



ပိုးဟပ်၏အရိပ်အယောင်ပင် မတွေ့ရပါချေ။

ကောင်းယဲ့သည် ပိုးဟပ်နောက်သို့ လိုက်သွားခဲ့ခြင်း မရှိတော့ပါ။

သူမသည် ပိုးဟပ်အား ရှုံ့ရှာမုန်းတီးနေသော်လည်း ရင်ဆိုင်တိုက်ခိုက်နိုင်စွမ်းမရှိကြောင်း ကောင်းစွာ နားလည်သဘောပေါက်ထားလေသည်။

ပိုးဟပ် ထွက်သွားပြီဖြစ်ကြောင်း သေချာတော့မှ ကောင်းယဲ့ သက်ပြင်းချလိုက်လေသည်။

ပိုးဟပ်သည် သူမအား မသတ်ဘဲ ထွက်သွားပြီဖြစ်ပါသည်။

အစ်ကို အစ်မများအား ရက်ရက်စက်စက် သတ်ပစ်လိုက်ပြီး သူမအား ချမ်းသာပေးခဲ့သည်ကို မယုံနိုင်အောင် ဖြစ်နေသည်။

ယခုအခါ သူမ နားမလည်နိုင်သော ကိစ္စများစွာနှင့် ရင်ဆိုင်နေရပြီဖြစ်လေသည်။

ပိုးဟပ်မှာ မည်သူမည်ဝါဖြစ်ပါသနည်း။

ဓားပြကြီး ရိုလုံနှင့် ပတ်သက်နေလျှင် သူမ၏ဖခင်ကိုသာ ဒုက္ခပေးဖို့ ရည်ရွယ်ရမည်ဖြစ်သည်။

ယခုတော့ ပိုးဟပ်၏ ရည်ရွယ်ချက်မှာ အဘိုးဖြစ်သူ ကူးဖန်းဖြစ်နေသည်။

တစ်စုံတစ်ခု လွဲချော်နေပြီဖြစ်ကြောင်း ရိပ်မိသော်လည်း မည်သို့ လွဲချော်သည်ကို စဉ်းစားမရဖြစ်နေသည်။

အတန်ကြာအောင် ငူငူကြီး ရပ်နေပြီးမှ ...

www.burmeseclassic.com

www.burmeseclassic.com



"ခြံဝင်းထဲမှာ ငါ့ကိုမတွေ့ရင် မေမေနဲ့ ဘိုးဘိုးတို့ စိတ်ပူနေကြမှာပဲ"

ဟု အတွေးဝင်လာကာ ချက်ချင်း ပြေးထွက်လာခဲ့လေတော့သည်။

ကောင်းယံ့ ပြေးလွှားသွားသည်ကို မလှမ်းမကမ်းရှိ အဆောက်အဦးပျက်ကြီးထဲမှ လူတစ်ယောက်က ချောင်းကြည့်နေသည်။

ထိုလူမှာ အဖြူရောင်ဝင်ထားသူ ဖြစ်လေသည်။

ထိုလူသည် အဘယ့်ကြောင့် ကောင်းယံ့အား ချမ်းသာပေးလိုက်ရပါသနည်း။

ပိုးဟပ်ဆိုသည့် အဖြူရောင်ဝတ်တားသူ၏ လုပ်ရပ်များမှာ တစ်ခါတစ်ရံ၌ နားလည်ရခက်ခဲနေလေတော့သည်။

◆ ◇ ◆

နေမွန်းတည့်တော့မည် ဖြစ်သည်။

သို့သော် ကူးဖန်း၏ အဆောက်အဦးကြီးအတွင်း၌ ဆီမီးတိုင်များ ထွန်းညှိထားဆဲဖြစ်လေသည်။

နေမွန်းတည့်ချိန် အလင်းရောင်လုံလောက်စွာ ရနေသည့်တိုင်အောင် ဆီမီးတိုင်များ ထွန်းညှိထားသည်မှာ အဘယ်ကြောင့်ပါနည်း။

ထိုဆီမီးတိုင်များသည် ညကတည်းက ထွန်းညှိထားသော ဆီမီးတိုင်များ ဖြစ်လေသည်။

အားလုံး အပူမီးတောက်လောင်နေကြသဖြင့် မီးတိုင်ငြိမ်းရန် မေ့လျော့နေကြခြင်း ဖြစ်ပါသည်။



အလယ်ခန်းမဆောင်ကြီးထဲ၌ ကောင်းရုံနှင့် ကောင်းချင်းတို့၏ အရလောင်းများကို ကောင်းလီ၏အလောင်းနှင့်အတူ ယှဉ်တွဲချထားလေသည်။

ကူးလျှံမှာ ငိုရလွန်းသဖြင့် မျက်လုံးများ နီရဲမို့အစ်နေသည်။

ငိုရလွန်း၍ မျက်ရည်များ မထွက်တော့ပါ။

ထောင်ထောင်မောင်းမောင်းရှိသော ကူးဖန်းသည်လည်း ယခုတော့ ခါးကိုင်းသွားပြီး တကယ့် အဘိုးအိုတစ်ယောက်နှင့် တူသွား၏။

ကောင်းဂုလည်း ညှိုးလျော်နေလေသည်။

ဝမ်းကျူးကလည်း ငိုမဲ့မဲ့ဖြစ်နေသော သူ၏မျက်နှာကို မျက်မှောင်ကြုတ်ကာ ဖုံးကွယ်ထားလေသည်။

သူတို့ မိသားစုအလယ်တွင် ကျင်းစန်းမှာ အနေခက် အထိုင်ရခက်နေရှာသည်။

ကူးဖန်းတို့သည် ကောင်းလီ ကောင်းရုံနှင့် ကောင်းချင်းတို့ သေဆုံးသွားကြခြင်းကြောင့် စိတ်ပူစရာမလိုတော့ပါ။

သူတို့စိတ်ပူနေကြသည်မှာ ကောင်းယံ့အတွက်ဖြစ်သည်။

ကောင်းယံ့ ပျောက်ချင်းမလှ ပျောက်ဆုံးနေသည် မဟုတ်ပါလား။

ပျောက်ဆုံးသွားခဲ့သော ကောင်းရုံနှင့် ကောင်းချင်းတို့ သေဆုံးသွားကြပြီးနောက် ကောင်းယံ့သည်လည်း သေဆုံးသွားလောက်ပြီဟု ယုံကြည်ကာ ကြေကွဲနေမိကြလေသည်။

သူတို့သည် ခြံဝင်းထဲ၌ လိုက်လံရှာဖွေခဲ့ကြပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းယဲ့၏ အလောင်းကိုပင် မတွေ့ရခြင်းကြောင့် ခြံအပြင်ထွက်ကာ ရှာဖွေရန်ဆုံးဖြတ်လိုက်ကြလေသည်။

ထိုအချိန်မှာပင် ကောင်းယဲ့က အိမ်သို့ပြန်လည်ရောက်ရှိလာခဲ့လေတော့သည်။

✦ ✧ ✦

## သတင်း

ကောင်းယဲ့ ပြန်ရောက်လာခြင်းကြောင့် အားလုံး ဝမ်းသာသွားကြလေသည်။

"ငါ့မြေးလေး ..."

"သမီး ..."

ဝမ်းအသာဆုံးမှာ ကောင်းဝူနှင့် လူးဖန်းတို့ဖြစ်သည်။

ကောင်းယဲ့ကို ကြိုဆိုလိုက်ကြသည်။

ကူးဖန်းက ပျောက်ဆုံးသွားသော ရတနာပစ္စည်းတစ်ခု ပြန်တွေ့လိုက်ရသကဲ့သို့ ရှိနေ၏။

ကောင်းယဲ့အား ရင်ခွင်ထဲ သွင်းကာ ပွေ့ဖက်ထားရင်း ...

"ဘယ်တွေများ လျှောက်သွားနေတာလဲငါ့မြေးရယ်၊ အန္တရာယ်များလှတယ်၊ မသေကောင်း မပျောက်ကောင်းကွယ်"

ကောင်းယဲ့က ...

"ကျွန်မ ... ပိုးဟပ်နောက်ကို လိုက်သွားတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော ..."

"ကျွန်မ ပိုးဟပ်နဲ့တွေ့ခဲ့ရတယ် ဘိုးဘိုး"

ပိုးဟပ်နှင့် ဆုံတွေ့ခဲ့ရပုံများကို ပြောပြလိုက်လေသည်။

အားလုံး မှင်တက်မိကာ စိတ်ဝင်စားစွာ နားထောင်နေမိကြလေတော့သည်။

ကူးဖန်းမှာ အံ့သြခြင်း၊ ဝမ်းနည်းခြင်း၊ တုန်လှုပ်ချောက်ချားခြင်း စသည့် ခံစားချက်များ ရောပြွမ်းခံစားနေရလေသည်။

"ငါ့မြေးလေး ပြောတာ အမှန်တွေချည်းပဲနော်"

"ဟုတ်ပါတယ် ဘိုးဘိုး"

"အင်း ... ငါ့မြေးက လိမ်ပြောလိမ့်မယ်လို့ ဘိုးဘိုး မထင်ဘူး၊ ဒါပေမယ့် ငါ့မြေးပြောတာတွေဟာ ဘာတစ်ခုမှ မဖြစ်နိုင်ပါပဲ"

"ရှင် ..."

ကူးဖန် မှတ်ချက်ချလိုက်သော စကားကြောင့် ကောင်းကြောင်အမ်းအမ်းဖြစ်သွားလေသည်။

သူမ၏ စကားကို အဘိုးဖြစ်သူက မယုံနိုင်အောင်ဖြစ်နေခြင်းကြောင့် ဝမ်းနည်းသွား၏။

"ပိုးဟပ်ဆိုတဲ့လူနဲ့ ကျွန်မ တကယ် တွေ့ခဲ့ရတာပါ"

ထိုဦ ဝမ်းကျုံးက ကြားဖြတ်မေးလိုက်လေသည်။

"သမီးလေးပြောတဲ့ အိမ်ဟာ ဘယ်သူ့အိမ်ဖြစ်မယ်လို့ အစ်ကိုကြီး ထင်သလဲဟင်"



ကူးဖန်းက အဖြေမပေးချေ။

ကောင်းယုံ၏ စကားနှင့်ပတ်သက်ပြီး သူ၏ထင်မြင်ယူဆချက်ကိုသာ ပြောလေသည်။

"ပိုးဟပ်က ဒီမှာလာပြီး ရန်မူတာ ရီလုံ အသတ်ခံရတဲ့ကိစ္စကြောင့် လက်စားချေဖို့သက်သက် မဖြစ်နိုင်တော့ဘူး၊ သူ့မှာ တခြားအကြောင်းကိစ္စတစ်ခု ရှိနေရဦးမယ်"

ကောင်းဝူ ခေါင်းညိတ်လိုက်သည်။

"သမီးလေးပြောတဲ့အတိုင်းဆိုရင် နောက်ထပ် ပြဿနာတစ်ခု ရှိနေသေးတယ်ဆိုတာ ထင်ရှားပါတယ်၊ ဒီပြဿနာဟာ ရီလုံနဲ့ မပတ်သက်ဘူးဆိုတော့ ..."

စကားဆုံးအောင် မပြောဘဲ တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ကူးဖန်က ...

"ဘာပဲဖြစ်ဖြစ် သူနဲ့တွေ့ရင် အဖြေပေါ်လာမှာပေါ့"

သူ၏စကားသည် ပိုးဟပ် ချိန်းဆိုလိုက်သည့် အဆောက်အဦးကြီးဆီသို့ သွားရန် ဆုံးဖြတ်လိုက်သည့်သဘောမျိုး ဖြစ်နေသည်။

ကူးလျှံက ဒေါသတကြီး ဝင်ပြောလိုက်သည်။

"ကျွန်မရဲ့ သားတွေ သမီးတွေကို သတ်ပစ်လိုက်ပြီးမှ ပိုးဟပ်ကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်တော့ဘူး၊ သူ့ကို သုတ်သင်ရှင်းလင်းပစ်ရမှ ကျွန်မ ကျေနပ်နိုင်မယ်"

ကူးဖန်းက ...

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ခုလို အခြေအနေရောက်မှတော့ အားလုံးနဲ့ သ[illegible] ဆိုင်နေပြီ၊ ဒါကြောင့် တို့အားလုံး သွားပြီး ပိုးဟပ်နဲ့ ရင်ဆိုင်လိုက်ကြတာပေါ့"

ကောင်းယဲ့က စိတ်လှုပ်ရှားစွာ ပြောလေသည်။

"ဘိုးဘိုး ... ကျွန်မလည်း လိုက်မယ်နော်"

ကူးဖန်း ပြုံးလိုက်သည်။

"လိုက်ခဲ့ရမှာပေါ့၊ ငါ့မြေးတစ်ယောက်တည်း ထားခဲ့လို့ [illegible] ဖြစ်ပါ့မလဲ၊ တို့အားလုံးသွားကြမယ်၊ ဒါပေမယ့် အလောတ[illegible] လုပ်လို့တော့ မဖြစ်သေးဘူး၊ ပိုးဟပ်က ကောက်ကျစ်တယ်ဆို[illegible] ထောင်ချောက်အမျိုးမျိုး ဆင်ထားနိုင်တယ်၊ သတိထားကြရလိမ့်မယ်"

ပိုးဟပ်နှင့် သွားရောက်ရင်ဆိုင်ရတော့မည်ဖြစ်ရာ အား[illegible] တက်တက်ကြွကြွ ဖြစ်လာကြလေသည်။

ပိုးဟပ်သည် ရီလုံကြောင့် ကောင်းဂူကို မကျေမနပ်ဖြစ်ရာ[illegible] ကူးဖန်းတို့ မိသားစုကိုပါ ရန်ရှာလာခြင်းဖြစ်သည်ဟု ယေဘုယ[illegible] ထင်မိကြလေသည်။

သို့သော် ပိုးဟပ်သည် ကူးဖန်းကိုပါ ဦးတည်နေခြင်းကြောင်[illegible] အခြေအနေ ရှုပ်ထွေးသွားလေသည်။

သို့လော ... သို့လော် သံသယ ဝင်စရာဖြစ်လာသည်။

ကူးဖန်းသည် ပိုးဟပ်နှင့် မည်သို့ပတ်သက်ခဲ့ပါသနည်း။

အားလုံး ထိုသို့တွေးတောကြမည်ကို ကူးဖန်း နားလည်ထာ[illegible] လေသည်။



ထို့ကြောင့် တည်ကြည်သော မျက်နှာထားခြင်း ပြောလိုက်သည်။

"ပိုးဟပ်ဟာ ရီလုံကို အကြောင်းပြုပြီး ငါတို့အားလုံးကို ဒုက္ခ ပေးဖို့ ကြံစည်နေတာ၊ ဒါကြောင့် မင်းတို့ရင်ထဲမှာ မရှင်းမလင်း ဖြစ်နေတဲ့ကိစ္စတွေရှိရင် ငါ့ကို အရင်ဆုံးပြောကြပါ"

ကျင်းစန်းက ဦးစွာ စကားစလိုက်လေသည်။

"တူမလေး ကောင်းယဲ့ ပြောတဲ့ရှေးဟောင်းအဆောက်အဦးကြီးဟာ လူသူစွန့်ခွာသွားတာ အတော်ကြာပြီ ထင်ပါတယ်၊ ဒီအဆောက်အဦးကြီးအကြောင်းကို ဆရာကြီးသိမယ်ထင်ပါတယ်"

ရှေးဟောင်း အဆောက်အဦးပျက်ကြီးနှင့် ကူးဖန်း၏ ခြံဝင်းမှာ နေ့ဝက်ခရီးခန့်သာ ကွာဝေးမည်ဖြစ်လေသည်။

သာမန်လူများအတွက် ခရီးဝေးသည်ဟု ဆိုနိုင်သော်လည်း ကိုယ်ဖော့ပညာတတ်မြောက်ထားသော သိုင်းသမားများအတွက်တော့ ဝေးကွာလှသည် မဆိုနိုင်ပေ။

ထို့ကြောင့် ကူးဖန်းသည် အနီးပတ်ဝန်းကျင်၌ရှိနေသည့် ရှေးဟောင်းအဆောက်အဦးကြီးအကြောင်းကို သိရှိနေလိမ့်မည်ဟု ယူဆထားခြင်းဖြစ်သည်။

ကူးဖန်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်သိပါတယ်၊ ဒီအဆောက်အဦးကြီးမှာ လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ်လောက်က ဓားပြကြီးတစ်ယောက် နေထိုင်ခဲ့တာပေါ့၊ တစ်နေ့မှာ လူတစ်ယောက် ရောက်လာပြီး ဓားပြကြီးနဲ့ သူ့ရဲ့တစ်မိသား

www.burmeseclassic.com

www.burmeseclassic.com



စုလုံးကို သတ်ပစ်လိုက်တယ်၊ အဲဒီနောက်ပိုင်း နေထိုင်မယ့်လူ မရှိတော့ဘဲ အဆောက်အဦးပျက်ကြီးတစ်ခုလို ဖြစ်သွားတော့တာပါပဲ"

ကောင်းယဲ့သည် အဆောက်အဦးပျက်ကြီးအကြောင်း အဘိုးဖြစ်သူက သိရှိနေသဖြင့် အံ့ဩသွားလေသည်။

ကျင်းစန်းက ...

"အဆောက်အဦးပျက်ကြီးရဲ့ ပိုက်ရှင်ကို သတ်ပစ်လိုက်တဲ့လူကိုကော ဆရာကြီး သိသလားဗျာ"

ကူးဖန်းက ...

"ကျုပ်သိပါတယ်"

သူက သက်ပြင်းချကာ စကားဆက်လိုက်သည်။

"အဲဒီလူဟာ ကျုပ်ကိုယ်တိုင်ပါပဲ"

သူ၏စကားအဆုံးတွင် ခန်းမဆောင်ထဲ၌ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

◆ ◇ ◆

ကူးဖန်းသည် အဆောက်အဦးပျက်ကြီးပိုင်ရှင်နှင့် မိသားစုအား သတ်ပစ်ခဲ့သူ ဖြစ်နေသည်။

ကောင်းယဲ့က အဘိုးဖြစ်သူအား မယုံနိုင်စွာကြည့်နေ၏။

ကောင်းဝူက ငြိမ်နေသည်။

ကူးဖန်း မျက်မှောင်ကြုတ်ထား၏။

ဝမ်းကျူးကား ဦးခေါင်းတဆတ်ဆတ် ညိတ်နေ၏။



ကူးဖန်းအား ကျင်းစန်း အကဲခတ်လိုက်၏။

အဆောက်အဦးပျက်ကြီးကိစ္စနှင့် ပတ်သက်ပြီး ကူးဖန်းမှာ မလုံမလဲ ဖြစ်နေပုံရသည်ဟု ထင်မိလေသည်။

ထို့ကြောင့် ထပ်မေးကြည့်လိုက်လေသည်။

"ဆရာကြီးက သူတို့ တစ်မိသားစုလုံးကို သတ်ပစ်လိုက်တယ်ဆိုတော့ ရက်စက်ရာ ကျမနေဘူးလားဗျာ"

သူ၏မေးခွန်းသည် အလွန်အန္တရာယ်များသော မေးခွန်းဖြစ်လေသည်။

ကူးဖန်း စိတ်ဆိုးသွားလျှင် အခင်အမင်ပျက်သွားရလိမ့်မည် မဟုတ်ပါလား။

ကူးဖန်းက စိတ်မဆိုးသည့်အပြင် ခေါင်းညိတ်လိုက်သည်။

"အဲဒီအချိန်တုန်းက ကျုပ်ရဲ့လုပ်ရပ်ဟာ အတော့်ကိုပဲ ရက်စက်ကြမ်းကြုတ်တယ်လို တွေးမိပါတယ်၊ ဒါပေမယ့် ကျုပ်က ရက်ရက်စက်စက် မလုပ်ရင် သေသွားရမယ့်လူဟာ ကျုပ်ပဲဖြစ်လိမ့်မယ်"

အားလုံးက ကူးဖန်းအား ကြည့်နေကြသည်။

ကူးဖန်း ဆက်ပြောလေသည်။

"ကျုပ်ဟာ မားပြကြီးနဲ့ ရင်ဆိုင်နေချိန်မှာ သူ့ရဲ့ဇနီးနဲ့ သားနှစ်ယောက်ကလည်း ကျုပ်ကို ရန်မူခဲ့ကြတယ်၊ ဒါကြောင့် သူတို့ ရင်ဆိုင်ခဲ့ရပြီး တိုက်ပွဲမှာ သူတို့အားလုံး သေဆုံးသွားခဲ့ကြတာပါပဲ"

"အသက်လုတိုက်ပွဲ ဆင်နွှဲရသည့်အခါ မညှာသက်မှု ညှာတာထောက်ထား၍ မရနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူက အခွင့်အရေးရသည်နှင့် မိမိအား သုတ်သင်ရှင်းလင်းပစ်ပေလိမ့်မည်။

ရန်သူကို အခွင့်အရေးမပေးဘဲ တိုက်ခိုက်သုတ်သင်နိုင်မှသာလျှင် မိမိအပေါ် ကျရောက်လာမည့် အန္တရာယ်ကို ကာကွယ်ပြီးသားဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ကူးဖန်း၏လက်ချက်ဖြင့် တစ်မိသားစုလုံး သေဆုံးသွားခဲ့ရသော်လည်း ကူးဖန်းအား အပြစ်တင်ဖို့ ခက်နေပေတော့သည်။

ကျင်းစန်းက ...

"ဓားပြကြီးရဲ့ မိသားစုမှာ အသက်ရှင် ကျန်ရစ်ခဲ့တဲ့လူ တစ်ယောက်မှ မရှိဘူးပေါ့"

ကူးဖန်း ခေါင်းခါယမ်းလိုက်သည်။

"မရှိပါဘူး ..."

ကျင်းစန်းက ...

"သူ့အိမ်မှာ တခြားလူတွေကော ရှိသေးသလား"

ကူးဖန်း အနည်းငယ် စဉ်းစားပြီးမှ အဖြေပေးလိုက်လေသည်။

"အိမ်ဖော်နဲ့ အလုပ်သမားတချို့တော့ ရှိလိမ့်မယ်၊ သူတို့လည်း တိုက်ပွဲဖြစ်လာတာနဲ့ ထွက်ပြေးသွားကြတာ၊ တစ်ယောက်မှ ပြန်ပေါ်မလာကြတော့ဘူး"

သူက ကျင်းစန်းအား မေးလိုက်သည်။

"ဓားပြကြီးရဲ့ မိသားစုထဲက တစ်ယောက်ယောက် အသက်ရှင် ကျန်ရစ်ခဲ့ပြီး ပိုးဟပ်အမည်နဲ့ ကျုပ်ကို ဒုက္ခပေးဖို့ ကြိုးစားနေတယ်လို့ မင်းတွေးနေတာပဲ"



"ဟုတ်ပါတယ်၊ ဒီသဘောမျိုးလည်း ဖြစ်နိုင်လို့ပါ"

"သူတို့ တစ်ယောက်မှ အသက်မရှင်ခဲ့ကြဘူး၊ ဘာကြောင့်လည်းဆိုတော့ သူတို့ရဲ့ အလောင်းတွေကို ကျုပ်ကိုယ်တိုင် မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့လို့ပဲ"

ကူးဖန်း၏ စကားအတိုင်းဆိုလျှင် ဓားပြကြီး၏ မိသားစု၌ အသက်ရှင် ကျန်ရစ်သူမရှိနိုင်တော့ပါ။

ထို့ကြောင့် ဓားပြမိသားစုထဲမှ ကျန်ရစ်ခဲ့သူက ပြန်လည်ဒုက္ခပေးလာခြင်းမျိုးလည်း မဖြစ်နိုင်တော့ချေ။

ကူးဖန်း ပြုံးလိုက်သည်။

"ပိုးဟပ်ဟာ ဓားပြကြီးနဲ့ ပတ်သက်နေတဲ့ လူတစ်ယောက်ဆိုရင် နှစ်ပေါင်းသုံးဆယ်လောက်အထိ စောင့်ဆိုင်းနေပါ့မလား၊ ကျုပ်ကို လက်တုံ့ပြန်ဖို့ ကြိုးစားတာ ကြာပြီပေါ့လေ"

ကျင်းစန်းက ...

"အခြေအနေက အတော်ရှုပ်ထွေးနေပါတယ်၊ဒါပေမယ့် စဉ်းစားကြည့်ရင် ပိုးဟပ်ဟာ ရီလုံရဲ့ကိစ္စကို ခုတုံးလုပ်ပြီး ဆရာကြီးတို့ မိသားစုကို ဒုက္ခပေးဖို့ ကြံစည်နေတယ်ဆိုတာ ထင်ရှားပါတယ်"

ဤတွင် ကောင်းဝူက ဝင်မေးလိုက်လေသည်။

"ဒါဖြင့် ကျုပ်က အိမ်ကိုပြန်လာသည်ဖြစ်စေ၊ ပြန်မလာဘဲနေသည်ဖြစ်စေ ပိုးဟပ်က ဒုက္ခပေးလာမှာပဲပေါ့ ဟုတ်လား"

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ပိုးဟပ်ဟာ ဒီအိမ်အကြောင်းကို ကောင်းကောင်းသိနေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ခင်များပြန်လာသည်ဖြစ်စေ၊ ပြန်မလာဘဲနေသည်ဖြစ်စေ သူက ဒုက္ခပေးမှာပဲ၊ ဒုက္ခပေးချင်လို့လည်း ခင်ဗျားတို့ မိသားစုအကြောင်းကို အချိန်ယူလေ့လာထားခဲ့တာပေါ့ဗျာ"

"ဟား ... ဟား ... ဟား"

ကူးဖန်းက ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ သူက ကျုပ်ကို အတိအလင်း စိန်ခေါ်ထားမှတော့လည်း ကျုပ်တို့သွားတွေ့လိုက်ကြဖို့ပဲ ရှိတော့တာပေါ့၊ သူချိန်းတဲ့နေရာကိုသွားပြီး သူနဲ့တွေ့မှအကြောင်းစုံသိရမှာပဲ"

ကူးလျှံကလည်း အလွန်ခေါင်းမာလေသည်။

"ပိုးဟပ်က ငရဲပြည်ကို ချိန်းတာဆိုရင်လည်း ကျွန်မသွားမှာပဲ သူ့ကိုသတ်ပစ်ရမှ ကျွန်မ ကျေနပ်နိုင်မှာ"

သူမ၏ဒေါသ ပြေပျောက်သွားနိုင်ဖို့ မလွယ်တော့ပါ။

ကူးဖန်းက ...

"ကဲ ... အခုပဲ သွားကြတာပေါ့"

ဟု လောဆော်လိုက်လေသည်။

✦ ✧ ✦

ကူးဖန်းသည် ရှေးဟောင်းအဆောက်အဦးပျက်ကြီးဆီသို့ ဦးတည်ထွက်ခွာသွားလေသည်။

ကောင်းဝူ၊ ကောင်းယဲ့၊ ကူးလျှံ၊ ဝမ်းကျုံးနှင့် ကျင်းစန်းတို့လည်း လိုက်ပါသွားကြ၏။



ပိုးဟပ်က အဆောက်အဦးပျက်ကြီးဆီသို့ လာဖို့ချိန်းလိုက်သည်။

သူတို့သွားမှသာ ပိုးဟပ်နှင့် တွေ့ကာ စာရင်းရှင်းနိုင်လိမ့်မည် ဖြစ်လေသည်။

အားလုံး တက်တက်ကြွကြွဖြစ်နေ၏။

ချောင်းမြောင်းတိုက်ခိုက်ခံနေရခြင်းထက် ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ရခြင်းက သူတို့အတွက် အကောင်းဆုံး ဖြစ်သည်ဟု ယူဆထားကြသည်မဟုတ်ပါလား။

အဆောက်အဦးပျက်ကြီးသို့ရောက်လျှင် ပိုးဟပ်အား တွေ့ရပါမည်လော။

ကောင်းဝူတို့သည် ထွက်လာကြရင်း လမ်းတွင် ...

"မိတ်ဆွေကို ကျုပ် အကူအညီတစ်ခု တောင်းချင်ပါတယ်"

ဟု ကောင်းဝူက ကျင်းစန်းအား ပြောလိုက်လေသည်။

ကျင်းစန်း ခေါင်းညိတ်လိုက်လေသည်။

ကောင်းဝူက ...

"မိတ်ဆွေ ... ခုချိန်ကစပြီး ကျုပ်ရဲ့သမီးလေး ကောင်းယဲ့ကို ကာကွယ်စောင့်ရှောက်ပေးဖို့ တာဝန်ယူစေချင်ပါတယ်ဗျာ"

ကျင်းစန်းက ...

"စိတ်ချပါဗျာ ... ကျုပ်အသက်ရှင်နေသမျှ သူ့အပေါ် ဘယ်လို အန္တရာယ်မျိုးမှ ကျရောက်မလာအောင် ကာကွယ်စောင့်ရှောက်သွားပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တာဝန်ယူလိုက်ခြင်းကြောင့် ကောင်းဝူကျေနပ်သွားလေတော့သည်။

သမီးဖြစ်သူ ကောင်းယုံကိုလည်း မှာကြားလိုက်လေသည်။

"သမီး ... ဘယ်လိုအခြေအနေပဲ ရောက်ရောက် ဦးလေးကျောင်းစန်းအနားက မခွဲဘဲနဲ့ ဦးလေးကျောင်းစန်းရဲ့ စကားကို နားထောင်ပါ"

ကောင်းယုံက ...

"စိတ်ချပါ ဖေဖေ ..."

ဖခင်ကြီးက အကြောင်းရှိ၍ မှာကြားခြင်းဖြစ်ကြောင်း သူမနားလည်ထားလေသည်။

ကောင်းဝူလည်း ယခုမှ စိတ်သက်သာရသွားပုံရှိလေသည်။

သူတို့လူစုသည် တောလမ်းအတိုင်း အလျင်အမြန် သွားလိုက်ကြရာ မကြာပါချေ။ ရှေးဟောင်းအဆောက်အဦးကြီးရှေ့သို့ ရောက်ရှိသွားကြလေတော့သည်။

✦ ✧ ✦

# ပုံပြင်

ကောင်းကင်တစ်ခုလုံး ကြည်ပြာရောင် သန်းနေသည်။

သစ်ပင်များက စိမ်းလန်းနေ၏။

အေးမြသော လေပြည်လေညင်းလေး ဝေ့ယမ်းတိုက်ခတ်နေပြီး အဝေးမှ ငှက်ကလေးများ၏ တေးဆိုသံများ ကြားနေရ၏။

ကူးဖန်း ဦးဆောင်သော ကောင်းဝူတို့လူစုသည် တော်လမ်းအတိုင်း လာခဲ့ကြရင်း ရှေးဟောင်းအဆောက်အဦးပျက်ကြီးသို့ ရောက်ရှိသွားကြလေသည်။

ကျောင်းစန်းသည် လမ်းတစ်လျှောက်လုံး ပတ်ဝန်းကျင်ကို အကဲခတ်လာသည့်အပြင် ကူးဖန်းကိုလည်း အကဲခတ်နေပါလေသည်။

ကူးဖန်းက ရှေ့ဆုံးမှဦးဆောင်ကာ သွားနေခြင်းဖြစ်သည်။

သူ၏ခြေလှမ်းများ ပေါ့ပါးသွက်လက်နေ၏။

ဤလမ်း ဤခရီးနှင့် ရင်းနှီးကျွမ်းဝင်ပြီး သွားနေကျသောနေကျပုံစံမျိုး ရှိနေသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းအဆောက်အဦးပျက်ကြီးအား ကောင်းယဲ့ လမ်းပြ စရာ မလိုဘဲ ကူးဖန်းက ဦးဆောင်ကာ အရောက်သွားနိုင်ခဲ့ကြခြင်း လည်း ဖြစ်လေသည်။

ကူးဖန်းက လမ်းတစ်လျှောက်လုံး စကားမပြောပါ။

သူ၏မျက်နှာတွင် ထူးခြားသော အရိပ်အယောင်များဖြစ်နေ လေသည်။

ကောင်းဇွတို့သည် စကားမပြောကြဘဲ တိတ်တိတ်ဆိတ်ဆိတ် ပင် လိုက်သွားကြခြင်း ဖြစ်လေသည်။

အဆောက်အဦးပျက်ကြီးရှေ့သို့ ရောက်သွားတော့မှ ကူးဖန်း က ကောင်းယဲ့အား မေးလိုက်သည်။

"ငါ့မြေးပြောတာ ဒီအိမ်ပဲမဟုတ်လား"

ကောင်းယဲ့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် အဘိုး၊ ဒီအိမ်ပဲ"

ကူးဖန်းသည် ဘာမှမပြောတော့ဘဲ ကျောက်လှေကားထစ်ကြမ်းများ အတိုင်း အပေါ်ဘက်သို့ တက်သွားလေသည်။

ကောင်းဇွတို့လည်း လိုက်သွားကြလေသည်။

တစ်ခဏအတွင်းမှာပင် အဆောက်အဦးပျက်ကြီး၏ တံခါး ကြီးရှေ့သို့ ရောက်ရှိသွားကြ၏။

ထိုအဆောက်အဦးကြီးမှာ ယခင်က အလွန်ပင် ခမ်းနားထည် ဝါခဲ့ပုံ ရလေသည်။

အဆောက်အဦးပိုင်ရှင်မှာ ချမ်းသာကြွယ်ဝသူတစ်ဦးလည်း ဖြစ် ပုံရသည်။



ပိုင်ရှင်သည် ကူးဖန်းပြောသကဲ့သို့ လူဆိုး ဓားပြကြီးတစ်ဦး ဖြစ်နိုင်ပါမည်လော။

ကူးဖန်းသည် တံခါးမကြီးရှေ့၌ ခြေလှမ်းရပ်ကာ အားရပါးရ ပြုံးလိုက်သည်။

"ဒီအိမ်ရှေ့ကို ကျုပ် ဒုတိယအကြိမ် ပြန်ရောက်လာခဲ့ပြီပေါ့"

သူက ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"ကောင်းပြီလေ... လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်နီးပါးက ကိစ္စဟာ မပြီးပြတ်သေးဘူးဆိုရင် ဒီကနေ့ ပြီးပြတ်သွားအောင် စာရင်းရှင်းလိုက်ကြတာပေါ့"

စကားဆုံးလျှင် လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ တံခါးမကြီးဆီသို့ တွန်းထုတ်လိုက်လေသည်။

ပြင်းထန်သော လေပွေလှိုင်းများ ထွက်ပေါ်လာပြီးလျှင်...

"ဝုန်း...."

အိမ်ရှေ့တံခါးမကြီး ကျိုးပဲ့ပျက်စီးကာ တံခါးပေါက်ဟောင်း လောင်း ဖြစ်သွားလေတော့သည်။

ကူးဖန်းသည် လက်ဝါးတစ်ဖက်ကို ရင်ဘတ်ရှေ့၌ ကာကွယ် ထားပြီး ကျန်လက်တစ်ဖက်ကတိုက်ခိုက်ရန်အသင့်ပြင်ကာ အဆောက် အဦးအတွင်းဘက် ခုန်ဝင်လိုက်လေသည်။

ကောင်းဇွ၊ ကျင်းစန်း၊ ဝမ်းကျိုး၊ ကူးလျှံနှင့် ကောင်းယဲ့တို့ လည်း ချက်ချင်း လိုက်သွားကြ၏။

သူတို့လူစု အတွင်းဘက်ရောက်သွားလျှင် လှုပ်ရှားမှုကင်းမဲ့နေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော အဆောက်အဦးကြီးမှာ လှုပ်ရှားသက်ဝင်လာသည်ဟု ဆိုနိုင်တော့သည်။

အဆောင်ဆောင် အခန်းခန်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော အဆောက်အဦးကြီး ဖြစ်သည်။

ကောင်းငှတို့ အထဲရောက်သွားလျှင် နံရံပေါ်၌ ...

"ကြိုဆိုပါ၏၊ ဝဲဘက်သို့ကြွပါ"

ဟု ရေးထားပြီး မြားဦးညွှန်ပြထားသည်ကို တွေ့ရလေသည်။

"ဟား ... ဟား ... ဟား"

ကူးဖန် ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။

"ကြိုဆိုပုံက ဘယ်ဆိုးလို့လဲ၊ ကောင်းပြီလေ ... ကျုပ်လာခဲ့မယ်"

ချက်ချင်းပင် ဝဲဘက်သို့ ချိုးကွေ့လှမ်းသွားလိုက်လေသည်။

ကောင်းငှတို့လည်း လိုက်သွားကြရလေသည်။

ဝဲဘက်၌ ကျယ်ဝန်းသော ခန်းမဆောင်ကြီး ရှိနေသည်။

ညှိခန်းမဆောင်ကြီးပင် ဖြစ်သည်။

ကူးဖန်းသည် ညှိခန်းမဆောင်ကြီးထဲသို့ ရောက်လာလျှင်ကော့ပြီး ဂုဏ်ယူဝံ့ကြွားစွာ ပြောလိုက်လေသည်။

"ဟောဒီ ခန်းမဆောင်ကြီးထဲမှာ ဓားပြကြီးနဲ့ သူ့ရဲ့မိသားစုကို ကျုပ် ဆုံးမခဲ့တာပေါ့"

တစ်ချိန်က ထိုညှိခန်းမဆောင်ကြီးအတွင်း၌ ပြင်းထန်သော တိုက်ပွဲကြီးတစ်ခု ဖြစ်ပေါ်လာပေလိမ့်မည်။



ဓားပြကြီးနှင့် မိသားစုမှာ ပြင်းထန်သော ဒဏ်ရာများဖြင့် သေဆုံးသွားကြလေလိမ့်မည်။

သွေးညှိနံ့များ သင်းနေပေလိမ့်မည်။

ကူးဖန်က ...

"ကျုပ်က ဓားပြကြီးကို ..."

သူ စကားဆုံးအောင် မပြောလိုက်ရပါ။

ထူးခြားမှုတစ်ခုကို တွေ့မြင်လိုက်ခြင်းကြောင့် ဖြစ်သည်။

ညှိခန်းမဆောင်ထဲ၌ စားပွဲတစ်လုံးရှိနေပြီး စားပွဲပေါ်၌ စောင်းတစ်လက် ရှိနေသည်။

ထိုစောင်းမှာ ကူးဖန် တီးခတ်နေကျ စောင်းဖြစ်သည်။

ထိုစောင်းသည် ကူးဖန်း၏ အခန်းထဲ၌ ရှိမနေဘဲ အဘယ်ကြောင့် ဤနေရာ၌ ရောက်ရှိနေပါနည်း။

အားလုံး ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

ကူးဖန်းက မျက်လုံးပြူးသွားသည်။

"ဒီစောင်းက ..."

ယခုတစ်ကြိမ်လည်း သူစကားဆုံးအောင် မပြောခဲ့ပြန်ပါချေ။

လေတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာပြီး စာရွက်တစ်ရွက် လွင့်မျောလာခြင်းကြောင့် ဖြစ်သည်။

ကျင်းစန်းက လှျပ်တစ်ပြက် ဖမ်းယူထားလိုက်သည်။

စာရွက်ပေါ်၌ စာအချို့ ရေးသားထားသည်ကို တွေ့ရခြင်းကြောင့် ကျင်းစန်း ဖတ်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပဥ္စလက်စောင်းဟာ ဒီနေရာမှာပဲ ရှိသင့်ပါတယ်"

ကူးဖန်းက မေးလိုက်သည်။

"ဘာစာလဲ ..."

ကျင်းစန်းက စာကိုပေးလိုက်ရာ ကူးဖန်း ယူဖတ်ကြည့်ပြီး မျက်နှာပျက်သွားလေသည်။

ကျင်းစန်းက ...

"ပဥ္စလက်စောင်းဆိုတာ ဆရာကြီးရဲ့စောင်း မဟုတ်လား"

ကူးဖန်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်လေ"

ကျင်းစန်းက ...

"ပဥ္စလက်စောင်းက ဘာကြောင့် ဒီနေရာမှာပဲ ရှိသင့်ရတာ"

"ဒါက ..."

ကူးဖန် မျက်နှာပျက်ကာ ဆက်မပြောနိုင်အောင် ဖြစ်နေ

ကျင်းစန်းက ...

"ပဥ္စလက်စောင်းနဲ့ပတ်သက်ပြီး ကျွန်တော် သတင်းတစ် ကြားခဲ့ဖူးပါတယ်၊ ပဥ္စလက်စောင်းပိုင်ရှင်ဟာ ရင်စန်းဆိုတဲ့ တစ်ယောက်ပဲ"

ကူးဖန်၏ စောင်းနှင့် စောင်းသံမှာ အလွန်ထူးခြားလှကြောင်း ကျင်းစန်း သိခဲ့ရလေသည်။

သို့သော် ထိုစောင်းမှာ တစ်ချိန်က သိုင်းလောကထဲ ထင်ရှား ခဲ့သော ပဥ္စလက်စောင်းဖြစ်ကြောင်း ယခုမှ သိလိုက်ရခြင်းဖြစ်သည်။



ပဥ္စလက်စောင်းနှင့်ပတ်သတ်ပြီး သူကြားခဲ့သည့် အကြောင်း ရာများကိုလည်း ပြန်လည်သတိရလာခြင်း ဖြစ်လေသည်။

ကူးဖန်းက ကျင်းစန်းအား ခပ်စိမ်းစိမ်းကြည့်လိုက်၏။

"မင်းက ပဥ္စလက်စောင်းအကြောင်း ကြားဖူးထားတယ် ဆိုပါ သော့"

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ဖရုပ်ထဲမှာ ဆရာကြီး စောင်းတီးခတ် တုန်းက စောင်းသံနဲ့ စောင်းဟာ ထူးခြားလှတယ်လို့ တွေးမိခဲ့ မယ့် ပဥ္စလက်စောင်းဖြစ်နေမယ်လို့ မထင်မိခဲ့ပါဘူး"

ကူးဖန်းက ...

"ကျုပ်က ရိစန်းကို ရှင်းပစ်လိုက်ပေမယ့် သူ့ရဲ့စောင်းကို သောကျလို့ ယူထားလိုက်တာပါ"

ကျင်းစန်းက ...

"ဒါဖြင့် ဆရာကြီးဟာ ပဥ္စလက်စောင်းသံစဉ်ကို တတ်ကျွမ်း တာကကော ဘယ်လိုကြောင့်များလည်း ခင်ဗျာ"

"ဒါက ..."

ကူးဖန်း မည်သို့ပြောရမှန်းမသိအောင် ဖြစ်သွားလေတော့သည်။

ကူးလျို၊ ကောင်းဝူ၊ ဝမ်းကျုံးနှင့် ကောင်းယဲ့တို့က ကူးဖန် ကြည့်နေကြ၏။

ကျင်းစန်းက ...

"ရိစန်းကို ဆုံးမပြီး စောင်းကိုယူခဲ့တယ်ဆိုရင် စောင်းသံစဉ်ကို

www.burmeseclassic.com

www.burmeseclassic.com



တတ်မြောက်နေတာ အတော်ထူးခြားမှာပါ၊ ဆရာကြီးဟာ စောင်း မရခင်ကတည်းက စောင်းသံစဉ်ကို တတ်မြောက်နေမှ ဖြစ်မယ်မဟုတ် လားဗျာ"

ကူးဖန်း သက်ပြင်းချလိုက်သည်။

"အင်း … အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင်တော့ ကျုပ်တို့ ရိစန်းနဲ့ ခင်မင်ရင်းနှီးခဲ့တာ အမှန်ပါပဲ၊ ကျုပ်တို့ဟာ အိမ်နီးပါးချင်း တွေ ဖြစ်တဲ့အပြင် သိုင်းလောကသား အချင်းချင်းလည်း ဖြစ်နေကြ တယ် မဟုတ်လား"

ကျင်းစန်း ဝမ်းသာသွားလေသည်။

ဤအဆောက်အဦးပိုင်ရှင်နှင့် ကူးဖန်းတို့ ရင်းနှီးသော မိတ်ဆွေ များ ဖြစ်ခဲ့ကြောင်း ပေါ်ပေါက်လာပြီဖြစ်သည်။

ကူးဖန်းက ဆက်ပြောသည်။

"ကျုပ်က ဒီနေရာကို မကြာခဏ လာရောက်လည်ပတ်ခဲ့ ပါတယ်၊ ရင်စန်းဟာ ကျုပ်ထက် အသက်အများကြီး ပိုကြီးတယ် သိုင်းလောကမှာ ကျုပ်ထက်အရင် ကျင်လည်ကျက်စားခဲ့တယ်ဆိုတော့ သူ့ဆီက အတွေ့အကြုံ ဗဟုသုတရအောင် လာပြီး ဆည်းပူး သဘောပါ၊ သူဟာ ပဥ္စလက်စောင်းကို ကျွမ်းကျင်တယ်၊ ကျုပ် လည်း သဘောကျမိတော့ ကျုပ်ကို စောင်းသံစဉ်တချို့ သူသင်ပေး ခဲ့တာပါပဲ"

ကျင်းစန်းက …

"ဒါဆိုရင် ဆရာကြီးတို့ဟာ အတော့်ကို ခင်မင်ရင်းနှီး



မိတ်ဆွေတွေဖြစ်ခဲ့ကြမှာပေါ့၊ ဒါပေမယ့် သူတို့ တစ်မိသားစုလုံး ဆရာကြီးရဲ့ လက်ချက်နဲ့ သေဆုံးသွားခဲ့ကြရတယ်ဆိုတာ … "

စကားတစ်ပိုင်းတစ်စဖြင့် ရပ်ကာ ကူးဖန်းအား စိုက်ကြည့် လိုက်၏။

ပိုးဟပ်၏ကိစ္စသည် ကောင်းဝူနှင့်သာမက ကူးဖန်းနှင့်ပါ ပတ် သက်ဆက်နွယ်နေကြောင်း ထင်ရှားပေါ်ပေါက်လာပြီ ဖြစ်လေသည်။

ပဥ္စလက်စောင်းမှ အစပြုလိုက်ခြင်းကြောင့် ကူးဖန်းလည်း မတတ်သာဘဲ ရှင်းပြနေရလေတော့သည်။

"ကျုပ်တို့ ရင်းနှီးခဲ့တာ မှန်ပေမယ့် သူဟာ လူဆိုးဓားပြကြီး တစ်ယောက် ဖြစ်ခဲ့ဖူးတယ်ဆိုတာ သိလိုက်ရတော့ သူ့ကိုအပြစ်ဝန်ခံ ပြီး ဥပဒေရဲ့ အဆုံးအမခံယူဖို့ ကျုပ်ကတိုက်တွန်းခဲ့ပါတယ်၊ ဒါပေ မယ့် သူလက်မခံတဲ့အပြင် သူ့အကြောင်း ပေါ်ပေါက်သွားမှာကို စိုးရိမ်ပြီး ကျုပ်ကို နှုတ်ပိတ်ပစ်ဖို့ ကြိုးစားခဲ့တာကြောင့် ကျုပ်လည်း မလွှဲမရှောင်သာပဲ ပြန်လည်ရင်ဆိုင်ခဲ့ရတာပါ"

ထိုစဉ်မှာပင် ငိုကြွေးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက် ရလေတော့သည်။

◆ ◇ ◆

ငိုကြွေးသံများ ထွက်ပေါ်လာသည်။

ကျင်းစန်းတို့အားလုံး ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

ငိုကြွေးသံသည် အတွင်းဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးသည် ငိုကြွေးသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ အဘွားအိုတစ်ယောက်သည် ငိုကြွေးရင်း လှမ်းထွက်လာသည်ကို တွေ့လိုက်ရ၏။

ထိုအဘွားအို မည်သူမည်ဝါဖြစ်ကြောင်း ကူးဖန်းတို့အားလုံး မသိကြချေ။

"ဘယ်သူလဲ ..."

ကူးဖန်းက ေါက်လိုက်သည်။

အဘွားအိုက မျက်ရည်များကို သုတ်ရင်း ...

"ရှင်က ကျွန်မကို မသိပေမယ့် ကျွန်မကတော့ ရှင့်ကိုသိတယ်၊ ကျွန်မ သခင်ကြီးတို့ မိသားစုကို ရှင် ရက်ရက်စက်စက် လုပ်ကြံသတ်ပစ်ခဲ့တာ မဟုတ်လားရှင်"

"ဘာ ..."

ကူးဖန်း ထိတ်လန့်သွား၏။

အဘွားအိုက ...

"ရှင်ဟာ သခင်ကြီး ရင်စန်းဆီမှာ ပဥ္စလက်စောင်းသံကို လာပြီးသင်ယူခဲ့တယ်၊ သခင်ကြီးဟာ ရှင့်ကိုခင်မင်ပြီး သင်ကြားပေးခဲ့ပေမယ့် နောက်ပိုင်းကျတော့ ပဥ္စလက်စောင်းကို အပိုင်စီးချင်တဲ့စိတ် ရှင့်ရင်ထဲမှာ ရှိနေတာကို သခင်ကြီး ရိပ်မိသွားပြီး ပဥ္စလက်စောင်းသံနဲ့ တိုက်ခိုက်တဲ့အတတ်ပညာကို သင်မပေးဘဲ နေလိုက်တယ်"

ပဥ္စလက်စောင်းသံမှာ ထူးခြားလှသည်။



ကြားရသူအပေါင်း၏ စိတ်အစဉ်ကို ညို့ယူဖမ်းစားနိုင်စွမ်း ရှိလေသည်။

စောင်းသံကို နားထောင်ရင်း ချစ်ခြင်း၊ မုန်းခြင်း၊ ရက်စက်ခြင်း၊ ကြေကွဲခြင်း စသည့် ခံစားချက်အဖုံဖုံ ဖြစ်ပေါ်လာအောင် စွမ်းဆောင်နိုင်သည်။

ပဥ္စလက်စောင်းသံဖြင့် အတွင်းအားနှင့် သိုင်းပညာကို ဖျက်ဆီးနိုင်စွမ်း ရှိလေသည်။

ထိုအတတ်ပညာကို စောင်းသံဖြင့် ညို့ယူတိုက်ခတ်သည့် အတတ်ပညာဟု သတ်မှတ်ထားပြီး အလွန်ထူးခြားထက်မြက်ခြင်းကြောင့် တတ်မြောက်ပါက သိုင်းလောကကို လွှမ်းမိုးနိုင်စွမ်းရှိမည် ဖြစ်လေသည်။

ဆရာကြီး ရင်စန်းသည် ပဥ္စလက်စောင်းသံပညာ ဓာစ်ဖက်ကမ်းခတ် ကျွမ်းကျင်သော်လည်း သိုင်းပညာက အသင့်အတင့်သာ ရှိသည်။

သဘောမနောကောင်းပြီး စိတ်ထားဖြူစင်သူဖြစ်၍ ပဥ္စလက်စောင်းအား လိုချင်မက်သောသူများက ရန်ရှာလာလျှင် အခက်ကြုံရနိုင်သည်ကို တွေးမိကာ လူသူကင်းဝေးသော ဤနေရာ၌ လာရောက်ဓာတ်မြုပ်နေထိုင်ခဲ့ခြင်း ဖြစ်သည်။

မိသားစုနှင့်အတူ အေးချမ်းစွာ နေထိုင်ခဲ့ရာမှ တစ်နေ့တွင် ကူးဖန်းနှင့် မမျှော်လင့်ဘဲ ဆုံတွေ့မိပြီး ခင်မင်ရင်းနှီးသွားကြခြင်း ဖြစ်လေသည်။

ကူးဖန်းကို သဘောကျကာ စောင်းတီးခတ်သည့် ပညာ သင်

www.burmeseclassic.com



ပေးခဲ့သော်လည်း နောက်ပိုင်းတွင် ကူးဖန်း၏ အတွင်းစိတ်ကို ရိုင်း
လာပြီး စောင်းသံဖြင့် တိုက်ခိုက်သည့် ပညာကို သင်မပေးတော့ခြင်း
ဖြစ်လေသည်။

အဘွားအို ဆက်ပြောသည်။

"သခင်ကြီးက သင်မပေးဘဲနေဖို့ ဆုံးဖြတ်လိုက်တာနဲ့ ရှင်း
သခင်ကြီးကို အကောက်ကြံပြီး လုပ်ကြံလိုက်တယ်၊ သခင်လေး
မိသားစုကိုပါ ရက်ရက်စက်စက် သတ်ပစ်လိုက်တယ်"

ပဉ္စလက်စောင်း ရင်စန်းတွင် သားတစ်ယောက်ရှိလေသည်။

ရင်စန်း၏ သားသည် အိမ်ထောင်ရှင်ဖြစ်ပြီး ဇနီး၊ သားသမီး
များနှင့်အတူ ဖခင်ကြီး၏အိမ်၌ပင် စုပေါင်းနေထိုင်ခဲ့လေသည်။

အဘွားအိုသည် ကူးဖန်း၏လုပ်ရပ်များကို ဖော်ပြနေ၏။

သူမပြောသည့်အတိုင်း မှန်ကန်နေသည်လော ...။

ကူးဖန်းသည် ဤအဆောက်အဦးပိုင်ရှင်နှင့် ပတ်သက်နေခြင်း
သူ့ထံတွင် ပဉ္စလက်စောင်းရှိနေခြင်း အဘွားအိုပြောသောအခါ မျက်နှာ
မျက်နှာပျက်နေခြင်းများက အဘွားအို၏စကား မှန်ကန်ကြောင်း
ဖော်ပြသကဲ့သို့ ရှိနေသည်ဟု ကျင်းစန်း ဆင်ခြင်မိလိုက်လေသည်။

ကူးဖန်းက ...

"ခင်ဗျား ဘယ်သူလဲ၊ ဘာတွေလာပြီး ပြောနေတာလဲ"

ဟု ငေါက်လိုက်သည်။

"အဘွားအိုက ...

"ကျုပ်က ဒီအိမ်ကပေါ့"

"ဒါဖြင့် အိမ်ဖော်အလုပ်သမားတစ်ယောက် ဟုတ်လား"



ပဉ္စလက်စောင်း ရင်စန်းနှင့် သူ၏မိသားစုတို့ သေဆုံးသွားကြ
ပြီ ဖြစ်သည်။

ဤနေရာမှ ထွက်ပြေးလွတ်မြောက်သွားကြသူများမှာ အိမ်ဖော်
အလုပ်သမားများသာ ရှိလေသည်။

အဘွားအိုသည် ဤအိမ်မှဟု ဆိုနေခြင်းကြောင့် ထွက်ပြေးသွား
သည့် အိမ်ဖော်အလုပ်သမားတစ်ယောက်ဟု ယူဆကာ ကူးဖန်း
မေးလိုက်ခြင်းဖြစ်လေသည်။

အဘွားအို ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က အိမ်ဖော်အလုပ်သမား မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သူလဲ ..."

"နို့ထိန်း ..."

"ဘာ ..."

အဘွားအို၏ စကားကြောင့် ကူးဖန်း နားမလည်နိုင်အောင်
ဖြစ်သွားလေသည်။

အဘွားအို ပြုံးလိုက်သည်။

"သခင်ကြီးရဲ့ ချွေးမဟာ သားယောက်ျားလေး သုံးယောက်
မွေးခဲ့တယ်၊ အငယ်ဆုံးကလေး မွေးဖွားပြီးတဲ့အချိန်မှာ ကျန်းမာရေး
ချူချာလာတာကြောင့် ကျုပ်က ကလေးထိန်း နို့ထိန်းတာဝန် ယူခဲ့
ရတာ"

ကူးဖန်း မျက်လုံးပြူးသွားလေသည်။

"ဘာပြောတယ်၊ ရင်စန်းမှာ မြေး သုံးယောက်ရှိတယ် ဟုတ်
လား"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်မှန်တာပေါ့"

"ကျုပ်က နှစ်ယောက်ကို ..."

ကူးဖန်းက ရှေ့ဆက်မပြောဘဲ စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

ဆက်ပြောလျှင် မှားတော့မည်မို့ အချိန်မီ အရှိန်သတ်လိုက်ခြင်းမျိုး ဖြစ်လေသည်။

အဘွားအိုက ...

"ရှင်က သခင်ကြီးရဲ့ မြေး လူမမယ်ကလေးငယ် နှစ်ယောက်ကိုတောင် ချမ်းသာမပေးဘဲ သတ်ပစ်လိုက်တာ မဟုတ်လား၊ ဒီအခန်းထဲမှာ တိုက်ပွဲဖြစ်နေချိန်မှာ ကျုပ်က အငယ်ဆုံးကလေးကို မီးဖိုချောင်ထဲမှာ နို့ဖျော်တိုက်နေတဲ့အချိန်ပေါ့၊ သခင်ကြီးတို့ မိသားစုကို တစ်ယောက်မကျန် ရှင်းပစ်တော့မယ်ဆိုတာ သိလို့ ကလေးကို ခေါ်ပြီး ကျုပ် ထွက်ပြေးသွားခဲ့တာ၊ နောက်ပိုင်းမှ ရှင်ဟာ သခင်ကြီးတို့ တစ်မိသားစုလုံးကို သတ်ပစ်လိုက်တဲ့အပြင် သခင်ကြီး ပိုင်ဆိုင်တဲ့ ရွှေနဂါးရုပ်တု တစ်စုံနဲ့ တခြား ရတနာပစ္စည်းတွေကိုပါ အပိုင်စီးသွားတယ်ဆိုတာ သိရတာ၊ တကယ် ဓားပြအစစ်ဟာ ရှင်ပဲ"

အဘွားအို၏ စကားအဆုံးတွင် ...

"ဟား ... ဟား ... ဟား"

ကူးဖန်းက ကျယ်လောင်စွာ ရယ်မောလိုက်လေတော့သည်။

✦ ✧ ✦



## အမှန်တရား

"ဟား ... ဟား ... ဟား"

ဝမ်းနည်းကြေကွဲခြင်း၊ ခံပြင်းခြင်းများ ရောပြွန်းနေသော ကူးဖန်း၏ ရယ်မောသံသည် ခန်းမဆောင်တစ်ခုလုံး ဟိန်း၍ထွက်ပေါ်လာလေသည်။

ခန်းမဆောင်ထဲ၌ ရှိနေသူအားလုံး ကူးဖန်းအား နားမလည်နိုင်စွာ ကြည့်လိုက်ကြလေသည်။

အားလုံးသည် အဘယ်ကြောင့် ကူးဖန်း ဟားတိုက်ရယ်မောနေရသည်ကို သိလိုစိတ်များ ဖြစ်ပေါ်လာကြလေသည်။

ရယ်သံသည် ကျယ်လောင်နေရာမှ တဖြည်းဖြည်း တိုးသွားပြီး နောက်ဆုံး တိတ်ဆိတ်ပျောက်ကွယ်သွားလေသည်။

ကူးဖန်းမှာ ပြန်လည်၍ တည်တည်ငြိမ်ငြိမ်ဖြစ်သွားလေသည်။

သို့သော် သူ၏ မျက်နှာကမူ ဖြူဖပ်ဖြူရော်ဖြစ်နေ၏။

ကူးဖန်းက အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်လေသည်၊

တစ်ဖန် ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဘာကြောင့် ဒီလောက်တောင် ရယ်မောနေရသလဲ သိကြသလား"

မည်သူမျှ မပြောနိုင်ကြပါ။

ကျင်းစန်းက ကူးဖန်းအား မျက်တောင်မခတ် အကဲခတ်ကြည့်နေသည်။

ကူးဖန်း သက်ပြင်းချလိုက်လေသည်။

"ကာလဝိပါက်ဆိုတာကို ကျုပ် လုံးဝမယုံကြည်ခဲ့ဘူး၊ ခုတော့ လက်တွေ့ကြုံလိုက်ရပါပြီ"

သူ၏စကားသည် အဘွားအို၏စကား မှန်ကန်ကြောင်း ဝန်ခံလိုက်သကဲ့သို့ ရှိနေပါသည်။

"ကျုပ်ဟာ ရင်စန်းရဲ့ ပဥ္စလက်စောင်းကို စိတ်ဝင်စားခဲ့မိတယ်၊ ပဥ္စလက်စောင်းသံ ပညာရရင် သိုင်းလောကမှာ လက်မထောင်နိုင်လိမ့်မယ်လို့ ယုံကြည်ခဲ့တယ်၊ ဒါပေမယ့် ရင်စန်းက ကျုပ်ကို သင်မပေးခဲ့ဘူး"

ကူးဖန်းသည် စိတ်ညို့စောင်းသံစဉ်ကို ပဥ္စလက်စောင်းဖြင့် တီးခတ်နိုင်ခဲ့သော်လည်း စောင်းသံဖြင့် တိုက်ခိုက်နိုင်သည့် အဆင့်အထိ သင်ကြားခဲ့ရခြင်းမရှိပေ။

ကူးဖန်းက အချိန်အားရတိုင်း ပဥ္စလက်စောင်းကို တီးခတ်ခဲ့သည်မှာ တိုက်ခိုက်သော သံစဉ်ဖြစ်လာအောင် စမ်းသပ်တီးခတ်ကြည့်နေခဲ့ခြင်း ဖြစ်သည်။

"တစ်နေ့တော့ ကျုပ်ကို တိုက်ခိုက်တဲ့သံစဉ် သင်ပေးဖို့ ပြောရင်း ရင်စန်းက လက်မခံတော့ ကျုပ်လည်း စိတ်ဆိုးပြီး သတ်ပစ်



လိုက်မိတယ်၊ ရင်စန်း သေသွားတော့ မထူးပါဘူးဆိုပြီး ကျန်တဲ့သူ့မိသားစုကိုပါ တစ်လက်စတည်း သုတ်သင်ရှင်းလင်းပစ်လိုက်တာပဲ"

ကူးဖန်းသည် အလွန်ရက်စက်ကြမ်းကြုတ်သော လူသတ်မှုကြီးတစ်ခု ကျူးလွန်ခဲ့ကြောင်း ဝန်ခံလိုက်ရပြီ ဖြစ်လေသည်။

ကူးဖန်းက...

ရင်စန်းတို့ တစ်မိသားစုလုံး ကျုပ်လက်ချက်ကြောင့် သေဆုံးသွားခဲ့ရတယ်၊ ကျုပ်ပြောတာ ခင်ဗျားကြားတယ် မဟုတ်လားဗျ"

အဘွားအိုအား လှမ်းမေးလိုက်လေသည်။

အဘွားအို ဘာမှမပြောဘဲနေ၏။

ကူးဖန်းက ...

"ရင်စန်းတို့ မိသားစုကိစ္စမှာ ကျုပ်အပြစ်ရှိတယ်၊ ဒီအပြစ်ကို ကျုပ်တစ်ယောက်ပဲ ခံယူသင့်တာပေါ့၊ ဘာကြောင့် မဆိုင်တဲ့ ကျုပ်မိသားစုကိုပါ ဒုက္ခပေးချင်ရတာလဲ"

အဘွားအို နှာခေါင်းရှုံ့လိုက်လေသည်။

"ပဥ္စလက်စောင်းသံစဉ်ကိစ္စမှာ ရှင့်ကို သင်မပေးတဲ့ သခင်ကြီးရင်စန်းနဲ့ပဲ သက်ဆိုင်တာပါလေ၊ ရှင်ကကော ဘာကြောင့် မဆိုင်တဲ့ မိသားစုဝင်တွေကိုပါ သတ်ပစ်ခဲ့ရတာလဲ၊ ရှင့်အတွက် နောက်ကြောင်းအေးအောင် မျိုးဖြုတ်ပစ်ခဲ့တာပဲ မဟုတ်လား"

အချက်ကျကျ ပြန်ပြောလိုက်သော စကားကြောင့် ကူးဖန်းငိုင်သွားလေသည်။

သို့သော် ဝမ်းကျိုးအား ချက်ချင်း လှမ်းမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါက အန္တရာယ်ကို ကြိုတင်ကာကွယ်ခဲ့တာပဲ ညီလေးမင်းကော ဘယ်လိုသဘောရသလဲ ပြောပါဦး"

ဝမ်းကျုံးက …

"သူတို့ကတော့ မလိုအပ်ဘဲ မျိုးဆက်ပြတ်သွားအောင် မဆိုင်တဲ့ လူတွေကိုပါ သတ်ပစ်လိုက်တယ်လို့ ယူဆကြမှာ သေချာပါတယ်"

ကူးဖန်းက …

"သူတို့ သဘောကတော့ ဟုတ်ပါပြီ၊ ညီလေးကကော ကျုပ်အပေါ် ဘယ်လိုမြင်သလဲ"

ဝမ်းကျုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ညီလေး ပြောစရာရှိတာသာ ပြောပါ၊ ကျုပ်ကို ဘာမှအားနာစရာ မလိုပါဘူး"

ထိုအခါမှ ဝမ်းကျုံး သက်ပြင်းချကာပြောလေသည်။

"အစ်ကိုကြီးရဲ့ လုပ်ရပ်ဟာ လိုအပ်တာထက် နည်းနည်းပိုသွားတယ်လို့ပဲ ထင်မိပါတယ်"

"မင်း ဒီလိုပြောတာ လုံလောက်တဲ့အကြောင်းပြချက်တော့ ရှိရမှာပေါ့နော်"

"အစ်ကိုကြီး ဆိုလိုတာက …

"ပိုးဟပ်ဆိုတဲ့ ကိစ္စကို အဆုံးသတ်ဖို့ ကောင်းပြီဆိုတာပါပဲ"

ကူးဖန်း အေးတိအေးစက် ပြောလေသည်။

◆ ◇ ◆



## တတိယ ကလေး

ကူးဖန်းသည် ရင်စန်းတို့ မိသားစုအား ရက်ရက်စက်စက် သတ်ဖြတ်ပစ်ခဲ့လေသည်။

ရင်စန်းကိုသာမက ရင်စန်း၏သားနှင့် ချွေးမကိုပါ သတ်ပစ်ခဲ့သည်။

ထို့အပြင် ရင်စန်း၏မြေး လူမမည်ကလေးနှစ်ယောက်ကိုပါ ချမ်းသာမပေးဘဲ သတ်သင်ရှင်းလင်းပစ်ခဲ့သည်။

နောက်ကြောင်းအေးအောင် တစ်မိသားစုလုံးအား သုတ်သင်ပစ်လိုက်ခြင်း ဖြစ်လေသည်။

သို့သော် ကူးဖန်း တစ်ချက်မှားသွား၏။

ရင်စန်း၌ မြေးသုံးယောက်ရှိနေသည်ကို သတိမပြုမိခဲ့ခြင်း ဖြစ်လေသည်။

ရင်စန်း၏ တတိယမြေးသည် နို့ထိန်းအဘွားအိုကြောင့် လွတ်မြောက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ကူးဖန်းတို့ မိသားစုအား ဒုက္ခပေးနေသည့် ပိုးဟပ်မှာ ရင်စန်း၏ တတိယမြေးပင် ဖြစ်ရမည်မဟုတ်ပါလား။

ကူးဖန်းက အဘွားအိုအား လှမ်းမေးလိုက်သည်။

"ရင်စန်းရဲ့ တတိယမြေးက ဘယ်မှာလဲ"

သူ၏လေသံ မသိမသာ တုန်ရင်နေပါတော့သည်။

အဘွားအို ရယ်မောလိုက်လေသည်။

"ရှင့်ရဲ့အနီးမှာလေ"

"ဘာ ..."

"ဟင်း ... ဟင်း ... ပိုးဟပ်ဟာ ရှင့်ရဲ့အနေအထား၊ ရှင့်မိသားစု အကြောင်း အားလုံးရင်းနှီးကျွမ်းဝင်နေတယ်၊ ရှင်တို့အကြောင်းကို ခရေစေ့တွင်းကျ သိထားတဲ့လူတစ်ယောက်ဆိုတာ ရှင်မေ့နေပြီလား"

အဘွားအို၏ စကားကြောင့် ကူးဖန်း မျက်နှာပျက်သွားလေ သည်။

"ရင်စန်းရဲ့ တတိယ မြေးဟာ ပိုးဟပ် ဟုတ်လား"

"သေချာတာပေါ့ရှင်"

ပိုးဟပ် ...

ပိုးဟပ်သည် မည်သူဖြစ်ပါသနည်း။

ထိုမေးခွန်းအား ကူးဖန်းရင်ထဲမှာ မေးမြန်းမိခဲ့သည်မှာ အကြိမ် ကြိမ် ရှိခဲ့ပြီဖြစ်လေသည်။

ယခုတော့ ပိုးဟပ်သည် သူ၏အနီး၌ တရင်းတနှီးရှိနေသူ တစ်ယောက်ဖြစ်ကြောင်း ယေဘုယျအားဖြင့် သိလာခဲ့ရပြီးဖြစ်လေ သည်။



ကူးလျှံ ...

ကောင်းဝ ...

ကျင်းစန်း

ဝမ်းကျုံး ...

ကောင်းယယ့် ...

ထိုငါးယောက်သည် အနီး၌ ရှိနေသည်။

မည်သူက ပိုးဟပ်ဖြစ်မည်နည်း။

ကူးလျှံနှင့် ကောင်းယယ့်သည် သမီးနှင့် မြေးဖြစ်၍ ပိုးဟပ်ဖြစ်နိုင် စရာ အကြောင်းမရှိပါချေ။

ထို့ကြောင့် ကောင်းဝ၊ ကျင်းစန်းနှင့် ဝမ်းကျုံးတို့ သုံးယောက် သာ ရှိတော့သည်။

ကျင်းစန်းမှာ လူစိမ်းတစ်ယောက်ဖြစ်ပြီး မကြာသေးမီကမှ ရင်းနှီးခဲ့ရခြင်း ဖြစ်သည်။

မိမိတို့ မိသားစုနှင့် ရင်းနှီးခြင်းမရှိခဲ့သလို မိမိ၏ ခြံဝင်းနှင့် အဆောက်အဦး တည်ဆောက်ထားပုံ၊ အဆောင်ဆောင်အခန်းခန်း ဖွဲ့စည်းထားပုံကိုလည်း အကျွမ်းတဝင်ရှိသူ မဟုတ်ပါချ။

လက်ဝဲအားဟုသော ဘွဲ့ထူးဖြင့် သိုင်းလောက၌ ကျင်လည် ကျက်စားနေခဲ့သူဖြစ်ပြီး နောက်ကြောင်းရှင်းသူ ဖြစ်လေသည်။

ကျင်းစန်းသည် ပိုးဟပ်မဖြစ်နိုင်ကြောင်း ကူးဖန်း ယုံကြည် မိလေသည်။

ဤသို့ဆိုလျှင် ပိုးဟပ်ဖြစ်နိုင်သူမှာ နှစ်ယောက်သာ ကျန်ပေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဝှူးနှင့် ဝမ်းကျူးတို့ ဖြစ်သည်။

ကောင်းဝှူသည် ကူးဖန်းကိုယ်တိုင် သဘောကျကာ သမီးဖြစ်သူနှင့် လက်ထပ်ပေးခဲ့ခြင်း ဖြစ်သည်။

ကောင်းဝှူသည် သားမက်ဖြစ်သော်လည်း သားသမီးများ ရှိနေပြီဖြစ်၍ မိသားစုဝင်တစ်ယောက်ဟု သတ်မှတ်ရတော့မည် ဖြစ်သည်။

ကူးဖန်းသည် အမျိုးမျိုး တွေးတောစဉ်းစားပြီးလျှင် ဝမ်းကျူးအား ခပ်စိမ်းစိမ်း စိုက်ကြည့်လိုက်လေတော့သည်။

✦ ✧ ✦

ဝမ်းကျူးမှာ အတွေ့အကြုံရှိသော သိုင်းသမားတစ်ယောက် ဖြစ်ပါသည်။

ထို့ကြောင့် ကူးဖန်းက သူ့အား ခပ်စိမ်းစိမ်းစိုက်ကြည့်လိုက်သောအခါ ရင်ထိတ်သွားလေသည်။

ကူးဖန်းက တစ်ခုခုပြောလေတော့မည် ထင်သည်။

သို့သော် ကူးဖန်း တကယ်တမ်း မေးလိုက်သည်မှာ ကျင်းစန်း ဖြစ်လေသည်။

"မိတ်ဆွေလေးကကော ပိုးဟပ်ဟာ ဘယ်သူဘယ်ဝါဖြစ်မယ်လို့ ထင်မိသလဲ"

ကျင်းစန်းက ...

"ကျွန်တော်ကအပြင်လူတစ်ယောက်ပါ၊ ဒါကြောင့် ကျွန်တော် ထက်ပိုပြီး ဆရာကြီးက ထင်မြင်ချက်ပေးနိုင်မှာပါ"



ကူးဖန်း ပြုံးလိုက်သည်။

"မင်းတော့ မဖြစ်နိုင်ဘူး"

ထိုစကားကြောင့် ကျင်းစန်း ပြုံးလိုက်လေသည်။

"ကျွန်တော်ဟာ ဧည့်သည်ပါ၊ အပြင်လူတစ်ယောက်လည်း ဖြစ်ပါတယ်၊ ပြီးတော့ ပြဿနာဖြစ်တဲ့ အချိန်တိုင်း ဆရာကြီးအနားမှာ အတူရှိနေခဲ့တာလို့ ပြောနိုင်ပါတယ်"

ကူးဖန်း ခေါင်းညိတ်လိုက်သည်။

"မှန်တယ်၊ ဒါကြောင့်လည်း မိတ်ဆွေလေးဟာ စိတ်ချရတဲ့ လူတစ်ယောက်လို့ ကျုပ် သဘောထားလိုက်တာပေါ့"

တစ်ဖန် ကောင်းဝှူကို ကြည့်လိုက်သည်။

"လောကပေါ်မှာ ကိုယ့်သားသမီး ပြန်သတ်တဲ့ မိဘဆိုတာ မရှိပါဘူး၊ ဒါကြောင့် မင်းလည်း ပိုးဟပ်မဖြစ်နိုင်ဘူးလို့ ငါယုံကြည်တယ်"

ကောင်းဝှူ သက်ပြင်းချလိုက်သည်။

ကူးဖန်းက ဝမ်းကျူးဘက်သို့ လှည့်လိုက်သည်။

"မင်းကော ..."

"ဗျာ ..."

ကူးဖန်းကြောင့် ဝမ်းကျူး ရင်ထိတ်သွား၏။

ကူးဖန်းက တည်ကြည်သော မျက်နှာထားဖြင့်ပြောလိုက်သည်။

"အားလုံးထဲမှာ မင်းတစ်ယောက်ပဲကျန်တော့တယ်၊ ဒါကြောင့် ပိုးဟပ်ဆိုတာ မင်းပဲဖြစ်ရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကျုံးသည် ပိုးဟပ်ဟု စွပ်စွဲခံလိုက်ရခြင်းကြောင့် ပါးစပ် အဟောင်းသား ဖြစ်သွားလေသည်။

အလွန်အမင်း အံ့အားသင့်သွားသည့် အရိပ်အယောင်များလည်း သူ၏မျက်နှာပေါ်၌ ထင်ဟပ်လာလေသည်။

"ကျုပ် ... ကျုပ်"

ထစ်ထစ်ငေါ့ငေါ့ဖြင့် ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်နေပါတော့သည်။

ကူးဖန်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်းနဲ့ငါ သွေးသောက်ညီအစ်ကိုတွေ ဖြစ်ကြပေမယ့် တကယ်တမ်းမှာ မင်းရဲ့နောက်ကြောင်းရာဇဝင်ကို ငါက ခရေစေ့တွင်းကျ သိထားတာမဟုတ်ဘူး၊ ဒါပေမယ့် ငါ့ရဲ့အိမ်တွင်းရေးနဲ့ ပတ်သက်ပြီး မင်းကတော့ အားလုံးသိနေတာပဲ မဟုတ်လား"

"ကျုပ် ..."

ဝမ်းကျုံး မည်သို့ပြန်ပြောရမှန်းမသိအောင် ဖြစ်နေဆဲ ...

ကူဖန်းက ...

"မင်းရဲ့အသက်အရွယ်ကလည်း ပိုးဟပ်နဲ့ မတိမ်းမယိမ်းလောက်ပဲ မဟုတ်လား"

ခန်းမဆောင်အတွင်း၌ ရှိနေသူများအားလုံးသည် ဝမ်းကျုံးအား ကြည့်နေကြလေသည်။

ထိုအကြည့်များတွင် သံသယဖြစ်ခြင်း၊ ရှုမှန်းခြင်းများ ပါဝင်နေပါတော့သည်။



ကူးလျှံ ငိုင်နေသည်။

သူမ၏အကြည့်သည် အဓိပ္ပာယ် တိကျစွာ ဖော်ပြရန် ခက်ခဲလှပေသည်။

ကူးဖန်း၏ စကားအဆုံးတွင် ခန်းမဆောင်ထဲ၌ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ဝမ်းကျုံး ကယောင်ချောက်ချား ဖြစ်လာလေသည်။

ဖောချွေးများ ပြန်နေပြီး တစ်စုံတစ်ခုပြောရန် ကြိုးစားနေသော်လည်း စကားသံထွက်ပေါ်လာခြင်း မရှိပါချေ။

သူ၏စကားသံသည် လည်ချောင်း၌ တစ်ဆို့ပျောက်ကွယ်သွားသည် ထင်ရလေသည်။

ကူးဖန်း ချောင်းတစ်ချက် ဟန့်လိုက်သည်။

"တို့နှစ်ယောက်ဟာ သွေးသောက်ညီအစ်ကိုတွေအဖြစ် တစ်လျှောက်လုံး အတူနေထိုင်လာခဲ့ကြတယ်၊ ဒါပေမယ့် နောက်ပိုင်းမှာတော့ မင်းဟာ ငါ့ကို တဖြည်းဖြည်း စိမ်းကားလာတယ်"

သူ၏ရင်ထဲမှ ခံစားချက်များ ပွင့်အန်ထွက်လာခြင်း ဖြစ်လေသည်။

ဝမ်းကျုံးက ငေးကြည့်နေသည်။

ကူးဖန်းက

"မင်း မှုပြောင်းလာတာ ငါရိပ်မိတယ်၊ မင်းဟာ အိမ်မှာမနေဆာ့ဘဲ အပြင်မှာနေတာများလာတယ်၊ အိမ်နားက ဖြတ်သွားတာတောင် အိမ်ထဲမဝင်တော့ဘူး၊ ငါဟာ မင်းတို့မိသားစုရဲ့ ရန်သူကြီးဖြစ်တယ်ဆိုတာ မင်းသိသွားလို့မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကျုံး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ... ကျုပ်ဟာ ဝမ်းမျိုးနွယ်ကပဲ ဥစ္စာ"

ဝမ်းကျုံး ဖြေရှင်းရန် ကြိုးစားစဉ် ကူးဖန်းကကြားဖြတ်ပြော လိုက်လေသည်။

"မင်းဟာ ဝမ်းကျုံးဆိုပြီး ဝမ်းနွယ်ခံယူထားပေမယ့် ဝမ်းမျိုး နွယ် အစစ်မှ မယုတ်တာပဲကွာ၊ ဒါက ငါနဲ့မဆိုင်ဘူး"

ဝမ်းကျုံး ဦးခေါင်းခါကိုသာ တွင်တွင်ခါယမ်းနေလေသည်။

ကူးဖန်း၏ စွပ်စွဲချက်များကို မည်သို့ပြန်လှန်ဖြေရှင်းရမှန်းမသိ အောင် ဖြစ်နေပုံရှိလေသည်။

ကူးပန်း၏ မျက်နှာ တဖြည်းဖြည်း ခက်ထန်တင်းမာလာလေ သည်။

"သားလတ်နဲ့ သမီးကြီးကို တ်တ်တဆိတ်နဲ့ လွယ်လွယ်ကူကူ သတ်ပစ်နိုင်တာ၊ မင်းကလွဲလို့ ဘယ်သူရှိနိုင်ဦးမှာလဲ"

ထိုအချိန်မှာပင် ...

"ခွိမ်း ..."

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

ကောင်းဝူက ဒေါသတကြီး ဓားဆွဲထုတ်လိုက်ခြင်း ဖြစ်ပေ တော့သည်။

✦ ✧ ✦

ကောင်းဝူ ဒေါသချောင်းချောင်း ထွက်နေသည်။



သူ၏ မျက်နှာကြီး နီမြန်းနေပြီး အသားများ တဆတ်ဆတ် တုန်ယင်နေသည်။

ဝမ်းကျုံးအား ပြတ်ပြတ်သားသား စိန်ခေါ်လိုက်လေသည်။

"ဝမ်းကျုံး ... ခင်ဗျားအပြစ် ခင်ဗျားသိတယ်မဟုတ်လား၊ ဓား ထုတ်လိုက်ပါဗျာ"

ဝမ်းကျုံး ခေါင်းခါယမ်းနေဆဲ ...

"မဟုတ်ဘူး၊ အစ်ကိုကြီး ကူးဖန်းပြောနေတာတွေ တစ်ခုမှ မဟုတ်ဘူး၊ ခင်ဗျား ကျုပ်ကို အထင်လွဲရင် မှားလိမ့်မယ်၊ ကျုပ်က ပိုးဟပ်မဟုတ်ဘူး"

သူသည် ပိုးဟပ်မဟုတ်ကြောင်း ကပျာကယာ ဖြေရှင်းလိုက် လေသည်။

သို့သော် သူ၏ဖြေရှင်းမှုကို မည်သူမျှ အမှုမထားကြပါတော့ ချေ။

ဝမ်းကျုံးမှာ ပိုးဟပ်ဖြစ်ရမည်ဟု အားလုံး သံသယဝင်သွားကြ ပြီ မဟုတ်ပါလား။

ကောင်းဝူက ...

"ဘာပဲဖြစ်ဖြစ် ခင်ဗျားနဲ့ကျုပ် စာရင်းရှင်းရမှာပဲဗျ"

ဝမ်းကျုံးက ...

"ကောင်းဝူ ခင်ဗျားမှားလိမ့်မယ်"

"ကျုပ် ဘာမှမှားစရာအကြောင်းမရှိဘူးဗျ"

"မဟုတ်သေးဘူး၊ ကျုပ်က ..."

www.burmeseclassic.com

www.burmeseclassic.com



"တော်ဗျာ ... ခင်ဗျား မားထုတ်လိုက်ပါ"

ဝမ်းကျိုးထဲက မားဆွဲထုတ်ခြင်းမပြုပါ။

ကောင်းဝူက ...

"ခင်ဗျား မားမထုတ်ဘူးဆိုရင်လည်း ကျုပ်က တိုက်ခိုက်ရမှာပဲ"

ပြောရင်း မားကို ဝှေ့ယမ်းလိုက်လေသည်။

ဝင်းလက်တောက်ပသော မားရောင်များထွက်ပေါ်လာ၏။

အေးစိမ့်သော မား၏အငွေ့အသက်များက ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံသွားလေသည်။

ကောင်းဝူသည် ပြောသည့်အတိုင်း တိုက်ခိုက်တော့မည် ဖြစ်လေသည်။

ကူးလျှံ သတိဝင်လေသည်။

လှုပ်လှုပ်ရှားရှား ဖြစ်လေသည်။

သူမ အော်ပြောလိုက်သည်။

"ကောင်းဝူ ရှင်အရမ်းမလုပ်နဲ့၊ မှားကုန်လိမ့်မယ်ရှင်"

ချက်ချင်းပင် ရှေ့တိုးကာ ဟန့်တားဖို့လည်း ကြိုးစားလိုက်လေသည်။

ကောင်းဝူက ...

"ညီမ ... သူဟာ ကျုပ်ရဲ့ရန်သူပဲ၊ ကျုပ်က သူ့ကိုမနိုင်နိုင်မင်း သူ့ကိုဆက်ပြီး တိုက်ခိုက်ပါ"

ဝမ်းကျိုးအား တိုက်ခိုက်ရန် ကူးလျှံကိုပါ အဖော်ညှိနေတော့သည်။



ကောင်းဝူသည် ကူးလျှံကိုပြောပြီးသည်နှင့် ဝမ်းကျိုးအား တရကြမ်း တိုက်ခိုက်လိုက်လေတော့သည်။

✦ ✧ ✦

"ဝှစ် ... ဝှစ်"

ကောင်းဝူ၏ မားသည် လေထုကို ထိုးခွဲကာ ဝမ်းကျိုးထံ တိုးဝင်သွားလေသည်။

ဝမ်းကျိုး ကပျာကယာ ရှောင်တိမ်းလိုက်ရလေသည်။

"ကောင်းဝူ ... ရပ်လိုက်ပါ"

ဟုလည်း အလန့်တကြား အော်ပြောလိုက်လေသည်။

ကောင်းဝူက ရပ်တန့်ခြင်းမရှိပါချေ။

"ခင်ဗျားနဲ့ ကျုပ် ရွေးစရာ ဒီတစ်လမ်းပဲရှိတော့တယ်၊ ခင်ဗျားသေရင်သေ၊ ဒါမှမဟုတ်ရင် ကျုပ်သေသွားဖို့ပဲ"

ကျင်းစန်းသည် ကောင်းဝူ၏ စကားကြားသောအခါ ရင်ထဲ၌ထူးခြားသော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

ဝမ်းကျိုး ငိုင်သွား၏။

ကောင်းဝူ၏စကားကြောင့် သူ၏လှုပ်ရှားမှုများ နှေးကွေးသွားလေသည်။

ထို့ကြောင့် ...

"ဝှစ် ..."

ကောင်းဝူ၏ မားချက်ထပ်မံ တိုးဝင်သွားသောအခါ လွတ်

www.burmeseclassic.com

www.burmeseclassic.com



အောင် မရှောင်နိုင်တော့ဘဲ လက်မောင်းတွင် ရုပ်ထိသွားလေတော့သည်။

"အင့် ..."

ဝမ်းကျုံး မသဲမကွဲ ညည်းညူလိုက်၏။

ဓားရုပ်ထိသွားသော လက်မောင်းမှ သွေးများ စီးကျလာလေသည်။

ဝမ်းကျုံး ဒေါသဖြစ်သွားလေတော့သည်။

"ကောင်းဝူ ... ခင်ဗျား ရပ်လိုက်ပါ၊ ဒါမှမဟုတ်ဘဲ ဆက်ပြီး တိုက်ခိုက်မယ်ဆိုရင် ကျုပ် ဓားထုတ်ရတော့မှာပဲ"

ကောင်းဝူသည် မကြားချင်ဟန်ဆောင်ကာ ဆက်၍တိုက်ခိုက်လိုက်လေသည်။

ဝမ်းကျုံး ကပျာကယာ ရှောင်တိမ်းပေးလိုက်ရပြန်လေသည်။

တစ်ဆက်တည်းမှာပင် သူ၏လက်တစ်ဖက်က ဓားရိုးပေါ်သို့ ရောက်ရှိသွားလေသည်။

"ချွမ်း ..."

ဝမ်းကျုံးသည် သူ၏ဓားကို ဆွဲထုတ်လိုက်ပြီဖြစ်သည်။

ကောင်းဝူ၏ ဝမ်းကျုံးဓားဆွဲလိုက်သည်ကို တွေ့ရသည်နှင့် သူဓားတို ခြောက်လက်မကို ထုတ်ယူကာ ပစ်ပေါက်လိုက်လေသည်။

"ဗုစ် ... ဗုစ် ... ဗုစ်"

ဓားတိုခြောက်လက်သည် ဝမ်းကျုံးထံသို့ အရှိန်ပြင်းစွာ ပစ်လွှင့်သွားလေတော့သည်။



ဝမ်းကျုံး ဓားဆွဲထုတ်လိုက်သောအခါ ကောင်းဝူသည် တိုက်ကွက်ပြောင်းပြီး ဓားတိုကလေးများဖြင့် ပစ်ပေါက်တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ကောင်းဝူက ဝမ်းကျုံးအား အသေသတ်ရန် ကြိုးစားလိုက်ခြင်း ဖြစ်ကြောင်း ကူးလျှံရိပ်မိလိုက်လေသည်။

ထို့ကြောင့် ...

"ဒီလိုမလုပ်ရဘူး"

အထိတ်တလန့် အော်ပြောရင်း မြေပေါ်ခြေထောက်ကာ တိုက်ခိုက်နေသူ နှစ်ယောက်ကြားသို့ ခုန်ဝင်လိုက်လေသည်။

ကူးလျှံ ထိုသို့ကြားဝင်လာမည်ဟု မည်သူမျှ မထင်မိလိုက်ကြပါချေ။

ကူးလျှံ၏လုပ်ရပ်သည် အန္တရာယ်များလှကြောင်း သတိပြုမိသည့် ကူးဖန်းက ဟန့်တားရန် ဟန်ပြင်လိုက်လေသည်။

သို့သော် ကူးလျှံ၏ လှုပ်ရှားမှုက လျှပ်ပြက်သကဲ့သို့ လျင်မြန်နေခြင်းကြောင့် ဟန့်တားဖို့ အချိန်မမီအောင် ဖြစ်သွားလေတော့သည်။

ကူးလျှံသည် ဝမ်းကျုံး၏အရှေ့သို့ ရောက်ရှိသွား၏။

သူမသည် ဝမ်းကျုံးနှင့် မျက်နှာချင်းဆိုင် အနေအထားရှိပြီး ကောင်းဝူအား ကျောပေးထားသကဲ့သို့ ဖြစ်သွား၏။

ကောင်းဝူ ပစ်လွှတ်လိုက်သော ဓားတိုခြောက်ချောင်းအနက် တစ်ချောင်းသည် ကူးလျှံ၏နောက်ကျော၌ စိုက်ဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင့် ..."

ကူးလျှံ မသိမကွဲ ညည်းတွားလိုက်၏။

ဓားတိုသည် ချက်ကောင်းကို ထိသွားသည်ဖြစ်ရာ သူမ၏ မျက်နှာ ရှုံ့မဲ့သွားသလို မျက်လုံးကြီး ပြူးထွက်လာသည်။

နှုတ်ခမ်းထောင့်မှ သွေးများလည်း ယိုစီးကျလာလေသည်။

ထို့နောက် ...

"ဝုန်း ..."

မြေပေါ် မှောက်လျက်လဲကျကာ အသက်ပျောက်သွားလေတော့သည်။

✦ ✧ ✦

ကောင်းဝ၏ ဓားတို ပစ်ပေါက်သည့်ပညာသည် ဓားရည်ပညာ ထက်ပင် ထက်မြက်နေလေသည်။

ကောင်းဝက ဓားတိုဖြင့် ပစ်ပါက်လိုက်သောအခါ တော်ရုံလူ ရှောင်တိမ်းနိုင်စွမ်းရှိမည် မဟုတ်ပါချေ။

ယခုလည်း ကြားဝင်လာသည့် လူးလျှံမှာ ဓားတိုတစ်လက် ထိမှန်ကာ လဲကျသွားရာပြီဖြစ်လေသည်။

ကျန်ဓားတို ငါးချောင်းသည် ဝမ်းကျုံးထံသို့ ဆက်လက် ပစ်လွှင့်သွားလေသည်။

ဝမ်းကျုံးက ဓားဝှေ့ယမ်းကာ ဓားတိုနှစ်ချောင်းကို ရိုက်ထုတ် ပစ်လိုက်နိုင်သည်။



ခန္ဓာကိုယ် သောတိုက်အနေအထားဖြင့် နောက်ထပ် ဓားတို တစ်ချောင်းကို ရှောင်တိမ်းလိုက်သည်။

ကျန်ဓားတိုနှစ်ချောင်းကို ရှောင်တိမ်းဖို့ကား ကူးလျှံ၏ အဖြစ်ဆိုး ကို တွေ့မြင်လိုက်ရသဖြင့် သတိလက်လွှတ် ဖြစ်သွားပြီး ခန္ဓာကိုယ် ဟန်ချက်ပျက်ကာ လွတ်အောင်မရှောင်နိုင်တော့ချေ။

ဓားတိုနှစ်ယောက်သည် ဝမ်းကျုံးအား တည့်မတ်စွာ ထိမှန်သွား လေတော့သည်။

"ဒုတ် ... ဒုတ်"

"အား ..."

ဝမ်းကျုံး စူးရှအော်ဟစ်လိုက်လေသည်။

သူ၏ တစ်ကိုယ်လုံး ယိမ်းယိုင်သွား၏။

ဒယီးဒယိုင်ဖြင့် သုံးလေးလှမ်းမျှ နောက်ဆုတ်သွားပြီး ...

"ဝုန်း ..."

မြေပေါ် လဲကျသွားတော့သည်။

ကူးလျှံသည် လည်းကောင်း၊ ဝမ်းကျုံးသည်လည်းကောင်း ကောင်းဝ၏ လက်ချက်ဖြင့် သေဆုံးသွားကြလေတော့သည်။

✦ ✧ ✦

တိုက်ပွဲပြီးဆုံးသွားပြီ ဖြစ်သည်။

ဝမ်းကျုံးနှင့် ကူးလျှံတို့ သေဆုံးသွားကြပြီဖြစ်သည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း အခြေအနေရုပ်ရပ် ပြောင်းလဲသွားခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဝှ၏ လက်ချက်ဖြင့် ဝမ်းကျုံးနှင့် ကူးလျှံတို့ သေဆုံးသွားကြရမည်ဟု မည်သူမျှ ထင်မှတ်ကြမည်မဟုတ်ချေ။

ကူးဖန် ကြက်သေသေနေ၏။

ကျင်းစန်းလည်း မှင်တက်နေသည်။

ကောင်းယဲ့ကား မိခင်၏အဖြစ်ဆိုးကြောင့် မူးမေ့လဲကျသွားမလို ဖြစ်နေသည်။

ထိုအချိန်မှာပင် ...

"ဟား ... ဟား ... ဟား"

အဘွားအိုက ဟားတိုက်ရယ်မောလိုက်လေသည်။

အားလုံးက အဘွားအိုအား လှမ်းကြည့်လိုက်ကြလေသည်။

အဘွားအိုက ရယ်မောရာမှ ရပ်တန့်လိုက်သည်။

"ခုဆိုရင် ရှင်လည်း မျိုးဆက်ပြတ်သွားတော့မှာပေါ့"

ဟု ကူးဖန်းကို လှမ်းပြောလေသည်။

ကူးဖန်း ဒေါပွသွားလေသည်။

"မင်းရဲ့ ပါးစပ်က ကျုပ်ကို ဘာလုပ်နိုင်မှာမို့လဲ"

အဘွားအိုက ...

"ရှင်က ခုချိန်ထိ ကိုယ့်ကိုယ်ကို အထင်ကြီးနေတုန်းပဲကိုး"

စကားဆုံးလျှင် ဓားတစ်လက် ဆွဲထုတ်လိုက်လေသည်။

ကူးဖန်း မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားက ကျုပ်ကိုတိုက်ခိုက်ဦးမယ်ပေါ့လေ"

အဘွားအိုက ...



"ရှင်သေသွားမှ အားလုံးပြီးစီးသွားမယ် မဟုတ်လား"

အသက်အရွယ်နှင့် မလိုက်အောင်ပင် လျင်မြန်စွာ ပြေးဝင်သွားပြီး ကူးဖန်းအား တိုက်ခိုက်လိုက်လေသည်။

ကောင်းဝှ၏ လှုပ်ရှားမှုက အဘွားအိုထက်လျင်မြန်နေပါသည်။

"ရပ်လိုက်စမ်း"

အော်ဟစ်ရင်း ကူးဖန်း၏ရှေ့သို့ ခုန်ဝင်သွား၏။

ကူးဖန်းကို အကာအကွယ်ပေးလိုက်ပြီး အဘွားအိုကို ရင်ဆိုင်လိုက်လေသည်။

ကောင်းဝှ၏ ဓားပညာ ထက်မြက်လှသည်ဖြစ်ရာ အဘွားအိုအား ဟန့်ထားနိုင်သည့်အပြင် အထက်စီးယူကာ ပြန်လည်တိုက်ခိုက်နိုင်ခဲ့လေသည်။

"ခြွမ်း ... ခြွမ်း"

ဓားနှစ်လက် ပြင်းထန်စွာ ထိတွေ့မိကာ မီးပွင့်ကလေးများပင် ထွက်ပေါ်လာလေသည်။

အဘွားအို ချက်ချင်း နောက်ဆုတ်လိုက်ရလေသည်။

ကောင်းဝှက ...

"ကျုပ်ယောက္ခမကို ဒုက္ခပေးဖို့ မကြံနဲ့"

ဟု ငေါက်ကာ ဖိ၍တိုက်ခိုက်လိုက်လေသည်။

အဘွားအိုမှာ ကောင်းဝှ၏ ပြင်းထန်သော ဓားချက်များကို ခုခံနိုင်စွမ်း မရှိတော့ပါချေ။

ကပျာကယာ နောက်ဆုတ်ရှောင်တိမ်းဖို့ ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝှစ် ..."

ကောင်းဝှ၏ မားက အဘွားအို၏ရင်ဝသို့ တိုးဝင်သွား၏။

"အမလေး ..."

အဘွားအို ရှူးရှူးရှာ အော်ဟစ်ကာ အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

✦ ✧ ✦

ယခု အဆောက်အဦးကြီးအတွင်း၌ ကူးဖန်း၊ ကောင်းဝှ၊ ကျင်းစန်းနှင့် ကောင်းယဲ့တို့ လေးယောက်သာ အသက်ရှင်လျက် ကျန်ရစ်ခဲ့လေသည်။

သူတို့သည် ပိုးဟပ်အား ဖော်ထုတ်သုတ်သင်နိုင်ခဲ့ကြပြီလော။

ဝမ်းကျုံးမှာ ပိုးဟပ်ဆိုသော လူသတ်သမားအမှန်ပင် ဖြစ်နေပါသလော ...။

အဘွားအို သေဆုံးသွားပြီဖြစ်ရာ မည်သူမည်ဝါသည် ပိုးဟပ်ဖြစ်ကြောင်း ပြောပြနိုင်တော့မည် မဟုတ်ပါချေ။

ကူးဖန်း သက်ပြင်းချလိုက်သည်။

"ဝမ်းကျုံးဟာ ပိုးဟပ်ဖြစ်မယ်လို့ ကျုပ် လုံးဝမမျှော်လင့်ခဲ့တာ အမှန်ပဲ"

ဝမ်းကျုံးသေဆုံးသွားပြီဖြစ်ရာ နောက်ထပ် ဒုက္ခပေးနိုင်တော့မည် မဟုတ်ပါချေ။

အခြေအနေအရ ဝမ်းကျုံးသည် ပိုးဟပ်ဖြစ်သွားလေသည်။



ထိုအချက်ကို ကျင်းစန်း ဘဝင်မကျနိုင်အောင် ဖြစ်နေ၏။

တစ်စုံတစ်ခု လွဲမှားနေသည်ဟု စိတ်ထဲခံစားနေသည်။

သို့သော် မည်သို့လွဲမှားနေသည်ကိုမူ မပြောတတ်ချေ။

"မေမေ ..."

ကောင်းယဲ့သည် တစ်ချက်ခေါ်လိုက်သည်။

မိခင်ကြီး ကူးလျှံထံသို့ ပြေးသွားပြီး မှေ့ဖက်ငိုကြွေးလိုက်လေသည်။

ကူးဖန်း စိတ်မကောင်းဖြစ်သွားသည်။

"ကောင်းဝှ ... မင်း သတိထားသင့်တယ်"

ဟု ကောင်းဝှအား အပြစ်တင်လိုက်လေသည်။

ကောင်းဝှကြောင့် ကူးလျှံ သေဆုံးသွားရသည် မဟုတ်ပါလား။

ကောင်းဝှက ...

"ကျွန်တော် ..."

ဆက်ပြောစရာစကား ရှာမတွေ့သည့်အလား ခေါင်းငုံ့ထားလိုက်လေသည်။

ကူးဖန်းမှာ ဝမ်းနည်းကြေကွဲမှုများ ခံစားနေရပြီး ဖြေမဆည်နိုင်အောင် ဖြစ်နေသည်။

မြေးသုံးယောက်အပြင် သမီးဖြစ်သူ သေဆုံးသွားရသည်အထိ ဖော်မပြနိုင်အောင် အဖြစ်ဆိုးနှင့် ကြုံတွေ့လိုက်ရသည်မဟုတ်ပါလား။

ကောင်းဝှသည် ရန်သူတော် ပိုးဟပ်(ဝါ) ဝမ်းကျုံးအား တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကူးလျှံက မဆင်မခြင် ကြားဝင်လိုက်ခြင်းကြောင့်သာလျှင် ကံဆိုးသွားခြင်းဖြစ်လေသည်။

ကူးလျှံ၏ လုပ်ရပ်ကသာ နားမလည်နိုင်စရာ ကောင်းနေသည် မဟုတ်ပါလား။

စိတ်ထိခိုက်နေသော ကူးဖန်းမှာ သမီး၏အလောင်းကို လှမ်းကြည့်ပြီး ...

"တကယ်တော့ ခုလို အပြစ်ဆိုးတွေနဲ့ ကြုံတွေ့လိုက်ရတာ ငါ့ကြောင့်ပါပဲ"

ဟု ညည်းတွားလိုက်လေသည်။

ကျင်းစန်းက ...

"ဆရာကြီးဟာ ပဉ္စလက်ဓားသံရှင် ရီစန်းတို့မိသားစုကို ရက်ရက်စက်စက် သတ်ပစ်ခဲ့တဲ့အတွက် အပြစ်ရှိနေတာ အမှန်ပါပဲ"

ကူးဖန်းက ကျင်းစန်းအား လှမ်းကြ ည့်လိုက်လေသည်။

ကျင်းစန်း၏ မျက်နှာ တည်ကြည်လေးနက်နေလေသည်။

ကူးဖန်းက ...

"ကျုပ်အပေါ်မှာ မိတ်ဆွေလေးက ဘယ်လိုသဘောထားမှာလဲ"

ဟု မေးလိုက်သည်။

ကျင်းစန်း၏ မျက်နှာ တည်ကြည်လေးနက်နေသည်။

"ဆရာကြီးရဲ့ အပြစ်တွေဟာ ဘယ်လိုမှ ခွင့်မလွှတ်နိုင်စရာပါပဲ"



ကူးဖန်း မဲ့ပြုံး ပြုံးလိုက်သည်။

"ကျုပ်ရဲ့အပြစ်ကို ခွင့်မလွှတ်နိုင်ဘူးဆိုတော့ မင်းက ကျုပ်ကို ဘယ်လိုစီရင်ချင်လို့လဲ၊ မင်းက ပိုးဟပ်ဖြစ်နေလို့လား"

ကျင်းစန်း ခေါင်းခါယမ်းလိုက်လေသည်။

"ကျွန်တော်က ပိုးဟပ်မဟုတ်ပါဘူး၊ သိုင်းလောကမှာ ကျင်လည်ကျက်စားရင်း မကောင်းသူပယ် ကောင်းသူကယ်နေတဲ့ အဖြူရောင် သိုင်းသမားတစ်ယောက်ပါဗျာ"

အဖြူရောင် သိုင်းသမားများသည် မတရားမှုများကို လုံးဝ လက်မခံတတ်ကြချေ။

ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ လက်ပိုက်ကြည့်မနေဘဲ ကြားဝင်ဖြေရှင်းတတ်ကြသူများ ဖြစ်လေသည်။

ကျင်းစန်းသည် ကူးဖန်း၏ လုပ်ရပ်ကို လက်မခံနိုင်ဘဲ ဖြေရှင်းမည်ဖြစ်ပါသည်။

ကူးဖန်း သက်ပြင်းချလိုက်သည်။

"ဒါဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်လောက်က ကိစ္စပါ၊ ကျုပ်လည်း သိုင်းလောကထဲမှာ ကျင်လည်ကျက်စားခြင်း မပြုတော့ပါဘူး၊ ကျုပ်သမီးနဲ့ မြေးတွေ သေဆုံးသွားတဲ့အတွက်လည်း အတော့်ကို စိတ်ထိခိုက်ပြီး နောင်တရနေပါပြီ၊ မိတ်ဆွေလေးက ဒီကိစ္စကို လျစ်လျူရှုထားလိုက်လို့ မရဘူးလား"

သူ၏စကားကြောင့် ကျင်းစန်း အခက်ကြုံသွားသည်။

ကူးဖန်း မည်မျှ ထိခိုက်ကြေကွဲခဲ့ရသည်ကို သူမျက်မြင်ကိုယ်တွေ့ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပဥ္စလက်စောင်း ရိစန်းတို့ မိသားစုလည်း မရှိကြတော့ပါ။

ကူးဖန်းကသာ နောင်တ တရားရမည်ဆိုလျှင် လျစ်လျူရှုထားလိုက်၍လည်း ပြဿနာ ရှိတော့မည်မဟုတ်ချေ။

ကူးဖန်းက ...

"မိတ်ဆွေလေးက ကျုပ်ကို လျစ်လျူရှုထားနိုင်မယ်ထင်ပါတယ်၊ ဒီကိစ္စကို ဘယ်သူမှသိနိုင်ကြတော့တာမဟုတ်ပါဘူး၊ အစဖော်မယ့်လူလည်း ရှိတော့တာမှမဟုတ်တာပဲ"

ကျင်းစန်း တွေဝေနေစဉ် ကူးဖန်းက ကောင်းဝူအား တီးတိုးပြောလိုက်သည်။

"သူ့ကို ရှင်းပစ်ရမယ်၊ ဒါဆိုရင် ငါတို့ကို ဒုက္ခပေးနိုင်မယ့်လူ မရှိတော့ဘူး"

ကောင်းဝူ ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဗျာ"

ကျင်းစန်းသည် ကူးဖန်း၏စကားကြောင့် တွေဝေငေးငိုင်နေဆဲ

ကောင်းဝူက ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်ကာ တိုက်ခိုက်လိုက်လေသည်။

သူက ကျင်းစန်းအား တိုက်ခိုက်လိုက်ခြင်းမဟုတ်ပါ။

ကူးဖန်းအား တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

◆ ◇ ◆

ဓားရောင် ဝင်းခနဲ လင်းလက်သွားလေသည်။



ကောင်းဝူ၏ ဓားသည် ကူးဖန်း၏ရင်ကို ထိုးဖောက်စိုက်ဝင်သွားလေသည်။

မမျှော်လင့်ဘဲ တိုက်ခိုက်ခံလိုက်ရခြင်းကြောင့် ကူးဖန်း မရှောင်နိုင်တော့ချေ။

"အွန်...."

ကူးဖန်း၏တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲသွားလေသည်။

မသဲမကွဲ ညည်းညူရင်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

"ဟင်..."

ကျင်းစန်းလည်း အံ့ဩသွားသည်။

ကောင်းဝူသည် အဘယ်ကြောင့် ကူးဖန်းအား တိုက်ခိုက်လိုက်ရပါသနည်း။

ကျင်းစန်းသည် ကောင်းဝူကိုကြည့်ရင်း တဖြည်းဖြည်း နားလည်သဘောပေါက်လာလေတော့သည်။

နားလည်သဘောမပေါက်နိုင်သူမှာ ကူးဖန်းဖြစ်လေသည်။

ကူးဖန်း မယုံနိုင်အောင် ဖြစ်နေ၏။

"ကောင်း ... ကောင်းဝူ ... မင်း ... မင်း ဘာကြောင့် ခုလိုလုပ်ရတာလဲ"

ကောင်းဝူ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ကောင်းဝူမဟုတ်ပါဘူးဗျာ၊ ကျုပ်ရဲ့နာမည်အရင်းက ရင်ဝူးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ ..."

"ကျုပ်ဟာ ပဥ္စလက်ခေါင်းသံရှင် ရင်စန်းရဲ့ မြေး ရင်ငွေးပါ ခင်ဗျားတို့ပြောနေတဲ့ ပိုးဟပ်ပေါ့ဗျာ"

"ဘာကွ ..."

ကူးဖန်း မျက်လုံးပြူးသွား၏။

စိတ်လှုပ်ရှားခြင်းကြောင့် ရင်ဝဒဏ်ရာမှ သွေးများ ပို၍ စီးကျလာလေတော့သည်။

ကောင်းငွေးက ...

"ကျုပ်တို့ဟာ မိသားစုအတွက် သွေးကြွေးဆပ်ဖို့ ကျုပ်ဟာ ရင်ငွေးကနေ ကောင်းငွေးဖြစ်ခဲ့ရတာပါဗျာ"

"မင်း ... မင်း"

"ကျုပ်ကို နို့ထိန်းကြီးက ခေါ်ပြီးထွက်ပြေးသွားလို့ အသက်ချမ်းသာရာရခဲ့တယ်. နို့ထိန်းကြီးဟာ ကျုပ်ကြီးပြင်းလာတော့ မိဘ ဌေ ခကြောင်း ပြောပြပြီး ခင်ဗျားကို လက်စားချေဖို့ သိုင်းပညာ သင်ယူခိုင်းတယ်၊ ကျုပ်လည်း နာကြည်းတဲ့စိတ်နဲ့ သိုင်းပညာ ကြိုးစား သင်ယူခဲ့တယ်၊ ကျုပ် ပညာပြည့်စုံသွားပေမယ့် ခင်ဗျားကို ဘယ်လိုမှ မယှဉ်နိုင်ဘူးဆိုတာ သိခဲ့ရတာပေါ့"

ကူးဖန်းက ...

"ဒါဖြင့် ငါနဲ့ပညာပြိုင်ဖို့ လာခဲ့တာဟာ ငါ့ကိုသတ်ဖို့ လာတာပေါ့"

ကောင်းငွေ ခေါင်းညိတ်လိုက်သည်။



"သိပ်မှန်တာပေါ့ဗျာ၊ ကျုပ်က ခင်ဗျားကိုသတ်ပစ်ဖို့ လာခဲ့တာပဲ၊ ဒါပေမယ့် ခင်ဗျားကို မယှဉ်နိုင်ခဲ့ဘူး၊ ကျုပ်ကံကောင်းချင်တော့ ခင်ဗျားက ကျုပ်ကို သဘောကျသွားပြီး ခင်ဗျားသမီး ကူးလျှံနဲ့ ပေးစားခဲ့တာပဲ"

ကူးဖန်း ညည်းတွားလိုက်လေသည်။

"သူခိုးကို ဓားရိုးကမ်းမိတယ်ဆိုတာ ဒါမျိုးပဲ"

ကောင်းငွေ ရယ်မောလိုက်သည်။

"ကျုပ်က ခင်ဗျားရဲ့ သားမက်ဖြစ်လာတော့ ခင်ဗျားနဲ့ အနီးကပ်ဆုံး နေရာမှာ နေနိုင်ခဲ့တာပေါ၊ ခင်ဗျားကို လုပ်ကြံဖို့ အချိန်ယူပြီး စီမံဆောင်ရွက်နိုင်ခဲ့တာပေါ့ဗျာ"

ကူးဖန်းက ...

"ဘာပဲဖြစ်ဖြစ် မင်းနဲ့ ငါ့သမီး အိမ်ထောင်ကျပြီး သားသမီးတွေ ရခဲ့တာပဲ၊ ငါတို့ဟာ မိသားစုလိုဖြစ်သွားပြီ၊ ဒါတောင် မင်းရဲ့ လက်စားချေချင်စိတ်တွေ လျော့ပါးမသွားတော့ဘူးလား"

ကောင်းငွေ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားမှားနေပြီ၊ ခင်ဗျားသမီးဟာ ကျုပ်ကို လက်ထပ်လိုက်ရပေမယ့် သူတကယ်ချစ်တာ ဝမ်းကျုံးဗျ"

"ဘာ ..."

"သူနဲ့ ဝမ်းကျုံး ငြိစွန်းနေကြတာကို ကျုပ်သိတာပေါ့၊ ကောင်းလီ၊ ကောင်းရုံနဲ့ ကောင်းချင်းတို့ဟာ ဝမ်းကျုံးရဲ့တဲ့ ကလေးတွေပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကူးဖန်း မယုံနိုင်အောင် ဖြစ်နေသည်။

ကျင်းစန်း ပင့်သက်ရှူကလိုက်သည်။

ဘယ်မိဘမှ ကိုယ့်သားသမီးအား ပြန်၍သတ်ဖြတ်မည်မဟုတ်ဟု ကူးဖန်းပြောခဲ့သော စကားကို ပြန်လည်ကြားယောင်လာလေသည်။

ကောင်းလီ၊ ကောင်းရှုံနှင့် ကောင်းချင်းတို့သည် ကောင်းဝူ၏ သားသမီးများ မဟုတ်ကြပါ။

ထို့ကြောင့် ကောင်းဝူက သတ်ပစ်ဖို့ ဝန်လေးနေမည်မဟုတ်ပါချေ။

ကောင်းဝူက သူတို့အား ဖမ်းခေါ်သွားဖို့ ကြိုးစားသောအခါ ကောင်းလီတို့က အကြောက်အကန် ခုခံခဲ့ကြခြင်းကြောင့်လည်း တစ်ခါတည်း နှုတ်ပိတ်ပစ်လိုက်ခြင်း ဖြစ်ပေသည်။

အဖြစ်အပျက်က ရှင်းရှင်းလင်းလင်း ဖြစ်လာလေသည်။

ကူးလျှံက ကောင်းဝူထက်စာလျှင် ဝမ်းကျူးကို ပို၍ ရင်းရင်းနှီးနှီး ရှိသလို အားကိုးအားထား ပြုနေရသည်မှာ အဘယ်ကြောင့်ဆိုသည်ကိုလည်းကောင်း၊ ဝမ်းကျူးသည် အိမ်၌ ကြာကြာမနေဘဲ အပြင်သို့ချည်း ထွက်နေခြင်း၊ ခါတိုင်းလိုမဟုတ်တော့ဘဲ ခပ်စိမ်းစိမ်း ဖြစ်နေခြင်းစသည့် ပြောင်းလဲမှုများမှာ အဘယ်ကြောင့်ဆိုသည် လည်းကောင်း ရှင်းရှင်းလင်းလင်း ဖြစ်လာခြင်းပင်။

ဝမ်းကျူးသည် ကူးလျှံနှင့် ငြိစွန်းနေခြင်းကြောင့် ကူးဖန်းနှင့် ကောင်းဝူတို့အား မျက်နှာမူကာ ရှောင်ဖယ်ဖယ်နေခဲ့ခြင်း မဟုတ်ပါလား။



ကောင်းဝူကလည်း ထိုကိစ္စကို ရိပ်မိနေသည်။

သူနှင့် ရင်းနှီးခြင်းမရှိဘဲ သားသမီးများ ရရှိလာခြင်းသည် ဖုံးကွယ်မရသော ကိစ္စဖြစ်သည်။

ကူးလျှံက ကောင်းဝူအား အမြဲတမ်း သဘောမကျနိုင်အောင် ဖြစ်နေခြင်းမှာ ဝမ်းကျူးကို ပို၍ တွယ်တာနေခြင်း စသည့်အကြောင်းအချက်များကြောင့် ဖြစ်ပေသည်။

ဖိုးဟပ်ဆိုသည့် လူသတ်သမား ပေါ်ပေါက်လာရသည့်ကိစ္စ လုံး၊ ရုပ်လုံးပေါ်သွားလေတော့သည်။

ကောင်းဝူ၏ ရင်ထဲမှ နာကြည်းမှုများသည် ကူးဖန်း ကံဆိုးဖို့ ဖြစ်သွားသည်။

မှာရဟတ် တစ်ပတ်လည်ခြင်း ဖြစ်ပေတော့သည်။

ကူးဖန်းသည် ဒဏ်ရာပြင်းထန်စွာ ရရှိထားသည့်ကြားမှ အံတင်းတင်းကြိတ်လိုက်သည်။

"ယား..."

ညာသံပေးကာ ကောင်းဝူထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ကောင်းဝူ မလှုပ်မယှက် ရပ်နေ၏။

သူ၏ မျက်နှာ အေးစက်ခက်ထန်နေ၏။

ကူးဖန်းအပေါ် မုန်းတီးမှုများ ဘယ်တော့မှ ပျောက်ကွယ်သွားမည် မဟုတ်ကြောင်း ထင်ရှားလေသည်။

သူ၏ဓားကိုင်ထားသော လက်တစ်ချက် လှုပ်ရှားသွား၏။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်သော မားချက်သည် ခုန်ဝင်လာသော ကူးဖန်အား ပိုင်ပိုင်နိုင်နိုင် ပိုင်းချလိုက်ပြီးသား ဖြစ်သွားလေသည်။

ကူးဖန်း အသံပင်မထွက်နိုင်တော့ဘဲ ကြမ်းပြင်ပေါ် ပြွတ်ကျကာ အသက်ပျောက်သွားလေတော့သည်။

✦ ✧ ✦

ကူးဖန် သေဆုံးသွားပြီဖြစ်သည်။

ကောင်းဝူ၏ လက်စားချေသောကိစ္စ ပြီးဆုံးသွားပြီ ဖြစ်ပါသည်။

သို့သော ကောင်းဝူမှာ ဝမ်းသာအားရ ပျော်ရွှင်မှု မခံစားရပါချေ။

သူ၏ရင်ထဲ တင်းကြပ်နေသည်။

ကျင်းစန်းက ...

"ခင်ဗျားကို ချီးကျူးပါတယ်ဗျာ"

ချီးကျူးစကား ဆိုလိုက်သည်။

ကောင်းဝူ သက်ပြင်းချလိုက်သည်။

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ခင်ဗျားကို အသုံးချမိသလို ဖြစ်သွားတယ်"

"တကယ်တော့ ခင်ဗျားဟာ ကျုပ်ကို မိတ်ဆွေဖွဲ့ချင်တာထက် ကူးဖန်း အာရုံထွေပြားသွားအောင် လုပ်ချင်ခဲ့တာမဟုတ်လား"

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ"



ကောင်းဝူ ထပ်ပြီးတောင်းပန်လိုက်လေသည်။

ကျင်းစန်းက ...

"ခင်ဗျားကို တစ်ခုမေးချင်တယ်၊ အမှန်အတိုင်း ဖြေရင်ကောင်းမယ်"

ကောင်းဝူက ...

"ခင်ဗျား ... ဘာမျှား...င်လို့လဲ"

ကျင်းဝန်းက တည်ကြည်သော မျက်နှာထားဖြင့် မေးလိုက်လေသည်။

"ရိလုံနဲ့ ယုစန်းတို့က ဟောဒီကိစ္စထဲမှာ ဘယ်လိုများ ပါဝင်ပတ်သက်ခဲ့ကြတာလဲ"

"ဩော် ... ခင်ဗျားက ဒီလူနှစ်ယောက်အကြောင်းကို သိချင်နေတာကိုး"

ကျင်းစန်းက ...

"တခြားကိစ္စတွေကို ကျုပ် ဆက်စပ်တွေးတောကြည့်လို့ရပါပြီ၊ ဒါပေမယ့် ပိုးဟပ်ကိစ္စမှာ သူတို့နှစ်ယောက် ဘယ်လိုပါဝင်ပတ်သက်ခဲ့ကြတယ်ဆိုတာ ကျုပ်သိပ်ပြီး မရှင်းဘူး ဖြစ်နေတယ်"

ကောင်းဝူ ပြုံးလိုက်လေသည်။

"ကူးဖန်းဟာ မြေလတ်ပိုင်း ပြိုင်စံရှား သိုင်းသမားဘွဲ့ထူးရ အဖြူရောင်သိုင်းသမားကြီးလို့ လူတိုင်းသိထားကြပေမယ့် နောက်ကွယ်မှာ မကောင်းမှုဒုစရိုက်တွေ ကျူးလွန်နေတဲ့ လူဆိုး စားကြီးတစ်ယောက်ဆိုတာ သိတဲ့လူ အင်မတန်နည်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစန်းက စိတ်ဝင်စားစွာ နားထောင်နေလိုက်လေသည်။

ကောင်းဝူက ဆက်ပြောလိုက်သည်။

"ရီလုံနဲ့ ယုစန်းတို့ နှစ်ယောက်ကလည်း ဓားပြကြီးတွေပါပဲ၊ သူတို့နှစ်ယောက်ဟာ ကူးဖန်းရဲ့ လက်အောက်မှာ လက်ထောက် ခေါင်းဆောင်တွေ ဖြစ်ခဲ့ကြဖူးတယ်လေ"

ကျင်းစန်းက ...

"ကူးဖန်းဟာ နောက်ကွယ်မှာ ဓားပြဂိုဏ်းတစ်ခု ဖွဲ့စည်းထူ ထောင်ဖူးခဲ့တယ် ဟုတ်လား"

"အမှန်ပါပဲဗျာ၊ တစ်ချိန်က မြေလတ်ပိုင်းမှာ သောင်းကျန်း ခဲ့တဲ့ ဘီလူးဂိုဏ်းဆိုတဲ့ ဓားပြအဖွဲ့ဟာ ကူးဖန်းရဲ့ အဖွဲ့ပါဗျာ"

"အင်း ... မြေလတ်ပိုင်းမှာ ဘီလူးဂိုဏ်း သောင်းကျန်းခဲ့တယ် ဆိုတာ ကျော်ကြားဖူးပါတယ်၊ ဒါပေမယ့် သူတို့ကို ပြိုင်စံရှား သိုင်း သမားကြီး ကူးဖန်းက ချေမှုန်းပစ်ခဲ့တယ်လို့ သတင်းထွက်ပေါ်ခဲ့တာပဲ မဟုတ်လားဗျာ"

ကောင်းဝူ ရယ်မောလိုက်ပြန်သည်။

"ဒါဟာ လူဖန်းက လှည့်ကွက်ဆင်ပြီး နာမည်ကောင်းယူခဲ့ ပါတယ်ဗျာ၊ ကူးဖန်းတို့လူစုဟာ ဓားပြမှုတွေ ကျူးလွန်ပြီး ပစ္စည်းဥစ္စာ အတော်အသင့် စုဆောင်းမိခဲ့ကြပြီး လူတွေကလည်း ဘီလူးဂိုဏ်းကို သတိပြုမိလာကြတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်အနေနဲ့ ကူးဖန်းက ဘီလူးဂိုဏ်းကို ဖျက်သိမ်းပြီး သူကပဲ ချေမှုန်းလိုက်တာလို့ နာမည် ကောင်း ယူလိုက်တာပေါ့"



"လက်စသတ်တော့ ဒီလိုကိုး ..."

ကျင်းစန်း ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်လေသည်။

ကောင်းဝူ ဆက်ပြောသည်။

အဲဒီနောက်ပိုင်း ကူးဖန်းလည်း သိုင်းလောကက အနားယူ လိုက်တယ်၊ သူရဲ့ လက်ထောက်နှစ်ယောက်ဖြစ်တဲ့ ရီလုံနဲ့ ယုစန်း တို့လည်း ဇာတ်မြှုပ်နေလိုက်ကြတယ်၊ ကူးဖန်းက ကျုပ်အဘိုးအပေါ် အကောက်ကြံပြီး ကျုပ်တို့ တစ်မိသားစုလုံးကို သတ်ပစ်လိုက်တဲ့အချိန် မှာ ကြောက်လန့်ပြီး ထွက်ပြေးတိမ်းရှောင်သွားကြတဲ့ အိမ်ဖော်တွေ အလုပ်သမားတွေကိုလည်း ချမ်းသာပေးခဲ့တာ မဟုတ်ပါဘူး"

ကျင်းစန်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ခင်ဗျား ဘာလိုပြောလိုက်တာလဲဗျာ"

ကောင်းဝူက ...

"ကူးဖန်းက ကျုပ်တို့အိမ်က ထွက်ပြေးသွားကြတဲ့ အိမ်ဖော် တွေနဲ့ အလုပ်သမားတွေကို တစ်ယောက်မကျန် သတ်ပစ်ဖို့ သူ့ရဲ့ လက်ထောက်တွေဖြစ်တဲ့ ရီလုံနဲ့ ယုစန်းကို တာဝန်ပေးလိုက်တယ် လေ"

ပြောရင်း ဒေါသဖြစ်လာဟန်ဖြင့် မျက်နှာကြီးတစ်ခုလုံး နီရဲ ခက်ထန်လာလေတော့သည်။

"ကျုပ်တို့ အိမ်က ထွက်ပြေးသွားကြတဲ့ အိမ်ဖော်တွေ၊ အလုပ် သမားတွေအားလုံး လူနှစ်ဆယ်လောက်ရှိတယ်၊ သိုင်းပညာကလည်း မတတ်ကြဘူး၊ ဘာမှ အပြစ်မရှိတဲ့သူတွေပါ၊ ဒါပေမယ့် ရီလုံနဲ့

www.burmeseclassic.com



ယုစန်းတို့က ရက်ရက်စက်စက် သတ်ပစ်လိုက်ကြတယ်၊ ကျုပ်ကို ကယ်တင်သွားတဲ့ နို့ထိန်းအဘွားအို တစ်ယောက်တည်း ကံကောင်းပြီး လွတ်မြောက်သွားခဲ့တာ"

ကျင်းစန်းက ...

"နို့ထိန်း အဘွားအိုဟာ ခင်ဗျားရဲ့ အသက်သခင် ကျေးဇူးရှင် မဟုတ်လားဗျာ"

"မှန်တာပေါ့၊ သူ့ကြောင့် ကျုပ်အသက်ရှင်ခဲ့ရတာပဲ၊ သူ့ရဲ့ ကျေးဇူးတွေဟာ ကျုပ်အပေါ်မှာ ဆပ်မကုန်နိုင်အောင် ရှိနေတာပဲ"

ကျင်းစန်း နားမလည်နိုင်စွာ မေးလိုက်လေသည်။

"ခင်ဗျားက ကျေးဇူးရှင် တစ်ယောက်လို့ သတ်မှတ်ထားပြီး သူ့ကို ဘာကြောင့် သတ်ပစ်လိုက်ရတာလဲ"

ကောင်းဝူ သက်ပြင်းချလိုက်သည်။

ဒေါသဖြစ်နေသည့် အသွင်မှ ဝမ်းနည်းကြေကွဲသည့်အသွင် ပြောင်းလဲသွားလေသည်။

"သူဟာ ကျုပ်အပေါ်မှာ ကျေးဇူးရှိသလို ကျုပ်အဘိုးအပေါ်မှာလည်း အလွန်ပဲ သစ္စာရှိပါတယ်၊ သူ့ရဲ့အသက် သေချင်သေပါစေ၊ ကူးဖန်းကို သုတ်သင်ပစ်ဖို့ သံန္နိဋ္ဌာန်ချထားတဲ့ လူပါ၊ ကျုပ်ရဲ့ သိုင်းပညာနဲ့ ကူးဖန်းကို မယှဉ်နိုင်ဘူး ဆိုတာ သူလည်း သိတယ်၊ ဒါကြောင့် သူက အသက်စွန့်ခဲ့တာပဲ၊ ကျုပ်က သူ့ကို သတ်ပစ်လိုက်တော့ ကူးဖန်းဟာ ကျုပ်ကို ပိုပြီး ယုံကြည်စိတ်ချသွားတယ်၊ ဒါကြောင့်လည်း လွယ်လွယ်ကူကူ လုပ်ကြံနိုင်ခဲ့တာပဲ မဟုတ်လားဗျာ"



ကောင်းဝူတို့၏ အမုန်းတရားကား ကြောက်မက်ဖွယ် ကောင်းလှပေသည်။

ကူးဖန်းအား သုတ်သင်ပစ်ဖို့ သူတို့၏အသက်ကိုပင် စွန့်လွှတ်ရန် ဝန်မလေးသူများ ဖြစ်နေကြလေတော့သည်။

ကျင်းစန်းက ...

"ရိုလုံနဲ့ ယုစန်းဟာ ကူးဖန်းရဲ့ လက်ထောက်တွေ ဖြစ်နေတာကို ခင်ဗျားသိထားတာကြောင့် ကူးဖန်းကို လုပ်ကြံမယ့် အစီအစဉ်ကို သူတို့နှစ်ယောက်နဲ့ အစပြုလိုက်တာကိုး"

ကောင်းဝူက ...

"ရိုလုံနဲ့ ယုစန်းဟာ ကျုပ်တို့ အိမ်ကထွက်ပြေးသွားတဲ့ အလုပ်သမားတွေ၊ အိမ်ဖော်တွေကို သတ်ပစ်လိုက်တဲ့အတွက် ကူးဖန်းက ဆုချခဲ့တယ်၊ တခြားတော့မဟုတ်ဘူး၊ ကျုပ်အဘိုးဆီက ယူသွားတဲ့ ရွှေငွေရတနာပစ္စည်း တချို့တစ်ဝက်ကိုခွဲဝေပေးလိုက်တာပဲ၊ အဲဒီအထဲမှာ ရွှေနဂါးရုပ်တုတစ်စုံလည်း ပါဝင်ခဲ့တယ်လေ"

ကျင်းစန်း ငြိမ်နေလိုက်၏။

ကောင်းဝူ ဆက်ပြောလာမည့် စကားကို နားစွင့်နေလိုက်သည်။

ကောင်းဝူက ...

"ရွှေနဂါးရုပ်တုကို ယုစန်း ခွဲဝေမပေးဘဲ အပိုင်စီးထားလိုက်တာကြောင့် ရိုလုံ ဒေါပွပြီး ယုစန်းတို့ တစ်မိသားစုလုံးကို သတ်ပြီး လုယူသွားတာပဲ"

ကျင်းစန်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ယုစန်းဟာ ကူးဖန်နဲ့ လမ်းခွဲပြီး ဇာတ်မြှုပ်နေလိုက်တယ် ဆိုပေမယ့် သူက အခြေအနေ ပေးရင်ပေးသလို အများကောင်းကျိုး ဆောင်ရွက်ခဲ့တယ်"

"ဒါက အားလုံးက အဖြူရောင်သိုင်းသမားတစ်ယောက်လို့ ထင်မြင်လာကြအောင် အကွက်ဆင်ခဲ့တာဗျာ၊ သူ့အကြောင်းကို မသိဘဲ အဖြူရောင်သိုင်းသမားလို့ လက်ခံလိုက်ကြမယ်ဆိုရင် သူဟာ သိုင်းလောကထဲမှာ ပြန်ပြီး ခြေချလာနိုင်တော့မှာပဲမဟုတ်လား"

ကျင်းစန်းက ...

"အင်း ... ယုစန်း မဆိုးဘူး၊ ဒါကြောင့် သူ့ကို ရီလုံက လုပ်ကြံလိုက်တော့ သူ့သား ယုကျိုက သိုင်းလောကသားတွေဆီမှာ အကူအညီတောင်းခဲ့တာကို အားလုံးက ဝိုင်းဝန်းကူညီဖို့ ဆုံးဖြတ်ခဲ့ကြတာပဲကိုး၊ သူတို့အကြောင်းကိုသာ သိရင် ဘယ်သူက ကူညီကြမှာလဲ"

ကောင်းဝူက ...

"ရီလုံဟာ ယုစန်းတို့ မိသားစုကို ရှင်းပစ်လိုက်တော့ ကျုပ်သက်သာသွားတာပေါ့၊ ယုစန်းရဲ့ သား ယုကျိုကိုပဲ ရှင်းလိုက်ရတာပေါ့"

ရီလုံနှင့် ယုစန်းတို့ ပါဝင်ပတ်သက် လုပ်ကြံခဲ့ရပုံလည်း ရှင်းသွားပြီဖြစ်ပါသည်။

ကောင်းဝူက ကျင်းစန်းအား စိုက်ကြည့်လိုက်သည်။

"ကဲ ... ခင်ဗျား ဘာများမေးစရာရှိသေးသလဲဗျာ"



ကျင်းစန်းက ...

"ခင်ဗျား ဘာဆက်လုပ်မလဲ သိချင်ပါသေးတယ်ဗျာ"

ယခုတစ်ကြိမ် ကောင်းဝူ ရုတ်တရက် အဖြေမပေးနိုင်အောင် ဖြစ်သွားလေတော့သည်။

✦ ✧ ✦

ကောင်းယဲ့ ငိုကြွေးနေသည်။

သူမသည် မိခင်ကြီးနှင့် ခပ်စိမ်းစိမ်းနေခဲ့သော်လည်း မိခင်ကြီး သေဆုံးသွားသောအခါ စိတ်ထိခိုက်သွားလေသည်။

သူမ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးနေ၏။

ကျင်းစန်းက ကောင်းယဲ့ကို ညွှန်ပြလိုက်သည်။

"သူ့ကိုကော ခင်ဗျား ဘာကြောင့် မသတ်ခဲ့တာလဲ"

ကောင်းဝူက ...

"သူက ကျုပ်သမီး ဖြစ်နေလို့ပါဗျာ"

"ခင်ဗျားဆိုလိုတာက ..."

"အကြီး သုံးယောက်ဟာ ဝမ်းကျုံးနဲ့ ဖောက်ပြန်ပြီး ရခဲ့ကြတာ ဖြစ်ပေမယ့် နောက်ပိုင်းမှာ ဝမ်းကျုံး မလုံမလဲဖြစ်ပြီး အိမ်မကပ်တော့ဘူး၊ အပြင်မှာနေတာ များလာတယ်၊ ဝမ်းကျုံး သုံးနှစ်လောက် အိမ်ကိုပြန်မလာဘဲ ပျောက်နေတဲ့အချိန်မှာ သူ့ကို ကိုယ်ဝန်ရှိလာခဲ့တာ"

"ဒါဖြင့် သူဟာ ခင်ဗျား သမီးပေါ့"

www.burmeseclassic.com



ကောင်းဝ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ..."

သူ၏သမီး အရင်းဖြစ်သော ကောင်းယွဲ့အား မသတ်ဘဲ ထားခဲ့ခြင်းဖြစ်သည်။

ကောင်းဝသည် အကြီးသုံးယောက်ကို မချစ်ဘဲ ကောင်းယွဲ့ကိုသာ ချစ်သည်မှာ အဘယ်ကြောင့်ဖြစ်ကြောင်း အဖြေပေါ်လာသည်။

ကောင်းယွဲ့သည် သူ၏သမီးဖြစ်နေသည် မဟုတ်ပါလား။

ဘယ်မိဘကမှ ကိုယ့်သားသမီးအား ပြန်မသတ်ဘူးဟူသော ကူးဖန်း၏ စကားကို ကျင်းစန်း ပြန်လည်ကြားယောင်လာလေသည်။

ထိုစဉ် ...

"မဟုတ်ဘူး ... ကျွန်မဟာ ရှင့်သမီး မဟုတ်ဘူး"

ကောင်းယွဲ့၏ စူးရှကျယ်လောင်သောအသံ ထွက်ပေါ်လာလေတော့သည်။

✦ ✧ ✦

ကောင်းယွဲ့သည် စူးရှကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

ထို့နောက် မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ငိုကြွေးရင်း ထွက်ပြေးသွားလေသည်။

"သမီး ..."

ကောင်းဝ ခေါ်လိုက်သော်လည်း လုံးဝလှည့်မကြည့်တော့ချေ။

ကောင်းဝ ငိုင်သွား၏။

သူ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွား၏။



အလွန်စိတ်ထိခိုက်သည့် အသွင်ဖြစ်ပေါ်လာလေသည်။

သူ၏အချစ်ဆုံး သမီးက သူ့အား ဖခင်အဖြစ် အသိအမှတ်မပြုတော့ခြင်းဖြစ်ကြောင်း ဖြစ်လေသည်။

သူ့အနေနှင့် ကူးဖန်းတို့အား သုတ်သင်ပစ်ရန် တာဝန်ရှိသည့်အတိုင်း သုတ်သင်ပစ်လိုက်ခြင်းဖြစ်သည်။

သူနှင့် ကူးဖန်းမှာ မဟာရန်သူတော်ကြီးများ ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

သို့သော် ကောင်းယွဲ့အတွက်ကား ထူးခြားနေသည်။

တစ်ယောက်က အဖေ၊ တစ်ယောက်က အဘိုးဖြစ်နေသည်။

အဘိုးနှင့် အဖေတို့၏ ရန်ငြိုးကို သူမ နားလည်လက်ခံနိုင်မည် မဟုတ်ပါ။

အဘိုးကော အဖေပါ အလွန်ရက်စက်ကြမ်းကြုတ်သည့် လူဆိုးကြီးများဖြစ်သည်ဟု ကောင်းယွဲ့၏ နုနယ်သော နှလုံးသားက ခံယူသွားပြီဖြစ်ပါသည်။

ကောင်းဝ၏ ရင်ထဲ တစစ်စစ်နာကျင်လာသည်။

ရန်ငြိုးဟူသည် မီးကဲ့သို့ ပူလောင်ကြောင်း နားလည်လာသည်။

ကူးဖန်းအား သုတ်သင်ခဲ့သော်လည်း မပျော်နိုင်တော့ပါ။

ကောင်းယွဲ့အား ဆုံးရှုံးလိုက်ရခြင်းကြောင့်ဖြစ်သည်။

တစ်ခဏတာ အချိန်လေးအတွင်းမှာပင် အရာရာအားလုံး ပြီးဆုံးသွားပြီဖြစ်ကြောင်း နားလည်လိုက်လေသည်။

ကောင်းဝက ကျင်းစန်းအား လှမ်းကြောင့်လိုက်သည်။

"မိတ်ဆွေ ... ကျုပ်ကို တစ်ခုလောက် ကူညီပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစန်းက ...

"ကျုပ် ဘာကူညီရမလဲ၊ ပြောပါ"

ကောင်းဝူက ...

"ကျုပ်သမီးလေးကို စောင့်ရှောက်ပေးပါဗျာ"

ကျင်းစန်း စိတ်မကောင်းဖြစ်သွားသည်။

သို့သော် ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဗျာ"

ကောင်းယဲ့အား စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ကတိပေးလိုက်လေသည်။

ကောင်းဝူ ဝမ်းသာသွားသည်။

"ကျေးဇူးပြုပြီး သူ့ကိုယ်သူ တစ်ခုခုမလုပ်ခင် သူ့နောက်လိုက်သွားပါဗျာ"

ကျင်းစန်းသည် ကောင်းယဲ့ကို ကူညီမည်ဖြစ်၍ အချိန်မဆွဲဘဲ ချက်ချင်း လှည့်ထွက်သွားလေသည်။

ကျင်းစန်း ခြေလေးငါးလှမ်း လှမ်းသွားပြီးချိန်တွင် နောက်ကျောဘက်မှ လူတစ်ယောက် လဲပြိုကျသွားလေသော အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းစန်းသည် လှမ်းမကြည့်ဘဲ ကောင်းဝူမှာ ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားပြီဖြစ်ကြောင်း နားလည်လိုက်လေတော့သည်။

ဒု—ဇာတ်သိမ်း ပြီး၏

တက္ကသိုလ် ဝင်းကြွယ်

BURMESE CLASSIC

www.burmeseclassic.com